
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# စိတြာအဂ္ဂ

# သဇင်ပြိုင်မောင်နှမ

စီစဉ်သူ ဦးအောင်ရှိ (မော်လမြိုင်)

စာမူခွင့်ပြုချက်အမှတ် –

အဖုံးခွင့်ပြုချက်အမှတ် –

ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ သြဘာလမ်း။
ကျောက်မြောင်း။ တာမွေမြို့နယ်။

အတွင်းဖြင့်အဖုံးပုံနှိပ်သူ – ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း။ ပန်းဘဲတန်း။

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၀၈၊ နိုဝင်ဘာလ။

အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၅၀ ကျပ်

ဖြန့်ချိရေး–ရနစ်စဉ်ကြယ်စာပေ
အမှတ် ၁၈၅-ဘီ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း– ၃၈၉၄၄၀

BURMESE CLASSIC

# သဇင်ပြိုင်မောင်နှမ



## စိတြာအဂ္ဂ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

အဆိပ်ပြင်းသူ

လူမိုက်အခေါင်အချုပ်

သင်္ဂြိုဟ်မြိုင်မောင်နှမ

အသေကကုန်းမှစိန်ခေါ်ပွဲ

ဘဝလမ်းခွဲ

ရှမ့်ကဲဘီလူး

မာယာထောင်ချောက်

မောဟသဲလွန်စ

BURMESE CLASSIC



## အခန်း (၁)

### အဆိပ်ပြင်းသူ

ဟေမန္တဆောင်းရာသီ၏ တစ်ခုသောနံနက်ခင်း၌ ...

နံနက်ဦးနေခြည်နွေးနွေး ဖြာကျနေသည့် အစာန်အသင့် ကျယ်ဝန်းသော ခြံထဲဝယ် နှစ်ဆောင်ပြိုင် ပျဉ်ထောင်သွပ်မိုး နှစ်ထပ်အိမ်တစ်လုံးရှိပြီး ယင်းနှစ်ဆောင်ပြိုင်အိမ်၏နံဘေးရှိ သရက်ပင်ကြီးအောက်မှ သစ်သားကွပ်ပျစ်ပေါ်၌ သင်ဖြူးဖျာလေး ခင်းကာ ထိုင်နေသည့် မိန်းမပျိုလေးတစ်ဦးသည် ဆန်ကောထဲမှ ပဲစေ့လေးများကို တိတ်ဆိတ်စွာ ရွေးနေလေ၏။

---

ခ နှစ် စဉ် ကြဲယ် ဓာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ပဲအဖျဉ်းလေးများ၊ စုန်းပြူးများ၊ ကျောက်ခဲလေးများကို ရွေးထုတ်ကာ သန့်စင်လျက်ရှိသော မိန်းမပျိုလေးမှာ အသက် အားဖြင့် နှစ်ဆယ်နီးပါးခန့်သာ ရှိဟန်တူသော်လည်း သူမ၏ ချောမောသောမျက်နှာလေးက အတော်တည်ငြိမ်ကာ အသားအရေ စိုပြည်ရှိသာမက ခန္ဓာကိုယ်ဖွဲ့စည်းပုံကလည်း ယမင်းရုပ်တု လေးတစ်ခုပမာ အချိုးအဆက် ကျနတောင့်တင်းဖွံ့ထွားမှုရှိလေ၏။

သူမသည် ပီတုန်းရောင်ဆံပင်ရှည်ရှည်ကို တစ်ပတ်လျှို ထုံးကာ ဦးခေါင်းထက်၌ သဇင်ပန်းတစ်ခက် ပန်ထားပြီး ရှည်သား အင်္ကျီလက်ပြတ်နှင့် အပြာရောင်အပွင့်ကြီးများပါသော ဘရိုကိတ် လုံချည်ကိုဝတ်လျက် ကွပ်ပျစ်ပေါ်ဝယ် သိမ်မွေ့စွာထိုင်ရင်း ပဲရွေး နေခြင်းဖြစ်လေ၏။

ထိုသို့ မိန်းမချောလေး ပဲရွေးနေစဉ် သူမ၏ခြံနှင့် လေး, ငါးခြံကျော်ရှိ ခနီမိုးထရံကာ ထဲအိမ်လေးထဲဝယ် ပြဿနာတစ်ခု ဖြစ်နေလေ၏။

"ဟေ့ ... ကောင်လေး မင်း ငါခိုင်းတာ လုပ်မလား မလုပ်ဘူးလား၊ မိသွေးမှုံသားက လူပါးဝလို့ ငါ့ကိုအာခံတယ်ပေါ့ ... ဟုတ်လား ချစ်သွေး"

တဲအိမ်လေး၏ အိမ်ရှေ့ခန်းအလယ်တိုင်ကို မှီထိုင်နေ





သည့် အသားမည်းမည်းဝဝ အရှုပ်ဆိုးဆိုးလူကြီးက ကြမ်းပြင်ကို လက်ဝါးဖြင့် ဖြန်းခနဲနေအောင် ရိုက်လိုက်ပြီး အိမ်တံခါးဝ၌ ခြေတွဲလောင်းချထိုင်နေသည့် အသက်ခုနစ်နှစ်, ရှစ်နှစ်ခန့်ရှိ ကောင်လေးတစ်ယောက်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ ဟိန်း ဟောက်လိုက်လေ၏။

"ဦးလေးသံတုတ် အရက်တော့မဝယ်နိုင်းပါနဲ့ဗျာ၊ ဒေါ်ဗျော့ရဲ့ အရက်ဆိုင်ကိုသွားရင် ဆရာလေးကိုချမ်းမြေ့ရဲ့ အိမ်ရှေ့က ဖြတ်သွားရမှာဗျ၊ ဆရာလေးက ဟိုတစ်ခါ ကျွန်တော် အရက်ဝယ်တာကိုတွေ့သွားပြီး အတန်းထဲမှာ တအားဆူတာဗျ"

"ဘာကွ မင်းဆရာက ဘာမို့လဲ၊ ငါ့မယားပါသားကို ငါသောက်ဖို့ အရက်ဝယ်ခိုင်းတာ ဘာဖြစ်လဲကွ၊ သူ့အပူ ဘယ်နှစ် ပြားပါလို့ မင်းကို ဆူရတာလဲ"

"ဆရာလေးက ပြောတယ်၊ ကလေးဆိုတာ အရက်တို့, ဘာတို့ မဝယ်ရဘူးတဲ့၊ အိမ်က လူကြီးခိုင်းလည်း ဝယ်ပေးစရာ မလိုဘူးတဲ့၊ နောက်တစ်ခါ ကျွန်တော် အရက်ဝယ်တာတွေ့ရင် ရိုက်မယ်တဲ့ဗျ"

"ဟေ့ကောင်လေး လျှာရှည်မနေနဲ့ ... သွား အရက် တစ်ပိုင်းသွားဝယ်ချေ၊ ငါသောက်ရတာ ရေချိန်မကိုက်သေးဘူး၊ သွား ... ခုသွား"



www.burmeseclassic.com

www.burmeseclassic.com



"အရက်တော့ သွားမဝယ်ပါရစေနဲ့ ဦးလေးသံတုတ်ရယ်"

"အာ ... တော်တော်လျှာရှည်တဲ့ကောင်ပါလား ... ကဲကွာ"

အရက်အတော်မူးနေသည့် သံတုတ်ဆိုသည့် လူမည်းမည်းဝဝကြီးက လွန်စွာဒေါသထွက်သွားပြီး သူ့အနီးရှိ အရက်ပုလင်းလွတ်တစ်လုံးကို လှမ်းဆွဲကာ သူ၏မယားပါသား ချစ်သွေးဆိုသည့် ကလေးငယ်ကို အားဖြင့်လွှဲပစ်လိုက်စဉ် ဟန်ချက်လွဲသွားပြီး အိမ်အလယ်တိုင်နှင့် နဖူး ခွပ်ခနဲဆောင့်မိသွား၏။

"အားလားလား နာလိုက်တာ ခွေးမသားလေး ... သင်းကြောင့် သင်းကြောင့် ... တောက် တွေ့ကြသေးတာပေါ့ ကွ"

သံတုတ်ကား ယမ်းပုံမီးကျသွားပြီး နဖူးမှ အာလူးသီးကို လက်ဖဝါးတစ်ဖက်ဖြင့် ပွတ်ရင်းမှ ကြုံးရန်းထလေလျှင် ချစ်သွေးလည်း အခြေအနေ ဆိုးဝါးတော့မည်ကိုသိသဖြင့် အိမ်ရှေ့ဆင့်ပေါ်မှ ဖျတ်ခနဲခုန်ချကာ ကပြင်ရှေ့၌ ကွဲကြေနေသော အရက်ပုလင်းအစအနတို့ကို လွှားခနဲကျော်လျက် ခြံဝိုင်းထဲမှ သုတ်ခြေတင်ထွက်ပြေးတော့၏။

"ခွေးမသားဖွလေး မိရင်တော့လား သေပြီသာမှတ်"





သံတုတ်မှာ အိမ်ရှေ့ဖိနပ်ချွတ်အဆင့်ထောင့်တစ်ခု၌ ထောင်ထားသည့် သံတူးရွင်းကိုကိုင်ကာ အိမ်လေးပေါ်မှခုန်ချပြီး ချစ်သွေးနောက်သို့ အရက်ကိုးမောင်းသောက်ထားသော နာဥာ ငိုဆင်ကြီးနှယ် ရှူးရှူးရှဲရှဲဖြင့် တစ်ဟုန်ထိုးလိုက်တော့၏။

ချစ်သွေးကား အရက်မူးတိုင်း ရမ်းကားရက်စက်တတ်သည့် မထွေးဖြစ်သူ ကိုသံတုတ်မိသွားပါက သက်သာမည်မဟုတ်ကြောင်းသိသဖြင့် မြေသားဖုံဖုံလမ်းအတိုင်း ပြေးလာရာမှ နောက်သို့စိုးရိမ်စွာလှည့်ကြည့်လိုက်စဉ် မြေကမူတစ်ခုကို ခလုတ်တိုက်ကာ ဘိုင်းခနဲမှောက်လျက်လဲတော့၏။ ဒူးတစ်ဖက် အတော်နာသွားသဖြင့် ရှုတ်တရက်မထနိုင်ဖြစ်သွားရချေပြီ။

"ခွေးသား ... သေပြီသာမှတ် ... ဦးဆက်ပွင့်သွားအောင် ရိုက်ထည့်လိုက်မယ်"

သံတုတ်သည် လဲကျနေသည့် ချစ်သွေးအား သံတူရွင်းဖြင့်လွှဲရိုက်ရန် ပြေးလာရာ ချစ်သွေးမှာ ကမန်းကတန်း လူးလဲထပြီး ခြေထော့နင်းထော့နင်းဖြင့် ဆက်လက်ပြေးခဲ့ရာမှ ခြံဝင်းကျယ်တစ်ခု၏အဝသို့ ရောက်ရှိလာသည်တွင် ခြေထောက်အတော်နာနေသောကြောင့် ဆက်မပြေးနိုင်တော့သည့်အတွက် သင်းခြံထဲဝင်ပုန်းရန် ပြေးဝင်ခဲ့မိတော့၏။

ခြံကြီးအတွင်းရှိ သရက်ပင်ကြီးအောက်မှ ကွပ်ပျစ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဝယ် ပဲရွေးနေသော မိန်းမချောလေးသည် ခြေတစ်ဖက် ထော
နင်းထော့နင်းဖြင့် သူမ၏ခြံထဲ ဝင်ပြေးလာသည့် ကလေးငယ်
တွေ့လေလျှင် စူးစမ်းသောအကြည့်ဖြင့် လှမ်းကြည့်နေလေ၏

"အစ်မ အစ်မ ကျွန်တော် ဒီမှာခဏပုန်းပါရစေ၊ ဟိုမှာ
ဦးလေးသံတုတ် လိုက်ရိုက်နေလို့"

ချစ်သွေးက ဒရောသောပါးပြောရင်း သရက်ပင်ကြီး၏
ပင်စည်အနောက်ဘက် ပြေးကပ်ကာ ပုန်းရန်ကြိုးစားလိုက်စဉ်
ခြံဝသို့ ကားရားကားရားဖြင့် ရောက်ရှိလာသည့် သံတုတ်က
ချစ်သွေးကို တွေ့သွားတော့၏။

"ဟော့ကောင်လေး ဘယ်ဝင်ပြေးတာလဲ လာစမ်း"

မိန်းမချောလေးက အခြေအနေကို ချက်ချင်းသုံးသပ်
လိုက်ပြီး ချစ်သွေးအား လှည့်မေး၏။

"ဟေ့ကလေး သူက ဘယ်သူလဲ၊ မင်း ဘာတွေအမှား
လုပ်မိလို့ ဒီလူကြီးလိုက်လာတာလဲ"

"ဘာ ဘာမှအမှားမလုပ်ပါဘူး အစ်မရယ်၊ အရက်ဝယ်
ခိုင်းတာ ဝယ်မပေးလို့တဲ့ လိုက်ရိုက်တာ၊ ကျွန်တော့်ပထွေးက
ဒီလိုပါပဲ အစ်မရယ်၊ သူ့ သံတူရွင်းနဲ့ တကယ်ရိုက်မှာဗျ"

"ဘာ ... ပထွေး ... ဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့၊ အဲဒီဦးလေးသံတုတ်ဟာ





ကျွန်တော့်ပထွေးပါ"

ထိုစဉ် သံတုတ်သည် ခြံထဲသို့ ကားရားကားရားဖြင့်
ဝင်လိုက်လာတော့၏။

"ဟော့ကောင် ချစ်သွေး၊ လာစမ်း မင်းကိုမရိုက်ရမချင်း
ဒါ မကျေနပ်ဘူး၊ မင်းရဲ့သွေးမြေကျမှ ငါကျေနပ်မယ်၊ သံတုတ်
ကို ဘာမှတ်သလဲ၊ ခွေးသား လာစမ်း"

"ဒီမှာ ... ရှင် ပထွေးပီပီ ဒီကလေးကို အနိုင်ကျင့်ဖို့
မကြိုးစားနဲ့၊ ကျွန်မက ပထွေးဆို သိပ်မုန်းတာနော်၊ ရှင် ...
ခုချက်ချင်း ခြံထဲက ထွက်သွားလိုက်"

"ဘာဖြစ်လို့ ထွက်သွားရမှာလဲ၊ ဒီကောင့်ကိုရိုက်ရမှ
ထွက်သွားမယ်"

"ရှင်ရိုက်ရဲရိုက်ကြည့်လိုက်လေ"

"အောင်မာ ... နင်က ဘာကောင်မ,မို့လဲ"

"ဘာကောင်မ,လဲဆိုတာ သိချင်ရင် ဒီကလေးကို ရိုက်
ကြည့်လိုက်၊ မောင်ချစ်သွေး ... မင်း ဘာမှမကြောက်နဲ့ ...
မမရှိတယ်၊ မင်းရဲ့ပထွေး မင်းကို လက်ဖျားနဲ့မထိစေရဘူး၊
မပြေးနဲ့၊ သူရိုက်လို့ ရ,မရကြည့်လိုက်"

မိန်းမချောလေးက ချစ်သွေးဘက်သို့လှည့်ကာ ခပ်ဆတ်
ဆတ်ပြောလိုက်ရာ ပြတ်သားရဲရင့်ပုံရသော မိန်းမချောအား



www.burmeseclassic.com

www.burmeseclassic.com



ချစ်သွေးမှာ ဒေါကြောင်ကြည့်ရင်း မှင်တက်မိသလိုဖြစ်နေစဉ် သံတုတ်က ရှေ့သို့ခြေနှစ်လှမ်းတိုးလာပြီး လက်ထဲမှ သံတုရွှင်းဖြင့် ချစ်သွေးကို လွှဲရိုက်ချလိုက်တော့၏။

'မိုး

'ဝှစ်'

'ဝှစ်'

'ထောက်'

'ထောက်'

'ထောက်'

'အား'

ဖြစ်ရပ်က မြန်ဆန်လွန်းလှသည်။ သံတုတ်က သံတုရွှင်းဖြင့် ချစ်သွေးလေးအား လွှဲရိုက်လိုက်စဉ် မိန်းမချောလေးသည် ဆန်ကောထဲမှ ပဲစေ့လေးသုံးလေးစေ့ကို လက်ညှိုးဖြင့် တောက်ထည့်လိုက်သည်တွင် ပဲစေ့လေးတို့သည် လေကိုခွင်းသွားပြီး သံတုတ်၏မျက်လုံးတစ်ဖက်ကို တစ်စေ့၊ နားထင်ကိုတစ်စေ့၊ လက်ဖျံကိုတစ်စေ့ အရှိန်ပြင်းစွာ ထိမှန်သွားတော့ရာ သံတုတ်၏ လက်ဖျံမှာ ကျဉ်တက်သွားပြီး လက်ထဲမှသံတုရွှင်း လွတ်ကျသွားတော့၏။

သူ၏မျက်လုံးတစ်ဖက်မှာ စူးခနဲအောင့်သွားကာ နား





ထင်ပူထူသွားပြီး ခေါင်းမိုက်ခနဲဖြစ်လျှက် ဒယီးဒယိုင် ဖြစ်သွားရလေ၏။

မိန်းမပျိုလေးကား ကွစ်ပျစ်ပေါ်ဝယ်ထိုင်လျက်မှ အနေအထား ပျက်ယွင်းမှုမရှိဘဲ သံတုတ်၏အခြေအနေကို စောင့်ကြည့်လျက်ရှိလေ၏။

သံတုတ်ကား ဘာမဟုတ်သည့် ပဲစေ့လေးများဖြင့် သူ့ကိုတိုက်ခိုက်လိုက်သော မိန်းမပျိုလေးကို မယုံနိုင်သလို အံ့အားသင့်စွာကြည့်ရင်းမှ လက်တစ်ဖက်က မျက်လုံးကိုအုပ်ကာ အခြားလက်တစ်ဖက်က နားထင်ကိုဖိထားမိလေ၏။ သူ၏ဒေါသသည်လည်း မိန်းမပျိုလေးဘက်သို့ လှည့်သွားတော့၏။ မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် ရှက်လည်းရှက်သွားရာ ...

"တောက် အတော်လာတဲ့ ဟာမလေးပါလား။ ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စမှာ ဝင်ရှုပ်တယ်ပေါ့ ဟုတ်လား။ တွေ့ကြသေးတာပေါ့"

ဟု ရှက်ကိုးရှက်ကန်းဖြင့်ကြိမ်းဝါးကာ မြေပြင်ပေါ် လွတ်ကျနေသည့်သံတုရွှင်းကို ကုန်းကောက်လေ၏။

"မဆိုင်ဘူးမပြောနဲ့လေ၊ ရှင်က ကျွန်မရဲ့ခြံထဲ ကျူးကျော်ဝင်ရောက်လာပြီး ရမ်းကားနေတာ ကျွန်မနဲ့ဆိုင်တာပေါ့ ရှင်"



www.burmeseclassic.com

www.burmeseclassic.com



'ပြီးတော့ ရှင်ဟာ ပထွေးဖြစ်နေတာ ကျွန်မနဲ့ပိုဆိုင်တယ်၊ ပထွေးတွေဟာ များသောအားဖြင့် သားသမီးချင်း ကိုယ်ချင်းမစာတတ်ဘူး။ ဒါကြောင့် ပထွေးဆိုရင် ကျွန်မမုန်းတယ်၊ ရှင့်လိုပထွေးဆိုးမျိုးကို ပိုမုန်းတယ်သိရဲ့လား။ လူ့စိတ်မရှိတဲ့ ပထွေးမျိုးကို ပိုမုန်းတယ်''

''အောင်မာ ... လူပါးဝလို့ ကဲဟာ''

သံတုတ်က ဒေါသတကြီးဖြင့် မိန်းမပျိုကို သံတူရွင်းနှင့် လွှဲရိုက်ထည့်လိုက်ရာ ...

'ဗိုး'

ဦးခေါင်းပေါ်သို့ ဝဲခနဲ အရှိန်ပြင်းစွာကျလာသည့် သံတူရွင်းကို ခေါင်းလေးငုံ့ကာ မိန်းမချောလေးက ဖျတ်ခနဲရှောင်လိုက်ရင်းမှ လက်ဖနောင့်တစ်ဖက်ဖြင့် ရှေ့သို့ကျုံ့ဝင်လာသည့် သံတုတ်၏နှာဝကို ဆတ်ခနဲရိုက်ထည့်လိုက်၏။

'ဖောင်း'

'ဖြောက်'

'အား .. လား .. လား'

သံတုတ်ကား သံတူရွင်းရိုက်ချက်လွဲသွားသဖြင့် အောက်သို့ယိုင်ထွက်ကာ ဟန်ချက်ပျက်သွားစဉ် နှာသီးထိပ်ကို အမှန်ထိသွားသဖြင့် နှာကျင်လွန်းရကား ပါးစပ်မှ အော်ဟစ်ညည်းတွား





ကာ ကွပ်ပျစ်နံ့ဘေးမှ မြေပြင်ပေါ် လဲကလေးဖက်ထောက်ကြီးကျသွားပါတော့၏။

သူ၏နှာနုသည်ကား သွင်သွင်ကျိုးသွားဟန်ရှိပြီး နှာခေါင်းပေါက်တို့ထဲမှ သွေးတို့တစ်စက်စက်ကျလာလျက် ခေါင်းကမူးဝေသွားတော့၏။

''ကဲ ... ရှင် ကျွန်မကို ယှဉ်ချင်သေးလား''

မိန်းမချောလေးက ကွပ်ပျစ်ပေါ်ထိုင်လျက်မှ သံတုတ်ကိုကြည့်ကာ မေးလိုက်လေလျှင် သည်တစ်ခါတော့ သံတုတ်သည် မိန်းမချောလေးကို အတော်ဖြုံသွားသဖြင့် မရဲတရဲမော့ကြည့်ကာသာ မူးဝေနောက်ကျိစွာ ကုန်းကုန်းကွကွ ထရပ်လိုက်ရတော့၏။

သို့တိုင် သူ၏ မည်းမည်းဝဝ ခန္ဓာကိုယ်ကြီးက ဒယီးဒယိုင်ဖြစ်နေပြီး နှာဝမှ သွေးတို့ ဒလဟောကျနေဆဲဖြစ်သည်။

''ဒီမှာ ကိုသံတုတ် ရှင့်ကိုအပြတ်ပြောလိုက်မယ်၊ နောက်ကို ဟောဒီ ရှင့်ရဲ့မယားပါသား မောင်ချစ်သွေးကို ထိရဲထိကြည့်၊ ရှင် ဒီထက်နာမယ်မှတ်၊ ပထွေးပီပီ ရက်စက်သူကို ကျွန်မ ဘယ်တော့မှ ခွင့်မလွှတ်ဘူးဆိုတာ ရှင်မှတ်ထားလိုက်၊ ကျွန်မပြောတာ ကြားတယ်မဟုတ်လား''

''ဟုတ် ... ဟုတ်ကဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ‥ မောင်ချစ်သွေးအပေါ် ရက်စက်ဦးမလား"

"အဲ … အီး … မ … မရက်စက်တော့ပါဘူးဗျာ"

"ကဲ … ဒါဆိုရင် ရှင်သွားတော့"

"ဟုတ် … ဟုတ် … အီး … အား"

သံတုတ်ကား စောဒကမတက်ဝံ့တော့ဘဲ သွေးစိမ်းရှင် ရှင်ထွက်နေသည့် နှာဝကို လက်တစ်ဖက်ဖြင့်အုပ်ကိုင်ကာ ဒယီး ဒယိုင်ဖြင့် ခြံထဲမှ ထွက်သွားပါတော့၏။

ချစ်သွေးသည်ကား ဘီလူးလိုကြမ်းတမ်းသည့် သူ့ပထွေး အား ဆုံးမနိုင်ကွပ်လိုက်သည့် မိန်းမပျိုကို အထင်ကြီးအံ့သြစွာ ငေးကြည့်ရင်း ကျေးဇူးတင်မဆုံးတော့ပါ။

❖ ❖ ❖





## လူမိုက်အခေါင်အချုပ်

"ဟား ‥ ဟား ‥ ဟား ‥ သံတုတ် အဲဒါနဲ့ မင်း ခံလာရရော ဆိုပါတော့ … ဟုတ်လား၊ ညံ့ပါ့ကွာ ‥ ဟား ‥ ဟား ‥ ဟား"

"ဟုတ်ပါရဲ့ကွာ၊ သံတုတ်တို့ အပွဲပွဲနွှဲခဲ့သမျှ ဘာမဟုတ် တဲ့ မိန်းကလေးမျိုးနဲ့ကျမှ လေးဖက်ပစ်ပြီး ခံလာရတယ်လို့ ရာဇဝင်ရိုင်းတယ်ကွာ"

သံတုတ်၏ သောက်ဖော်သောက်ဖက် ညွန့်ရှိန်နှင့် ငေး လေးတို့က နတ်သံနှောကာ ပြန်ပြောပြသည့် သံတုတ်ငေးကား



www.burmeseclassic.com

www.burmeseclassic.com



အဆုံး၌ ဟားတိုက်ရယ်မောကာ လှောင်ပြောင်သြဘာပေးလိုက်ကြလေ၏။

သံတုတ်လည်း မျက်နှာကြီး ရဲတွတ်ချက်မှ . . .

"မင်းတို့ကလည်း ငါအမူးလွန်သွားလို့ ခံလိုက်ရတာပါကွ၊ နို့မို့ဆိုရင်လား အဲဒီယမင်းရုပ်လေးလို လှတဲ့ဟာမလေးကို ကုပ်ချီးပြီး လက်သုပ်လုပ်စားခဲ့တယ် သိလား . . . အေ့"

ဟု ပြောပြောဆိုဆိုဖြင့် လေချဉ်တက်လိုက်ပြီးနောက် အရက်နောက်တစ်ခွက်ငှဲ့သောက်ရန် ဝိုင်းအလယ်မှ အရက်ပုလင်းဆီ လက်လှမ်းလိုက်စဉ် ပေါလေးက အရက်ပုလင်းကို သံတုတ်ထက်ဦးအောင် ဆတ်ခနဲဆွဲယူလိုက်ပြီး . . .

"ဟေ့ကောင် သံတုတ်၊ အရက်ထပ်ယူဖို့ မစဉ်းစားနဲ့တော်ကြာ အမူးလွန်လို့ ခံလာရတာပါလို့ အရက်ကို အကြောင်းပြဦးမယ်၊ မင်း အခု မမူးသေးဘူးမဟုတ်လား၊ ထ . . . အခုထပြီး အဲဒီသဇင်မြိုင်ခြံက ကောင်မလေးကို သွားစိန်ခေါ်ကွာ၊ မကြောက်ခဲ့ဆင်နွဲ့ပြီး သံတုတ်ဆိုတာ ဘာကောင်လဲလို့ အကြောင်းပြလိုက်စမ်းပါ ထပါကွ"

ဟု သံတုတ်ကို ပင့်ပေးလိုက်သော်လည်း သံတုတ်မှာ တုတ်တုတ်မျှမလှုပ်ဘဲ ပေါလေးကိုသာ မျက်လုံးပြူးကြီးများဖြင့် ကြောင်ငေးငေးကြီးကြည့်ကာ ခေါင်းကြီးယမ်းလိုက်လျက် ညောင်





နာနာအသံဖြင့် ပြောသည်။

"ပေါလေး မြဿနာမရှာစမ်းပါနဲ့ကွာ၊ ငါ့မှာက ဟောဒီနာခေါင်းရိုးကျိုးတဲ့ဒဏ်ရာက နာနေတုန်းရှိသေးတယ်ကွ၊ ကောင်မလေးက လက်ဆအရမ်းပြင်းတာ၊ နောက်တစ်ခါဆို သွားတွေပါ ပြုတ်ထွက်ကုန်မလားမသိဘူး။ သင်းလေးဆီတော့ မသွားပါရစေနဲ့တော့ကွာ"

"ထို့ . . . စောစောကတော့ ကုပ်ချီးပြီး လက်သုပ်လုပ်စားမလို့ဆိုကွ"

"ဟီးဟီး . . . ဒါ . . . ဒါကတော့ မင်းတို့ကို မခံချင်လို့ပြောမိတာကိုးကွ"

"သွားစမ်းပါကွာ၊ ဒီမြို့မှာ ငါတို့အုပ်စုက နာမည်တစ်လုံးနဲ့ လူမိုက်လုပ်နေပြီး ဘာမဟုတ်တဲ့မိန်းကလေးကို အညှံ့ခံရတယ်လို့၊ ပေါလေးတို့က လူချင်းလဲလိုက်ချင်ပါရဲ့ကွာ"

ထိုစဉ် ဒေါ်ဖျော့၏အရက်ဆိုင်လေးထဲသို့ အရပ်ခြောက်ပေကျော်ခန့်မြင့်ကာ ခြေဆံလက်ဆံကောင်းကောင်း ရင်အုပ်ကားကားနှင့် ကုလားတစ်ဦးဝင်လာလေ၏။

သူ့ကိုမြင်သည်နှင့် အရက်ဆိုင်ထဲ၌ အရက်ထိုင်သောက်နေသူအချို့မှာ တစ်ဦးကိုတစ်ဦး မျက်ရိပ်ပြပြီးနောက် ဒေါ်ဖျော့အားငွေရှင်းကာ ခပ်ကုပ်ကုပ်ဖြင့် ထပြန်သွားကြတော့



www.burmeseclassic.com

www.burmeseclassic.com



၏။

သံတုတ်တို့ဝိုင်းသည်သာ ထိုသူဝင်လာသည်ကိုတွေ့သည်နှင့် ဗိုမိုရှုည်သွားတော့၏။

"ဟာ ... ဆရာဟာကင် ... လာဗျို့ ဒီမှာ 'မမက' တစ်ယောက်တွေ့ထားလို့ ... ဟီးဟီး"

ပေါလေးက သံတုတ်အား သရော်လှောင်ပြောင်ရင်း ကုလားဟာကင်ကို ဖိတ်ခေါ်လိုက်တော့၏။

ကုလားဟာကင်လည်း သံတုတ်တို့ဝိုင်းဝယ် ဝင်ထိုင်လိုက်ပြီး ညွှန့်ရှိန်ငုံပေးသည့် အရက်ခွက်ကို ရေမရောဘဲ တစ်ရှိန်ထိုးမော့လိုက်လေ၏။

ထို့နောက်မှ လေချဉ်တက်လိုက်ကာ ...

"အေ့ ... ဘာတွေလဲကွ 'မမက'ဆိုတာ ..."

ဟု မျက်မှောင်ကြီးကြုတ်ကာ မေးလိုက်လေလျှင် ပေါလေးက ပခုံးတွန့်ပြလိုက်ရင်း ...

"မမကဆိုတာ မိန်းမကြောက်လို့ ပြောတာလေ ဆရာဟာကင်ရဲ့ ... ဒီမှာ ... ဒီမှာ"

ဟု သံတုတ်၏ပခုံးကိုပုတ်ကာ ပြောလိုက်လေ၏။

"ဟ ... နေပါဦး၊ ငါသိထားတာကတော့ သံတုတ်က မိန်းမ မကြောက်ရပါဘူး၊ ဒီကောင် ခေါ်ယူထားတဲ့ မသွေးမှုံကို





ဝပ်နေအောင်လုပ်ထားနိုင်တဲ့ကောင်ပါ၊ ဘယ့်နှယ့် မယားကြောက် ဖြစ်နေရတာလဲကွ"

"ဒီလို ဆရာဟာကင်ရဲ့ ... ဒီကောင်က မယားကြောက် 'မယက' မဟုတ်ဘူးဗျ၊ 'မမက'၊ 'မမက'ဆိုတာ မိန်းမကြောက်လို့ပြောတာ၊ သူတို့လမ်းထဲက သဇင်မြိုင်ဆိုတဲ့ ခြံကြီးထဲမှာနေတဲ့ ကောင်မလေးတစ်ယောက်ကို ကြောက်နေလို့ 'မမက' မိန်းမကြောက်ဘွဲ့ သူ့ကိုပေးထားတာ"

ဟာကင် မျက်ခုံးပင့်သွား၏။ ဟာကင်ဆိုသည်က ဤတောမက မြို့မကျ ပဲခူးရိုးမတောင်ခြေ ဖြူးချောင်းဖျားရှိ မြို့ငယ်လေးဝယ် လူမိုက်အခေါင်အချုပ် ဘွဲ့ခံထားသူဖြစ်၏။

အုတ်တွင်းဒီစတြိတ်အပိုင်အတွင်းမှ ရွာတစ်ရွာဝယ် အသုဘဖဲဝိုင်း၌ လူလေးငါးဦးကို တစ်ပြိုင်နက် ဓားဖြင့်ခုတ်ကာ သတ်ခဲ့မှုဖြင့် တစ်သက်တစ်ကျွန်း အပြစ်ဒဏ်ကျခံခဲ့ရဖူးသူ ဖြစ်၏။

ဟာကင်တို့ ကံကောင်းချင်တော့ ထောင်ဒဏ်ဆယ်နှစ်ကျခံအပြီးမှာပင် မြန်မာနိုင်ငံသို့ ဝေလမင်းသားရောက်ရှိသောအထိမ်းအမှတ်ဖြင့် အပြစ်ဒဏ်ကျခံနေရသူများအား မဲဖောက်ကာ လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့်အထဲတွင် ပါသွားပြီး တစ်သက်တစ်ကျွန်းအပြစ်ဒဏ်မှ လွတ်ခဲ့သူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းနောက်မှာတော့ ဇာတိရပ်ရွာသို့ ပြန်ရောက်လာသော ဟာကင်မှာ ရွှေမြင်သာမြို့လေးနှင့် အနီးတစ်ဝိုက်ဖြစ်သည့် တံစုကျွန်း၊ ဈေးပင်တိုင်၊ ညောင်လှ၊ ဖိုးသခွားရွာဝန်းကျင်ဝယ် လူမိုက်အခေါင်အချုပ် ဖြစ်လာတော့၏။

အချိန်ကာလကလည်း နယ်ချဲ့ဗြိတိသျှအစိုးရအား မျိုးချစ်တော်လှန်ရေးသမားများက တော်လှန်ခြားနားရန် လှုံ့ဝှက်ကြံဆောင်နေသော သမယဖြစ်ရာ ဟာကင်မှာ ဒုစရိုက်လောကဝယ် ဗိုလ်လုပ်နေပြီး တစ်ဖက်မှ သူ၏လက်ရင်းတပည့် အထောက်တော်များကို တော်လှန်ရေးသမားတို့၏ လှုပ်ရှားမှုအား စုံစမ်းခိုင်းလေ၏။

*

သူစုံစမ်းထောက်လှမ်းရရှိသမျှ သတင်းတို့ကို မြို့ပိုင်၊ နယ်ပိုင်၊ ဌာနာအုပ်မှအစ ဗြိတိသျှအစိုးရအရာရှိများအား သတင်းပေးလေ့ရှိရာ ဟာကင်၏ လူမိုက်လုပ်နေမှုကို ဗြိတိသျှအစိုးရ၏ မြို့ရိုကရက်အရာရှိကြီးများက မသိကျိုးကျွန်ပြုနေလေ၏။

သို့ဖြင့် ဟာကင်မှာ ရွှေမြင်သာမြို့နှင့် အနီးတစ်ဝိုက်ဝယ် လူမိုက်တပည့်တပန်းများနှင့် ထင်တိုင်းကြဲနိုင်နေ့သူဖြစ်လာလေ၏။

ယခုတော့ သူ၏တပည့်တစ်ဦးဖြစ်သော သံတုတ်က မိန်းကလေးတစ်ဦးကို ကြောက်နေရသည် ဟုဆိုခြင်းကြောင့် လူမိုက်





ဟာကင်မှာ အတော်ဘဝင်မကျဖြစ်သွားတော့၏။ ထို့ကြောင့် ဟာကင်မှာ မျက်မှောင်ကြီးကြုတ်လိုက်ပြီး သံတုတ်ကို တိန်းမောက်မေးတော့၏။

"ဟေ့ကောင်သံတုတ် ... ခုပါလေးပြောတာ ဟုတ်သလား။ မင်းတို့တစ်ခမ်းထဲက ကောင်မလေးတစ်ယောက်ကို မင်းက ကြောက်နေရတယ်ဆို"

ဤတွင် သံတုတ်မှာ မနေသာတော့ဘဲ သူ့ဆရာဟာကင်အား သူ၏ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်ရလေတော့၏။ သံတုတ်၏စကားအဆုံးဝယ် ဟာကင်က သူ၏နှုတ်ခမ်းကြီးကို မဲ့ရွဲ့လိုက်ပြီး ...

"ထွီ ... ရာဇဝင်ရိုင်းလိုက်တာကွာ၊ အဲဒီဟာမက ဘာမို့ မင်းလို ကျားကိုးစီးစားမကုန်တဲ့ လေးလုံးခြောက်ဖက်ယောက်ျားရင့်မာကြီးက အရှုံးပေးခဲ့ရတာလဲ၊ ငါ့တပည့်ဖြစ်ပြီး ညံ့ပါ့ ... သံတုတ်ရာ"

ဟု ပြစ်တင်ရှုတ်ချပြောလိုက်ရာ သံတုတ်မှာ မျက်လုံးလေး မှတ်ခတ်မှတ်ခတ်ပြုရင်း စောဒကတက်လိုက်လေ၏။

"ဟာ ... ဆရာဟာကင် အဲဒီဟာမလေးက တကယ့်ဖြွေပွေးမလေးဗျ၊ မိန်းကလေးဆိုပေမယ့် အတော်အဆိုးမြင်းတယ်နော်၊ ယောက်ျားရဲ ယောက်ျား သူ့ကိုမှုဉ်ဖို့မလွယ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ထွီ . . . တော်စမ်းပါကွာ . . အဲဒီလို ခပ်စွာစွာဟာမလေးမျိုးကို ငါတွေ့ချင်စမ်းပါရဲ့ကွာ၊ ဟာကင့်အကြောင်း ပြလိုက်ချင်ပါရဲ့"

ဤတွင် ညွှန့်ရှိန်က အမဲခြောက်ဖုတ်တစ်ဖတ်ကို ဝါးလိုက်ရင်းမှ . . .

"ရတယ်လေ ဆရာဟာကင်၊ သံတုတ်လို လူ့ဘီလူးခန္ဓာကိုယ်ကြီး ရှိသူကိုတောင် အလဲအကွဲလုပ်နိုင်ခဲ့တဲ့ဟာမကို ဆုံးမနှိပ်ကွပ်ချင်တယ်ဆိုရင် ကျွန်တော်တို့ သူ့ရဲ့လှုပ်ရှားမှုကို ထောက်လှမ်းလိုက်မယ်၊ သူ ခြံထဲမှာတော့ အမြဲမအောင်းနိုင်ပါဘူး၊ ဘယ်အချိန်မှာ ဘယ်နေရာသွားတတ်သလဲဆိုတာ စုံစမ်းပြီး ရင်ဆိုင်တွေ့လိုက်ကြတာပေါ့"

ဟု ပြောလိုက်ရာ ဟာကင်က အရက်တစ်ခွက် ထပ်မော့လိုက်ရင်းမှ . . .

"ဟုတ်ပြီ . . . အဲဒီအစီအစဥ်ကောင်းတယ် ညွှန့်ရှိန်၊ မင်း အဲဒီဟာမရဲ့ လှုပ်ရှားမှုကို သေသေချာချာစုံစမ်းပြီး ငါနဲ့တွေ့နိုင်အောင် စီစဥ်လိုက်စမ်းကွာ၊ သင်းလေးရှာ အချောအလှလေးဆိုတော့ ဦးချိုးနှိပ်ကွပ်ပြီး မယားသီအဖြစ် သိမ်းပိုက်တန် သိမ်းပိုက်ရတာပေါ့ . . ဟား . . ဟား . . ဟား"

ဟု အော်ရယ်လိုက်ရာ သူ့တပည့်လူမိုက်များကလည်း





သံယောင်လိုက်ပြီး တဟီးဟီးတဟားဟားဖြင့် အော်ဟစ်ရယ်မောလိုက်ကြပါတော့သတည်း။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



# သဇင်မြိုင်မောင်နှမ

ညွှန့်ရှိန်ကား ပုလိပ်လူထွက်တစ်ဦးဖြစ်ပြီး ဉာဏ်နီဉာဏ်နက်များသလောက် စုံစမ်းထောက်လှမ်းမှုကောင်းသူဖြစ်လေ၏။

သူသည် ပုလိပ်အက်တွင် တာဝန်ထမ်းဆောင်စဉ်က ရာဇဝတ်မှုများ ထောက်လှမ်းစုံစမ်းခြင်းဘက်တွင် ထူးချွန်သော်လည်း မတရားလာဘ်စားသူဖြစ်သဖြင့် လာဘ်စားမှုဖြင့်ပင် အတိုင်ခံရကာ ရဲဌာနမှ အလုပ်ပြုတ်ခဲ့သူဖြစ်၏။

ညွှန့်ရှိန်သည် သဇင်မြိုင်ခြံနှင့်ပတ်သက်ပြီး စုံစမ်း





ထောက်လှမ်းခြင်းပြုရာ၌ သဇင်မြိုင်ခြံမှ မိန်းမကြီးတစ်ဦး နေ့စဉ်ဈေးလာဝယ်လေ့ရှိသည့် မြို့လယ်ဈေးထဲရှိ ကုန်ခြောက်ဆိုင်ပိုင်ရှင် ဒေါ်မြမှီဆိုသူမှတစ်ဆင့် စတင်စုံစမ်းမေးမြန်းထောက်လှမ်းခြင်း ပြုလေ၏။

ယင်းကုန်ခြောက်ဆိုင်ပိုင်ရှင် ဒေါ်မြမှီမှာ ညွှန့်ရှိန်၏ အဒေါ်တစ်ဝမ်းကွဲတော်သဖြင့် ဒေါ်မြမှီအား လွယ်ကူစွာပင် မေးမြန်းခြင်းပြုနိုင်လေ၏။

“ဟဲ့ ညွှန့်ရှိန် … နင်က အဲဒီသဇင်မြိုင်ခြံနဲ့ပတ်သက်ပြီး စိတ်ဝင်စားလှချည်လား၊ ငါ့ကိုမေးတာလည်း စုံနေတာပဲ … ဘာလုပ်ဖို့လဲ”

“သဇင်မြိုင်ခြံထဲက မိန်းမချောလေးကို စိတ်ဝင်စားလို့ပါ ဒေါ်လေးရ .. ဟီး .. ဟီး”

ဒေါ်မြမှီမှာလည်း မိန်းမပီပီ စပ်စုတတ်သူဖြစ်ရကား သဇင်မြိုင်ခြံမှ မိန်းမကြီး ဈေးလာဝယ်တိုင်း အလေးချိန်ပိုပိုသာသာပေးကာ တစ်နေ့လျှင် တစ်ခွန်းစနှစ်ခွန်းစမေးရာ ရက်သတ္တပတ်ကျော်ကျော်ခန့်အကြာဝယ် သဇင်မြိုင်ခြံ၏ သတင်းအတော်စုံစုံစေ့စေ့ သိရှိလာရတော့၏။

ဒေါ်မြမှီကလည်း စပ်စုမေးမြန်းထားသမျှကို ရှုဖြင့်ညွှန့်ရှိန်အား ခရေစေ့တွင်းကျ ပြောပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ညွှန့်ရှိန်သိရသမျှ သဖင်မြိုင်ခြံ၏အကြောင်းမှာ
ဤသို့တည်း ...။

သဖင်မြိုင်ခြံ၏ မူလပိုင်ရှင်မှာ လယ်ပိုင်ရှင်သူဌေးကြီး
ဦးလူမော်ဖြစ်ပြီး စပါးဈေးကမောက်ကမဖြစ်သောကြောင့် ဦး
လူမော်မှာ စီးပွားပျက်သွားရာ လယ်ယာမြေများကို ချစ်တီးသူဌေး
၏လက်သို့ ထိုးအပ်ရကာ နေအိမ်နှင့် ခြံဝင်းကိုပါ ရောင်းချ
သည်တွင် အောက်ပြည်အောက်ရွာမှ ပြောင်းရွှေ့လာသော မောင်
နှမနှစ်ဦးက ဝယ်ခဲ့လေ၏။

ယင်းသို့ နှစ်ဆောင်ပြိုင်အိမ်ကြီးနှင့် ခြံဝင်းကျယ်ကြီး
ဝယ်ယူလိုက်သည့် မောင်နှမမှာ ခြံဝင်းထဲရှိ သရက်၊ ပိန္နဲ
သစ်တို၊ မန်ကျည်း စသည့်အပင်ကြီးများပေါ်၌ သဖင်ပန်းပင်တို့
ကို ပျိုးကာ သဖင်ပန်းတို့ ဝေဖြာစွာပွင့်လန်းလျက်ရှိသည်က
အစွဲပြုကာ ယင်းခြံကြီးကို သဖင်မြိုင်ခြံဟု အမည်ပေးခဲ့ကြလေ
၏။

သဖင်မြိုင်ခြံပိုင်ရှင် မောင်နှမနှစ်ယောက်၏ အမည်မှာ
မောင်သာကြည်နှင့် မဝသုန်တို့ဖြစ်ပြီး မောင်သာကြည်မှာ အိမ်
ပြောင်းစဉ်ကသာ လိုက်ပါလာပြီးနောက် သဖင်မြိုင်ခြံ၌ နေထိုင်
ခြင်းမရှိချေ။

ထို့ကြောင့် သဖင်မြိုင်ခြံ၌ ဝသုန်တစ်ဦးတည်းသာနေ





ပြီး အဖော်အလျော်အဖြစ် ဒေါ်ဇာဖြူဟူသော ထမင်းချက်
အဒေါ်ကြီးတစ်ဦးကိုသာ ခေါ်ထားလေ၏။

အဝတ်အစားများ လျှော်ဖွပ်မီးပူတိုက်ရန်အတွက်မူ
ကွက်ထဲမှ စိန်စိန်သန်းဟူသည့် မိန်းမကို တစ်ပတ်တစ်ခါ
သဖင်မြိုင်ခြံသို့လာကာ အဝတ်အစားများ လျှော်ဖွပ်မီးပူတိုက်ခိုင်း
သော၏။

ဝသုန်တို့မိဘများမှာ ကွယ်လွန်သွားကြပြီဖြစ်ပြီး မိဘတို့
၏ လက်ငုတ်လက်ရင်းကျန်ရစ်ခဲ့သော အမွေအနှစ်တို့ကို ရောင်း
လျက် ရွှေမြင်သာမြို့လေးသို့ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်လေ၏။

ဝသုန်၏အစ်ကို ကိုသာကြည်မှာ စိန်ကျောက်ပွဲစားတစ်
ဖြစ်ပြီး ညီမဖြစ်သူနှင့် စာရေးဆက်သွယ်မှုပြုကာ လူကိုယ်တိုင်
မှု အိမ်တောင်ရွှေ့လာစဉ်က တစ်ခေါက်သာ သဖင်မြိုင်သို့
လိုက်ပါလာဖူးလေ၏။ မြန်မာပြည်နေရာအနှံ့ အလုပ်ကိစ္စဖြင့်
လျှောက်သွားနေသူဖြစ်၏။

ဝသုန်သည် အနေအထိုင် အေးဆေးတည်ငြိမ်ပြီး ရဲရင့်
တ်သားသူလေးဖြစ်ကာ ညစဉ် ယောဂကျင့်စဉ်ကျင့်လျက် ကမ္ဘာ
နှင်းတိုင်လေ့ရှိရုံသာမက ဗုဒ္ဓဟူးနေ့တိုင်း ညနေလေးနာရီကျော်
နှင့်တွင် မြို့ပြင်မှ အသောကမုနိစေတီသို့ တစ်ဦးတည်း သွား
ရောက်ဖူးမြော်ကာ ပုတီးစိပ်လေ့ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်သိထားတဲ့ အချက်တွေကတော့ အဲဒီ
အထိုင်းပါပဲ ဆရာဟာကင်"

ဟာကင်ကား မှတ်ဆိတ်မွေးတို့ကို လက်တစ်ဖက်ဖြင့်
သုံးသပ်ရင်းမှ သူ၏တပည့်ကျော်ညွန့်ရှိန်၏ သတင်းပေးပို့တင်ပြ
ချက်ကို နားစွင့်နေလေ၏။

"ဟုတ်ပြီ . . . ဒါဆို လာမယ့်ဗုဒ္ဓဟူးနေ့မှာ ငါတို့အုပ်စု
အသောကကုန်းက သွားစောင့်တာပေါ့ . . ဟင်း . . ဟင်း၊ အဲဒီ
မဟာမလေး ရောက်လာလို့ကတော့ ဟာကင့်အကြောင်း ပြရသေး
တာပေါ့ကွာ . . ဟက် . . ဟက် . . ဟက်"

စကားအဆုံးဝယ် ဟက်ဟက်ဟက်ဟု ကုလားဟာကင်
က အသံခြောက်ကပ်ကပ်ဖြင့် မရယ်ချင့်ရယ်ချင် ရယ်လိုက်ရာ
ညွန့်ရှိန်ပင် ကျောစိမ့်သွားရလေ၏။

ဟာကင် ထိုသို့ ဟက်ဟက်ဟက်ဟု ရယ်ပါက တကယ်
ရက်စက်တော့မည်မှန်း ညွန့်ရှိန်သိသောကြောင့်ဖြစ်သည်။

"အင်း . . . လာမယ့်ဗုဒ္ဓဟူးနေ့ ညနေကျရင်တော့
အသောကကုန်းမှာ ပွဲကြီးပွဲကောင်း တွေ့ပြီနဲ့တူတယ်၊ အဲဒီ
အသောကကုန်းက မြို့နဲ့နည်းနည်းလှမ်းပြီး ညနေဘက်ဆို
လူသူပြတ်လပ်ပါဘိသနဲ့ ဝသုန်ဆိုတဲ့ကောင်မလေးရေ နင်တော့
ထမင်းသာ ဝအောင်စားထားပေတော့"





ဟု . . . ညွန့်ရှိန် စိတ်ထဲမှ ရေရွတ်လိုက်မိပါတော့
သတည်း။

❖

ပဲခူးရိုးမတောင်ခြေနှင့် လွန်စွာနီးကပ်လျက်ရှိသော အ
သောကကုန်းပေါ်ဝယ် ရှေးဟောင်းစေတီဘုရားဇုတ်တို့များ ရှိ
လေ၏။

ယင်းရှေးဟောင်းစေတီတို့အနက် ထုထည်အကြီးမားဆုံး
ဖြစ်သော အသောကမုနိစေတီတစ်ဆူတည်းကိုသာ ရွှေမြင်သာ
မြို့သူမြို့သားများက အလှူငွေဝိုင်းဝန်းစိုက်ထုတ်ကာ လုပ်အား
ဒါနလည်းပေးလှူပြီး ပြန်လည်ပြုပြင်မွမ်းမံလျက် ထီးတော်အသစ်
တင်ခဲ့ခြင်းဖြစ်၏။

သို့တိုင် အသောကကုန်းပေါ်တွင်တည်ရှိသော အသော
ကမုနိစေတီမှာ မြို့အနောက်ဘက်အစွန် တစ်မိုင်ကျော်ကျော်
အကွာအဝေးတွင်ရှိခြင်း၊ ယင်းစေတီသို့သွားပါက အနောက်ကျွန်း
သုသာန်ကို ဖြတ်သန်းကွေ့ပိုက်သွားရခြင်း၊ စေတီအနီးဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com



၌ ရှေးသူရဟန်းတို့၏ ကျောင်းသင်္ခမ်းမရှိခြင်းတို့ကြောင့် ထီးတော်ဆောင်းကျော်ကြီးနောက်ပိုင်း တစ်နှစ်ကျော်ကျော်ခန့်ကာလမှ စတင်ကာ မြို့လူထုတို့ လွန်စွာအရောက်အပေါက် နည်းပါးသွားခဲ့ချေ၏။

ပို၍ဆိုးသည်က အသောကကုန်း၌ ဥစ္စာစောင့်သိုက်ရှိသည် မြေကြွမ်းသည်ဟု မည်သူက သတင်းလွှင့်လိုက်မှန်းမသိတော်ရုံလူမှာ ညနေစောင်းကာလဝယ် ကုန်းအနီးမှပင် ဖြတ်သန်းသွားလာဝံ့ခြင်းမရှိကြချေ။

ရိုးမတောထဲ မှိုချိုးမျှစ်ချိုးထွက်သူ၊ ဟင်းရွက်ရှာသူ၊ ဝါးခုတ်သူများမှာ အသောကကုန်းအနီးမှ ညနေရီစောင်းပြီဆိုပါက မဖြတ်သန်းဝံ့တော့ဘဲ ပိုမိုခရီးလမ်းကြောရှည်သည့် ဖြူးချောင်းစပ်ဘက်မှသာ လှည့်ပြန်လေ့ရှိကြလေ၏။

ညမှောင်ရီသန်းစဝယ် ဖြန့်သန်းသွားမိသူများထံမှလည်း အသောကကုန်းပေါ်ရှိ စေတီပုထိုးဟောင်းများ၊ ဘုရားငုတ်တိုများအနီးမှ ချုံနွယ်ပိတ်ပေါင်းတို့မှာ ရုံဖန်ရံခါ လေမတိုက်ဘဲ လှုပ်ယမ်းလျက်ရှိခြင်း၊ မိမိတို့၏ နာမည်ခေါ်သံများ ကြားရခြင်း၊ လူရိပ်မည်းမည်းတို့ တွေ့ရခြင်း၊ လွန်စွာချောမောလှပသည့် မိန်းမပျိုတစ်ဦးကို နန်းဝတ်နန်းစားဖြင့် ဆံပင်ရှည်ဖားလျားချကာ စေတီဟောင်းများကြား လှည့်လည်သွားလာနေသည်ကို တွေ့ရ





ခြင်း စသည့် ထူးဆန်းသောအဖြစ်အပျက်များ ကြုံရသည်ဟု အစ်ဆင့်စကားကြားရလေရာ ရွှေမြင်သာမြို့သူမြို့သားတို့မှာ အသောကကုန်းကို ညနေစောင်းအချိန်မျှသာမက နေ့ခင်းကြောင်တောင်မှာပင် ရှောင်ကြဉ်ရှားကြကုန်၏။

ယင်းသို့သော နာမည်ဂုဏ်သတင်းကြီးသည့် အသောကကုန်းသို့ လာမည့်ဗုဒ္ဓဟူးနေ့ညနေစောင်းစဝယ် သဖန်မြိုင်ခြံမှ ဝသုန်ဆိုသော နုနယ်ပျိုမျစ်သည့် မိန်းမချောလေးတစ်ဦးတည်း လာမည်ဆိုသည်က မယုံချင်စရာကောင်းလှပေ၏။

သို့သော် သတင်းထောက်လှမ်းရာ၌တော်သည့် ညွန့်ရှိန်ထံမှရသောသတင်းမို့ လွဲဖွယ်ရာမမြင်ချေ။

"အင်း ... အဲဒီဝသုန်ဆိုတဲ့ဟာမလေး အသောကကုန်းကို ညနေဘက် တစ်ယောက်တည်းလာရဲတယ်ဆိုတာ နည်းတဲ့သတ္တိမဟုတ်ဘူး ပေါ်လေးရ ...။

တစ်ခုတော့ရှိတယ် ... သူက ဒီမြို့ပြောင်းလာတာ နှစ်လလောက်ပဲရှိသေးလို့ အသောကကုန်းအကြောင်း မသိသေးတာပဲလား၊ သီလျက်နဲ့ အဓိဋ္ဌာန်တစ်ခုခုနဲ့ မွေးနေ့တိုင်း ဘုရားစေတီပုထိုး သွားရောက်ဖူးမြော်မယ်ဆိုပြီး သန္နိဋ္ဌာန်ချထားတာလား မသိဘူး ...။

ဘာပဲဖြစ်ဖြစ် ဝသုန်ဆိုတဲ့ မိန်းခဲမလေးကလည်း အ



www.burmeseclassic.com

www.burmeseclassic.com



သောကကျွန်းကို ဗုဒ္ဓဟူးနေ့ညနေမှာ လာဖို့ကျိန်းသေသလို ဟာကင်က ကောင်မလေးကို သွေးတိုးစမ်းပြီး နိုပ်ကွပ်မှာလည်း ကျိန်းသေတယ်ကွ၊ ငါတို့တော့ ပွဲကြီးပွဲကောင်း တွေ့ရပြီဟေ့"

ပေါလေး၊ ညွန့်ရှိန်နဲ့ ကောက်ကြီးတို့မှာ လာမည့်ဗုဒ္ဓဟူးနေ့အတွက် စိတ်အားထက်သန်နေကြသော်လည်း သံတုတ်မှာမူ ဘာမျှဝေဖန်ချက်မပေးဘဲ တုံဏှိဘာဝေဖြစ်လျက်သာရှိလေ၏။

❖ ❖ ❖





## အသောကကျွန်းမှ စိန်ခေါ်ပွဲ

ဆောင်းနှင်းရန့် သင်းမွှုံ့လျက်ရှိသည့် လေပြည်ဇာတသွဲ့သွဲ့တိုက်ခတ်လျက်ရှိသဖြင့် အသောကကျွန်းထက်၌ ပေါက်ရောက်နေသော ဗိစိချုံနွယ်များ၊ နဘူးချုံများမှာ ဘယ်ညာယိမ်းနွဲ့လျက်ရှိလေသည်။

ဟာကင်နှင့် သူ၏နောက်လိုက်အဖွဲ့သားတို့မှာ ညနေလေးနာရီမထိုးမီ မိနစ်နှစ်ဆယ်ခန့်ကြိုကာ အသောကကျွန်းထက်သို့ ရောက်ရှိလို့နေသည်။

---

၆ နစ် [illegible]

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ရွာဘက်သို့ လှမ်းမျှော်ကြည့်လျက်ရှိစဉ်မှာပင် နှိုင်းလွန်းလက်စက အပြာနုရောင်လေးနှင့် ရှုရတီလုံချည် အပြာရင့်တို့ကို သေသပ်စွာဝတ်စားထားသော မိန်းမပျိုလေးတစ်ဦး ရွာလမ်းဘက်မှ တစ်လှမ်းချင်း လှမ်းလျှောက်လာသည်ကို တွေ့လိုက်ရတော့၏။

"ဟော ... လာပြီ ... လာပြီ ဆရာဟာကင်ရေ"

ပေါလေး၏စကား မဆုံးမီမှာပင် မိန်းကလေးသည် စေတီပရဝဏ်အတွင်း ဝင်ရောက်လာပြီးလျှင် စေတီအား ရှိခိုးဦးခိုက်ခြင်း၊ ဗုဒ္ဓဟူးနံထောင့်မှာ ဘုရားရှင်ကိုယ်တော်မြတ်အား ပန်းရေချမ်းဆီမီးတို့ကို ကပ်လှူပူဇော်ခြင်းပြုရာ ဟာကင်တို့မှာ အသောကမှုနှိစေတီနှင့် ဝါးနှစ်ရိုက်ခန့်အကွာအဝေးရှိ စေတီငုတ်တိုနံဘေးချုံကြားမှ ချောင်းမြောင်းကြည့်ရှုနေကြလေသည်။

"ကောင်မလေးက အတော်နိုပ်ပါလားကွ ပေါလေး၊ ငါတော့ သူလေးကို ယောယုဝပို့ဖို့ထက် နှစ်ပါးဂူဟောဆက်ပြီး နှတ်ပြည်သာ ပို့ပေးလိုက်ချင်တော့တယ်ကွာ ..ဟီး ..ဟီး"

ဟာကင်က သူ၏ မှတ်ဆိတ် ပါးမြိုင်းမွေးတို့ကို လက်ချောင်းလေးများဖြင့် တပွတ်တည်းပွတ်ကာ ဝသုန်ကို ခေါ်တောတစ်ထောင်အားဖြင့် စိုက်ကြည့်ရင်း နွားပြာကြီး အောက်သွားမရှိသလို တဟီးဟီးဖြစ်လျက်ရှိတော့ရာ ပေါလေးက အခွင့်အ





ရေးရတုန်း အရင်းမစိုက် လေ့ထိုးလိုက်ဆိုသကဲ့သို့ အချောင်ဝင်နှိုက်ရန် စကားခေါ်လေတော့၏။

"ဆရာသမား နတ်ပြည်သွားရင် တပည့်ကြီးပေါလေးကိုလည်း အတူခေါ်နော် ..ဟီး ..ဟီး"

"တော် တန် တိတ် ဘာဖြစ်လို့ခေါ်ရမှာလဲ၊ မင်းဘာသာ နတ်ပြည်သွားချင်ရင် တံတားဖြူထိပ်က အရူးမကြွက်နဲ့သွား"

ဟု ဟာကင်က မျက်လုံးကြီးပြူးပြီး ပေါလေးကို ဟောက်လိုက်ရာ ညွန့်ရှိန်၊ ကောက်ကြီးနှင့် ဿတုတ်တို့မှာ တခွီးခွီးဖြင့် အသံခပ်အုပ်အုပ် ဝိုင်းရယ်လိုက်ကြတော့၏။

ဝသုန်သည် သူမ၏ မွေးနေ့မွေးနံထောင့်၌ ပုတီးသက်ပြည့်စိပ်ပြီးနောက် စေတီအား လက်ယာရစ်ပူဇော်လေ၏။

ထိုစဉ် ဆည်းဆာအတော်ညိုလာကာ တောရိပ်တောင်ရိပ်ကြောင့် အမှောင်ရိပ်က ခပ်မြန်မြန်လေး လွှမ်းလာပြီမို့ ဝသုန်သည် စေတီပရဝုဏ်ထဲမှ လှမ်းထွက်လာခဲ့တော့၏။

သူမသည် ကောက်ကွေ့သော လူသွားလမ်းလေးအတိုင်း လျှောက်လာစဉ် ဟေမန္တ၏ သန့်စင်အေးမြသော ဆောင်းဆည်းဆာ လေပြည်အေးအေးထဲဝယ် အရက်နံ့ချဉ်ရှူးရှူးကို ရလိုက်သဖြင့် စိတ်ဝယ် မသိုးမသန့်ဖြစ်သွားစဉ် လမ်းနံဘေးရှိ



www.burmeseclassic.com

www.burmeseclassic.com



နဘူးချုံ နောက်ကွယ်မှ မြင့်မားသောသဏ္ဍာန်ကြီးတစ်ခု ရုတ်တရက် ထွက်လာသည်ကို တွေ့လိုက်ရတော့၏။

ဝသုန်သည် လူသွားလမ်းအား ပိတ်ရပ်လာသည့် ကောက်ကွေ့သောဆံပင်၊ ထူပြိန်းသော မုတ်ဆိတ်ပါးမြိုင်းမွေးတို့နှင့် ကုလားဟာကင်ကို မျက်မှောင်လေးကြုတ်ကာ စူးစမ်းသလို ကြည့်လိုက်လေ၏။

အရပ်ခြောက်ပေကျော်ခန့် မြင့်မားကာ ဆေးမင်ကြောင် အပြည့်ထိုးထားသည့် လက်ရုံးလက်မောင်းတို့ကလည်း အားကောင်းလှပြီး ပခုံးကျယ်ကျယ် ရင်အုပ်ကားကားနှင့် ကုလားဟာကင်မှာ ယောက်ျားချင်းပင်ဖြုံရသော အဟန့်ရှိသူဖြစ်သော်လည်း ဝသုန်ကမူ လမ်းနံဘေးမှ ခွေးလှေးကြမ်းပိုးကို မြင်ရသလို သအ သဘောထားဟန်ရှိလေ၏။

သူမက ထိမထင်သော အကြည့်စူးစူးဖြင့် ကုလားဟာကင်အား စိုက်ကြည့်ရင်းမှ လှမ်းလက်စခြေလှမ်းကို ရပ်လိုက်လေ၏။

ဂျာစီအင်္ကျီလက်ပြတ် နီညိုရောင်၊ ဘောင်းဘီရှည်အနက်တို့ဝတ်ကာ လူသွားလမ်းဝယ် ခြေနှစ်ဖက်ကို ခပ်ကားကားရပ်ရင်း လက်နှစ်ဖက်ကိုပိုက်ထားသည့် ဟာကင်မှာ ဝသုန့်အား စားတော့ဝါးတော့မလို ခပ်ပြုံးပြုံးကြီးဖြင့် စူးစူးဝါးဝါးကြည့်နေရာမှ





"ဟိတ် .. ဒီမှာ မင်းလေးက ငါ့တပည့်သံတုတ်ကို နှာခေါင်းရိုးကျိုးအောင် ဆော်ထည့်လိုက်တယ်ဆိုကွာ၊ ဟာကင်ရဲ့ တပည့်ကို ဒီလိုစော်ကားမော်ကားလုပ်လို့ မရဘူးဆိုတာ မင်းကို ပညာပေးပြသဖို့ ငါလာခဲ့တာပဲ၊ ငါ့နာမည် ဟာကင်လို့ခေါ်တယ်၊ မင်းလေးကြားဖူးမှာပေါ့ ဟင်း .. ဟင်း .. ဟင်း"

ဟု အောက်ကာလီအသံဖြင့် ကိုယ်ကိုလှုပ်ကာရယ်ရင်း ပြောလိုက်စဉ် သူ၏နောက်ချုံကွယ်ထဲမှ သူ့တပည့်လူမိုက်တစ်စု သည်လည်း ပြူးဖြဲဖြဲမျက်နှာများဖြင့် လှမ်းထွက်လာကြလေတော့၏။ သံတုတ်တစ်ယောက်သာ ချုံထဲမှမထွက်ဘဲ အရိပ်အကဲ စောင့်ကြည့်လျက်ရှိတော့၏။

ဝသုန်မှာ မျက်မှောင်ကို ပိုကြုတ်လိုက်ပြီး နှုတ်ခမ်းလှလှလေးကို မဲ့လိုက်ကာ ...

"ဟာကင်လည်း မကြားဖူးဘူး၊ အာပလာကင်လည်း မကြားဖူးဘူး၊ ရှင် ... ရှေ့က ဖယ်ထိုက်ပါ"

ဟု ပြောလိုက်ရာ ဟာကင်၏မျက်နှာကြီးမှာ ရဲခနဲဖြစ်သွားပြီး အပြုံးလည်း ပျောက်ကွယ်သွားကာ မျက်လုံးပြူးကြီးများ အ ရက်စက်ရန်လိုမှုဖြင့် တလက်လက်တောက်ပလာတော့၏။

"ဘာကွ ... တော်တော်မထေမဲ့မြင်ပြောတဲ့ ဟာမလေး ပါလား၊ နေပါဦး ... မင်းလေးက သံတုတ်ကို ပတွေ့ရလို့



www.burmeseclassic.com

www.burmeseclassic.com



ဆော်ထည့်လိုက်တယ်ဆို ... ဟုတ်လား၊ မင်းလေးက ပထွေးဆို သိပ်မုန်းဆို ... ဟုတ်လား။ အေး ... ငါလည်း ပထွေးတစ်ယောက်ပဲ၊ ငါ့မိန်းမနဲ့ ကလေးနှစ်ယောက်ပါလာတယ်၊ အဲဒီကလေးတွေကို ငါ ကောင်းကောင်းနှိပ်စက်တယ် ... အဲဒါ ဘာဖြစ်လဲ၊ ငါ့ကိုရော မင်းလေးက မုန်းတာပဲလား"

"ပထွေးတိုင်းကို မုန်းစရာမလိုပါဘူး၊ လူစိတ်မရှိတဲ့ ပထွေးမျိုးကို မုန်းတာ၊ ရှင့်လိုလူမျိုးကိုတော့ ပထွေးဟုတ်ဟုတ် မဟုတ်ဟုတ် ဥပမိရုပ်မြင်တာနဲ့ မုန်းတယ်"

ဝသုန်၏ ခပ်ပြတ်ပြတ်စကားကြောင့် ကုလားဟာကင်မှာ တွန့်ခနဲဖြစ်သွားသလို သူတပည့်လူမိုက်တစ်စုမှာလည်း နှုတ်သီးကောင်းလှာပါး ဝသုန်စကားကြောင့် သူတို့ဆရာသမားလူမိုက်ခေါင်းချုပ်ကြီးကို ဝါးခနဲ လှောင်ရယ်လိုက်ကြပြီး ...

"ဟားဟားဟား ... ဆရာဟာကင်ရေ ဆရာသမားကို မေတ္တာတော့ အတော်ထားပုံရတယ်နော် ... ဟားဟားဟား"

ဟု ဓောပနာပြုလိုက်ကြရာ ဟာကင်မှာ ရှူးရှူးရှဲရှဲ ဖြစ်သွားလျက် ...

"တောက် ... အတော်ရှူပါးဝတဲ့ ဟာမလေးပါလား၊ တွေ့ကြသေးတာပေါ့ကွာ၊ ဟာကင်က ဒါမျိုးနဲ့တွေ့ချင်နေတာ"

ဟု အံကြိတ်ကာပြောလိုက်ရင်း ရှေ့သို့ ဖျတ်ခနဲလှမ်း





ကာပြီး သူ၏ ကြီးမားသောလက်ဝါးစွောင်းကြီးဖြင့် ဝသုန့်မျက်နှာကို လွှဲခုတ်ချလိုက်တော့၏။

'ဗိုး'

ပြင်းထန်အားပါလှသော လက်ဝါးစောင်းခုတ်ချက်က သုန်၏မျက်နှာနုနုလေးဆီသို့ လျှပ်ပြက်သလို ပြေးဝင်သွားရာ ခါလေးတို့မှာ ဖောင်းခနဲမြည်သံနှင့်အတူ ဝသုန်၏ လှပသော မျက်နှာလေး လည်ထွက်သွားပြီဟု တွက်လိုက်မိသော်လည်း ဘက်တွေ့မှာမူ ဝသုန်က ဘယ်ခြေကို ရှေ့ခေါ့ဘက်သို့ ဆတ်ခနဲ းလိုက်ပြီး ဒူးညွတ်ကာ လက်ဝါးစောင်းရိုက်ချက်အား လွတ်ရုံ သား ရှောင်လိုက်လေ၏။

ဟာကင်၏ လက်ဝါးစောင်းရိုက်ချက်က ပစ်မှတ်ကိုလွဲ သွားပြီး ခန္ဓာကိုယ်ကြီး ရှေ့သို့ငိုက်ဆင်းလာစဉ် ဝသုန်က ဟာကင်၏ဆီးခုံကို လက်ယာဒူးဖြင့် ပင့်တိုက်ထည့်လိုက်ကာ လက်ဘယ်လက်၏ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ် က်ချောင်းသုံးချောင်း၏ထိပ်ဖြင့် ဟာကင်၏ရင်ဝကို ဆတ်ခနဲ ထည့်လိုက်သည့်တွင် ...

"အား .. အစ် .. အစ်"

ဟူသော ညည်းတွားသံတို့နှင့်အတူ ဟာကင်မှာ ရှေ့သို့ ကုန်းကုန်းကိုင်းကိုင်းကြီး ဖြစ်သွားလျက်မှ လက်တစ်ဖက်က



www.burmeseclassic.com

www.burmeseclassic.com



ဆီးခုံကိုဖိရင်း လက်တစ်ဖက်က ရင်ကိုဖိကာ မရှုနိုင်မကာယ်နိုင် အသက်ရှူရပ်မတတ်ဖြစ်သွားပြီး မျက်လုံးကြီးအပြူးသားဖြင့် မျက်နှာကြီးရှုံ့မဲ့သွားတော့၏။

သို့တိုင် ဝသုန်သည် ကျေနပ်ခြင်းမရှိသေးဘဲ လက်ယာဘက်လက်သီးဆုပ်ကို ပြောင်းပြန်လှန်ကာ ဟာကင်နှာခေါင်းရိုးကို ထုချလိုက်ရာ . . .

"ဖောက်"မှုသော အသံနှင့်အတူ ဟာကင်မှာ "အား"ခနဲအော်လိုက်ပြန်ရင်း မျက်ဖြူလန်ကာ မြေပြင်ပေါ်သို့ ပစ်လဲကျသွားတော့၏။

ဟာကင်မှာ မြေကြီးပေါ်ဝယ် အသက်ငင်နေသလို တဆတ်ဆတ်တုန်ရင်း တွန့်တွန့်လူးနေရာမှ သတိလစ်သွားတော့ရာ သူတပည့်လူမိုက် ညွန့်ရှိန်၊ ပေါလေးနှင့် ကောက်ကြီးတို့မှာ အံ့အားအသင့်ကြီးသင့်လျက် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားကြတော့၏။

ဝသုန်က ပေါလေးတို့လူစုကို ဝေ့ကြည့်လိုက်ပြီး . . .

"ကဲ . . . ရှင်တို့ရော ကျွန်မကို သွေးတိုးစမ်းချင်သေးသလား"

ဟု ခပ်ဆတ်ဆတ်မေးလိုက်ရာ ပေါလေးတို့လူစုမှာ လူမိုက်လူဆိုးများပင် ဖြစ်သော်လည်း သူတို့၏အခေါင်အချုပ် လူ





မိုက်ရာဇာကြီးဟာကင်ပင် မရှုမလှခံလိုက်ရသဖြင့် သူတို့ပါသွေးပျက်သွားရပြီး ဝသုန့်ကို ပျာပျာသလဲ တောင်းပန်တော့၏။

"ဟာ . . . မစမ်းချင်ပါဘူး မစမ်းချင်ပါဘူး၊ ဒီ . . . ဒီကိစ္စမှာ ငါတို့လည်း မပါပါဘူး၊ သူ သူ့အတင်းခေါ်လို့ လိုက်လာတာပါ၊ ငါတို့ကိုတော့ ခွင့်လွှတ်ပါ"

ဝသုန်ကား ဘာမှမပြောတော့ဘဲ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားလမ်းအတိုင်း မျက်နှာတည်တည်ဖြင့်လှမ်းလာရာ ပေါလေးတို့မှာ လမ်းဖယ်ပေးလိုက်ကြပြီး ဝသုန် အတော်ဝေးဝေးရောက်သွားမှ သက်ပြင်းချလိုက်ကြတော့၏။

"ဟေ့ကောင်ညွန့်ရှိန် . . . ဟာကင် အသက်မှရှိသေးရဲ့လားကွ"

"ဟုတ်ပါရဲ့ကွာ၊ မျက်ဖြူကြီးလန်သွားတာ ငါတောင်ဝိပ်ပြာလွင့်သလို ဖြစ်သွားတယ်၊ ဝသုန်ဆိုတဲ့ကောင်မလေးကတော့တစ်ပြောသလို တကယ့်မြွေပွေးမလေးပဲကွ"

"ကဲ . . . ဟေ့ကောင်တွေ . . . စကားများမနေနဲ့၊ ဟာကင့်ကို နှာနှပ်ယူမှဖြစ်မယ်ကွ"

တစ်ယောက်တစ်ပေါက်ပြောကာ ပေါလေးတို့လူစုမှာ အသာခတ် လှုပ်ရှားရချေတော့၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



# ဘဝလမ်းခွဲ

လူမိုက်အခေါ်ဝ်အချုပ် ဟာကင်မှာ အထိနာသွားပြီး ရရှိခဲ့သော ဒဏ်ရာများအတွက် ဆယ်ရက်ခန့် ဆေးဆရာဖင့်ကာ အတော်ကုယူခဲ့ရလေ၏။

အထူးသဖြင့် နှာခေါင်းရိုးအလယ်မှ ညွှင်သွင်ကျိုးသွားသည့်အပြင် သွေးတို့ဒလဟောထွက်ကာ လူမှာ ရက်အတော်ကြာ မူးနောက်နောက်ဖြစ်လျက် ရှိတော့၏။

"အေးဗျာ . . . ဒီနှာခေါင်းအလယ်ကို လက်သီးရိုးနဲ့





အထုခံရတာမှာ ထုတဲ့အရှိန်က အဖော်ပြင်းတဲ့အပြင် ထုတဲ့သူက အတော်ကျွမ်းကျင်ပုံလည်းရတယ်ဗျ။ အဲဒီလို ဒဏ်ရာအနာအရဖြစ်မှုမျိုးဟာ အသက်ကိုတောင် သေစေနိုင်တယ်၊ သေရင်သေ မသေရင် ရူးတတ်တဲ့ဒဏ်ရာမျိုးပဲ"

ဟု ဆေးဆရာကိုသြဘာက မှတ်ချက်ပြုရာ ပေါ်လေးတို့မှာ အတော်လန့်သွားရတော့၏။

"ဟာ . . . ဆရာ . . . ဒါဆို ကျုပ်တို့ရဲ့ဆရာသမားဟာကင် ရူး . . . ရူးသွားမှာလားဗျာ"

"ရူးတော့မရူးပါဘူး။ ဦးနှောက်က ကြောင်တောင်တောင်နှောက်နှောက်တော့ ရက်အတော်ကြာဖြစ်မယ်ဗျ။ အထူးသတိထားရမှာက နှာခေါင်းရဲ့ အဲဒီနေရာကို အဲဒီလိုဒဏ်ရာမျိုး ထပ်မရဖို့ပဲ၊ နောက်တစ်ခါ အဲဒီလိုဒဏ်ရာမျိုး ထပ်ရရင်တော့ ကျုပ်တို့ လာမပင့်နဲ့တော့၊ ဆရာ့မနိုင်တဲ့အဆင့် ရောက်ပြီသာမှတ်တော့"

ယင်းကြောင့် ကုလားဟာကင်မှာ ထိုအချိန်မှစပြီး ဝသုန်ကို ပြဿနာမရှာဝံ့တော့ချေ။

သံတုတ်လည်း သူ၏မယားပါသားချစ်သွေးကို အနိုင်အထက်မပြုဝံ့တော့ချေ။ ချစ်သွေးကို အနိုင်အထက်ပြုပါက ချစ်သွေးမှ ဝသုန်ကိုပြန်တိုင်လျှင် ဝသုန်က ပြဿနာရှာမည်စိုးသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဖြစ်လေ၏။

ချစ်သွေးမှာလည်း သူ့အက်မှုရပ်တည်ကာ ပထွေးဆိုး ရန်မှ ကာကွယ်ပေးခဲ့သော ဝသုန်အား ကျေးဇူးရှင်မမအဖြ လွှန်စွာကျေးဇူးတင် အားကိုးသွားရာမှ ခင်မင်ခြင်းလည်းဖြစ်မိပြ အချိန်အားရသည့်အခါများဝယ် သဇင်မြိုင်ခြံသို့သွားကာ တော တိုမယ်ရအလုပ်များ ဝိုင်းကူလုပ်ပေးလေ၏။

ထင်းပေါက်များခွဲပေးခြင်း၊ အိမ်နောက်ဘက်ရှိ ရေတွင် မှ ရေငင်ပေးကာ သောက်ရေသုံးရေများဖြည့်ပေးခြင်း၊ ခြံရှ ပေးခြင်းတို့ကို အခကြေးငွေ လုံးဝမယူဘဲ စေတနာဖြင့် ဖြူလု ပေးလေ၏။

ချစ်သွေးကား ငယ်ရွယ်သော်လည်း စည်းကမ်းရှိသူဖြ ၏။ သဇင်မြိုင်ခြံဝယ် ဖြူလုပ်ပေးသော သူ၏လုပ်အားအတွက် ဝသုန်က ငွေစကြေးစများပေးလျှင် လုံးဝလက်ခံယူခြင်းမပြုချေ

"ကျွန်တော့်ကို ပိုက်ဆံမပေးပါနဲ့ မမဝသုန်၊ ကျွန်တော် စေတနာနဲ့ ကူညီလုပ်ပေးတာပါ"

"ကဲ ဒါဆို ထမင်းစားပြီးမှပြန်"

"ဟင့်အင်း ကျွန်တော် အလုပ်လုပ်ပေးလို့ ပိုက်ဆံလည် မပေးပါနဲ့ ဘာမှလည်းမကျွေးပါနဲ့ မမဝသုန်၊ တစ်ခုခုကိုမျှေ ကိုးပြီး ကူညီလုပ်ကိုင်ပေးသလိုဖြစ်မှာ စိုးလို့ပါ"





ဝသုန်မှာ လူငယ်သလောက် စည်းကမ်းရှိပြီး စိတ်ထား မြင့်မြတ်သည့် ချစ်သွေးကို လွန်စွာသဘောကျသွားတော့၏။

ချစ်သွေးမှာ အလုပ်လုပ်သည့်အခါမှာလည်း မည်သည့် အခါမျှ ပေါ့တီးပေါ့ဆမလုပ်ဘဲ သေသေသပ်သပ် တိတိကျကျ သက်ကြာတင်းတင်း ဖြူလုပ်တတ်သူလေးဖြစ်၏။ ကျောင်းပညာ ရေးဘက်တွင်လည်း ထူးချွန်သူဖြစ်၏။

သို့ကြောင့် ချစ်သွေးသည် နောင်ကြီးပြင်းလာသောအခါ တွင် ထူးချွန်ထက်မြက်သူတစ်ဦး ဖြစ်လာမည်ဟု ဝသုန်ယုံကြည် မိကာ သူလေးကို ဘယ်လိုပံ့ပိုးကူညီရမည်နည်းဟု အမျိုးမျိုးစဉ်း စားမိလေ၏။

"အင်း . . . ငါ့ကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ရော ခင်မင် တဲ့အနေနဲ့ပါ မောင်ချစ်သွေးလေးဟာ ငါတို့အိမ်ကအလုပ်တွေကို ကူညီလုပ်ကိုင်ပေးရှာတယ်၊ ဘကယ်တော့ မိန်းမသားတွေချည်း နေတဲ့ ငါတို့အိမ်မှာ ယောက်ျားလေး ကူဖော်လောင်ဖက်ရှိတော့ ကောင်းတာပေါ့၊ မောင်ချစ်သွေးလေးက အထောက်အကူ အတော်ရသူပါ"

"အဲဒီ စိတ်သဘောထားမြင့်မြတ်ပြီး ထူးချွန်တဲ့ ငါ့အ ပေါ်မှာလည်းကောင်းတဲ့ ဒီကောင်လေးရဲ့ ဘဝတစ်လျှောက်မှာ အသုံးဝင်မယ့် ကိုယ်ရန်ကာပညာရပ်တွေကို ငါသင်ပေးရရင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမယ်ထင်တယ်"

ဝသုန်သည် ထိုသို့တွေးပြီးနောက် တစ်နေ့ နေ့လယ်ခင်းဝယ် အိမ်ခြံဘေးမှ သရက်ပင်ကြီးအောက်ရှိ ကွပ်ပျစ်၌ထိုင်ရင်း ချစ်သွေးကို ပြောလေ၏။

"မောင်ချစ်သွေး ယောက်ျားဆိုတာ လူရယ်လို့ဖြစ်လာကတည်းက ဘဝခရီးတစ်လျှောက်မှာ အန္တရာယ်မျိုးစုံ ကြုံရတတ်တယ်ကွယ့်၊ အဲဒီလို အန္တရာယ်နဲ့ ရင်ဆိုင်တွေ့ပြီး ကိုယ်ရေးကြုံလာတဲ့အခါ ကိုယ်ရန်ကာသိုင်းပညာကို တတ်ထားသင့်တယ်ကွယ့်"

"ဒီတော့ အဲဒီ ကိုယ်ရန်ကာပညာ မင်းကို မမသင်ပေးမယ်၊ မင်း သင်ယူချင်သလား"

ဝသုန်၏စကားအဆုံးဝယ် ချစ်သွေးမှာ ဝမ်းသာအားရဖြင့် ...

"ဟာ ... မမဝသုန်ရယ် မမဝသုန်သင်ပေးမယ်ဆိုတော့ ကျွန်တော် မယုံနိုင်အောင် အံ့ဩသွားတာပဲဗျာ၊ ကျွန်တော် မမရဲ့ သိုင်းပညာကို သင်ယူချင်ပါတယ် ... သင်ပေးပါ မမရယ်"

ဟု အသံတုန်တုန်လေးဖြင့် လှိုက်လှဲစွာပြောလေ၏။

"အေး ... ဒါဆို ဒီနေ့ညနေကစပြီး မင်းကို မမ သိုင်း





ပညာရပ်တွေ သေသေချာချာ သင်ပြပေးပါမယ်ကွယ်၊ ကဲ ခုတော့ မင်းရဲ့အိမ်ကိုပြန်ပြီး မင်းရဲ့အမေကို ကူညီလုပ်ကိုင်စရာရှိလုပ်၊ ပြီးတော့ ညနေတိုင်း မမရဲ့ဆီမှာ သိုင်းပညာသင်ခွင့်ပြုပါလို့ ပြော"

"ဟုတ်ကဲ့ မမဝသုန်"

ချစ်သွေးမှာ သိုင်းပညာရပ်၌ လွန်စွာထူးချွန်သည့် ဝသုန်ကိုယ်တိုင်က သူမ၏ပညာရပ်များကို သင်ကြားပေးတော့မည်ဖြစ်ရာ လွန်စွာဝမ်းမြောက်လျက် ခုန်ဆွခုန်ဆွဖြင့် ခြံဝိုင်းထဲမှ ပျော်ရွှင်စွာ ကဆုန်ပေါက်ထွက်ခွာသွားပါတော့၏။

❖

ချစ်သွေး၏မိခင် မသွေးမွှေးမှာ လွန်စွာရိုးသားအေးဆေးသူဖြစ်ပြီး သားဖြစ်သူချစ်သွေး ပြောပြထားသဖြင့် ဝသုန်၏အကြောင်းနှင့် ဝသုန်က သူ့သားကို မည်သို့ကူညီခဲ့ပုံကို သိထားရာ ချစ်သွေး ဝသုန်တို့ခြံသို့ သွားရောက်ကူညီလုပ်ကိုင်ပေးမှုကို ကြိုက်ခြင်းမရှိချေ။ မငြိုငြင်သည့်အပြင် ချစ်သွေး သွားရောက်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပေးခြင်းကို အားပေးမှုပင်ပြုလေ၏။

"အဲဒီသခင်မြိုင်က မိန်းကလေးက သားအပေါ်မှာ ကျေး ဇူးရှိတယ့်သားရယ်၊ သားအားလပ်တဲ့အခါ သွားပြီးကူညီလုပ် ကိုင်ပေးပါ၊ အမေတောင်မအားလို့ အားရင် သွားပြီးကူလုပ်ပေးမ ရဲ့၊ အခုဆို အဲဒီဝသုန်ရဲ့ကျေးဇူးကြောင့် မင်းရဲ့ဦးလေးက မင်း အပေါ် အရင်ကလို ထစ်ခနဲရှိ ရိုက်, ထစ်ခနဲရှိ ထိုး မလုပ်တော့ ဘူး မဟုတ်လား၊ အဲဒီအတွက် အမေ့မှာ စိတ်အတော်ချမ်းသာ တာ၊ အမေကတော့ အမေ့ထိုက်နဲ့ အမေ့ကံ ရှိပါစေတော့ကွယ် ငါ့သားလေးသာ ကျွန်ဝယ်ရာအဆစ်ပါမဖြစ်ရင် ပြီးတာပါပဲ"

ဟု မသွေးမှုံက ပြောလေ့ရှိပေ၏။

တကယ်တော့ မသွေးမှုံမှာ လင်ယောကျ်ားဖြစ်သူ ကိုအ ချစ်၊ ချောင်းဆိုးသွေးပါရောဂါဖြင့် ကွယ်လွန်သွားစဉ်က ကိုအ ချစ်အား ထစ်နှစ်ခွဲခန့် ဆေးဝါးကုသခဲ့ရသောစရိတ်ကြောင့် အကြွေးလေးရာခန့် တင်ကျန်ရစ်ခဲ့ရာ ယင်းအကြွေးကို မည်သို့ မဆပ်နိုင်ဘဲ အတိဒုက္ခလွန်စွာရောက်ခဲ့ရလေ၏။

ကြွေးရှင်ကလည်း အရင်းရော အတိုးပါ မဆပ်နိုင်သဖြ နေ့စဉ်နံနက်တိုင်းလိုလို အိမ်ရှေ့မှ ဆဲဆိုအော်ဟစ်ရန်တွေ့နေ မသွေးမှုံမှာ မိမိကိုယ်ကိုယ် သတ်သေချင်လောက်အောင် စိ ဆင်းရဲခြင်းကြီးစွာ ဖြစ်နေရရှာတော့၏။





ယင်းသို့ ဒုက္ခအကြီးအကျယ်တွေ့ကြုံနေဝယ် ကယ်တင်ရှင် ပေါ်လာခဲ့လေသည်။ ယင်းကယ်တင်ရှင်မှာ သူမ၏ယောကျ်ား ကိုဘချစ်နှင့်အတူ တစ်ဂိတ်တည်း မြင်းလှည်းအတူဆွဲသူ မြင်းလှည်းသမား သံတုတ်မင်ဖြစ်ပါ၏။

"မမှုံ . . . နင့်ကို ဒေါ်လှရှင်ကြီး မနက်တိုင်း အိမ်ရှေ့ ကလာလာဆဲနေတာကို ငါမကြည့်ရက်လို့၊ ငါ့မြင်းလှည်းကို အပေါင်ထားပြီး ရတဲ့ပိုက်ဆံနဲ့ ငါရှာဖွေထားတဲ့ပိုက်ဆံပေါင်းပြီး ပေးတာ ရော့ ငွေလေးရာ၊ ဒေါ်လှရှင်ကြီးရဲ့ အကြွေးတွေကို ပ္ပင်းလိုက်၊ အရင်းကို အရင်ယူထားလို့၊ အတိုးကိုတော့ တစ်ပတ် နှစ်ပတ်အတွင်း ပေးမယ်လို့ပြောလိုက်၊ အဲဒါမှမရရင် ငါ သင်းကို ဆွဲကြမ်းပစ်မယ်"

သံတုတ်က ငွေစက္ကူတစ်ထပ်ကို မသွေးမှုံရှေ့ဝယ် ပစ်ချ ပေးကာ ကူညီမှုပြုလာတော့ မသွေးမှုံ မငြင်းနိုင်တော့။ မနက် တိုင်း ကြွေးရှင်၏ အရှက်တကွဲ အကျိုးနည်း ဆဲဆိုရန်တွေ့ခြင်း ခံနေရသည့် ဒုက္ခဆင်းရဲခြင်းမှ လွတ်ရတော့မည်မို့ သံတုတ်၏ ကူညီလာမှုကို ဝမ်းသာကျေးဇူးတင်မဆုံး ဖြစ်သွားရတော့၏။

"ဘချစ်နဲ့ ငါက မြင်းလှည်းအတူမောင်းဖက်တွေပဲ မမှုံ ရယ်၊ ဘချစ်မရှိတဲ့နောက် ဇီရပ်ဒီရွာမှာ ဆွေမျိုးသားချင်းမရှိတဲ့ င်တို့သားအမိကို ဘချစ်ရဲ့သူငယ်ချင်းတစ်ယောက်အနေနဲ့ ငါမှာ



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ဖို့ တာဝန်ရှိပါတယ်ဟာ''

သံတုတ်၏ ကူညီရိုင်းပင်းမှုကြောင့် ဒေါ်လှရှင်ကြီးအား နောက်တစ်နေ့နံနက်ဝယ် အကြွေးဆပ်နိုင်သည့်တိုင် ငွေရှင်ကြေးရှင် မြို့ရှင်ကြီး ဒေါ်လှရှင်၏ လောဘက အတော်မသတ်နိုင်ခဲ့ချေ။

''အရင်းဆပ်တာကတော့ ဟုတ်ပါပြီ ... ဘယ်မှာလဲ အတိုးတစ်ရာ''

''ဒေါ်လှရှင်ရယ် အတိုးတော့ ဆိုင်းပါဦး၊ ဒီတစ်ပတ် နှစ်ပတ်အတွင်း ပေးပါ့မယ်ရှင်''

''ဘာ ... အတိုးဆိုင်းရမယ် ... ဟုတ်လား။ အမလေး ညည်းမို့ပြောရက်ပလေတယ်အေ၊ ငွေတစ်ရာဆိုတာ နည်းလား။ မဆိုင်းနိုင်ဘူး မဆိုင်းနိုင်ဘူး ဒီနေ့ချက်ချင်းပေး၊ အဲဒီတစ်ရာ မပေးနိုင်ရင် အရင်းငွေလေးရာကို လက်မခံနိုင်ဘူး''

''ဒီ ... ဒီလိုတော့မလုပ်ပါနဲ့ ဒေါ်လှရှင်ရယ်''

မသွေးမှုံ့ အတန်တန်တောင်းပန်သည့်တိုင် ဒေါ်လှရှင်က အိမ်ရှေ့မှနေ၍ ပွဲကြမ်းနေရာ မသွေးမှုံ့တို့အိမ်ဘက်မှ ဆူဆူညံညံ အသံများကြောင့် သံတုတ် ရောက်လာဖော့၏။

သံတုတ်မှာ မသွေးမှုံ့အား အကျိုးအကြောင်းမေးပြီး အကြောင်းစုံသိသွားသည်နှင့် ရှူးရှူးရှဲရှဲဖြစ်ကာ ...

''ဒီမှာ ဒေါ်လှရှင် ... မမှုံ့မှာ လင်သေကြွေးပူနဲ့





ဒီလောက် ဒုက္ခရောက်နေတာကို ထပ်ပြီးအနိုင်မကျင့်ပါနဲ့ဗျာ၊ ခင်ဗျားရဲ့ အကြွေးပြန်ဆပ်ပြီးပြီပဲ၊ အတိုးကိုတော့ တစ်ပတ်နှစ်ပတ်လောက် ဆိုင်းလိုက်ဦးပေါ့၊ မမှုံ့က ကျုပ်သူငယ်ချင်းရဲ့မိန်းမ၊ လင်ယောက်ျား မရှိတော့ဘူးဆိုပြီး အနိုင်ကျင့်ဖို့မကြိုးစားနဲ့နော်၊ သံတုတ်နဲ့ တွေ့သွားမယ် ... ဟင်း''

သံတုတ်မှာ ရပ်ရွာထဲမှ နာမည်ကျော်လူမိုက်တစ်ဦးမို့ ဒေါ်လှရှင်မှာ ဖက်ပြိုင်ရန်မပြုဝံ့တော့ဘဲ သံတုတ်မှ မသွေးမှုံ့၏ ကျန်ရှိသောအတိုးတစ်ရာကို နှစ်ပတ်အတွင်း စိုက်ဆပ်ပါမည်ဟု အာမခံချက်ပေးမှုကို အောင့်သက်သက်ဖြင့်သာ ကျေနပ်လိုက်ရတော့၏။

မသွေးမှုံ့ကား အရေးအကြောင်းရှိလျှင် သူမတို့သားအမိ ရှေ့မှ မားမားမတ်မတ်ရပ်ပေးမည့် ယောက်ျားသားတစ်ဦးရှိဖို့ လိုအပ်လျက်ရှိကြောင်း ကောင်းကောင်းသိသွားကာ သံတုတ်၏ ရပ်တည်ပေးလာမှုကို အားကိုးတကြီး ကျေးဇူးတင်မိသွားရာမှ နောက်ဆုံး သံတုတ်က ...

''မမှုံ့ ... နင်တို့သားအမိ ဒုက္ခရောက်လှပါတယ်ဟာ၊ သွားလေသူ ငါ့သူငယ်ချင်းဘချစ်ရဲ့ကိုယ်စား နင်တို့သားအမိကို ငါ တစ်သက်လုံး တာဝန်ယူစောင့်ရှောက်သွားပါရစေ''

ဟူသော ... အပြောနှင့်ပင် တစ်ပင်လဲမှ တစ်ပင်ထူဟု



www.burmeseclassic.com

www.burmeseclassic.com



သည့် စကားအတိုင်း သံတုတ်ကို လင်တော်လိုက်ရလေတော့၏။

"မမှုံရယ် နင် သံတုတ်ကို မယူသင့်ဘူး၊ ကိုယ့်ဘာသာ သားအမိနှစ်ယောက် ဈေးတောင်းခေါင်းရွက်ပြီး အေးအေးလူလူ စားသောက်ပါလား၊ နင်တော့ သံတုတ်ကိုယူရင် ငါးပါးမှောက်တော့မယ်နော်"

"ဟုတ်တယ် မိမှုံ၊ သံတုတ်ဆိုတဲ့ကောင်က လူကောင်း သူကောင်းမဟုတ်ဘူး၊ အရင်ကယူဖူးတဲ့ မိန်းမနှစ်ယောက်လည်း သူ့ဒဏ်မခံနိုင်လို့ပြေးပြီ၊ အဲဒီကောင်က အရက်ချိုးဖဲချိုးအော ဟိုတလောက အောက်ချိုင့်ကမသာအိမ်မှာ ဖဲနိုင်လို့ ညည်းကို ငွေကြေးကူညီနိုင်တာ၊ ဖဲသမားဆိုတာ နဲ့သမားပါးလို ပိန်လိုက် ဖောင်းလိုက်ရယ်၊ ညည်းတော့ ရေရှည်မှာ ဒုက္ခရောက်တော့မှာပဲ၊ လူက လက်ကြောတင်းတာမဟုတ်ဘူး၊ ဖဲလေးတသသ အရက်လေးတမြမြနဲ့ အလုပ်ကိုခါးချိုးမလုပ်တဲ့ကောင်၊ ညည်းတော့ ပူပါတယ်ဆိုမှ ငရဲအိုးထဲကနေ ပြာပူထဲခုန်ချသူလို ဖြစ်တော့မှာပဲ"

ယင်းသို့ ပတ်ဝန်းကျင်မှ မိန်းမသားချင်း ပူပင်စာနာစွာ ဖေဖန်တားမြစ်မှုများကို မသွေးမှုံ ဂရုမမူနိုင်တော့ဘဲ သံတုတ်ကို အထင်ကြီးအားကိုးစိတ်ဖြင့် မျက်စိမှိတ်ယူခဲ့တော့၏။

ချစ်သွေးလေးမှာ ထိုစဉ်က ငါးနှစ်သားခန့်သာရှိသဖြင့်





မိခင်ဖြစ်သူ နောက်အိမ်ထောင်ပြုမှုကို နားလည်ဝေဖန်နိုင်စွမ်း မရှိချေ။ လောကသဘာဝကို မသိသေးသည့် ကလေးပီပီ သံတုတ် အိမ်ပေါ်သို့ရောက်လာတာရော သူ့ဖခင်၏နေရာ အစား ဝင်လာတာရော ဘာကြောင့် ယင်းသို့ဖြစ်မှန်း နားပါးမလည်ခဲ့ပါ ချေ။

သံတုတ်မှာ မသွေးမှုံနှင့် အကြောင်းဆက်ပေါင်းဖက်ပြီး နောက် လေးငါးခြောက်လခန့်တော့ မြင်းလှည်းမှန်မှန်မောင်းကာ ရှာကျွေးသေး၏။ ယင်းခါမှလွန်သော် ဖာတိပြလာပြီး နေ့နေ့ ညည အရက်လေးတမြမြဖြစ်လာ၏။ သူ့မြင်းလှည်းမောင်း ရှာရ သမျှမှာလည်း ဖဲဝိုင်းမှာပင်ကုန်လေ၏။

သည်တော့ မသွေးမှုံမှာ မြို့လယ်ဈေးဝယ် ဗျပ်ထိုးသည့် အဖြစ် ဟင်းသီးဟင်းရွက်ရောင်းကာ ရုန်းကန်ရတော့၏။ ကြာ လေ သံတုတ်က ဆိုးလေဖြစ်လာရာ မသွေးမှုံမှာ သူတို့သားအမိ ၏ စားရေးသောက်ရေးအပြင် သံတုတ်၏ အရက်ဖိုး ဖဲကြေးဖိုး အတွက်ပါ နေပူမရှောင် မိုးရွာမရှောင် ရှာဖွေရလေတော့၏။ သူမခမျာ မနက်ပိုင်းဝယ် ကုန်စိမ်းသည်၊ နေ့လယ်ပိုင်း၌ သာ ကူသည် ဖြစ်ရရှာလေ၏။

သံတုတ်ကား မြင်းလှည်းမှန်မှန်မမောင်းသဖြင့် မြင်း လှည်းပိုင်ရှင်အိုနာက မြင်းလှည်းပြန်သိမ်းသွားရာ အလုပ်လက်မဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး ယောလုပ်စာထိုင်စားလျက် အရက်လေးတမြမြ ဖဲလေး အသေသ လုပ်နေလေ၏။

နောက်ပိုင်းဝယ် ပိုဆိုးလာကာ အရက်မူးလာလျှင် မသွေးမှုံကို ရန်ရှာရိုက်နှက်၏။ ချစ်သွေးလေးကို အကြောင်းမရှိ အကြောင်းရှာကာ နှိပ်စက်ညှဉ်းပန်း၏။

လင်ဆိုးမယား တဖားဖားဖြစ်ရသည့် မသွေးမှုံမှာ သူမ၏ဘဝနှင့် သူမမို့ လင်ဆိုး၏ဒဏ်ကို ကြိတ်မှိတ်ခံနိုင်ငြား သားဖြစ်သူ လူမမယ်လေးကို ပထွေးဖြစ်သူက မတရားအနိုင်ကျင့်နေခြင်းအား စိတ်မကောင်းခြင်းကြီးစွာ ခံစားရလေ၏။

သို့တိုင် . . . သူမကိုယ်တိုင်က သံတုတ်ကို ခွန်းတုံ့ပြန်ရဲသူ မဟုတ်သဖြင့် သားဖြစ်သူလေး နှိပ်စက်ညှဉ်းပန်းခံနေရသည်ကို မျက်ရည်လည်ရွဲဖြင့်သာ စိတ်ထိခိုက်စွာ ကြည့်နေရရှာတော့၏။

ယခုတော့ သဇင်မြိုင်ခြံမှ ထူးဆန်းသောမိန်းကလေး ဝသုန်၏ ဆုံးမနှိပ်ကွပ်မှုကြောင့် လူကြမ်းလူရမ်းကြီးသံတုတ်မှာ ဝပ်သွားပြီး ချစ်သွေးလေးကို လက်ရှောင်နေသဖြင့် မသွေးမှုံမှာ ရင်အေးနေရလေ၏။

သားဖြစ်သူအား ဝသုန်က စောင့်ရှောက်ပေးသည့်အပြင် ယခုတစ်ဖန် သိုင်းပညာများ သင်ကြားပေးမည်ဆိုသဖြင့် မသွေး





မှာ သဘောကျကျေနပ်နေရလေ၏။

ချစ်သွေးမှာ နေ့လယ်ပိုင်း ကျောင်းမှပြန်လာသည်နှင့် မိအတွက် ရေခပ်ထင်းခွဲပြီးနောက် သဇင်မြိုင်ခြံသို့ ပြေးလေ၏။

သဇင်မြိုင်ခြံအတွက် တောက်တိုမယ်ရ ကူညီစရာရှိသည်တို့ကို ကူညီလုပ်ကိုင်ပြီးနောက် ဝသုန့်ထံမှ သိုင်းပညာရပ်များကို ညနေရီမှောင်ရီသမ်းသည်အထိ ကြိုးစားပမ်းစား သင်ယူသော၏။

သံတုတ်မှာ ချစ်သွေးနှင့်ပတ်သက်ပြီး ဘာမှမပြောတော့သဖြင့် ချစ်သွေးလေးမှာ အိမ်အလုပ်လည်း ကူလုပ်၊ ကျောင်းလည်းတက်၊ သိုင်းလည်းသင်ဖြင့် လွတ်လပ်စွာ လှုပ်ရှားလုပ်ကိုင်နိုင်လေ၏။

❖

ဝသုန်သည် ရှေးဦးစွာ ချစ်သွေး၏ ခန္ဓာကိုယ်ကြံ့ခိုင်မှုနှင့် ခံနိုင်ရည်ရှိရေးကို ဦးစားပေးကာ လေ့ကျင့်သင်ကြားပေး



www.burmeseclassic.com

[illegible]

ချစ်သွေးသည် ကြိုးခုန်ရ၏။ အမြင့်ခုန်ရ၏။ အပြေးကျ
ရ၏ သင်္ဂြိုင်ခြံကြီးထဲရှိ သစ်တိုပင်ကြီး၏ ကိုင်းတစ်ခုထ
မနီလာကြိုးတစ်ချောင်းကို တက်ချည်ကာ ကြိုးကိုတွဲလောင်း
ထားပြီး ယင်း(၁၅)တောင်မျှ အမြင့်ရှိသောကြိုးကို ခြေမကူ
လက်ချောင်း၊ လက်မောင်းအားဖြင့် ဆွဲတက်ရ၏။

ရောမထင်းစုံးကြီးတို့ကို ပခုံးနောက်ဝယ်ထမ်းကာ ခြ
မြင်မှ ရှေ့သို့ တစ်လံခန့်ခုန်ခြင်း၊ နောက်သို့ တစ်လံခုန်ဆုတ်ခြင်း
တို့ကို လေ့ကျင့်ရ၏။

တစ်တောင်ခန့်မြင့်သော သစ်မြစ်ဆုံပေါ်သို့ နောက်ပြ
ခုန်တက်ရ၏။ အမြင့်လေးတောင်ခန့်မှ ကိုယ်ကို ပစ်ချလေ့ကျင့်
ရ၏။

ရှေ့သို့ လေးတောင်၊ လေးတောင်ခွဲရောက်အောင် ခြေ
ခတ်ကာ အမြင့်ခုန်ခြင်း၊ ရှေ့သို့ သုံးတောင်ခန့်ရောက်သည်အထိ
ဒူးဖြင့်ခုန်တိုက်နိုင်အောင် လေ့ကျင့်ခြင်းတို့ ပြုလုပ်ရလေ၏။

လက်ချောင်းများ၊ အရိုးအဆစ်များ ခံနိုင်ရည်ရှိစေရန်
အုတ်ကျိုးအုတ်ခဲများကို ထုထိုးလေ့ကျင့်ရ၏။

လက်ချောင်းများ သန်မာစေရန် ရွှံ့ပျော့၊ ရွှံ့မာ၊ မြေခဲ
များကို ဆုပ်နယ်ခြေမွလေ့ကျင့်ရ၏။





ခြေဖမိုးခံနိုင်ရည်ရှိစေရန် ထန်းသီးများကို သစ်ပင်ကိုင်း
တစ်ကိုင်း၌ချည်ကာ တွဲလောင်းချထားလျက် ခြေဖမိုးဖြင့်ကန်ခြင်း
ကို လေ့ကျင့်ရ၏။

ဝသုန်သည် ယင်းသို့ ခြောက်လခန့် လေ့ကျင့်တည်
ဆောက်ပေးပြီးမှ တစ်ဆင့်တက်ပြီး နပန်းပညာ၊ နပန်းအချုပ်
ညာ၊ ဘားကျွမ်းပညာများကို သင်ကြားပေးလာလေ၏။

ဤသို့ဖြင့် အခြေခံနှင့် အချုပ်အနှောင် အခုန်အပျံကို
တစ်နှစ်ခန့် အချိန်ယူသင်ကြားပေးပြီးမှ လက်သိုင်း၊ ဓားသိုင်း
ညာများကို ဆက်လက်သင်ကြားပေးလေ၏။

"ငါတို့ရဲ့ ရိုးရာသိုင်းပညာမှာ အင်းသိုင်း, ကမ္ဘောဇ
သိုင်း, ရာမညသိုင်းဆိုပြီး ပင်မသိုင်းပညာသုံးမျိုးရှိတယ်
မောင်ချစ်သွေးရဲ့ ...။

အင်းသိုင်းဆိုတာ ရှေးမြန်မာမင်းတွေရဲ့လက်ထက်
အင်းဝဘက်ကနေ ဆင်းသက်ပြန့်ပွားလာတဲ့ ပညာပဲကွယ့် ...။

ကမ္ဘောဇသိုင်းဆိုတာကတော့ ရှမ်းပြည်နယ်ဘက်က
ဆင်းသက်လာတဲ့ ပညာအနွယ်ပွားပဲဖြစ်တယ် ...။

ရာမညသိုင်းဆိုတာကတော့ အောက်မြန်မာပြည် မွန်
အင်းဆက်တွေ လက်ထက်ကနေ ဆင်းသက်လာတဲ့ ပညာရပ်ဖြစ်
တယ် ...။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီသိုင်းပညာရပ်ကြီးသုံးရပ်ဟာ နှစ်ပေါင်းများစွာ ကြာလာတဲ့အခါ ပညာရပ်တစ်ခုနဲ့တစ်ခု လွှန်းတိုးယှက်နွယ်ပြီး 'ဗိုးဇိုက်တွန်'လို့ 'အင်မတန်နိုင်ခန့်ပြည့်စုံတဲ့ ပညာရပ်ကြီးဖြစ်လာတယ် မောင်ချစ်သွေးရဲ့"

ဝသုန်သည် ချစ်သွေးအား ယင်းသို့ရှင်းပြပြီးနောက် ဗန်တိုခေါ် လက်နက်မဲ့သိုင်းပညာနှင့် ဗန်ရှည်ခေါ် လက်နက်ကိုင်သိုင်းပညာရပ်တို့ကို တစ်နေ့ပြီးတစ်နေ့ စိတ်ရှည်စွာ သင်ကြားပေးလေရာ အရွယ်တစ်နေ့တခြား ကြီးထွားလာသည်နှင့်အမျှ သိုင်းပညာသင်ယူရန် စိတ်အားပြင်းထန်သည်ထက် ပြင်းထန်လာသည့် ချစ်သွေးလည်း ဖွဲနပဲကြီးစွာ ကြိုးစားသင်ကြားလေ့ကျင့်ခြင်း ပြုလေ၏။

ဗန်တိုခေါ် လက်နက်မဲ့သိုင်းပညာအောက်တွင် အကြုံးဝင်ပါဝင်သည့် လက်ဝှေ့၊ လက်ပန်း၊ လက်ရေးပညာများ သင်ကြားရကာ လက်နက်မဲ့သမားအချင်းချင်း တိုက်ခိုက်ခုခံခြင်း၊ ဓားမြှောင်၊ ဓားရှည်၊ လှံ၊ တုတ်စသည့် လက်နက်ဖြင့် ရန်ပြုလာသူကို ခုခံကာ ပြန်လည်တိုက်ခိုက်ခြင်း အတတ်ပညာရပ်များကို သင်ယူရလေ၏။

ဗန်ရှည်ခေါ် လက်နက်ကိုင်သိုင်းပညာရပ်တွင်မူ ဓားတစ်လက်သိုင်း၊ ဓားနှစ်လက်သိုင်း၊ တုတ်တိုသိုင်း၊ တုတ်စကာ





သိုင်း၊ တုတ်ရှည်သိုင်း၊ လှံယဉ်သိုင်း၊ လှံရှည်သိုင်း၊ အဲမောင်းသိုင်း၊ ကြိုးသိုင်း၊ ကြိုးတစ်ဖက် ဓားတစ်ဖက်သိုင်း၊ ဓားတစ်ဖက် လှံတစ်ဖက်သိုင်း စသည့် လက်နက်ကိုင်သိုင်းပညာရပ်မျိုးစုံ ပါဝင်လေ၏။

ယင်းသို့ ကျယ်ပြန့်လှသည့် ပညာရပ်များကို ငါးနှစ်ခန့် သင်ကြားခဲ့ရပြီးနောက် ချစ်သွေးမှာ အတော်အတန် ပညာရည်ချာ လေ့ကျင့်ရည်ပါ ပြည့်ဝလာတော့၏။

ချစ်သွေးမှာ ငါးနှစ်လုံးလုံး သဖင်မြိုင်ခြံထဲသို့ ဝင်ထွက်သွားလာကာ ဝသုန့်ထံမှ ပညာယူလျက်ရှိရာ ကာလကြာသည်နှင့်အမျှ ဝသုန့်ကို အစ်မရင်းနှယ် သံယောဇဉ်ငြိတွယ်ခဲ့ရ၏။ အနေသည်ကာ မှတ်သားနာယူဖွယ် ဆုံးမစကားတို့ကို မေတ္တာကရုဏာရှေ့ထား ပြောဆိုဆုံးမလမ်းညွှန်တတ်သော ဝသုန်မှာ ချစ်သွေးအတွက် ဆရာဆိုလည်းဟုတ်၏။ မွေးစားအစ်မဆိုလည်းဟုတ်၏။

သို့ဖြင့် ဝသုန်သည် ချစ်သွေးအတွက် လေးစားခင်တွယ်ရာကောင်းသည့် အစ်မတစ်ဦး ဆရာတစ်ဦး ဖြစ်လာလေ၏။

ဝသုန်မှာ ချစ်သွေးအား သိုင်းပညာရပ်များ သင်ကြားပေးရုံမက ချစ်သွေး၏ ကျောင်းစရိတ်ကိုပါ ထောက်ပံ့ကာ ချစ်သွေး၏ပညာရေးကို အားပေးခဲ့လေ၏။

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပညာရေးဆရာမက ပြင်ပဗဟုသုတ ပြည့်စုံေ
ရန် စာအုပ်စာတမ်းမျိုးစုံကို ရန်ကုန်ရှိ စာပေတိုက်များ စာအု
ဆိုင်များမှ ငွေကြိုတင်ပို့ကာ မှာကြားပြီး သူမလည်းဖတ်သ
ချစ်သွေးကိုလည်း ဖတ်ရှုစေလေ၏။

သို့ဖြင့် ချစ်သွေးမှာ သိုင်းပညာရှည် ပြည့်ဝလာသ
ကျောင်းပညာရေးမှာလည်း မက်ထရစ်တန်းသို့ပင် ရောက်ရှိလာ
တော့၏။

သို့သော် မက်ထရစ်စာမေးပွဲ မဖြေမီမှာပင် ချစ်သွေ
၏ဘဝအတွက် အရေးပါသည့် အဖြစ်အပျက်နှစ်ခု ဖြစ်ပေါ်လာ
ခဲ့လေ၏။

ဖြစ်ရပ်တစ်ခုမှာ ချစ်သွေး၏မထွေးဖြစ်သူ ကိုသံတုတ်
အရက်သောက်လွန်းသဖြင့် အသည်းကျွမ်းကာ သေဆုံးသွား
ခြင်းဖြစ်ပြီး အခြားဖြစ်ရပ်မှာကား ဝသုန်တို့ ရွှေမြင်သာမြို့လေး
ပြောင်းရွှေ့သွားခြင်းပင်ဖြစ်ပါ၏။

ဝသုန်က မည်သည့်မြို့သို့ မည်သည့်အတွက်ကြောင့်
ပြောင်းရွှေ့ရသည်ကို ချစ်သွေးအား ပြောကြားခြင်းမပြုဘဲ တစ်
နေ့ ညနေခင်းဝယ် သိုင်းသင်ခန်းစာများ သင်ပြပြီးချိန်၌ ချစ်သွေး
ကို အိမ်ရှေ့ခန်းမကြီးထဲတွင် အနားယူထိုင်စေလျက် နှုတ်ဆက်
စကား ရှုတ်တရက်ဆိုခဲ့ခြင်း ဖြစ်လေ၏။





"ကဲ မောင်ချစ်သွေး . . . မင်းကို မမ ကိုယ်ရန်ကာသိုင်း
ပညာရပ်နဲ့ ပတ်သက်ပြီး အတော်စုံစုံစေ့စေ့ သင်ကြားပေးပြီးဖြစ်
တယ်၊ ဒါပေမဲ့ သိုင်းပညာရပ်ဆိုတာ လေ့လာလိုက်စားလို့
ဆုံးနိုင်လောက်အောင် ကျယ်ပြန့်နက်ရှိုင်းလွန်းတယ်ကွယ့်။

ဒီတော့ မမသင်ကြားပေးထားတဲ့ ပညာရပ်တွေကို
ဆက်လက်လေ့ကျင့်ပြီး နောက်ငါးနှစ်အကြာမှာ ဟောဒီသေတ္တာ
လေးထဲမှာ ထည့်သိမ်းထားတဲ့ ရှေးဟောင်းသိုင်းကျမ်းကို ဖတ်ရှု
လေ့လာပြီး တကယ့်လျှို့ဝှက်အဆင့်မြင့်တဲ့ သိုင်းပညာရပ်တွေကို
လေ့ကျင့်လိုက်စားပေတော့၊ မမကတော့ ဒီနေ့ညလွန်မြောက်ပြီး
မနက်ဖြန်မနက်စောစောမှာ ဒီမြို့ကနေ အပြီးပြောင်းသွားတော့
မယ်ကွယ့်"

"ဗျာ . . . မမတသုန် ဒီမြို့ကပြောင်းတော့မယ် . . .
ဟုတ်လား"

"ဟုတ်တယ်ကွယ့်၊ ဘယ်ကိုပြောင်းမှာလဲ, ဘာဖြစ်လို့
ပြောင်းမှာလဲလို့တော့ မမေးနဲ့၊ အဲဒီမေးခွန်းတွေကို မမ မဖြေနိုင်
ဘူး . . .။

လွန်ခဲ့တဲ့နှစ်ရက်တပဲ မမရဲ့အစ်ကို ကိုသာကြည်ဆီက
စာရတယ်၊ သူ့စာထဲမှာပါတဲ့ ညွှန်ကြားချက်အရ ဒီအိမ်ကြီးနဲ့
ခြံကို ရှေ့နေဦးလှဘူးရဲ့လက်ထဲ လွှဲအပ်ခဲ့ရမှာဖြစ်တယ် . . .။



www.burmeseclassic.com

www.burmeseclassic.com



ဦးလှဘူးက ဒီအိမ်နဲ့ခြံကို စောင့်ရှောက်ပြီး သင့်တော်တဲ့ဈေးနဲ့ ရောင်းချပေးရမှာဖြစ်တယ်၊ အဲဒီလိုရောင်းချရာက ရလာတဲ့ငွေတွေရဲ့တစ်ဝက်ကို အသောကမုန်စေတီမှာ ဝင်ဆောင်းပြာသာဒ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းရမှာဖြစ်ပြီး ကျန်တဲ့ငွေတစ်ဝက်ကိုတော့ မြို့လယ်ဘဏ်မှာ စုထားရမှာဖြစ်တယ်"

"အဲဒီဘဏ်မှာစုထားတဲ့ ငွေတွေဟာ မောင်ချစ်သွေး မက်ထရစ်အောင်လို့ ကောလိပ်ဆက်တက်ရင် သုံးစွဲဖို့ ဦးလှဘူးက ထုတ်ပေးရမှာဖြစ်တယ်"

"ဗျာ"

ချစ်သွေးမှာ သူ့အတွက် ပညာသင်စရိတ် ဆက်လက်ထောက်ပံ့နိုင်ရန် ဝသုန်၏ စီစဉ်ထားမှုကို လွန်စွာအံ့အားသင့်သွားရလေ၏။ သူ့အပေါ် ဝသုန်ကား ကောင်းလွန်းလှချေ၏။

"ရှော့ ... ဟောဒီမှာ သိုင်းကျမ်းသေတ္တာ၊ ဒီသေတ္တာလေး ဖွင့်ဖို့သော့ကိုတော့ ရှေ့နေဦးလှဘူးဆီမှာ မမ အပ်ထားခဲ့မှာဖြစ်တယ်၊ နောက်ငါးနှစ်ပြည့်တဲ့နေ့မှာမှ ဦးလှဘူးဆီမှာ သော့သွားယူပြီး သိုင်းကွက်သေတ္တာကို မောင်ချစ်သွေးဖွင့်ရမှာဖြစ်တယ်၊ ငါးနှစ်မပြည့်မီမှာတော့ ဘယ်လိုနည်းနဲ့မှ ဒီသိုင်းကျမ်းသေတ္တာကို မဖွင့်ပါနဲ့၊ စောစောကပြောသလိုပဲ မမသင်ကြားပေးထားတဲ့ သိုင်းသင်ခန်းစာတွေကို ငါးနှစ်လုံးလုံး ကျေညက်အောင် လေ့ကျင့်ပြီးမှ အဲဒီသိုင်းကျမ်းကိုဖတ်ပြီး လျှို့ဝှက်အဆင့်မြင့်တဲ့ နည်းပညာတွေကို ဆက်လက်လေ့လာပါ မောင်ချစ်သွေး"

"ကျောင်းပညာရေးကိုလည်း ကြိုးစားပါ၊ မမမှာတဲ့အတိုင်း အတိအကျလိုက်နာပါမယ်လို့ ကတိပေးနိုင်မလား"

"ဟုတ် ... ဟုတ်ကဲ့ ... ကတိပေးပါမယ် မမရယ်"

ချစ်သွေးမှာ ဝသုန် ဤမြို့မှ ပြောင်းရွှေ့သွားမည်ဆိုသဖြင့် လွန်စွာစိတ်မကောင်းဖြစ်ကာ အားငယ်သလို ဖြစ်သွားရသော်လည်း သူ့အား သိုင်းပညာရပ်များ သင်ကြားပေးကာ ကျောင်းပညာရေးအတွက် နှစ်ရှည်လများ ထောက်ပံ့ပေးခဲ့ရုံမက အနာဂတ်ကာလအတွက်ပါ စီစဉ်ပေးခဲ့မှုကို အံ့ဩခြင်းနှင့်အတူ လွန်စွာကျေးဇူးတင်မိလေတော့၏။

ဤသို့ဖြင့် ဝသုန်ပြောင်းရွှေ့သွားပြီး သုံးလေးလခန့်အကြာဝယ် ချစ်သွေး၏ပထွေးဖြစ်သူ ကိုသံတုတ်မှာ တရှောင်ရှောင်ဖြစ်ကာ သေဆုံးခဲ့ရလေ၏။

ချစ်သွေး၏မိခင် မသွေးမွှေးမှာ လင်ဆိုးမယားဘဝမှ လွတ်မြောက်ခဲ့ပြီးနောက် မြို့လယ်ဈေးထဲ၌ ဆိုင်နေရာလေး သီးသန့်ငှားယူနိုင်လာပြီး သားအမိနှစ်ယောက်၏ စားဝတ်နေရေးအတွက် ဆက်လက်လှုပ်ရှားရုန်းကန်ခဲ့ရလေ၏။







www.burmeseclassic.com

www.burmeseclassic.com



ချစ်သွေးမှာလည်း ဝသုန်၏ စီစဉ်ပေးခဲ့မှုကြောင့် ကျော
ဇိုက်အတွက် ပူပန်စရာမလိုဘဲ မက်ထရစ်တန်းကို ဆက်တ
တာ ပညာရေးကို ကြိုးစားနိုင်ခဲ့သလို ညနေခင်းတိုင်းမှာလည်
မိမိတို့အိမ်ငယ်လေး၏ ခြေရင်းပိုင်းမြေကွက်လပ်ဝယ် သိုင်းပည
များကို လေ့ကျင့်ခြင်းပြုလျက်ရှိတော့၏။

သို့ဖြင့် မက်ထရစ်စာမေးပွဲကြီးကို ဖြေဆိုရမည့်အ
သို့ ရောက်ရှိလာပါတော့၏။

❖ ❖ ❖



ရမ္မက်ဘီလူး

ချစ်သွေးတစ်ယောက် မက်ထရစ်စာမေးပွဲကြီး၏ နောက်ဆုံးဘာသာဖြေဆိုလျက် ရှိသောနေ့တွင် မသွေးမှုံမှာ ဈေးသိမ်းပြီး သူမတို့၏အိမ်လေးသို့ ပြန်လည်ရောက်ရှိလာသည့်အခါ ရေမိုးချိုးကာ အီဝိခန်းထဲဝယ် သနပ်ခါးကို စိမ်ပြေနပြေ သွေးနေလိုက်တော့သည်။

သူမသည် လင်ဆိုးမယားဘဝမှ လွတ်မြောက်ခဲ့ပြီး အရောင်းအဝယ်လည်းကောင်းကာ စီးပွားရေးအဆင်ပြေလာသ



www.burmeseclassic.com

www.burmeseclassic.com



ခြင်း စိတ်ချမ်းသာလျက် စားဝင်အိပ်ပျော်ဖြစ်ကာ လူက စို
ပြည်ပြည်ဖြစ်လာခဲ့သည်။

နဂိုကပင် အသားလတ်သူမို့ စိုစိုပြည်ပြည် ပြည့်ပြည့်
ဖြိုးဖြိုး ဖြစ်လာသည်တွင် အသားလေးကဝင်းပြီး တသွေး
ထမွေးဖြင့် အရွယ်နှင့်မလိုက်အောင် လှပလာသည်။

အသက်ကလည်း သုံးဆယ့်ငါးနှစ်ကျော်ခန့်သာ ရှိသေး
သဖြင့် ခန္ဓာကိုယ် ကျစ်လျစ်တောင့်တင်း ထွားကျိုင်းလာသော
ချစ်သွေးနှင့် မောင်နှမအလား ထင်မှတ်များရချေ၏။

မသွေးမွှံမှာ ထဘီကိုရင်လျားလျက်မှ သီချင်းလေးတ
အေးအေးဖြင့် ရှင်မတောင်သနပ်ခါးတုံးကို စိမ်ပြေနပြေသွေး
လျက်ရှိစဉ် အိမ်ရှေ့ဖိနပ်ချွတ်မှ တစ်စုံတစ်ဦးတက်လာသည်
ခြေသံကို ခပ်သဲ့သဲ့ကြားလိုက်ရလေ၏။

"ဟော ... သားတောင် စာမေးပွဲဖြေပြီးလို့ ပြန်လာပြီ
ထင်ပါရဲ့"

ခြေသံရှင်က သူမ၏အိပ်ခန်းဝအနီး ရောက်လာသည်
တိုင် မသွေးမွှံမှာ သနပ်ခါးအသွေးမပျက်ချေ။

သို့သော် သနပ်ခါးသွေးနေရင်းမှ နှာခေါင်းထဲဝယ် ချဉ်
စူးစူးအရက်နံ့ကိုရလိုက်ရာ လန့်ဖျပ်သတိဝင်သွားပြီး ချာခနဲ
လှည့်ကြည့်မိုက်မိလေ၏။ လား လား ... သူမ၏အိပ်ခန်းဝဝယ်





ခါးဝပေါင်နှစ်ဖက်ကို လက်နှစ်ဖက်ကားကာထောက်လျက်
ဖြီးဖြီးဖြီးမျက်နှာကြီးဖြင့် သူမကိုမိုးကာ စိုက်ကြည့်နေသော
လားဟာကင်ကို တွေ့လိုက်ရတော့၏။ မသွေးမွှံမှာ လန့်ဖျပ်
ဖြီး ကပျာကယာ လူးလဲထရပ်လိုက်သည်။

"ဟင် ... ရှင် ... ရှင် ... ကိုဟာကင်"

"ဟဲ .. ဟဲ .. မလန့်ပါနဲ့ မမွှံရဲ့၊ အေ့ ... ဒီ ... ဒီမှာ
မွှံ့အတွက် ဟဲ .. ဟဲ .. ဟဲ"

ဟာကင်က ရယ်ကျဲကျဲဖြင့် ငွေစက္ကူတစ်ထပ်ကို မသွေး
မွှံ့အားလှမ်းပေးရာ မသွေးမွှံမှာ နားမလည်နိုင်အောင်ဖြစ်ပြီး
ဘာများသလဲ မေးလိုက်လေ၏။

"အို ... ဒီ ... ဒီပိုက်ဆံတွေက ဘာလုပ်ဖို့လဲ"

"ဖဲ .. ဟဲ .. မမွှံ ငွေကြေးအခက်အခဲရှိတယ်
ဆိုတာလား၊ ဒါကြောင့် ကိုဟာကင်က လာပြီးထောက်ပံ့တာလေ။
သေသွားတဲ့သံတုတ်ဟာ ကိုဟာကင်ရဲ့တပည့်မို့ တပည့်ရဲ့
ကျန်ရစ်ခဲ့တဲ့ဇနီးကို ထောက်ပံ့ကူညီတဲ့သဘောပါ ... ရော့
... ယူလေ"

"အို ... မယူပါဘူး၊ ကျွန်မမှာ ဘာငွေကြေးအခက်
အခဲမှ မရှိဘူး၊ ရှိရင်လည်း ရှင့်ဆီက မယူဘူး၊ ရှင် ... ဒီလို
အိမ်ပေါ်ကို အသံမပေးဘဲတက်လာတာတော့ မကောင်းဘူး၊



www.burmeseclassic.com

သွား ... အခုထွက်သွားပါ"

မသွေးမှုံမှာ ဟာကင့်ကို လူမိုက်ကြီးတစ်ဦးမို့ ကြောက်သော်လည်း သားဖြစ်သူပြန်လာပါက ဟာကင့်ကို အိမ်ခန်းထဲတွင် တွေ့သွားလျှင် သူမအပေါ် အထင်လွဲစရာဖြစ်ရော့မည်မို့ အသည်းအသန် မောင်းထုတ်နေလေ၏။

သို့သော် အရက်အတော်မူးနေသည့် ဟာကင်မှာ နောက်ဆုတ်မည့်ပုံမပေါ်ဘဲ စပ်ဖြီးဖြီးမျက်နှာကြီးဖြင့်သာ အိပ်ခန်းထဲသို့ လှမ်းဝင်လာတော့၏။

"မမှုံ ... နင် သံတုတ်နဲ့တုန်းကတော့ သံတုတ်ရဲ့ ငွေကြေးကူညီမှုကိုယူပြီး လက်ထပ်ပေါင်းသင်းခဲ့တယ် မဟုတ်လား။ အေ့ ... ဟဲဟဲ ... ငါလည်း သံတုတ်လို နင့်ကို ငွေကြေးကူညီထောက်ပံ့နိုင်ပါတယ်၊ သံတုတ်ထက်တောင် ပိုပြီးထောက်ပံ့ပေးနိုင်ဦးမှာပါ ... ဟဲဟဲဟဲ"

"ကိုဟာကင် ရှင် ဘာစကားပြောတာလဲ၊ ကျွန်မဟာ ငွေမက်တဲ့မိန်းမမဟုတ်ဘူး သိလား။ ကိုသံတုတ်နဲ့တုန်းက အခြေအနေအရပ်ရပ်ကြောင့် ယူမိတာ၊ သွားပါရှင် ရှင် အခုထွက်သွားပါ၊ ကျွန်မမှာ ဘာငွေကြေးအကူအညီမှ မလိုဘူး။ လိုရင်လည်း ရှင့်လိုလူဆီက ဘယ်တော့မှ အကူအညီမယူဘူး သွား ရှင်ထွက်သွား"





မသွေးမှုံက ခါးခါးသီးသီး မောင်းထုတ်နေသဖြင့် ဟာကင်မှာ ကျွဲမြီးတိုသွားပြီး မျက်နှာကြီး ရဲတက်လာကာ ...

"မသွားဘူးဟာ ... နင် ဘာလုပ်ချင်သလဲ၊ ဟာကင့်ကို အာခံဖို့မစဉ်းစားနဲ့နော် ... ဒီမြို့ရွာမှာ ဟာကင်က ဒါဆို ဒါပဲဖြစ်ရမယ်၊ ဒီနေ့ ဒီနေရာမှာ နင့်ကိုငါ သိမ်းပိုက်မယ်၊ နင် သဘောတူတူ၊ မတူတူ နင်ဟာ ငါ့မယား ဒီနေ့ပဲ ဖြစ်ကိုဖြစ်ရမယ်မှတ်"

ဟာကင်က ပြောပြောဆိုဆိုဖြင့် မသွေးမှုံ၏ လှပပြည့်တင်းသည့် ခန္ဓာကိုယ်လေးကို လက်ကြီးနှစ်ဖက်ဖြင့် သိမ်းကြုံးဖက်လိုက်တော့၏။

"အို ... လွှတ် ... လွှတ် ... ကုလားစုတ် ... လူယုတ်မာ ... တိရစ္ဆာန်ကောင် ... ငါ့ကိုလွှတ်စမ်း"

မသွေးမှုံကား ထိတ်လန့်တုန်လှုပ် ဒေါသဖြစ်စွာ အတင်းရုန်းကန်ရင်း ဟာကင်၏ရင်ဘတ်ကြီးကို လက်နှစ်ဖက်ဖြင့် အားကုန်တွန်းထားလေ၏။ သူမကိုနမ်းရန် အမွှကြိုးစားနေသည့် ဟာကင်၏မျက်နှာမှ လွတ်ကင်းရာသို့ သူမ၏မျက်နှာလေးကို ရှောင်ရှားရင်း ဝမ်းနည်းအားငယ်လွန်းသဖြင့် မျက်ရည်တို့က ပါးပြင်ထက်သို့ ပိုးပိုးပေါက်ပေါက် ကျလာတော့၏။

"လွှတ် ... လွှတ် ... မယုတ်မာနဲ့ ငါ့ကိုလွှတ်"

"မလွှတ်ဘူး မလွှတ်ဘူး နင့်ကို ငါသဘောကျလို့ ခုလို



www.burmeseclassic.com

www.burmeseclassic.com



အနှင့်တောင်းတို့ ချောင်းနေတာကြာပြီ ..ဟဲ ..ဟဲ ..ဟဲ”

ဟာကင်ကား အိုလူဆိုးသေရဲ့ဖြစ်ကာ မသွေးမှုကို ကြမ်းပြင်ထက်သို့ အတင်းတွန်းလှဲရန် ကြိုးစားစဉ် ...

“ဟေ့လူကြီး ...ဒါ ဘာလုပ်တာလဲ”

ဟူသော မိုးခြိမ်းသံလို စူးစူးဝါးဝါးအော်ဟစ်သံနှင့်အတူ အခန်းထဲသို့ ရုတ်တရက်ခုန်ဝင်လာသူက ချစ်သွေးပဲဖြစ်ပါ၏။

ချစ်သွေးမှာ စာမေးပွဲဖြေပြီး၍ ကျောင်းမှပြန်လာချိန်ဝယ် အိမ်ပေါ်သို့တက်လိုက်ကတည်းက ယောက်ျားဖိနပ်ကြီးတစ်ရံကို တွေ့ရရာ ဘဝင်မကျသလိုဖြစ်ပြီး မျက်မှောင်ကြုတ်လိုက်မိခဲ့၏။

ထိုမှတစ်ဖန် မိခင်ဖြစ်သူ၏ အိပ်ခန်းထဲမှ တွန်းထိုးရုန်းကန်သံ၊ မိခင်၏ ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ်သံ၊ ယောက်ျားကြီးတစ်ဦး၏ ရယ်မောသံတို့ကို ကြားရရာ ရင်ထဲဝယ် ဒေါသမီးလျှံ ဝုန်းခနဲပေါက်ကွဲတောက်လောင်သွားပြီး လွယ်အိတ်ကိုပစ်ချလျက် မိခင်၏အိပ်ခန်းထဲ ပြေးဝင်ခဲ့ခြင်းဖြစ်လေ၏။

“ခွေးတိရစ္ဆာန် ...ကဲကွာ”

‘ဖောင်း’

‘ဖောင်း’

ချစ်သွေးက ဟာကင်၏ပခုံးကိုဆွဲလှည့်ပြီး ဘယ်ညာလက်သီးတွဲများဖြင့် ကျွဲခတ်သလို အဆက်မပြတ် ထိုးချလိုက်ရာ





ဟာကင်မှာ အလစ်အငိုက်မို့ တချပ်ချပ်ဖြင့် မျက်နှာတစ်ခုလုံး ထူပူအောင်ခံစားလိုက်ရပြီး အလန့်တကြားဖြင့် အိပ်ခန်းထဲမှ ထွက်ပြေးတော့၏။

ချစ်သွေးလည်း မိမိ၏မိခင်ကို အိမ်ပေါ်ကျူးကျော်တက် လာက်စော်ကားသူအား မကျေချမ်းနိုင်ဘဲ နောက်မှ ထက်ကြပ် ပြေးလိုက်သွားတော့၏။

ဟာကင်ကား ဝါရင့်လူမိုက်ခေါင်းဆောင်ပီပီ အိမ်ရှေ့ခန်း ရောက်ကာ အိမ်ရှေ့ကပြင်မှ ခုန်ချလိုက်ပြီးသည်နှင့် ခါးကြား ဝှက်ယူလာသည့် လက်စွဲတော်ဓားမြှောင်အား ဖျတ်ခနဲ ထုတ်လိုက်ကာ သူ့နောက်သို့ အရိပ်လိုလိုက်လာသည့် ချစ်သွေးကို နောက်ပြန်တွက်ထည့်လိုက်တော့၏။

သို့သော် ချစ်သွေးက ဟာကင်၏ဓားကိုင်လက်ကို လက် ဖြင့်ရုတ်ချလိုက်ကာ ဟာကင်၏သခေါက်ခွက်ကို ခြေဖနောင့် ဖက်ဖြင့် ဆောင့်နင်းချလိုက်ရာ ဟာကင်မှာ ခြေတစ်ရံဖက် ချော်ကျသွားပြီး ရှေ့သို့ ဝမ်းလျားမှောက် ပစ်ကျသွားတော့၏။

သို့တိုင် ဟာကင်မှာ ဝါရင့် အသတ်အပုတ်ကျွမ်းကျင် သော လူမိုက်အခေါင်ချုပ်ပီပီ သူ၏လက်ထဲမှ လက်စွဲတော်ဓား ကိုင်မှာမူ လက်မှလွတ်ကျခြင်းမရှိသေးဘဲ ဓားမြှောင်ကို မောင်း ထိုင်နည်းဖြင့်ကိုင်ကာ လဲကျနေရာမှ လူးလဲထပြီး ချစ်သွေး



www.burmeseclassic.com

www.burmeseclassic.com



ကို ရှင်ဆိုင်လေ၏။

ချစ်သွေးကား လက်နက်မဲ့ပင်ဖြစ်သော်လည်း ရှုံခြင်းလုံး၀မရှိဘဲ ဘယ်ခြေတစ်လှမ်းရှေ့တိုးကာ ခုန်ဝင်မလို ဟန်ရေးပြလိုက်လေ၏။

ဟာကင်လည်း ချစ်သွေး ဒေါသတကြီးဖြင့် ကမူးရှူးထိုးဝင်လာမည်ဟု ယူဆသောကြောင့် ဓားမြှောင်ဖြင့်ဝိုက်ကာ ပင့်ထိုးထည့်လိုက်၏။

'ဝိုး'

ချစ်သွေးကား ခုန်မဝင်သည့်အပြင် ကိုယ်ကို နောက်သို့ဖျတ်ခနဲယို့လိုက်ပြီး ညာခြေဖြင့် ဓားကိုင်လက်ကို ဝိုက်ခတ်ထည့်လိုက်၏။

'ဖြောင်း'

'အ ...'

သည်တစ်ခါတော့ လက်ကျဉ်ခနဲဖြစ်သွားပြီး ဟာကင်မှာ လက်ထဲမှ ဓားလွတ်ကျသွားသလို ဟန်ချက်လည်း ပျက်သွားတော့၏။

ဤတွင် ချစ်သွေးက ရှေ့သို့ တရစပ်ခုန်ဝင်ကာ ပင့်ဒူးဖြင့် ဟာကင်၏ဆီးစပ်ကို တိုက်ချလိုက်သည်။

"ဖောင်း"





"အား .. လား .. လား"

ဟာကင်မှာ ဆီးအိမ်ကွဲသွားသည်လားထင်ရအောင် စူးနဲ့နာကျင်သွားလျက် လက်နှစ်ဖက်က ဆီးစပ်ကိုဖိကာ ရှေ့သို့ကိုယ်ကြီးကိုင်းကျလာစဉ် ချစ်သွေး၏ပင့်လက်သီးက မုတ်ဆိတ်မြိုင်မွေးများ ထူပျစ်နေသော ဟာကင်၏မေးရိုးကို ဒါရိုက်ဟာစ်ခနဲထိတော့သည်တွင် ဟာကင်မှာ မဟန်နိုင်တော့ဘဲ ဒူးညွတ်ကျသွားတော့၏။

"ချွေးသားကြီး ...သေပြီမှတ်"

ချစ်သွေးက မြေပြင်ပေါ်သို့ ဆန့်ဆန့်ကြီးလဲကျသွားသည့် ဟာကင်၏ကိုယ်ပေါ်မှ ခွစီးကာ ဘယ်ဝိုက်ညာဝိုက်လက်သီးများဖြင့် ပယ်ပယ်နယ်နယ်ထိုးရာ တခွပ်ခွပ်မြည်သံများနှင့်အတူ ဟာကင်၏မျက်နှာမှာ သွေးသံရဲရဲဖြစ်သွားတော့၏။

"သား တော်တော့ တော်တော့၊ ဓော်ကြာ ဒီကုလား သေသွားလို့ ငါ့သားအပေါ် အမှုပတ်နေဦးမယ် တော်တော့ ကွား"

ဟူသည့် မိခင်၏တားမြစ်သံကိုသာ မကြားရပါက ချစ်သွေးမှာ ဟာကင့်ကို အသေထိုးမိမည်လား မပြောတတ်ပေ။

"တောက် ... နောက်တစ်ခါဆို ဒီထက်နာမယ်မှတ်"

မိခင်ဖြစ်သူ ဆွဲထားသည့်ကြားမှ ချစ်သွေးမှာ ဟာကင့်



www.burmeseclassic.com

www.burmeseclassic.com



အား ထပ်မံပြောဆိုးရန်ပြင်လိုက်ရာ ဟာကင်မှာ လဲကျနေရာမှ လူးလဲထပြီး အိမ်ခြံဝိုင်းထဲမှ ဒရောသောပါး ထွက်သွားတော့၏။

ခြံဝိုင်းရှေ့ရောက်မှ ဟာကင်သည် ကောက်ကျစ်အငြိုး ထားသည့် မျက်လုံးရဲရဲကြီးများဖြင့် လှည့်ကြည့်လိုက်ကာ ...

"ချစ်သွေးရာ ... မင်း တစ်နေ့ ငါ့အကြောင်းသိရသေး တာပေါ့"

ဟု နာကြည်းစွာ ကြုံးဝါးလိုက်ပါတော့သတည်း။

❖ ❖ ❖





# မာယာထောင်ချောက်

ဟာကင်ကား သူ ယခုတလော လွန်စွာသဘောကျ ...ပ်မက်နေမိသော မသွေးမုံရှေ့ဝယ် အရှက်ကွဲကာ သွားနှစ် ...ချောင်း ကျွတ်သည်အထိ အထိနာခဲ့ရသောကြောင့် ချစ်သွေး ...ပေါ် အငြိုးကြီးစွာထားသွားတော့၏။

သူ့လို လူမိုက်အဓိပတိကို ဘာမဟုတ်သည့် ငချွတ် ...သားဖြစ်သော ချစ်သွေးက ယခုလို ပယ်ပယ်နယ်နယ် အနိုင် ...လိုက်မှုကြောင့် ဟာကင့်အတွက် လူမိုက်သိက္ခာကျကာ မဟာ

---

နု နှစ် စဉ် ကြယ် ၆ာ ၆ပ

www.burmeseclassic.com

www.burmeseclassic.com



အရှက်တော်ကွဲခဲ့ရလေ၏။

သို့ကြောင့် ချစ်သွေးပေးခဲ့သည့် ဒဏ်ရာဒဏ်ချက်တို့ ရက်သတ္တတစ်ပတ်ခန့် အိမ်တွင်းအောင်းကာ ကုသနေရင်း ချစ်သွေးအား ကောင်းကောင်းကြီး လက်စားပြန်ချေနိုင်ရန် ဉာဏ် နီဉာဏ်နက်မျိုးစုံ ထုတ်လျက်ရှိတော့သည်။

"ဟုတ်ပြီ ချစ်သွေးဆိုတဲ့ကောင်ကိုလည်း ဖယ်ရှား သူ့အမေသွေးမှုံကိုလည်း သိမ်းပိုက်နိုင်အောင် တစ်ချက်ခုတ် နှစ်ချက်ပြတ်လုပ်ရမယ်၊ ဟင်း ဟင်း တွေ့ကြသေးတာပေါ့ ချ သွေးရာ"

ဟာကင်သည် ကောက်ကျစ်ဉာဏ်များသူပီပီ ချစ်သွေ ၏ ပျက်စီးရာပျက်စီးကြောင်းကို မဟာဗျူဟာချမှတ်ဆောင်ရွ တော့၏။

ဦးစွာ သူ့တပည့် လူမိုက်ကောက်ကြီး၏မိန်းမ လှသွယ် ကို ပိုက်ဆံလုံလောက်စွာပေးပြီး နေ့စဉ်နံနက်တိုင်း ဈေးသို့သွား စေလျက် မသွေးမှုံ၏ကုန်စိမ်းဆိုင်မှ ဟင်းသီးဟင်းရွက် တစ် မဟုတ်တစ်ခု ဝယ်စေ၏။

ယင်းသို့ မသွေးမှုံ၏ဆိုင်မှ နေ့စဉ်ဝယ်ယူအားပေးရင်း မသွေးမှုံနှင့် ရင်းနှီးမှုရစေရန် စကားမရှိ စကားရှာပြီးပြောစေ

မသွေးမှုံက လှသွယ်ကို လူမိုက်ကောက်ကြီး၏ မယာ





မှန်း မသိချေ။ သို့ကြောင့် သူမ၏ဆိုင်ဝယ် နေ့စဉ်ဈေးလာဝယ်ပြီး ရောက်တတ်ရာရာ စကားပြောဆိုတတ်သော နှုတ်သွက်လျှာသွက်လှသွယ်အား စကားလက်ခံပြောရင်းမှ တစ်နေ့တခြား ရင်းနှီးလာတော့၏။

လှသွယ်ကား အသားမည်းမည်း ရုပ်ဆိုးဆိုးလေးဖြစ်သော်လည်း နှုတ်သွက်လျှာသွက်ကာ ပါးနပ်ပြီး တစ်ဖက်သားကျေလောက်အောင် စကားချိုချိုလေးများ ပြောတတ်သူဖြစ်ရာ ဤရွှေမြင်သာမြို့လေးမှ သတင်းပလင်းမျိုးစုံကို တစ်နေ့တစ်မျိုး မရိုးနိုင်အောင် မသွေးမှုံကိုပြောပြရင်း မသွေးမှုံ သဘောကောင်းကြောင်း၊ အရွယ်တင်ကာ ချောမောလှပကြောင်း၊ ဝတ်တတ်စားတတ်ကြောင်း၊ သားဖြစ်သူ မောင်ချစ်သွေးမှာလည်း လွန်စွာလိမ္မာသော လူငယ်လေးဖြစ်ကြောင်း၊ အခြားကာလသားများကဲ့သို့ ဆန်ကုန်မြေလေး ဝေလေလေထဲမှမဟုတ်ကြောင်းတို့ကို တစ်ခွန်းစ နှစ်ခွန်းစ ထည့်သွင်းလျက် မသိမသာ အပင့်အမြှောက်ကလေးများဖြင့် ပြောဆိုလေ့ရှိရာ မသွေးမှုံမှာ သဘောအကျကြီးကျလျက် လှသွယ်နှင့် တစ်စတစ်စ ပိုမိုရင်းနှီးခင်မင်လာတော့၏။

သို့ဖြင့် တစ်နေ့သောမိုးနေ့ဝယ် ကမ်းနားသို့ဆင်းကာ ကုန်သွားတိုက်ရင်းမှ မိုးမိကာ မသွေးမှုံတစ်ယောက် ထိုင်ကွေး



www.burmeseclassic.com

www.burmeseclassic.com



ဖျားဖျားတော့ရာ ဟာကင်မျှော်လင့်ထားသည့်အကွက်သို့ ဝင်လာ
တော့၏။

လှသွယ်သည် မသွေးမှုံ၏အိမ်သို့ လိုက်သွားကာ တုပ်
ကွေးအဖျားကြောင့် ဈေးမထွက်နိုင်သည့် မသွေးမှုံအား သတင်း
မေးရင်း ရေချိုးကျွေးပေးခြင်း၊ ဆေးတိုက်ခြင်းတို့ကို စေတနာ
ပရပ္ပရိဟန်ဆောင်ကာ ပြုစုလုပ်ကိုင်ပေးလေ၏။

မသွေးမှုံမှာလည်း လှသွယ်အား ညီမအရင်းနှယ် ခင်မင်
နေပြီဖြစ်ရာ လှသွယ် လာရောက်ပြုစုလုပ်ကိုင်ပေးမှုကို အကျေ
နပ်ကြီး ကျေနပ်ကာ ကျေးဇူးများစွာတင်လျက် ရှိတော့၏။

"ညီမလှသွယ်ရယ် အစ်မနေမကောင်းဖြစ်နေတုန်း ခုလို
လာပြီးပြုစုလုပ်ကိုင်ပေးတာကို အားနာလှပါရဲ့ကွယ်"

ဟု မသွေးမှုံက အားနာစကားဆိုလေလျှင် လှသွယ်က
ဆန်ပြုတ်အိုးတည်ပေးရင်း သွားကျဲလေးများပေါ်အောင်ပြုံးကာ

"အစ်မမှုံရယ် အားနာစရာမလိုပါဘူး၊ အစ်မမှုံမှာလည်း
သားတစ်ယောက်ကလွဲလို့ ကိုယ်ခွဲမရှိဘူးမဟုတ်လား၊ မောင်ချစ်
သွေးကလည်း ကားဝပ်ရှော့မှာ နေ့တိုင်းအလုပ်ဆင်းနေတော့
အစ်မကို ကိုယ်ဖိရင်ဖိ ဘယ်ပြုစုနိုင်ပါ့မလဲရှင်၊ ဒါကြောင့် လှ
သွယ် လာကူလုပ်ပေးတာပါ၊ အဖျားကလည်း ဒီတစ်ရက်နှစ်ရက်
ဆို ပျောက်သွားမှာပါ၊ လှသွယ်ကို ဘာမှအားမနာပါနဲ့"





ဟု ပြုံးပြုံးလေး ပြန်ပြောရင်းမှ ...

"ကဲ ...ကဲ ...လှသွယ်မပြန်ခင် အစ်မရဲ့အဝတ်
အစားတွေ လျှော်ပေးခဲ့ရဦးမယ်၊ မနေ့က ချွေးအောင်းတုန်းက
နေတဲ့ ချွေးစိုအဝတ်တွေ လျှော်ပြီးလှန်းပေးခဲ့မယ်၊ မောင်ချစ်
သွေးရဲ့ အဝတ်အစားတွေပါ တစ်လက်စတည်း ပေး"

ဟု ပြောပြောဆိုဆိုဖြင့် မသွေးမှုံ၏အိပ်ခန်းထဲရော ချစ်
သွေး အိပ်ခန်းထဲပါ ဆိုးဆိုးဆတ်ဆတ် ဝင်ရောက်ကာ အဝတ်
ဟောင်းများကို လျှော်ဖွပ်ပေးဖို့ ယူလေ၏။ မသွေးမှုံက လွန်စွာ
အားနာပြီး ...

"ညီမရယ် အဝတ်တွေထားလိုက်ပါ၊ မလျှော်ပေးပါနဲ့၊
အားနာစရာကွယ်၊ သားလာမှ လျှော်နိုင်းလိုက်ပါ့မယ်"

ဟု တားမြစ်သော်လည်း မရချေ။

လှသွယ်ကား အကြံနှင့် လောကွတ်ပြုခြင်းသာဖြစ်ပြီး
ချစ်သွေး၏အခန်းထဲဝင်ကာ အဝတ်ဟောင်းသွားယူစဉ် ဟာကင်
ပေးလိုက်သည့် ဘိန်းမည်းအထုပ်ကို ချစ်သွေး၏အဝတ်သေတ္တာ
အောက်ခံ၍ ထိုးညှပ်ထားခဲ့လိုက်လေ၏။

ယင်းသို့ ဟာကင်ညွှန်ကြားထားသည့်အတိုင်း အတိအ
ကျ အောင်မြင်စွာ ပြုလုပ်ပြီးနောက် အဝတ်အထည်တို့ကို ရော်
ရေရှိ လျှော်ဖွပ်လုပ်ကာ မသွေးမှုံကို နှုတ်ဆက်ပြန်ခဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



ဖော်။ လှသွယ်မှာ အိမ်သို့တန်းမပြန်ဘဲ ဟာကင်၏အိမ်သို့ ဦးစွာဝင်လေ၏။

"ဟဲ့ လှသွယ် ...ဘယ်လိုလဲ"

"အစ်ကိုဟာကင်ပေးထားတဲ့ ပစ္စည်းကို ဈေးခြင်းတောင်းထဲ ထည့်ယူသွားပြီး မသွေးမွှံအလစ်မှာ သူ့သားချစ်သွေးရဲ့ အဝတ်သေတ္တာအစိမ်းရောင်ထဲ ထည့်ခဲ့ပြီ ...အစ်ကိုဟာကင်"

"ဟုတ်လား ...သေချာတယ်နော်"

"သေချာပါတယ် အစ်ကိုဟာကင်ရဲ့"

"ချစ်သွေးက ဝပ်ရှော့မှာ အလုပ်ဆင်းနေတယ်ဆို၊ အဲ့ဒီအကောင် ဘယ်အချိန် ထမင်းစားပြန်မှာလဲ"

"နောက်တစ်နာရီလောက်ဆို ထမင်းစားပြန်ရောက်လိမ့်မယ် အစ်ကိုဟာကင်"

"ကောင်းပြီ ...အဲဒီခွေးကောင်လေး အိမ်ပြန်လာချိန်နဲ့တိုက်ပြီး ယစ်မျိုးအရာရှိနဲ့ ဌာနာအုပ်တို့ကို သတင်းပေးလွှတ်လိုက်မယ်၊ ဟင်း ..ဟင်း ..ဟင်း ..ရွှေကြသေးတာပေါ့ချစ်သွေးရာ၊ ထောင်ထဲဝင်ဖို့သာပြင်ပေတော့၊ သင်း ထောင်ထဲဝင်မှ သင်းရဲ့အမေကို သိမ်းပိုက်ရမယ် ..ဟဲ ..ဟဲ ..ဟဲ"

ဟာကင်ကား သူ့အတွေးနှင့်သူ သဘောအကျကြီးကျ





သွက်ရှိပြီး သူစေခိုင်းသောအမှုတော်ကို အောင်မြင်စွာ ထမ်းဆောင်ခဲ့သည့် လှသွယ်အား ရက်ရောလှစွာ ငွေငါးဆယ်ကျပ်ပေးလိုက်ရာ လှသွယ်လည်း ဝမ်းသာလုံးဆို့ပြီး၊ ကျေနပ်သွားတော့၏။

"ဟဲ့ ...လှသွယ် အဲဒီကိစ္စကို ငါစီစဉ်ခိုင်းစေတာလို့ ဘယ်သူ့မှ မပြောနဲ့နော်၊ နှုတ်မဖွာနဲ့ အာမချောင်နဲ့"

"စိတ်ချပါ အစ်ကိုဟာကင်ရဲ့"

"ကဲ ...ကဲ ...နင်လည်းပြန်တော့၊ ငါလည်း ဌာနာအုပ်ဆီ သတင်းသွားပို့လိုက်ဦးမယ်"

ဟုပြောကာ ကုလားဟာကင်က ပက်လက်ကုလားထိုင်မှ ထလေသည်။ လှသွယ်လည်း ငွေငါးဆယ်ကျပ်ကို လက်ဝယ်ဆုပ်ကျစ်ပါအောင်ဆုပ်ကိုင်ကာ ဈေးခြင်းတောင်းကို အခြားလက်တစ်ဖက်ဖြင့်ဆွဲလျက် ဟာကင်၏အိမ်ပေါ်မှ ခပ်သွက်သွက်ဆင်းသွားတော့၏။

ဟာကင်လည်း ကုတ်အင်္ကျီကိုကောက်စွပ်ကာ သူ့အိမ်မှထွက်ခဲ့ပြီး ဌာနာအုပ်ဦးကိုကိုကြီးရှိရာ ရဲဌာနာသို့ ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခွာသွားပါတော့သတည်း။

❖



www.burmeseclassic.com

www.burmeseclassic.com



ချစ်သွေးမှာ မက်ထရစ်စာမေးပွဲဖြေပြီး၍ အောင်စာရင် ထုတ်ပြန်မှုကို စောင့်ဆိုင်းနေချိန်ဝယ် အဝေးပြေးကားဂိတ်အနီ ကားဝပ်ရှော့တစ်ခု၌ အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်လျှ ရှိရာ နေ့လယ်ဆယ့်တစ်နာရီခွဲ၌ အိမ်သို့ထမင်းစားပြန်လေ့ရှိ ၏။

ယနေ့လည်း ဆယ့်တစ်နာရီခွဲလုသဖြင့် ဓာတ်ဆီမှ ပေကျံနေသည့် လက်နှစ်ဖက်ကိုဆေးကြောကာ အိမ်သို့ ထမ စားပြန်ရန်ပြင်နေစဉ် သူ၏ဆရာ မဏ္ဍင်းနစ်ကိုအောင်ပွ ဝပ်ရှော့ထဲဝင်လာပြီး ...

"ချစ်သွေးရေ ... ရွှေမြင်သာနဲ့ အုတ်တွင်းအကြား သရက်နှစ်ပင်ရွာနားမှာ ကုန်ကားတစ်စီးပျက်နေလို့ သွားပြ မယ်ကွ ... မင်းပါလိုက်ခဲ့၊ သရက်နှစ်ပင်ကျမှ ထမင်းစာ တာပေါ့"

ဟု ခေါ်ငင်သဖြင့် ချစ်သွေးမှာ ဆရာသမားနှင့်အ လိုက်ပါသွားရတော့၏။

ယင်းအချိန်တွင် ဟာကင်၏သတင်းပေးမှုကြောင့် ဌာန





ပ်မင်း ဦးကိုကိုကြီးသည် ယစ်မျိုးအရာရှိ ဦးဘဘွားနှင့်အတူ ချစ်သွေးတို့အိမ်သို့ ရောက်ရှိလာကာ ပုလိပ်တပ်ဖွဲ့က အိမ်ကို ိုင်းလိုက်လေ၏။

"ဟော့ ... ချစ်သွေး ... ချစ်သွေး"

အိမ်ရှေ့မှ ကျယ်လောင်သောခေါ်သံကြောင့် မသွေးမှုံမှာ အိမ်ရှေ့ခန်းဝယ် ဖျာလေးတစ်ချပ်ခင်းကာ လှဲနေရာမှ စောင်ခြုံ ကို ကပျာကယာလှပ်ပြီး ကုန်းရုန်းထလိုက်လျက် အိမ်ရှေ့သို့ ကြည့်လိုက်ရာ ပုလိပ်အရာရှိနှင့် ပုလိပ်တပ်သားများကို တွေ့ သဖြင့် မျက်လုံးပြူးသွားရတော့၏။

"ဟော့ ... ချစ်သွေးမရှိဘူးလား"

"သားလေး ဝပ်ရှော့က ပြန်မလာသေးပါဘူးရှင့်၊ ဘာ ... ဘာကိစ္စများရှိလို့ပါလဲ"

"ခင်ဗျားက ... ဘယ်သူလဲ"

"ကျွန်မက ချစ်သွေးရဲ့အမေ သွေးမှုံပါရှင်"

ဌာနာအုပ်မင်း ဦးကိုကိုကြီးက မသွေးမှုံကိုစိုက်ကြည့် ိုက်ပြီး ...

"ဒီမှာမသွေးမှုံ ... ခင်ဗျားရဲ့သားချစ်သွေးဟာ ဘိန်း ောင်းနေတယ်လို့ ကျုပ်တို့သတင်းရလို့ ဒီက ယစ်မျိုးအရာရှိနဲ့ တူလာခဲ့တယ်၊ ခင်ဗျားတို့အိမ်ကို ရှာရမယ်၊ ဒီမှာ ရှာဖွေရမ်း



www.burmeseclassic.com

www.burmeseclassic.com



အညီး ပါတယ်''

ဟုပြောကာ ဝရမ်းကိုပြလိုက်၏။ မသွေးမှုံမှာ အံ့အား ကြီးသင့်ကာ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး ...

''အို မ ... မဟုတ်တာရှင်၊ ကျွန်မရဲ့သားဟာ လူအေ လူကောင်းလေးပါ၊ အရပ်ကသိပါတယ်၊ ဘယ်တုန်းကမှ ဘိန်းတ အရက်တို့နဲ့ မပတ်သက်ခဲ့ဖူးတဲ့သူပါရှင်''

ဟု တောဒကတက်သော်လည်း ဦးကိုကိုကြီးက ခေါ်င ယမ်းလိုက်သည်။

''မသွေးမှုံ ကျုပ် ပုလိပ်လုပ်လာတာ နှစ်ပေါင်းအစိတ် လောက်ရှိပြီ၊ ဘယ်သူ့စိုးမှ ခိုးတယ်လို့မပြောဘူး၊ ဒီတော့ သတင် အရ ခင်ဗျားရဲ့အိမ်ကို ရှာရမှာပဲ''

ဟု ပြောလိုက်ပြီးနောက် သူ့တပည့်တို့ကို အမိန့်ပေးလိုက် တော့၏။

''ကဲ ... စံညွန့်တို့ ဖိုးကူးတို့ ... တစ်အိမ်လုံးက ပိုက်စိပ်တိုက်ပြီး ရှာကြ''

ပုလိပ်သားတို့လည်း မသွေးမှုံ၏အိမ်ကို ပိုက်စိပ်တိုက် မွှေနှောက်ရှာဖွေတော့၏။

''ဟော ဆရာ ဒီသေတ္တာထဲမှာ ဘိန်းမည်းထုပ်တွေပြီ

သားဖြစ်သူချစ်သွေး၏ ထင်းရှူးသေတ္တာထဲမှ ထွက်လာ





သည့် ဘိန်းထုပ်ကိုကြည့်ကာ ကမ္ဘာကြီးချာချာလည်သွားသလို မသွေးမှုံ ခံစားလိုက်ရ၏။

''မဟုတ်ဘူး ... မဟုတ်ဘူး ... တစ်ခုခုတော့လွဲနေပြီ၊ သားဟာ ဒီလိုအလုပ်မျိုး လုံးဝမလုပ်ဘူး၊ တစ်ယောက်ယောက် က သားရဲ့သေတ္တာထဲ ဒီဘိန်းထုပ်ကို လာထည့်ထားပြီး ပုလိပ် ကို သတင်းပေးလိုက်တာနဲ့တူတယ်၊ ဘုရား ဘုရား ငါ့သားလေး တော့ ဒုက္ခရောက်ပါပြီ၊ ဘိန်းမှုနဲ့သာ ထောင်ကျသွားရင် ငါ့ သားလေးရဲ့ဘဝ အညွန့်တလူလူဖြစ်နေရာက လူညွန့်တုံးရတော့ မယ် မဖြစ်ဘူး မဖြစ်ဘူး၊ ငါ့သားလေးကိုတော့ အဲဒီလိုအဖြစ်ဆိုး မျိုး အဖြစ်မခံနိုင်ဘူး မခံနိုင်ဘူး ... ငါ့သားလေးရဲ့ကိုယ်စား ငါပဲ လည်စင်းခံလိုက်မယ်''

ဟု မိခင်မေတ္တာအပြည့်ဖြင့် မသွေးမှုံတွေးကာ ရဲအရာရှိ မင်း ဦးကိုကိုကြီးကို ရဲဝံ့စွာ ရင်ဆိုင်မော့ကြည့်လိုက်ရာ ဦးကိုကို ကြီးကလည်း မသွေးမှုံကို ခက်ထန်စွာကြည့်လိုက်ပြီး ...

''ဘယ့်နှယ့်လဲ မသွေးမှုံ ... ခင်ဗျားပြောတော့ ခင်ဗျား ရဲ့သားက ခြောက်ပြစ်ကင်းသဲလဲစင်ဆို၊ ခုတော့ ဘိန်းထုပ်နဲ့ သက်ပူးလက်ကြပ်မိနေပါလား၊ ခင်ဗျား ဘာပြင်းချင်သေးလဲ''

ဟု ဟိန်းဟောက်မေးမြန်းလိုက်လေ၏။ မသွေးမှုံလည်း ငါးပြင်ပေါ်သို့ လိမ့်စီးကျလာသော မျက်ရည်တို့ကို ဝဲဘက်လက်ခုံ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်သုတ်ကာ ဖြတ်သားစွာပြောလိုက်လေ၏။

"ဟုတ်ပါတယ် ကျွန်မမငြင်းပါဘူး ဝန်ခံပါတယ်၊ ဒါပေမဲ့ အဲဒီဘိန်းထုပ်ဟာ ကျွန်မရဲ့သား မောင်ချစ်သွေးရဲ့ဘိန်းထုပ်မဟုတ်ပါဘူး။ ကျွန်မရဲ့ဘိန်းထုပ်ပါ"

"ဘာ ... ဘယ်လို"

"ဒီ ... ဒီလိုပါရှင်၊ ကျွန်မဟာ ဈေးထဲမှာ ကုန်စိမ်းရောင်းတာကို ဗန်းပြပြီး ဘိန်းရောင်းဝယ်မှုလုပ်နေတာပါ၊ ဒါကို ကျွန်မရဲ့သား မောင်ချစ်သွေးတောင် မသိပါဘူး"

ဦးကိုကိုကြီးမှာ လွန်စွာအံ့သြသွားတော့၏။

"ဟ ... မဟုတ်သေးပါဘူး။ ဟာကင်ကသတင်းပေးတော့ ချစ်သွေးက ဘိန်းအရောင်းအဝယ်လုပ်နေတာဆို"

"ဩော် ... ကုလားဟာကင် သတင်းပေးတာလား"

မသွေးမွှံမှာ အံ့ကြိတ်လိုက်ပြီး ...

"လက်စသတ်တော့ သင်းက ငါ့သားအပေါ် ရန်ငြိုးဖွဲ့ပြီး အကောက်ကြံခဲ့တာကိုး။ ဟင်း .. ဟင်း .. သင်းကြောင့် ငါ့သားဘာမှမဖြစ်စေရဘူး"

ဟု ဆုံးဖြတ်ချက်ကို စိတ်ထဲမှ ပိုင်နိုင်စွာ ထပ်ချလိုက်တော့၏။

"ဒီသေတ္တာက ခင်ဗျားရဲ့သားသေတ္တာ မဟုတ်လား"





"ဟုတ်ပါတယ်၊ ဒါပေမဲ့ ဘိန်းထုပ်ကို သားထည့်ထားတာမဟုတ်ပါဘူး။ ကျွန်မကိုယ်တိုင် ထည့်ထားတာပါ၊ ဒါကည်း ကျွန်မ ဘိန်းအရောင်းအဝယ်လုပ်နေတာကို အခုလိုက်ဆိုင်ရာကသိသွားလို့ ရှာဖွေကြရင် ရှာတရက်မတွေ့နိုင်အောင် ဘိန်းထုပ်ကို အိမ်အတွင်းက နေရာအနှံ့မှာ တစ်နေ့တစ်ရာ ပြောင်းဖွက်တဲ့သဘောနဲ့ အဲဒီသေတ္တာထဲ မနက်ကမှည့်ထားလိုက်တာပါရှင်"

သို့ဖြင့် ဌာနာအုပ်မင်း ဦးကိုကိုကြီးမှာ တရားခံကိုယ်တိုင် ဖြောင့်ချက်ပေးဝန်ခံနေသဖြင့် မသွေးမွှံကိုသာ ဘိန်းမှုဖြင့် ဆီးရလေတော့၏။

❖

"ဟာ ... ခုတ်ရာတခြား ရှရာတလွဲဖြစ်ပြီ၊ ငါ ထောင်သွင်းစေချင်တာက ချစ်သွေး၊ ခုတော့ မသွေးမွှံ ထောင်ထဲဝင်သွားရပါလား၊ ဒုက္ခပါပဲ ... တောက်"

ဟာကင်မှာ မျှော်လင့်သလိုဖြစ်မလာသဖြင့် ကြိတ်မနိုင်



www.burmeseclassic.com

www.burmeseclassic.com



ခဲရချင်နေသလို မိခင်ဖြစ်သူ၏ သတင်းဆိုးကို ကြားလိုက်
အညှိ ချစ်သွေးမှာလည်း သတင်းကြားကြားချင်း မယုံနိုင်အော
ဖြစ်ကာ ထိတ်လန့်ချောက်ချားသွားရလျက် မိခင်အား ဌာ
အချုပ်ခန်းတွင် အပြေးအလွှား လာရောက်တွေ့ဆုံတော့၏

"အမေ အမေ ... ဘယ်လိုဖြစ်တာလဲ အမေရယ်"

မသွေးမှုံမှာ သံတိုင်နောက်ဝယ် တုံဏှိဘာဝေနေရင်
သားဖြစ်သူကို တွေတွေကြည့်ရင်းသာ မျက်ရည်ကျလျက်ရှိတေ
၏။

"အမေ့ အမေဘိန်းရောင်းဝယ်တယ်ဆိုတာ သားမယ
ဘူး၊ ဘယ်လိုဖြစ်ရတာလဲ အမေရယ်၊ သားကိုပြောပါဦး"

ချစ်သွေးက အချုပ်ခန်းထဲ ရောက်နေရရှာသော မိခ
ကြီးအတွက် ရင်ထုမနာဖြစ်ကာ မျက်ရည်များဝဲလာပြီး ဖြစ်ရ
ကို နားမလည်နိုင်စွာဖြင့် တွင်တွင်မေးတော့ရာ မသွေးမှုံ
သားဖြစ်သူကို တည်ငြိမ်စွာ ဆုံးမသတိပေးစကားဆိုလေ၏

"သား အမေ ဘာကြောင့်ဒီလိုဖြစ်ရသလဲဆိုတာ
အခုတော့ ပြောမပြနိုင်သေးဘူး၊ သားသိထားဖို့က သားမှ
အန္တရာယ်ရှိနေတယ်၊ သားအပေါ် အကောက်ကြံသူ၊ သား
ပျက်စီးရာပျက်စီးကြောင်းကို လုပ်ကိုင်မယ့်သူရှိနေပြီ၊ ဒါကြော
အစစ သတိဝီရိယနဲ့နေပါ၊ ပြီးတော့ အမေအထူးမှာချင်တာ





ငါ့သားဟာ လူဆိုးလူမိုက် ဘယ်တော့မှမဖြစ်စေနဲ့၊ လူဆိုးလူ
မိုက်တွေကို အနိုင်ရသူဖြစ်အောင် ကြိုးစားပါ"

မိခင်ကြီး၏ ဆုံးမသတိပေးစကားကို ချစ်သွေးမှာ အ
လေးအနက်ပြုမှတ်သားကာ မျက်ရည်တွေတွေကျလျက် ရှိတော့
သည်။

❖

"ငါ့သားလေးကို ဖြစ်ရပ်မှန်အတိုင်း ပြောလို့မဖြစ်ဘူး၊
ဟာကင်ရဲ့ အကောက်ကြံမှု၊ သတင်းပေးမှုကြောင့် ငါ အခုလို
အဖမ်းခံရတာကို ငါ့သားလေးသိသွားရင် ဒေါသထိန်းမနိုင်သိမ်း
မရ ပေါက်ကွဲပြီး ဟာကင်တို့နဲ့ ပြဿနာဖြစ်မှာစိုးရတယ်၊ ဒါ
ကြောင့် ဒီကိစ္စဟာ ဟာကင်ရဲ့လက်ချက်ဆိုတာ ပြောလို့မဖြစ်
ဘူး"

မသွေးမှုံကား ဖြစ်ရပ်အမှန်ကို သားဖြစ်သူချစ်သွေးအား
မပြောပြရန်ဆုံးဖြတ်ပြီး တရားရုံးဝယ် အမှုကိုရင်ဆိုင်လေ၏။

မိမိ၏နေအိမ်ခန်း အဝတ်သေတ္တာထဲမှ ဘိန်းထုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ယက်ရှုလက်ကြွပ်မိထားသဖြင့် ရှေ့နေငှားပြီး အမှုလိုက်ပါက
လည်း အမှုရုံးမည်မှာ သေချာနေသဖြင့် ရှေ့နေမငှားဘဲ အမှုရင်
ဆိုင်လေ၏။

အမှုစစ်တိုင်း ချစ်သွေးမှာ တရားရုံးသို့ရောက်လာပြီး
မိခင်ကြီးကိုအားပေးကာ လိုအပ်သည်များကို ဝယ်ခြမ်းပေးရှင်း

"အမေ ဒီတရားရုံးမှာ တရားစစ်ဆေးတော့လည်း ဘိန်း
ရောင်းဝယ်မှုပြုပါတယ်၊ သားရဲ့ အဝတ်သေတ္တာထဲကတွေ့ရှိတဲ့
ဘိန်းထုပ်ဟာ အမေ့ရဲ့ဘိန်းထုပ်ပါလို့ အမေထွက်ဆိုတယ်နော်
ဒါဟာ တကယ်အမှန်ပဲလား အမေ၊ သားဖြင့် မယုံနိုင်အောင်ပ
ဲ"

"သားတို့သားအမိဟာ ဦးလေးသံတုတ်မရှိတော့က
တည်းက စီးပွားရေးလည်း အဆင်ပြေလာပြီး ကြွေးမြီလည်း
မရှိပါဘူး၊ ဘာမှ ကြီးမားတဲ့အခက်အခဲမရှိဘဲ ဒီလိုရာဇဝတ်မှု
မကင်းတဲ့ မကောင်းတဲ့အလုပ်ကို အမေလုပ်တယ်ဆိုတာ သား
ဖြင့် မယုံနိုင်အောင်ပါပဲ၊ အဲဒီဖြစ်ရပ်အပေါ် သား မယုံနိုင်အောင်
ဖြစ်နေတယ် အမေ"

"ပြီးတော့ အမေဟာ အကြောင်းတစ်ခုခုကြောင့် သား
ကို အဖြစ်မှန်မပြောဘဲ ဖုံးကွယ်ထားတယ်လို့ သားထင်တယ်
အဖြစ်မှန်ပြောပြနိုင်ရင် သားကိုပြောပြပါလား အမေ၊ အမေဟာ





ကယ်တော့ အဲဒီဘိန်းရောင်းဝယ်တဲ့အလုပ်ကို မလုပ်ဘူး မ
ုတ်လားဟင်"

ဟု တတွတ်တွတ်မေးလေ့ရှိရာ မသွေးမှုံမှာ ခေါင်းကို
ွင်တွင်ခါယမ်းကာ ပါးပြင်ထက်သို့ မျက်ရည်တို့ ဖိုးဖိုးပေါက်
ေါက် ကျလာလျက်မှ ...

"သား အမေမဖြေနိုင်တဲ့မေးခွန်းကို မဖြေပါရစေနဲ့၊
ေဗွေသတ္တာ ကမ္ဘာသကာလို့သာ မှတ်ထားလိုက်ပါတော့၊ ဘဝ
ောင်းကဝဋ်ကြွေးရှိလို့ အမေ ခုလိုခံစားရတယ်လို့ပဲ မှတ်လိုက်
ေ တော်သေးတာပေါ့ ဒီလိုအဖြစ်မျိုး အမေဖြစ်လို့၊ ငါ့သား
ားသာ အဲဒီလို ပိုးစိုးပက်စက်အဖြစ်မျိုးဖြစ်ရင် အမေရင်ကွဲပြီး
ေရချည်ရဲ့၊ အို ... ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ၊ ငါ့နှယ် ဘယ်လို
ားတွေ ပြောမိပါလိမ့်၊ မဖြစ်စေရဘူး မဖြစ်စေရဘူး ငါ့သား
ား အမေ့လိုအဖြစ်မျိုး ဘယ်တော့မှ မဖြစ်စေရဘူး"

ဟု ပြောလိုက်ငိုလိုက်ဖြစ်နေရာ ချစ်သွေးမှာ မမေးရက်
ာ့ဘဲ နှုတ်ပိတ်ကာသာ နေခဲ့ရတော့၏။

သို့ဖြင့် မသွေးမှုံမှာ ဘိန်းမှုဖြင့် ထောင်ဒဏ်ငါးနှစ်
ျခံသွားရရှာတော့၏။

အမိန့်ချသည့်နေ့ဝယ် မသွေးမှုံ၏မျက်နှာမှာ ထူးထူးခြား
ြား တည်ငြိမ်လျက်ရှိပြီး တရားခွင်မှ တရားသူကြီး ထွက်ခွာသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ပုလိပ်သားတို့ ခေါ်သွားကာနီးတွင် မသွေးမွှံသည်
ချစ်သွေး၏မျက်နှာကို စိန်းစိန်းကြည့်ရင်း ...

"သား အမေမှာတာကို မမေ့နဲ့နော်၊ သားမှာ ရန်သူတွေ
ရှိတယ်၊ သတိဝီရိယနဲ့နေပါ၊ ဘယ်တော့မှ လူဆိုးလူမိုက် မဖြ
စေနဲ့၊ သားဟာ လူဆိုးလူမိုက်တွေကို အနိုင်ယူနိုင်တဲ့သူသာ
ဖြစ်အောင်ကြိုးစားပါ၊ အမေ့အတွက်တော့ ဘာမှမပူနဲ့"

ဟု လေးနက်သောအသံဖြင့် မှာကြားသွားလေ၏။

ထိုနေ့က ချစ်သွေး ဝမ်းနည်းပက်လက်ဖြင့် အိမ်သို့ပြ
လာတော့ ညမှောင်ရီပင် သမ်းစပြုနေပြီဖြစ်၏။

တိတ်ဆိတ်သော မြို့စွန်လမ်းအတိုင်း ခေါင်းငိုက်စိုက်
ကာ လေးလံသောခြေလှမ်းများဖြင့် လျှောက်လာရင်းမှ မိခင်ကြ
မှာကြားသည့်စကားတို့ကိုသာ အဖန်ဖန်ကြားယောင်ရင်
အဓိပ္ပာယ်ကို ရှာဖွေနေမိတော့၏။

"အမေက ငါ့မှာ ရန်သူတွေရှိတယ်တဲ့၊ အဲဒီရန်သူတွေ
က ငါ့ရဲ့ပျက်စီးရာပျက်စီးကြောင်းကို လုပ်လိမ့်မယ်တဲ့၊ သတိ
ဝီရိယနဲ့နေတဲ့၊ အဲဒီ ငါ့ရဲ့ရန်သူဟာ ဘယ်သူဖြစ်နိုင်မလဲ၊ သူ
က ငါ့ရဲ့အကျိုးစီးပွားပျက်အောင် ဘာဖြစ်လို့လုပ်မှာလဲ ...

ငါ့ရဲ့ဘဝမှာ ငါနဲ့ ပဋိပက္ခကြီးကြီးမားမား ဖြစ်ခဲ့ဖူး
ဆိုလို့ ကိုဟာကာင်တစ်ယောက်ပဲ ရှိတယ်၊ ဒါပေမဲ့ ငါနဲ့





သနာဖြစ်တာကလည်း ခြောက်လလောက်ရှိသွားပါပြီ ...။

အဲဒီတုန်းက ကိုဟာကာင် အထိနာသွားပေမယ့် သူ
ကက အများကြီးကျူးလွန်လို့ ဖြစ်ရတာမို့ သူ့အများသူသိပြီး
နောင်တရသွားတယ်ထင်ခဲ့တာ ...။

အင်း ... တစ်ခုရှိတာက အမေပြောတဲ့စကားထဲမှာ
ကို လူဆိုးလူမိုက်မဖြစ်စေနဲ့၊ လူဆိုးလူမိုက်ကိုနိုင်သူဖြစ်အောင်
ယ်လို့ ပြောထားတယ်၊ ဒီတော့ ငါ့မှာ ရန်သူရှိနေတယ်ဆိုတဲ့
ကားနဲ့ လူဆိုးလူမိုက်ဆိုတဲ့စကား ဆက်စပ်မှုရှိနေတယ်၊ ပြီး
တော့ အမေ့ရဲ့စကားတွေက အမေ အခုလို ထောင်ကျရတဲ့ကိစ္စနဲ့
နည်းမဟုတ်တစ်နည်း ဆက်စပ်နေပုံရတယ် ...

ငါဟာ အမေ့ရဲ့ဖြစ်ရပ်အမှန်ကိုသိချင်ရင် လူဆိုးလူ
ကိုတွေဆီချဉ်းကပ်ပြီး ထောက်လှမ်းစုံစမ်းရမယ်ထင်တယ်"

ချစ်သွေးသည် ယင်းသို့အတွေးပေါက်သွားသည့်အတိုင်း
ဆုံးဖြတ်လိုက်တော့၏။

"ဟုတ်ပြီ မနက်ဖြန်ကစပြီး ဟာကာင်တို့လူဆိုးလူမိုက်
ဂိုဏ်းကို ဥပါယ်တံမျဉ်နဲ့ချဉ်းကပ်ပြီး အမေ့ရဲ့ကိစ္စကို ထောက်
လှမ်းစုံစမ်းရမယ်"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## မောဟာသဲလွန်စ

ချစ်သွေးသည် သူဆုံးဖြတ်ထားသည့်အတိုင်း နောက်ေ
မှစပြီး လူဆိုးလူမိုက်တို့စုဝေးရာ အရက်ဆိုင်၊ ဘုံဆိုင်၊ ထန်းေ
ဆိုင်၊ ထန်းတောတို့သို့ သွားရောက်ကာ စနည်းနာခြင်းပြုလေ
ထိုသို့ ထောက်လှမ်းစုံစမ်း စနည်းနာရာတွင် လွယ်က
ရှိစေရန် သူ့ကိုယ်သူ အတတ်နိုင်ဆုံး ရုပ်ဖျက်ကာ သွားလေ
သူသည် မြို့လယ်ရှိ 'ကြင်ကြင်' စတိုးဆိုင်မှ နေကာ
မျက်မှန်မည်းမည်းကြီးကိုဝယ်ကာ မျက်နှာတွင်တပ်လေ၏။





သက္ကလတ်ဦးထုပ်အဟောင်းတစ်လုံးကို ငယ်သူငယ်ချင်းတစ်ဦးဖြစ်သော ကားဝပ်ရှော့ဝယ် အတူလုပ်ခဲ့သည့် ဖိုးသီးထံမှ ငှားရမ်းလာကာ ဦးခေါင်း၌ ခပ်ငိုက်ငိုက်ဆောင်းလေ၏။

ပြီးတော့ သူ့ပထွေးဦးသံ့တုတ် ကွယ်လွန်စဉ်က ကျန်ရစ်ခဲ့သော ကုတ်အင်္ကျီအဟောင်းကြီးကို လျှော်ဖွပ်မီးပူထိုးကာ ဝတ်လေ၏။

ယင်းသို့ တတ်နိုင်သမျှ ရုပ်ဖျက်ပြီးသော် ညနေစောင်းတို့၌ ထန်းရည်ဆိုင်၊ ကဖေးဆိုင်တို့သို့ ခပ်တည်တည်ဖြင့် သွားလေ၏။

တစ်ညနေဝယ် ချစ်သွေး ကဖေးဆိုင်တစ်ဆိုင်ထဲရောက်ရှိသွားသည်တွင် ဆိုင်ပိုင်ရှင်ကိုလူလှက ချစ်သွေးကို လှစ်မ်းထင်ပြီး တစ်ချက်အကဲခတ်ကြည့်လိုက်ပြီးနောက် ...

''ဆရာ ဒီစားပွဲမှာထိုင်ပါလား''

ဟုပြောကာ ဆိုင်နံရံတစ်ဖက်နားမှ စားပွဲလွတ်တစ်လုံးကို ညွှန်ပြရင်း စားပွဲကို သူကိုယ်တိုင် အဝတ်စုတ်တစ်ခုဖြင့် သုတ်လိုက်လေ၏။

ချစ်သွေးလည်း ဝါရင့်အရက်သမားဟန်ပန်မျိုးဖြင့် ခွေးခြေပေါ်၌ ထိုင်လိုက်ကာ ...

''တစ်ပိုင်းပေးဗျာ''



www.burmeseclassic.com

www.burmeseclassic.com



ဟု အသံကို ခပ်အစ်အစ်လုပ်ကာ မင်မောင်းအပြည့်ဖြင့် အရက်မှာလိုက်လေ၏။

"အမြည်းရော ဘာအမြည်းစားမလဲခင်ဗျာ"

ဟု ကိုညိုလှကမေးရာ ...

ချစ်သွေးက စဉ်းစားသလိုလုပ်လိုက်ရင်းမှ ...

"အမဲကြော်ရှိရင် ချဗျာ"

ဟု ခပ်တည်တည်ပြောလိုက်လေ၏။

ချစ်သွေး ဆိုင်ထဲသို့ စဝင်လာကတည်းက ခပ်စိမ်းစိမ်း ကြည့်ကာ အကဲခတ်နေသူတစ်စု ရှိလေ၏။

ထိုသူတို့မှာ လူမိုက်ကောက်ကြီးနှင့် သူ၏တပည့်အုပ်စု ဖြစ်ကာ ထိုအရက်ဝိုင်းမှ လူမိုက်ငါးဦးစလုံးက ချစ်သွေးကို တစ် နယ်သား လူစိမ်းဟုထင်သဖြင့် ဟောင်ဖွာဟောင်ဖွာပြောနေကြ သည့် စကားသံများကိုရပ်ပြီး ပြောင်ပင် စူးစူးဝါးဝါး ဝိုင်းကြည့် စူးစမ်းလျက်ရှိလေ၏။

ချစ်သွေးသည် ထိုသူတို့၏ ခပ်စိမ်းစိမ်းအပြုအမူကို မသိကျိုးကျွန်ပြုကာ ကိုညိုလှလာချပေးသော အရက်ပုလင်းထဲမှ အရက်တို့ကို ဖန်ခွက်ထဲသို့ ထည့်နေရင်းမှ ကောက်ကြီးတို့လူစု ကို ကျောခိုင်းထားလိုက်လေ၏။

ကောက်ကြီးသည် ချစ်သွေး၏နောက်ကျောကို အတန်





ကြာအောင်စိုက်ကြည့်နေပြီးမှ မမှုလောက်စရာဟု ယူဆသွားဟန်တူ၏။ နောက်ကို တစ်ဖက်သို့ပြန်လှည့်ကာ စားပွဲပေါ်မှ အရက်ဖန်ခွက် ကို မော့ချလိုက်လေ၏။

"ကဲ ... ဟော့ကောင်တွေ ... တစ်လုံးထပ်မှာဦးကွာ၊ ဒီ ရေချိန်မကိုက်သေးဘူးကွ"

ဟု ကောက်ကြီးက အာလေးလျှာလေးနှင့် ပြောလိုက် ပြီးမှ တစ်ဆက်တည်း သူ၏ဝဲဘက်မှ တပည့်တစ်ဦးကို မေး ငေါ့ကြည့်လိုက်လေ၏။

"ဟော့ကောင် သားဆိုး ... ဒီနေ့ မင်း တကာခံမှာ ထွက်လာ။ အောက်ချိုင့်က ဖဲဝိုင်းမှာ မင်း အသားချည်းစား နေရတယ်ဆို"

"ဟီးဟီး ... နည်းနည်းပါးပါး မစိုမပို့လောက်ပါ ဆရာ ကောက်ကလည်း၊ ဆရာသမားလောက်တော့ နေရာမကျလှပါဘူး"

"ဘာကွ ... ငါက ဘာနေရာကျလို့လဲ၊ ခုတလော ပြတ်နေတယ်ကွ၊ မိန်းမကလည်း နေမကောင်းလို့ ကိုင်းထဲ ထွက်နိုင်ဘူးကွ"

ကောက်ကြီးမှာ အလုပ်အကိုင် မယ်မယ်ရရမရှိသလို အလုပ်ကြောလည်း တင်းသူမဟုတ်ချေ။ မယားဖြစ်သူ ကိုင်းထဲယာ



www.burmeseclassic.com

www.burmeseclassic.com



ထဲဆင်းကာ မြေပဲနှင့်တ်၊ ပြောင်းဖူးချိုး စသည်ဖြင့် ရာသီအလိုက် ပေါ်ပေါက်လာသည့် အလုပ်မျိုးစုံလုပ်ကာ ရှာဖွေကျွေးသမျှ ထိုင်စားရင်း အရက်ကလေးတမြမြဖြင့် နေသူဖြစ်၏။

တစ်ခါတစ်ရံ သူ့ဆရာဟာကင်အားကိုး သူ့တပည့် ဖ မိုက်အသေးအမွှား လေးငါးယောက်အားကိုးဖြင့် သူနေထိုင်ရာ မန်ကျည်းကုန်းနှင့် အောက်ချိုင့်ရပ်ကွက်တို့ရှိ အသုဘအိမ်ဖဲဝိုင်း ကျိတ်ဝိုင်းနှင့် ဂျင်ဝိုင်းတို့၌ ဗိုလ်ကျပြီး အစားရချောင်အော ထာဝရလုပ်ဆောင်သူဖြစ်၏။

သူခွင်တည့်၍ ပွဲပေါက်တိုးသည့်အခါ သူ့ဆရာဟာက ကို ပြုစုရသလို သူ့တပည့်တို့ကိုလည်း အရက်ဝိုင်းဖွဲ့ပေးတတ် ဖြစ်၏။

သူ အလုပ်မဖြစ်ဘဲ ဘိုင်ပြတ်သည့်အခါမှာမူ သူ့တပည် လူမိုက်တို့က သူ့ကို ပြန်လည်ပြုစုရလေ၏။

"ငါ တကယ်ဘိုင်ပြတ်နေတာကွ သားဆိုးရ"

"ဆရာသမားကလည်း ဟိုတလောကပဲ ဆရာကြီးဟာ ကင်က ဆရာ့မိန်းမ မလှသွယ်ကို ဘောက်ဆူးပေးလိုက်တယ် မဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ် ဆရာသမား၊ ဆရာသမား မိန်းမက ဆရာကြီးဟာကင်ခိုင်းတာကို အပီအပြင်လုပ်ဆောင်ပေ





၍ ဆရာကြီးဟာကင်က ရွှေဒင်္ဂါးတွေ ဆုချလိုက်တယ်ဆိုဗျ"

"ထွီ ... တော်စမ်းပါကွာ၊ ဘယ်ကရွှေဒင်္ဂါးဆုချရ သေး၊ ငွေငါးဆယ်ဆုချတာပါကွ"

"ဟား ငါးဆယ်ဆိုတဲ့ပိုက်ဆံဟာ နည်းသလား ဆရာ မားရဲ့၊ ကျုပ်တို့ကို ဟိုတလောက မူးယစ်ရမ်းကားမှုနဲ့ ဖမ်း သို့လုပ်တဲ့ ပုလိပ်စာသင်ဘိုနီတို့တောင် တစ်လမှ လခတစ်ဆယ် ဘျော်ကျော်လေးရတာ၊ လှသွယ် ငါးဆယ်ရတာ နည်းသလားဗျ"

"ဟေ့ကောင်တွေ နည်းနည်းများများ အဲဒီပိုက်ဆံလည်း ပြီ၊ ငါ့ဆရာဟာကင်လည်း မှန်းချက်နဲ့ နှမ်းတွက်မကိုက်ဖြစ် ခုမှ သူ့ရှုံးသူ့ပတ် မတ်တပ်ကနေ လဲပဲသေရတော့မလိုလို ချောင်းထဲပဲ ပြေးပြီးခုန်ချရမလိုလို ဖြစ်နေပြီကွ"

"ဗျာ ... ဘာဖြစ်လို့လဲ ဆရာကောက်ကြီးရဲ့"

"ဘာဖြစ်လို့ရမှာလဲကွ၊ သူအပိုင်သိမ်းဖို့ကြံထားတဲ့ ဟို မြေက ထောင်ထဲဝင်သွားရလို့လေ၊ ဟားဟားဟား ... အဲဒီ မိန်းမ ထောင်ငါးနှစ်တောင်ကျသွားတယ်ဆိုတော့ ငါ့ဆရာ ဟာကင်မှာ ပါးစပ်နားရောက်ခါမှ အစာကို ပုတ်ချခံရသလိုဖြစ်ပြီး တော်တခေါက်ခေါက်ဖြစ်နေရတယ်လေကွာ ... ဟားဟားဟား"

ကောက်ကြီး၏စကားက ချစ်သွေးအတွက် လွန်စွာစိတ် ဝင်စားစရာစကား ဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကြီး ဘာဆက်ပြောမလဲဟု စိတ်ဝင်စားစွာ နားစွင့်နေချိန်မှာပင် 'နေညို့ချိန်'စားသောက်ဆိုင်လေးရှေ့သို့ ဂျစ်ကားတစ်စီး ထိုးဆိုက်လာတော့၏။

'ဂူး'

"ဟော ... ဆရာဟာကင်ရဲ့ကားပါလား"

ကားပေါ်မှဆင်းကာ ဆိုင်ထဲဝင်လာသူကိုတွေ့တော့ ကောက်ကြီးက မျက်မှောင်ကြုတ်လိုက်ပြီး မေးခွန်းထုတ်လိုက်လေ၏။

"အောင်မင်း ... ဘာတွေအရေးပေါ်လာလို့လဲကွ"

"ကိုကောက်ကို ဆရာဟာကင်က ခေါ်ခိုင်းလိုက်လို့ဗျ"

ကုလားဟာကင်၏ဒရိုင်ဘာ အောင်မင်း၏ စကားကြောင့် ကောက်ကြီးမှာ သူ့လက်ထဲရှိ ဖန်ခွက်ထဲမှ လက်ကျန်အရက်ကို မော့လိုက်ပြီးနောက် သူ့တပည့်များဘက်သို့ လှည့်ပြောလိုက်လေ၏။

"ကဲဟေ့ ... ဒီညနေတော့ ဝိုင်းစောစောသိမ်းလိုက်ကွာ၊ ငါလည်း ခုပဲ ဆရာဟာကင့်ဆီ လိုက်သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ ... ကောင်းပါပြီ ဆရာကောက်"

ထောင်ငါးနှစ်ကျသွားသည်ဟူသော မိန်းမနှင့်ပတ်သက်ပြီး ကောက်ကြီး ဘာပြောဦးမလဲဟု နားစွင့်နေမိသော ချစ်သွေး





မှာ ကောက်ကြီးတို့ ဝိုင်းပျက်သွားသဖြင့် မချင့်မရဲဖြစ်သွားရတော့သည်။

မည်သို့ဖြစ်စေ သည်ညနေအဖို့ သဲလွန်စတော့ရလိုက်သလို ချစ်သွေး ခံစားရပါတော့သတည်း။

❖

ချစ်သွေးမှာ နောက်နှစ်ရက်ဆက်ပြီး ညနေစောင်းဝယ် နေညို့ချိန်ဟူသော ယမကာဆိုင်လေးသို့သွားကာ ကောက်ကြီးတို့လူစုထံမှ တစ်စုံတစ်ရာထပ်ပြီး သိရလိုသိရငြား တစေ့တစောင်းနားစွင့်ထောက်လှမ်းသေး၏။

သို့သော် သူ့မိခင်နှင့် ပတ်သက်ဖွယ်ရှိသည့် သတင်းအစအန တစ်စုံတစ်ရာ ထပ်မရဘဲ ကောက်ကြီးမှာ ဟာကင်နှင့်အတူ ခရီးဝေးတစ်ခုထွက်သွားသည်ဆိုခြင်းနှင့် ကုလားဟာကင်မှာ ဗြိတိသျှနယ်ချဲ့အစိုးရအရာရှိအချို့၏ လက်သပ်မွေးထားခြင်းခံရသည့် လူဆိုးအဓိပတိတစ်ဦးဖြစ်ရာ သူ့၌ တပည့်တပန်းအင်အားများစွာ ရှိလာပြီဖြစ်ကြောင်း။ သူ့ကို တော်ရုံဖြင့် ယှဉ်တု



www.burmeseclassic.com

www.burmeseclassic.com



နိုင်သူ ပေါ်လာဖို့မလွယ်ကြောင်း၊ သဲကုန်း၊ အုတ်တွင်း၊ ဖြူးဒေသ ဝန်းကျင်၏ မြို့ရွာတို့ဝယ် သူ၏လက်ဝေခံတပည့် လူမိုက်ခေါင်းဆောင်များကို အပိုင်စားနယ်မြေများ သတ်မှတ်ကာ အုပ်ချုပ်ထားကြောင်း မြို့ပိုင်နယ်ပိုင်တို့ကပင် ဟာကင့်အား မျက်နှာသာပေးထားသဖြင့် တိုက်နယ်သူကြီးတို့ကပင် ဟာကင့်ကို ဂရုစိုက်မှုပြု ဆက်ဆံရကြောင်း စသည့် နစ်မြို့ဖွယ်မရှိသော သတင်းတို့ကိုသာ ကြားသိရလေ၏။

သို့ဖြင့် နောက်ရက်များဝယ် ချစ်သွေးသည် စုံစမ်းထောက်လှမ်းမှုပုံဟာပြောင်းပြီး ကောက်ကြီး၏မိန်းမ. လှသွယ်အား ချဉ်းကပ်စုံစမ်းမေးမြန်းရန် ကြံစည်ကြိုးစားလေ၏။

မိခင်ဖြစ်သူ အိမ်မှာရှိစဉ်က လှသွယ်မှာ အိမ်သို့ မကြာခဏ လာလေ့ရှိသဖြင့် ချစ်သွေးက လှသွယ်ကိုသိနေ၏။

သို့သော် လှသွယ်နှင့်မူ စကားပြောဆိုရင်းနှီးမှုမရှိပေ။

"လှသွယ် ဈေးကအပြန် စောင့်ရမယ်"

ချစ်သွေးသည် လှသွယ် ဈေးဝယ်ပြီးပြန်လာသည်ကို လမ်းနံဘေးကုက္ကိုပင်အောက်မှ စောင့်ဆိုင်းနေလေ၏။ သူက သက္ကလတ်ဦးထုပ်ကြီးဆောင်း၊ နေကာမျက်မှန်ကြီးတပ်ပြီး ကုတ်အင်္ကျီကြီးဝတ်ထားသည်။

သူ၏ဝတ်စားပုံက နေပူချိန်မြင့်လာသည့် အချိန်ဝယ်





ာဝမကျလှချေ။ သို့သော် မတတ်နိုင်။ ဤသို့ရုပ်ဖျက်မှ ချေမည်။

ဈေးခြင်းတောင်းလေးဆွဲပြီး လမ်းဘေးမှလျှောက်လာ ည့် လှသွယ်မှာ ချစ်သွေးစောင့်ဆိုင်းနေသည့် ကုက္ကိုပင် ာက်သို့ ရောက်လာသည်။

ချစ်သွေးက လှသွယ်၏လာရာလမ်းရှေ့မှ ပိတ်ရပ်လိုက် ...

"မလှသွယ် ခဏနေပါဦး"

ဟု အသံခပ်အက်အက်ဖြင့် တားဆီးလိုက်ရာ လှသွယ် ရုတ်တရက်မို့ လန့်သွားပြီး ချစ်သွေးကို မျက်လုံးအပြူး ဖြင့် မော့ကြည့်သည်။

"ရှင်"

"ဒီမှာ မလှသွယ် ... ခင်ဗျားဟာ ကောက်ကြီးရဲ့မိန်းမ တ်လား"

"ဟုတ် ... ဟုတ်ပါတယ်ရှင်"

"ကောက်ကြီး အခု ခရီးထွက်သွားတယ်မဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ်ရှင်"

"ခင်ဗျား ကျုပ်ကိုသိသလား"

"မသိ ... မသိပါဘူးရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့ အင်းစိန်နီစီအိုင်ဒီကလာတဲ့ စုံထောက်ပဲ"

"ရှင်"

"ဒီမှာမလှသွယ် အရေးကြီးတဲ့အမှုတစ်ခုနဲ့ ပတ်သက်ပြီး ခင်ဗျားကိုစုံစမ်းထောက်လှမ်းဖို့ စုံထောက်မင်းကြီးက ကျွန်တော့ကို တာဝန်ပေးလိုက်လို့ ခုလို လာပြီးမေးရတာပဲ၊ ကျွန်တော်မေးတာကို မှန်မှန်ဖြေပါ၊ မှန်မှန်မဖြေရင်တော့ ခင်ဗျားကို ဖမ်းရလိမ့်မယ်"

"ရှင်"

လှသွယ်မှာ မျက်လုံးပိုပြူးသွားပြီး ခြေဖျားလက်ဖျားတို့ အေးစက်သွားသည်။ သူမမှာ လူမိုက်မယားဖြစ်သော်လည်း ပညာမဲ့သူလေးဖြစ်သဖြင့် အသိပညာဗဟုသုတ နည်းပါးကာ ပုလိပ်ဘက်မှ၊ စုံထောက်ဘက်မှဟု ခြောက်လှန့်ပြောဆိုပါက ခြေမကိုင်မိလက်မကိုင်မိ ကြောက်လန့်တတ်သူဖြစ်ချေ၏။

"ဒီမှာ မလှသွယ်၊ လွန်ခဲ့တဲ့နှစ်လလောက်က ကုလား ဟာကင်က ခင်ဗျားကို လုပ်ငန်းတစ်ခုလုပ်ကိုင်ပေးလို့ ငွေငါးဆယ် ပေးခဲ့တယ်မဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ်ရှင်"

"အဲဒီငွေငါးဆယ်ကို ဘာဖြစ်လို့ပေးတာလဲ၊ သူ့အတွက် ဘာလုပ်ငန်းလုပ်ပေးခဲ့ရသလဲ ...မှန်မှန်ဖြေပါ"

"အဲ ... ဟို ..."

---





လှသွယ်မှာ ရုတ်တရက် ဦးခေါင်းမိုးကြိုးပစ်သလို ခံစား ထိုက်ရ၏။

သူမဖြေဖို့ လွန်စွာခက်သော မေးခွန်းအမေးခံရသဖြင့် မျက်နှာထိတ်ထိတ်ပျာပျာဖြစ်သွားရှာသည်။ ဟာကင်က နှုတ်လုံရန် သူ့ကို အထပ်ထပ်သတိပေးထားသည်။

ဟာကင်လျှို့ဝှက်ခိုင်းသည့်ကိစ္စနှင့်ပတ်သက်ပြီး နှုတ်ဖွာ ပါက ဟာကင်ပြန်သိသွားလျှင် သက်သာမည်မဟုတ်ချေ။ သို့သော် အစိုးရပုလိပ်ဘက်မှ စုံထောက်၏အမေးကိုလည်း မဖြေ ခဲ့မနေဝံ့ချေ။

မည်သို့ပြုရပါမည်နည်းဟု အပြေးအလွှားစဉ်းစားပြီး နောက် လိမ်ညာပြောရန် ဆုံးဖြတ်လိုက်၏။

"ဒီ ... ဒီလိုပါ စုံထောက်ကြီးရယ် ဟို ... ကိုဟာကင် ဒါ ကျွန်မရဲ့အမျိုးတစ်ယောက်ဆီမှာ ငွေတိုးချထားတာ ကျွန်မကို ဆောင်းခိုင်းတာပါရှင်၊ သူ့အကြွေးပြန်ရအောင် တောင်းပေးနိုင်လို့ ပို့ ... ငွေငါးဆယ်ဆုချတာပါ"

"ဟုတ်ရဲ့လား၊ ကျွန်တော့ကို ဒီလိုလိမ်ပြောလို့မရဘူး မလှ သွယ်၊ ခင်ဗျားမှာ အပြစ်ပိုကြီးသွားလိမ့်မယ်၊ ခင်ဗျားရဲ့လုပ် ဆောင်ပေးမှုကြောင့် မိန်းမတစ်ယောက်ဟာ ထောင်ငါးနှစ်ကျ သွားရတယ်မဟုတ်လား ...မှန်မှန်ဖြေနော်"

---



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... အဲ ..."

"ယိးတီးယားတားမလုပ်နဲ့နော်၊ ခင်ဗျားကို အခုချက်ချင်း ဖမ်းသွားမှာ၊ မှန်မှန်မဖြေလို့ကတော့ ဂါတ်ကိုအခုလိုက်ခဲ့၊ ကျုပ်ကိုလိမ်လို့မရဘူး၊ ကျုပ်က အားလုံးသိပြီးသား"

လှသွယ်မှာ သွေးပျက်သွားပြီး ဆက်လက်မလိမ်ညာဝံ့တော့ချေ။

"ဟို ... ဟုတ် ... ဟုတ်ပါတယ်ရှင်"

"အဲဒီမိန်းမရဲ့နာမည်ဟာ ဘယ်သူလဲ"

"မ ... မသွေးမှုံပါရှင်"

ချစ်သွေး၏ခန္ဓာကိုယ်မှာ တောင့်ခနဲဖြစ်သွားပြီး အံကို တင်းတင်းကြိတ်လိုက်မိသည်။

"အဲဒီမသွေးမှုံဟာ ဘိန်းမှုနဲ့ ထောင်ကျသွားရတာ မဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ်ရှင်"

"မသွေးမှုံရဲ့အိမ်က ထင်းရှူးသေတ္တာထဲမှာ ဘိန်းထုပ်မိလို့ အဖမ်းခံခဲ့ရတာမဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့"

"အဲဒီဘိန်းထုပ်ကို အဲဒီသေတ္တာထဲ ခင်ဗျားထည့်ခဲ့တာမဟုတ်လား၊ မှန်မှန်ဖြေနော်၊ မှန်မှန်ဖြေရင် သက်သာမယ်"





"ဟုတ် ... ဟုတ်ပါတယ်ရှင်"

"တောက် အကြံပက်စက်လိုက်တာ၊ ခင်ဗျားကို အဲဒီဘိန်းထုပ် ဘယ်သူက ထည့်ခိုင်းတာလဲ"

"ဟို ... ဟို ... ကိုဟာကင်ပါရှင်"

"ဟာကင်က ကျုပ်ရဲ့ အဲ ... မသွေးမှုံကိုထောင်ကျအောင် အကွက်ဆင်ပြီးလုပ်တာပေါ့ ဟုတ်လား"

"အဲ အဲဒီလိုမဟုတ်ပါဘူး စုံထောက်ကြီးရယ်"

"ဘာဖြစ်လို့မဟုတ်ရမှာလဲ"

"ဒီ ... ဒီလိုပါရှင် ကိုဟာကင်က တကယ်တော့ မသွေးမှုံကို သိပ်ပြီးသဘောကျနေသူပါ၊ မသွေးမှုံကို ကိုဟာကင်က သိပ်လိုချင်နေတာပါ၊ အဲဒါ မသွေးမှုံရဲ့သားချစ်သွေးက ကြားမှာ အတားအဆီးဖြစ်နေတော့ ကိုဟာကင်က ချစ်သွေးထောင်ကျအောင် ထောင်ချောက်ဆင်ပြီး ကျွန်မကို ချစ်သွေးရဲ့အိပ်ခန်းထဲက ချစ်သွေးရဲ့အဝတ်သေတ္တာထဲ ဘိန်းထုပ်ထည့်ခိုင်းလိုက်တာပါ၊ ပြီးမှ ကိုဟာကင်က ရဲပုလိပ်တွေကို အကြောင်းကြားလိုက်တာပါ၊ ဒါပေမဲ့ ပုလိပ်တွေ မသွေးမှုံတို့အိမ်ကိုလာရှာလို့ ချစ်သွေးရဲ့သေတ္တာထဲက ဘိန်းထုပ်ကိုလည်းတွေ့ရော မသွေးမှုံက သူ့ဘိန်းထုပ်ပါ၊ သူ ဘိန်းအရောင်းအဝယ် လုပ်နေတာပါ၊ သူ့ရဲ့သား အဲဒီကိစ္စထဲ မပါပါဘူး၊ သူ့ကိုပဲဖမ်းဖို့ အတင်းပြောလို့ ပုလိပ်က



www.burmeseclassic.com

www.burmeseclassic.com



မသွေးမွှကိုဖမ်းပြီး ထောင်ချလိုက်ရတာပါ''

မလှသွယ်၏စကား ကြားရသည်တွင် ချစ်သွေးရင်ဆို့သွားရတော့သည်။

''ဖြစ်ရလေ အမေရယ်၊ လက်စသတ်တော့ အမေ့ကသားရဲ့ကိုယ်စား ခေါင်းထိုးခံလိုက်တာကိုး''

ချစ်သွေးမှာ မိခင်ဖြစ်သူအတွက် စိတ်နှလုံးထိခိုက်ခြင်းပြင်းစွာဖြစ်သွားရသလို မိဘ၏မေတ္တာ ကြီးမားနက်ရှိုင်းလှပုံကိုလည်း ကောင်းစွာသိရှိခံစားသွားရတော့၏။

''ကဲ ... ကဲ ... မလှသွယ် ... ခင်ဗျားကို မေးစရာရှိတာ ကျုပ် မေးပြီးပြီ၊ သွားချင်ရာ သွားလို့ရပြီ''

ဟု ချစ်သွေးကပြောလိုက်ရာ မလှသွယ်မှာ လှောင်အိမ်မှလွတ်သော ငှက်ငယ်လေးသဖွယ် ကုဋေကြိုပင်ရိပ်အောက်မှ စိတ်လက်ပေါ့ပါးစွာ ဟင်းချပြီး ထွက်ခွာသွားပါတော့၏။

ချစ်သွေးသည်သာ ငေးငေးငူငူရပ်ကာ ကျန်ရစ်ခဲ့တော့၏။

''ငါ့ရဲ့ရန်သူက ကုလားဟာကင်ကိုး၊ အမေပြောတဲ့ ငါ့အတွက် အန္တရာယ်ရှိတဲ့ရန်သူဟာ ဟာကင်ပါလား၊ သင်းက ငါ့ကို ကောက်ကျစ်စဉ်းလဲတဲ့အကြံနဲ့ ထောင်ထဲပို့ဖို့ မလှသွယ်နဲ့ ပေါင်းပြီးကြံခဲ့တာကိုး ...။





အမေက ငါ့အပေါ်ကျရောက်လာတဲ့ အန္တရာယ်ကို ခေါင်းထိုးခံလိုက်တာပါလား ... ဖြစ်ရလေ အမေရယ် ...။

ငါသာ အဲဒီဖြစ်ရပ်အမှန်ကိုသိရင် ဟာကင်တို့ကို ပြဿနာရှာမှာစိုးပြီး အမေက အမှန်မပြောဘဲ ရေငုံနှုတ်ပိတ်နေခဲ့လုပ်ခဲ့တာကိုး ...။

အမေဟာ ငါ့အပေါ် ညာတာလွန်းတယ်၊ ကရုဏာမေတ္တာထားလွန်းတယ်၊ ဩော် ... မိဘမေတ္တာဟာ ကြီးမားလှပါလား ...။

အမေ့အတွက်ရော ငါ့အပေါ် ကောက်ကျစ်ယုတ်မာဖို့ ကြိုးစားမှုအတွက်ပါ ဟာကင့်ကို ကောင်းကောင်းကြီး လက်စားချေရမယ် ...။

ဒါပေမဲ့ ဟာကင်တို့နဲ့ ပြိုင်မိုက်ပြီး ဟာကင်တို့ကို ရင်ဆိုင်ရင် ငါလည်း သူတို့လိုပဲ လူဆိုးလူမိုက်ဖြစ်သွားမှာပေါ့၊ အမေက သေချာမှာထားတယ် ... လူဆိုးလူမိုက် မဖြစ်စေနဲ့တဲ့ လူဆိုးလူမိုက်တွေကို နိုင်သူဖြစ်အောင်လုပ်တဲ့၊ လူဆိုးလူမိုက်တွေကို နိုင်သူဆိုတာ ဘယ်လိုလူမျိုးလဲ၊ အဲ ... ဟုတ်ပြီ ... ပုလိပ်တွေဟာ လူဆိုးလူမိုက်တွေကို နိုင်သူပဲ၊ ဒီတော့ ငါသာ ပုလိပ်အရာရှိ ဖြစ်ရင် လူဆိုးလူမိုက်တွေအပေါ် အနိုင်ရပြီပေါ့။

ဟုတ်ပြီ ... ဟုတ်ပြီ ... ငါ ပုလိပ်တပ်ဖွဲ့ထဲဝင်မယ်၊



www.burmeseclass

www.burmeseclassic.com



အရှုံးဖြစ်အောင်ကြိုးစားပြီး ဟာကင့်လို လူဆိုးလူမိုက်တွေ
မိုက်ဇာတ်သိမ်းပေးရမယ်"

❖

ချစ်သွေးမှာ မိခင်ဖြစ်သူ အကျဉ်းကျနေရာ သာယာ
ဝတီထောင်သို့ ထောင်ဝင်စာသွားရောက်တွေ့ရာ၌ မိခင်ကြီးအာ
ပြောင်ဖွင့်မေးလိုက်တော့၏။

"အမေ အမေဘိန်းရောင်းဝယ်တာ လုံးဝမလုပ်ဘဲ
လားဟာကင်ရဲ့ လှည့်ကွက်ထောင်ချောက်မိပြီး ခုလိုထောင်ကျ
ရတာမဟုတ်လား။ ဖြစ်ရပ်အားလုံးကို သားသိပြီးပါပြီအမေ"

"ဟင် ... သား ... သားသိသွားပြီဟုတ်လား"

"ဟုတ်တယ် အမေ၊ အမေ အဲဒီအလုပ်မလုပ်ဘူးဆိုတာ
သားသိတယ်၊ ဒါကြောင့် သားနည်းသားဟာနဲ့ စုံစမ်းထောက်
လှမ်းလို့ အားလုံးသိခဲ့ရတာပဲ၊ ဟာကင်က သားကိုထောင်ကျ
အောင် အကွက်ဆင်ပြီး သားရဲ့အဝတ်သေတ္တာထဲ ဘိန်းထုပ်
ထည့်ဖို့ ကောက်ကြီးရဲ့မိန်းမ မလှသွယ်ကိုခိုင်းခဲ့တယ်"





"ဩော် ... လှသွယ်ရဲ့လက်ချက်ကိုး။ အမေ ထင်တော့
ထင်သား"

"ဟာကင်ရဲ့ရည်ရွယ်ချက်က သားကိုထောင်ချပြီး အမေ့
ကိုသိမ်းပိုက်မလို့ပဲ အမေ"

"ထွီ ... အမေ့ဘဝကို အဲဒီမိစ္ဆာကောင်ရဲ့ လက်ထဲအ
ရောက်ခံမယ့်အစား ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်မယ်"

"သားကိုထောင်ထဲပို့ဖို့ ရည်ရွယ်ခဲ့ပေမယ့် အမေက
သားရဲ့ကိုယ်စား ခေါင်းလျှိုဝင်ခံခဲ့တယ်၊ သားအတွက်နဲ့ အမေ
ခုလိုထောင်ထဲမှာ ဝဋ်ဒုက္ခကြီးစွာခံစားနေရတာ သားရဲ့ရင်မှာ
မချိဘူး အမေ"

"သားရယ် သားအတွက် အမေခံစားနေရတယ်ဆိုပေ
မယ့် ငါ့သားလေးဆိုးလို့မိုက်လို့ မဟုတ်ပါဘူးကွယ်၊ ဟာကင်ဆိုတဲ့
လူယုတ်မာကြောင့်ပါ၊ ဒါပေမဲ့သား အမေတို့ကို ဒုက္ခပေးတာ
ဟာကင်မှန်းသိပေမယ့် သူတို့ကို ရန်မတုံ့ပြန်ပါနဲ့ကွယ်၊ သူတို့
က တကယ့်လူဆိုးလူမိုက်တွေ၊ သူတို့မှာ အုပ်စုရှိတယ်၊ အင်
အားရှိတယ်၊ သူတို့ရဲ့နောက်မှာ မျက်နှာဖြူအရာရှိအချို့ရှိတယ်၊
သူတို့ဟာ လူဆိုးလူမိုက်ဘွဲ့ခံထားတဲ့ မျက်နှာဖြူတွေရဲ့ လက်ကိုင်
တုတ်တွေပဲ၊ သူတို့ကို သားသွားပြီးယှဉ်ရင် သားပဲအထိနာမှာ
အမေစိုးရိမ်တယ်၊ ပြီးတော့ သားဟာ ဟာကင့်ကိုလက်စားချေ



www.burmeseclassic.com

www.burmeseclassic.com



တာတွေ လက်တုံ့ပြန်တာတွေလုပ်ရင် ငါ့သားရာဇဝတ်မှုကျ
လွန်မိပြီး အမေ့လို ထောင်ထဲဝင်ရလိမ့်မယ်၊ ထောင်ဆိုတာ
လူကောင်းသူကောင်းတွေ လာအပ်တဲ့နေရာ မဟုတ်ပါဘူး သား
ရယ်၊ တကယ့်လောကငရဲပါ၊ အဲဒီလောကငရဲကို ငါ့သားလေး
ရောက်ရတဲ့အဖြစ်ဆိုးမျိုး အမေ မဖြစ်စေချင်ဘူး ...။

ဒါကြောင့် သားကို အမေမှာတာပေါ့၊ ဘယ်တော့
လူဆိုးလူမိုက်မဖြစ်စေနဲ့လို့၊ လူဆိုးလူမိုက်တွေရဲ့ လားရာလမ်းက
ထောင်နဲ့ သင်္ချိုင်းပဲသား၊ ငါ့သားလေးရဲ့ဘဝမှာ ဒီလိုအဖြစ်ဆိုး
မျိုး မကြုံစေချင်ဘူး''

''စိတ်ချပါ အမေ ... သား လူဆိုးလူမိုက် မဖြစ်စေရ
ဘူး။ ဒါပေမဲ့ သား ဟာကင့်ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး
အမေ၊ အမေ့အတွက် သင်းကို လက်စားချေရမှ ကျေနပ်နိုင်မယ်၊
အဲဒီလိုလက်စားချေရာမှာလည်း သူတို့ကို လူဆိုးလူမိုက်အဖြစ်
လက်စားမချေပါဘူး။ အမေပြောသလိုပဲ လူဆိုးလူမိုက်တွေ
အနိုင်ယူနိုင်တဲ့ ဥပဒေအာဏာတော်သားဘဝနဲ့ ဥပဒေရဲ့အပြင်ဘက်
မှာ သခင်အားရကျွန်ပါးဝလုပ်ပြီး သောင်းကျန်းချင်တိုင်း သောင်း
ကျန်းနေတဲ့သင်းတို့ကို ရင်ဆိုင်ဖြိုခွင်းမှာပါ အမေ၊ အမေလည်း
ကျန်းမာရေးဂရုစိုက်ပါ၊ သားအတွက် ဘာမှမပူပါနဲ့ အမေ''

''အမေ့ရဲ့ကျန်းမာရေးကတော့ အခုတလော နည်းနည်း





မောတာပဲရှိပါတယ်၊ သားရော စားရေးသောက်ရေး အဆင်ပြေ
ရဲ့လား''

''ပြေပါတယ် အမေ၊ သား အလုပ်လုပ်နေတဲ့ ဝပ်ရှော့
ဆရာ ကိုအောင်ဘွင့်က သားအပေါ် အတော်ကောင်းပါတယ်၊
ပညာသင်ပေးတဲ့အပြင် လုပ်ခလည်း သပ်သပ်ခွဲပေးပါတယ်၊
သူ့အိမ်မှာပဲ မနက်စာရော ညစာပါ ကျွေးပါတယ်၊ သားအတွက်
အစစအဆင်ပြေပါတယ် အမေ''

''ဟို မိစ္ဆာဟာကင်တို့လူစုက သားကိုရန်ပြုသေးလား''

''သား သူတို့နဲ့ ကင်းအောင်နေတယ် အမေ၊ သူတို့ရှိ
တတ်တဲ့နေရာတွေ သားမသွားဘူး၊ သူတို့ကို အဆုံးတိုင်ဖြိုခွင်း
နိုင်တဲ့အင်အား သားမှာရှိမှ သား သူတို့နဲ့ရင်ဆိုင်မယ် အမေ''

''ဟုတ်တာပေါ့ သားရယ်၊ ခုအချိန်အခါမှာ ငါ့သားဟာ
ကြောင်လက်သည်းဝှက်သလို နေရမှာ၊ ကဲ ... ကဲ ... အချိန်
စေ့ ခေါင်းလောင်းတီးပြီ ... ငါ့သားသွားတော့''

''ဟုတ်ကဲ့အမေ၊ ကျန်းမာရေးကိုတော့ ဂရုစိုက်ပါ
အမေ''

ချစ်သွေးမှာ မိခင်ဖြစ်သူ၏ ကျန်းမာရေးကို စိတ်ပူသည့်
အတိုင်း မသွေးမွှေး၏ကျန်းမာရေးမှာ တစ်စတစ်စ ဆိုးရွားလာပြီး
လျှင် နောက်ဆုံးထောင်ဆေးရုံသို့ တင်ရသည်ဟုသာ ထောင်ဝင်



www.burmeseclassic.com

www.burmeseclassic.com



အသွားအတွေ့သည့် အပတ်ဝယ် ချစ်သွေးသာတင်းကြားရသည်။ မိခင်ဖြစ်သူကိုမူ တွေ့ခွင့်မရတော့ချေ။

သို့ဖြင့် မိခင်ကြီးအတွက် စိတ်ပူရုံမှလွဲ၍ ဘာမှမတတ်နိုင်ဘဲ ရှိနေရာမှ တစ်နေ့တွင် သာယာဝတီအကျဉ်းထောင် အာဏာပိုင်များမှ ပေးပို့လိုက်သည့် ကြေးနန်းစာရသဖြင့် ဝပ်ရှော့ဆရာကိုအောင်ဘွင့်အားခေါ်ကာ ချစ်သွေး သာယာဝတီသို့ ဒရောသောပါး လိုက်လာရတော့၏။

သာယာဝတီအကျဉ်းထောင်သို့ရောက်ပြီး ထောင်အာဏာပိုင်များနှင့် သွားရောက်တွေ့ဆုံသည့်တွင် . . . မိခင်ဖြစ်သူ မသွေးမွှံ သေဆုံးသွားပြီဖြစ်ကြောင်း သိရတော့သည်။

"ဖြစ်ရလေ အမေရယ် . . . ဖြစ်ရလေဗျာ"

ထောင်အာဏာပိုင်များ၏ စီစဉ်ပေးမှုဖြင့် မသွေးမွှံ၏ အသုဘကို သာယာဝတီသင်္ချိုင်းမှာပင် ဖြစ်သလိုသင်္ဂြိုဟ်လိုက်ရပြီး သက်ပျောက်ဆွမ်း မြေကျသပိတ်ဆွမ်းတို့သာ ရဟန်းတစ်ပါးကို ဆပ်ကပ်လှူဒါန်းကာ ရွှေမြင်သာသို့ ပြန်လာခဲ့ရလေ၏။

ရွှေမြင်သာရှိနေအိမ်သို့ ပြန်ရောက်ပြီး မိခင်ကြီးကွယ်လွန်သည့်မှ ခုနစ်ရက်ပြည့်သည့်တွင် ရက်လည်ဆွမ်းသွတ်ကာ အမျှအတန်း ပေးဝေခဲ့ရလေ၏။

မိခင်ဖြစ်သူအတွက် အမျှပေးဝေရင်းမှ . . .

---

ခု နစ် စဉ် ကြယ် တ ပေ



"အမေ . . . အမေ့ကိုပေးထားတဲ့ကတိအတိုင်း သားဟာ လူဆိုးလူမိုက်တွေကို အနိုင်ရသူဖြစ်အောင် ကြိုးစားမှာပါ အမေ၊ အမေ့လို လူဆိုးလူမိုက်တွေရဲ့ အနိုင်ကျင့်စော်ကားမှုတွေပေးတာ ခံရသူတွေဘက်က ရပ်တည်ပြီး လူဆိုးလူမိုက်တွေကို ရှင်းလင်းဆုံးမနိုင်အောင် သားကြိုးစားမှာပါ အမေ"

ဟု စိတ်ထဲမှ တတွတ်တွတ်ပြောဆိုကတိပေးလျက် ရှိပါတော့သတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

အိုင်အိုချစ်သွေးမွေးဖွားခြင်း

ဝေဝေမင်းရယ်သံ

မက်ချွတ်တိုက်ပွဲ

မီချွန်ရိုး

သမုဒယပန်းပွင့်



# အခန်း (၂)

## အိုင်အိုချစ်သွေးမွေးဖွားခြင်း

ချစ်သွေးမှာ သူရည်ရွယ်ထားသည့်အတိုင်း မက်ထရစ်စာမေးပွဲ အောင်စာရင်းထွက်ပြီးသည့်နောက် စာမေးပွဲအောင်မြင်သဖြင့် ဆပ်ကျောင်းတက်ရန် ကြိုးစားလုံးပန်းတော့၏။

ရှေးဦးစွာ ချစ်သွေးသည် သူ၏ကျေးရွာရှင် ဆရာသမားဖြစ်သည့် ဝသုန် တာဝန်လွှဲအပ်ထားသော ရှေ့နေကြီးဦးလုဘူးထံသို့သွားကာ သူ၏ရည်ရွယ်ချက်ကို ပြောပြလေ၏။

ရှေ့နေကြီးဦးလုဘူးကလည်း ချစ်သွေး ဆင်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



တက်မည့်ကိစ္စကို အားပေးလေ၏။

"မင်းရဲ့ရည်ရွယ်ချက် ကောင်းပါတယ် မောင်ချစ်သွေး ဦးကလည်း ဥပဒေသမားဆိုတော့ မင်းရဲ့ရန်သူတွေကို ဥပဒေ ဘက်တော်သားအဖြစ် ရပ်တည်ပြီးမှ ဥပဒေဘောင်အတွင်းက ရင်ဆိုင်တာကို အားပေးပါတယ်၊ မင်း ဆပ်ကျောင်းတက်တုန်း လိုအပ်တဲ့အသုံးစရိတ်ကို ဦး စာတိုက်ကနေ မန်နီးအော်ဒါနဲ့ ပို့ပေးပါ့မယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ဦး။ ဒါထက် မမဝသုန်တို့ ဆီကရော စာအဆက်အသွယ် မရဘူးလားခင်ဗျာ"

"အင်း ဝသုန့်ဆီက နှစ်လတစ်ခါလောက်တော့ စာရပါ တယ် မောင်ချစ်သွေးရဲ့၊ ဒါပေမဲ့ အဲဒီစာတွေထဲမှာ ဝသုန်ရဲ့ နေရပ်လိပ်စာမပါလို့ ဦးအနေနဲ့ စာမပြန်နိုင်ပါဘူး၊ ဝသုန်ရဲ့ စာဖတ်ရတာတော့ သူဟာ မြန်မာပြည်နယ်စပ်ဘက် ရောက်နေ တယ်ထင်တာပဲ၊ သူ့စာတွေရဲ့ အဓိကဆိုလိုရင်းအချက်ကတော့ သူညွှန်ကြားလွှဲအပ်ထားတဲ့အတိုင်း ဦးက ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံ တိုက်တွန်းတဲ့သဘောပါ"

"ဪ"

ချစ်သွေးမှာ သူ၏ကျေးဇူးရှင်ဝသုန့်ကို ဆက်သွယ်ချင် သော်လည်း ဆက်သွယ်ခွင့်မရချေ။





"ဘာပဲဖြစ်ဖြစ် ဝသုန်က မောင်ချစ်သွေးကို လူကောင်း သူကောင်း ထူးချွန်ထက်မြက်သူ ဖြစ်စေချင်တယ်၊ ဒီတော့ သူ့ရဲ့ စေတနာဆန္ဒနဲ့အညီ ကြိုးစားပေါ့ကွယ်၊ တစ်နေ့နေ့ ကံကြုံရင် တော့ မင်းတို့မောင်နှမ ဆရာတပည့် ပြန်ဆုံရမှာပေါ့"

ထိုစဉ်က ရှေ့နေကြီးဦးလှဘူး နိမိတ်ဖတ်သည့်အတိုင်း ဆက်နေသောအခါဝယ် ချစ်သွေးမှာ သူလွမ်းစွာပြန်လည်တွေ့ချင် သည့် သူ၏ကျေးဇူးရှင် ဆရာသမားဖြစ်သူ ဝသုန့်ကို ပြန် လည်ဆုံတွေ့ခွင့်ရပါ၏။

သို့သော် ထိုသို့ဆုံတွေ့ရခြင်းသည် သူ အမျှော်လင့်ကြီး မျှော်လင့်ထားသလို ကောင်းသောဆုံတွေ့ခြင်းမဟုတ်ကြောင်း ထိုစဉ်က မသိခဲ့ချေတကား။

❖

ချစ်သွေးမှာ ဆပ်ကျောင်းသို့တက်ပြီးနောက် ပုလိပ်တပ် ဖွဲ့အတွင်းဝယ် တာဝန်ကို ကြိုးစားထမ်းဆောင်လေ၏။

သို့ဖြင့် တာဝန်ကျရာ အရပ်ဒေသများသို့ ပြောင်းရွှေ့



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ဆန်းဆောင်ရင်းမှ လုပ်သက်ငါးနှစ်ခန့်အရဝယ် ရာဇဝတ် အုပ်လေးရာထူးဖြင့် အုတ်တွင်းဂါတ်သို့ တာဝန်ကျလေ၏။

ရွှေမြင်သာမြို့မှာ အုတ်တွင်းဒိစတြိတ်အပိုင်အတွင်းမှာ တည်ရှိသဖြင့် ရွှေမြင်သာမြို့၏ ရာဇဝတ်မှုဆိုင်ရာ အမှုကိစ္စတို့ ကို ချစ်သွေးတို့ပုလိပ်ဌာနကပင် ကိုင်တွယ်ဆောင်ရွက်ရလေ၏

ချစ်သွေးမှာ ဝသုန်မှာကြားခဲ့သည့် စကားအတိုင်း ဝသုန်နှင့်ခွဲခွာခဲ့ပြီး၍ ငါးနှစ်တင်းတင်းပြည့်သောနေ့တွင် ရွှေမြင် သာမြို့သို့ ဌာနာပိုင်ဂျစ်ကားလေးဖြင့် သွားရောက်ခဲ့ပြီး ရှေ့နေ ကြီးဦးလှဘူး၏အိမ်သို့ ဝင်လေ၏။

ဆောင်းနှံနက်ခင်းဝယ် သက္ကလတ်ဘောင်းဘီရှည်၊ ဖရေဇာကုတ်အင်္ကျီတို့ကို ဝတ်ဆင်ကာ သက္ကလတ်ဦးထုပ်ဆောင်း ထားသော ချောချောသန့်သန့် လူရွယ်တစ်ဦး အိမ်ထဲသို့ဝင်လာ သည်ကို ဦးလှဘူးသည် မည်သူမှန်းမသိသဖြင့် အငေးသား ကြည့်နေမိလေ၏။

"ဟဲလို ...ဦး နေကောင်းတယ်နော်"

ဟု ချစ်သွေးက ခပ်ပြုံးပြုံးဖြင့်နှုတ်ဆက်ရင်း ဦးလှဘူး၏ ရှေ့မှ ဆက်တီဝယ် ဝင်ထိုင်လျက် ဦးထုပ်ကိုချွတ်လိုက်ရာ ထိုအ ခါမှ ဦးလှဘူးမှာ ချစ်သွေးကိုမှတ်မိပြီး အံ့အားသင့်သွားလေ၏။

"ဟာ မောင်ချစ်သွေးပါလား။ ဦးဖြင့် ရုတ်တရက် မှတ်





ာင်မမှတ်မိပါလားကွယ်၊ မောင်ရင်က တကယ့်လူချောလူ န့်တစ်ဦး ဖြစ်လာတာကို၊ အခု ရာဇဝတ်အုပ်ဖြစ်နေပြီလား"

"ဟုတ်ကဲ့ ဦး ...အုတ်တွင်းဂါတ်မှာ တာဝန်ကျပါ ယ်"

"ရော ...ကိုယ့်ရပ်ကိုယ့်ရွာ ဇာတိဒေသမှာ တာဝန် ကျတော့ ကောင်းတာပေါ့ကွယ်"

"ဟုတ်ပါတယ် ဦး။ ကျွန်တော့်ရဲ့ရည်ရွယ်ချက်ကိုလည်း င်းသိပါတယ်၊ မြန်မာပြည်အရပ်ရပ်က ဂါတ်တွေမှာ လှည့် ည့်တာဝန်ထမ်းဆောင်နေရာက အုတ်တွင်းဂါတ်ကို တာဝန်ကျ တော်မရှင်နာမင်းကြီးနဲ့ ဆက်သွယ်ပြီး အတော်ကြိုးစားခဲ့ရပါ ယ်"

"ဟဲဟဲ ...မောင်ရင်လေးရဲ့ ရန်သူတော်တွေနဲ့ မြန်မြန် ဆက်ပြန်ဆုံရအောင်ပေါ့ ...ဟုတ်လား"

"ဟုတ်ကဲ့ ...အဲဒီရည်ရွယ်ချက်ကတော့ ပထမဦးစား း ရည်ရွယ်ချက်ပေါ့ ဦးရယ်၊ ဒါထက် ကျွန်တော် အခု ဦး င်းဆီလာတာက မမဝသုန်ရဲ့ မှာကြားချက်အရ လာခဲ့တာပါ င်ဗျာ"

"ဩော် ...ဝသုန် ဦးဆီမှာအပ်ထားခဲ့တဲ့ သိုင်းကျမ်းရေး သာ့တံလေးကိစ္စလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဦး"

"အေး ဦးလည်း မင်း သော့တံလေးလာယူဖို့ မေ့မှာ မေ့နေပြီလားလို့ မနေ့ကတောင် တွေးမိသေးတယ်ကွယ့်၊ ခဏေ ဦး ဦး သော့လေးသွားယူလိုက်ဦးမယ်ကွယ်"

ဟုပြောကာ ဦးလှဘူးမှာ ထိုင်ရာမှထပြီး အိမ်အတွင်း ခန်းထဲသို့ ဝင်သွားလေ၏။

ခဏအကြာဝယ် ဦးလှဘူးသည် အိမ်အတွင်းခန်းထဲ ယွန်းဘူးလေးတစ်လုံးကိုယူကာ ပြန်ထွက်လာပြီးလျှင် ယွန်းဘူ လေးကို ဆက်တီစားပွဲပုလေးပေါ် တင်လိုက်လေ၏။

ယွန်းဘူးလေး၏အဖုံးကို ဖွင့်လိုက်ရာ အထဲ၌ ငွေရောင် တောက်လက်နေသော သော့တံလေးတစ်ချောင်းကို တွေ့ရလေ ၏။ ဦးလှဘူးက သော့တံလေးကိုနှိုက်ယူကာ ချစ်သွေးကိုပေ လိုက်ပြီး ...

"ကဲ မောင်ချစ်သွေးရေ ရော့ မင်းရဲ့အစ်မဝသုန် ပေ အပ်ထားတဲ့ သော့တံလေးပဲတွယ့်၊ ဒီသော့တံလေးပေးပြီးရင် တော့ မောင်ရင်နဲ့ပတ်သက်တဲ့ ကျုပ်ရဲ့တာဝန် ပြီးဆုံးပြီပေ့ ကွယ်"

ဟု ပြောလိုက်ရာ ချစ်သွေးမှာ သော့တံလေးကို လက်ခံ ယူရင်း ဦးလှဘူးအား ကျေးဇူးတင်စွာကြည့်ကာ ...





"ကျေးဇူးပါပဲ ဦးမင်းရယ်၊ ဦးမင်းရဲ့ အတိအကျဆောင် ခဲ့မှုအတွက် ကျေးဇူးတင်ပါတယ်၊ ကဲ ကျွန်တော့်ကိုလည်း ခွင့်ပြုပါဦးခင်ဗျာ"

"ကောင်းပါပြီ မောင်ချစ်သွေးရယ်၊ ကောင်းပါပြီ"

ချစ်သွေးလည်း သော့တံလေးကို စမ်းမြောက်စွာယူကာ ခိုင်သာမြို့လေးကို နှစ်ပတ်သုံးပတ်ခန့် ရစ်ကားဖြင့် လှည့်ပတ် ကြည့်ပြီးနောက် အုတ်တွင်းသို့ ပြန်ခဲ့လေတော့၏။

သူသည် အုတ်တွင်းသို့ ပြန်ရောက်လေလျှင် ဂိတ်တဲဝင်း ယ် ကားကိုထားခဲ့ပြီး သူငှားရမ်းနေထိုင်သော အုတ်တွင်း ်နှင့် တစ်လမ်းကျော်ရှိ လုံးချင်းအိမ်လေးသို့ ခပ်သွက်သွက် လာလေ၏။

အိမ်သို့ပြန်ရောက်ရောက်ချင်း သူရောက်လေရာအရပ်သို့ လေးတစားယူဆောင်သွားတတ်သည့် ဝသုန်ပေးထားသော သေတ္တာလေး၏ မျောက်လက်မှ သော့ခလောက်ကို သော့ လေးဖြင့် ဖွင့်လိုက်လေ၏။

သေတ္တာလေးပွင့်သွားသည်တွင် သေတ္တာလေးထဲမှ အဖုံးအနီရောင်နှင့် စာအုပ်လေးတစ်အုပ်ကို တွေ့ရလေ၏။

စာအုပ်လေးမှာ မှတ်စုစာအုပ်အကြီးစားခန့်ရှိကာ ာသားတို့မှာ ဝါကျင်ကျင်ဖြစ်နေပြီး မှင်ဖြင့် ရေးမြန်မာစာလုံး



www.burmeseclassic.com

www.burmeseclassic.com



များ ပုံစံရေးသားထားလေ၏။ ရုပ်ပုံများလည်းပါ၏။ စာအုပ်ဖြ
သူ၏အမည်ကို မင်းကြီးမင်းခိုင် (ကိုးခရိုင်ဝန်)ဟု စာအုပ်
ပထမစာမျက်နှာမှာပင် ရေးထိုးထားလေ၏။

(ယင်းရှေးဟောင်းလျှို့ဝှက် အဆင့်မြင့်သိုင်းကျမ်းကို ပြု
စုသူ မင်းကြီးမင်းခိုင်(ကိုးခရိုင်ဝန်)ဆိုသူမှာ မြန်မာတို့၏ နော
ဆုံးဘုရင်ဖြစ်သော သီပေါမင်းတြားကြီးက ကိုးခရိုင်ဝန်အဖြ
ခန့်ထားခဲ့သူဖြစ်ပြီး သီပေါမင်းပါတော်မူပြီးနောက် သီပေါမင်
သားတော်တစ်ပါးဖြစ်သော မြင်စိုင်းမင်းသား၏နောက်သို့ နော
ပါတပည့်အင်အား (၅၀၀)နှင့် အတူလိုက်ပါကာ နယ်ချဲ့မျက်
ဖြူတို့ကို ရဲဝံ့စွာ တွန်းလှန်တိုက်ခိုက်ဆန့်ကျင်ခဲ့သည့် နယ်ချဲ့ဆ
ကျင်ရေးခေတ်ဦးတွင် လွန်စွာထင်ရှားခဲ့သော မျိုးချစ်သူရဲကော
ကြီးတစ်ဦး ဖြစ်ပါ၏။ အင်ရောင်းဗိုလ်ခိုင်ဟူ၍ ကျော်စော
မြင်စိုင်းမင်းသား၏ လွန်စွာအားကိုးခြင်းခံရသူဖြစ်၏။ ထို့ကြော
မြင်စိုင်းမင်းသား ကွယ်လွန်ခါနီးတွင် သူ၏ရွှေစလွယ်နှင့် ရွှေ
ကိုပေးအပ်ကာ နယ်ချဲ့တို့ကို ဆက်လက်ဆန့်ကျင်တော်လှန်
တာဝန်လွှဲအပ်ခဲ့လေ၏။

အင်ရောင်းဗိုလ်ခိုင်သည် နယ်ချဲ့တော်လှန်ရေးသ
ကြီးများဖြစ်ကြသော ဗိုလ်မြတ်မွန်၊ ဗိုလ်ချင်းတို့နှင့်အတူ အ
အား(၆၀၀၀)ခန့် စုစည်းပြီး နယ်ချဲ့မျက်နှာဖြူတို့ သိမ်းပိုက်ထ





သည့် ကျောက်ဆည်မြို့ကို ဝိုင်းရံစိတ်ဆို့တိုက်ခိုက်ခဲ့လေ၏။

မြန်မာနိုင်ငံတစ်နိုင်ငံလုံး နယ်ချဲ့တို့၏လက်အောက်သို့ ကျရောက်သွားသောအခါတွင် အင်္ဂလိပ်အစိုးရပေးသော မြို့ဝန်ရာထူးကို ငြင်းပယ်ကာ ကျောက်ဆည်ခရိုင်အတွင်းရှိ အင်ရောင်းကျေးရွာ၌ ခြံစိုက်စားလျက် အသက်ထက်ဆုံး အခြေချနေထိုင်ခဲ့သူ မြန်မာ့သူရဲကောင်းကြီးတစ်ဦး ဖြစ်လေ၏။

စာရေးသူ)

သိုင်းကျမ်းပြုစုသူ၏ အာဘော်အရ ယင်းကျမ်းစာအုပ်ပါ အဆင့်မြင့်လျှို့ဝှက်သိုင်းပညာရပ်များမှာ ရှေးဟောင်းမြန်မာ့သိုင်းပညာရပ်များအပြင် ဂန္ဓာလရာဇ်တိုင်းမှ နန်းတွင်းသုံး လျှို့ဝှက်ပညာရပ်များပါ ပါဝင်ကြောင်း သိရလေ၏။

လျှို့ဝှက်အဲ့ဖွယ်ရာ အဆင့်မြင့်ပညာရပ်များကို တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းရေးထိုး မှတ်တမ်းတင်ထားသလို သိုင်းကွက်များကို ပုံများဖြင့် ရေးဆွဲပြထားလေ၏။

ချစ်သွေးလည်း ယင်းရှေးဟောင်းသိုင်းကျမ်းကို လွန်စွာစိတ်ဝင်တစား လေ့လာဖတ်ရှုကာ ကျမ်းစာအုပ်ပါ သိုင်းပညာရပ်များကို ညနေတိုင်း ခြံဝင်းထဲ၌ လေ့ကျင့်လေ၏။

လွန်စွာလျှို့ဝှက်သည့် လေ့ကျင့်ခန်းများကိုမူ ညဉ့်နက်ရောက်မှ လရောင်ဖြင့် လူမသိသူမသိ လေ့ကျင့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သွေးသည် အဆင့်မြင့်လှူ့ဝှက်သော ရှေးဟောင်း တော်ဝင် သိုင်းပညာရပ်များကို လေ့လာသင်ယူလေ့ကျင့်ရင်း တစ်ဖက်မှလည်း စာဝန်ဝတ္တရားတို့ကို ကျေပွန်အောင် ကြိုးစား ထမ်းဆောင်လေ၏။

သူ၏လက်ဝယ်ရရှိထားသော သိုင်းကျမ်းမှာ ကိုယ်ရုံ ကာပညာရပ်ကို လိုက်စားသူတို့အတွက် ရတနာရွှေအိုးနှင့် တူ လေ၏။ အဘယ်ကြောင့်ဆိုသော် တကယ့်သိုင်းပညာရပ်တို့၏ ထိပ်တန်းအဆင့် အနှစ်များချည်း ပါဝင်သောကြောင့်ဖြစ်၏။

ချစ်သွေးသည် ယင်းသိုင်းကျမ်းထဲမှ ပညာရပ်တို့ကို လေ့ကျင့်သင်ကြားရင်း ခန္ဓာကိုယ်သည် ငှက်လိုပေါ့ပါးလာ၏။ ဆင်ပြောင်လို အားမာန်ကြီးလာ၏။ ကျားရဲလို ကြမ်းတမ်းလာ ၏။ ခြင်္သေ့လို ရဲရင့်ထက်မြက်လာ၏။

ယင်းသိုင်းကျမ်းထဲ၌ တိုက်ခိုက်ရေးပညာရပ်များအပြင် စိတ်အား အတွင်းအားတို့ ဖော်ထုတ်အသုံးချသောပညာလည်း ပါဝင်လေ၏။ အဆိပ်အမျိုးမျိုး၊ လက်နက်ပုန်းအမျိုးမျိုး အသုံး ပြုနည်းလည်း ပါဝင်လေ၏။

ယုတ်စွအဆုံး မြေလှျိုးမိုးပျံလုခမန်း ထူးဆန်းသော ပညာရပ်များလည်း ပါဝင်လေ၏။

သို့ဖြင့် ချစ်သွေးကား လှူ့ဝှက်အဆင့်မြင့် သိုင်းပညာ

ရု နှစ် စဉ် ကြယ် စာ ပေ



များတတ်ကျွမ်းသော ထက်မြက်ရဲရင့်သည့် ရာဇဝတ်အုပ်တစ်ဦး ဖြစ်လာကာ မကြာမီပင် အုတ်တွင်းဒိစတြိတ်တစ်ခွင်ဝယ် အိုင်အို ချစ်သွေးဟူ၍ နာမည်ဂုဏ်သတင်း ထင်ရှားလာပါတော့သ တည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## သေမင်းရယ်သံ

တစ်နေ့သ၌ ...

အော်စတင်ကားလေးတစ်စီးသည် ရွှေမြင်သာမြို့၏ အောက်ချိုင့်ဟုခေါ်သော ရပ်ကွက်ထဲ မောင်းနှင်ဝင်ရောက်လာကာ သစ်သားပြားများဖြင့် ခြံစည်းရိုးမြင့်မြင့်ကာရံထားသည့် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး တစ်အိမ်ရှေ့ဝယ် ရပ်တန့်လိုက်လေ၏။

ကားပေါ်မှ လည်ပင်းဝယ် မာဖလာစည်းကာ သက္ကလတ်ကုတ်အင်္ကျီကြီးဝတ်လျက် ခါး၌ ပိုက်ဆံထည့်သည့် သားရေ





အိတ်ငယ်ပါသော ခါးပတ်ကြီးပတ်ထားပြီး ပေတင်ရှူးဖိနပ်စီးထားသူ ထိပ်ပြောင်ပြောင်နှင့် လူဝကြီးတစ်ဦးသည် ဘန်ကောက်လုံချည် တရွှမ်းရွှမ်းဖြင့် ဆင်းသက်လာလျက် ပိတ်ထားသော ခြံတံခါးကို ခေါက်လေ၏။

'ဒေါက် ‥ ဒေါက် ‥ ဒေါက် ‥'

ထိုအခါ ခြံတံခါးပွင့်သွားကာ တံခါးဝ၌ လူမိုက်ရုပ်ပေါက်နေသည့် နှုတ်ခမ်းမွေး ကျိုးတိုးကျဲတဲနှင့် မေးရိုးကားကား ဂင်တိုတိုလူတစ်ဦးပေါ်လာပြီးလျှင် ထိပ်ပြောင်ပြောင်နှင့် လူဝကြီးကို ငှူးစမ်းသလိုကြည့်လျက် ...

"ဩော် ... မြို့တောင်ပိုင်းက ပွဲစားကြီးဦးခင်ကြိုင်ပါလား ... ဘာကိစ္စရှိလို့ပါလဲခင်ဗျာ"

ဟုမေးလေလျှင် ဦးခင်ကြိုင်လည်း ခြံတံခါးဝမှ အထဲသို့ ကဲကြည့်ကာ ...

"မောင်တို့ရဲ့ဆရာ ကိုဟာကင်နဲ့ တွေ့ချင်လို့ပါကွယ်၊ စကားနည်းနည်းပြောချင်လို့ပါ၊ ကျုပ်လာတယ်လို့ပြောပေးပါ"

ဟု ပြောလိုက်လေ၏။

ခြံဝမှလူလည်း ခဏစောင့်ပါရန်ပြောပြီး တံခါးကိုပြန်စေ့ကာ ပျောက်ကွယ်သွားတော့၏။ အတန်ကြာသည်တွင် တံခါးပြန်ပွင့်လာပြီး ဝင်းထဲသို့ ဦးခင်ကြိုင်ကိုဖိတ်ခေါ်ကာ အိမ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



သို့တက်သွားပါရန် ပြောဆိုလေ၏။

ဦးခင်ကြိုင်သည် ခြံဝင်းကြီးထဲဝင်ခဲ့ပြီး သစ်သားလှေကားထစ်များမှနေ၍ ဖိနပ်ချွတ်ဝရန်တာသို့ တက်ခဲ့သည်တွင် ခွေးခြေခုံများနှင့် ထိုင်နေကြသည့် ရုပ်ကြမ်းကြမ်းလူရွယ်သုံးဦးကို တွေ့ရလေ၏။

ကျွန်းလျှာထိုးများခင်းထားသည့် ဧည့်ခန်းကြီးထဲ လှမ်းဝင်လိုက်သည့်အခါတွင်မူ ကြိမ်ဆက်တီခုံတစ်လုံးပေါ်ဝယ် မိန့်မိန့်ကြီးထိုင်ကာ ကပ်ကြေးပိုလိုစီးကရက်ကို ဟန်ပါပါဖွာနေသော ကုလားဟာကင်ကို တွေ့ရလေ၏။

ဟာကင်သည်ကား ဖလန်နယ် အင်္ကျီကွက်ကျားကြီးနှင့် သက္ကလတ်ဘောင်းဘီရှည်အနက်ကို ဝတ်ဆင်ထားကာ ခြေနှစ်ချောင်းကို ချိတ်ထိုင်ရင်းမှ ဦးခင်ကြိုင်အား ဆက်တီခုံတစ်လုံးကို လက်ညှိုးညွှန်ပြပြီးလျှင် ခပ်ပြုံးပြုံးအမူအရာဖြင့် ခရီးဦးကြိုလေ၏။

"ထိုင်ပါ ဦးမင်း ... မလာစဖူး ကျုပ်ရဲ့အိမ်ကို လာပုံထောက်တော့ ကိစ္စထူးရှိပြီထင်တယ်"

ဟု ကုလားဟာကင်က မှတ်ချက်ပြုလိုက်ရာ ဦးခင်ကြိုင်မှာ ဆက်တီခုံဝယ် ထိုင်လိုက်ရင်းမှ အိမ်ရှေ့ဖိနပ်ချွတ် ဝရန်တာဘက်သို့ နောက်ကျောမလုံသလို ငဲ့ကြည့်လိုက်လေ၏။





ကုလားဟာကင်လည်း ဦးခင်ကြိုင်၏ အမူအရာကို ကြည့်ရသည်မှာ တစ်စုံတစ်ရာ အရေးကြီးသော စကားပြောရန်ရှိသည်ဟု ယူဆရသဖြင့် သူ၏တပည့်များအား လှမ်းအော်ပြောအာ နှင်ထုတ်လိုက်လေ၏။

"ဟေ့ ... ကောက်ကြီးတို့ ညွန့်ရှိန်တို့ ... ဒီမှာ စကားပြောစရာ ရှိလို့ မြင်းဖောင်းဘက် သွားနေကြစမ်းကွာ"

ဖိနပ်ချွတ်ဝရန်တာပေါ်မှ လူရွယ်တို့ဆင်းသွားသည်တွင် ပွဲစားကြီး ဦးခင်ကြိုင်သည် ကုတ်အင်္ကျီအတွင်းအိတ်ထဲမှ ဓာတ်ပုံတစ်ပုံကို ထုတ်ယူပြီး ဟာကင့်ထံကမ်းပေးရင်း ...

"ကျုပ် မောင်ရင့်ကို ဟောဒီဓာတ်ပုံထဲက ကောင်မလေးနဲ့ပတ်သက်ပြီး အလုပ်အပ်ချင်လို့ပါကွယ်"

ဟု ခပ်တိုးတိုးပြောလိုက်လေ၏။

ဟာကင်လည်း ဓာတ်ပုံထဲမှ ပဒုမ္မာအင်္ကျီ၊ ဇူရတီထဘီတို့ ဝတ်ဆင်ထားကာ အိမ်တော်ရာထီးဆောင်းလျက် မတ်တပ်လေးရပ်နေသော ယဉ်စစရှိသည့် မိန်းမချောလေးကို စူးစိုက်ကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်လေ၏။

"သူ့ကို ကျုပ် ဈေးထဲမှာ နှစ်ခါသုံးခါလောက် တွေ့ဖူးတယ်ထင်ပါတယ် ဦးမင်း၊ ပြောပါဦး သူ့နဲ့ပတ်သက်ပြီး ဘယ်လိုအလုပ်မျိုး အပ်ချင်လို့ပါလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ ကိုဟာကင်ရယ် ... ကျုပ်တို့မြို့က သိပ်မကျယ်လှတော့ ကျုပ်မိန်းမနဲ့ပါလာတဲ့ ဖောဒီ ကျုပ်ရဲ့မယားပါသမီးလှိုင်ပပကို မောင်ရင်မြင်ဖူးမှာပါပဲ၊ ကျုပ် မောင်ရင့်ကို အလုပ်အပ်ချင်တာကတော့ အဲဒီလှိုင်ပပကို လက်သည်မပေါ်အောင်အပြတ်ရှင်းပေးဖို့ပါပဲ"

ဟာကင်မှာ မျက်ခုံးနှစ်ဖက်ပင့်သွားရာမှ ပြုံးလိုက်ပြီးခေါင်းတညိတ်ညိတ် လုပ်လိုက်လေ၏။

"ဟုတ်ပြီ ... အဲဒီကိစ္စအတွက် ဦးက ဘယ်လောက်ပေးမှာလဲ၊ ဒီကောင်မလေးရဲ့ အမွေဆက်ခံခွင့်သတင်းကို ကျုပ်ကရထားပြီးသားနော်၊ သူ့ကိုရှင်းလိုက်ရင် ဦးခင်ကြိုင်အတွက် ဘယ်လောက်အကျိုးအမြတ်ရှိမလဲဆိုတာ သိပြီးသား ... ဟဲဟဲဟဲ"

ကုလားဟာကင်သည် တဟဲဟဲရယ်ပြီးနောက် ပိုလိုင်းကရက်ကိုမွှာရင်း မျက်လုံးမှေးစင်းကာ ဦးခင်ကြိုင်ကို ကြည့်နေလေရာ ဦးခင်ကြိုင်လည်း မုတ်ဆိတ်နှုတ်ခမ်းမွေးဗရပျစ်နှင့်ကုလားဟာကင်အား မော့ကြည့်လိုက်ပြီး ...

"ကျုပ် ငွေငါးထောင်ပေးပါ့မယ်ကွယ်၊ ပိပြင်အောင်သာလုပ်ပေးပါ"

ဟုပြောလိုက်ရာ ကုလားဟာကင်မှာ သဘောကျသွားတော့၏။

ခုနစ် စဉ် ကြယ် တ ပေ



"ဦးခင်ကြိုင်ပေးတဲ့ကြေးက မဆိုးပါဘူး၊ ကျုပ်မှာလည်းလုပ်ပြီးကိုင်ပြီးရင် ပုလိပ်ဘက်ကိုခွဲ့ရမှာနဲ့ ကျုပ်ရဲ့တပည့်တွေကိုခွဲပေးရမှာနဲ့ သိပ်ကျန်တာမဟုတ်ပါဘူး၊ အေးလေ ... လုပ်ပေးရမှာပေါ့"

"နေရာကျလိုက်လေကွယ်၊ ပိပိရိရိသာ လုပ်ပေးပါ၊ ကျုပ်ရဲ့စနက်မှန်း တစ်မြို့လုံးမရိပ်မိအောင် လုပ်ပေးပါ၊ ဒီမှာ စရန်နှစ်ထောင်ပေးခဲ့ပါ့မယ်၊ ကိစ္စပြီးတာနဲ့ သုံးရက်အတွင်း သုံးထောင်ထပ်ပေးပါ့မယ်"

"ဟုတ်ပြီ ... ဟုတ်ပြီ ... ဟာကင်တို့ လုပ်လိုက်ကိုင်လိုက်တော့ မပီပြင်,မပိရိဘူးဆိုတာ မရှိစေရဘူး .. ဟက်ဟက်ဟက်"

ငွေစက္ကူထပ်ကို လက်တစ်ဖက်ဖြင့်ကိုင်ကာ အခြားလက်ဝါးကို တဖတ်ဖတ်ရိုက်ရင်း ကုလားဟာကင်၏ ခပ်အစ်အစ်ရယ်သံမှာ မရဏာသေမင်း၏ရယ်သံပင် ဖြစ်ပါလေသတည်း။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



# ဝက်နွှတိုက်ပွဲ

လိုင်ပပမှာ အမေရိကသူလေးဖြစ်ပြီး အသားညိုစိမ့်စိမ့် ညိုချောချောသူလေးဖြစ်၏။ မျက်လုံးမျက်ဖန်ကောင်းကောင်း၊ နှာတံထင်းထင်း၊ ဆံပင်ရှည်ရှည်နှင့် လိုင်ပပမှာ ခန္ဓာကိုယ်လည်း ကြော့ရှင်းလှပသူလေးဖြစ်သည်။

သူမ၏အဘိုး ဦးသာဇံမှာ အမေရိကဝယ် ယက္ကန်းရုံပိုင်ရှင်ဖြစ်ပြီး အဘိုးဦးသာဇံ ကွယ်လွန်ပြီးနောက် ယက္ကန်းရုံတို့ကို ရောင်းချကာ အဘွားဖြစ်သူက မန္တလေးသို့ပြောင်းပြီး ဈေးချို၌





ဆိုင်တည်လေ၏။

လိုင်ပပ၏မိခင် မနှင်းလှိုင်မှာ တစ်ဦးတည်းသမီးဖြစ်ကာ ချိမှ ဆိုင်နီးချင်း ရွှေဆိုင်ပိုင်ရှင်လင်မယား၏ တစ်ဦးတည်း သား မောင်သက်အောင်ဆိုသူနှင့် မနှင်းလှိုင်ကို လက်ဆက် ခဲ့သည်။

မောင်သက်အောင်နှင့် မနှင်းလှိုင်တို့မှ လိုင်ပပကို မွေး လာပြီးနောက် လိုင်ပပ ဆယ်နှစ်သမီးခန့်အရောက်မှာပင် င်ဖြစ်သူကိုသက်အောင်မှာ မန္တလေးမှ ပြင်ဦးလွင်သို့အသွား ၌ ကားမှောက်ကာ သေဆုံးခဲ့ရရှာသည်။

ထိုအခါ နှစ်ဖက်သော အဘိုးအဘွားတို့က သူတို့၏ စဉ်ဘောင်ဆက် အမွေအနှစ်တို့ကို တစ်ဦးတည်းသော မြေးမ းဖြစ်သော လိုင်ပပ၏နာမည်နှင့် လွှဲအပ်ခဲ့ကြလေတော့သည်။

သို့ဖြင့် လိုင်ပပ ဆယ့်ငါးနှစ်သမီးခန့်အရောက်ဝယ် င်ဘက်မှ အဘွားရော ဖခင်ဘက်မှ အဘိုးအဘွားတို့ပါ ရှေ့ ်နောက်ဆင့်ဆိုသလို ကွယ်လွန်ခဲ့ကြရာ ဘိုးဘွားစဉ်ဆက် မွေအနှစ်အားလုံးကို လိုင်ပပ လက်ခံရရှိခဲ့လေ၏။

ယင်းနောက် တစ်နှစ်ခန့်အကြာတွင် မနှင်းလှိုင်မှာ ဈေး ရွှေဆိုင်ကို လက်လွှဲရောင်းလိုက်ပြီး ကျောက်အရောင်းအဝယ် လုပ်ရာ ပွဲစားကြီးတစ်ဦးဖြစ်သူ ဦးခင်ကြိုင်နှင့် ရင်းနှီးမင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရာမှ လက်ထပ်ပေါင်းသင်းခဲ့တော့၏။

ဦးခင်ကြိုင်မှာ မန္တလေး၊ ပြင်ဦးလွင်တို့၌ အနေများသေ
လည်း သူ၏ဇာတိမှာ ရွှေမြင်သာဖြစ်လေ၏။

ဦးခင်ကြိုင်နှင့် ဒေါ်နှင်းလှိုင်တို့ အိမ်ထောင်သက် အ
နှစ်ခန့်အရောက်ဝယ် ဒေါ်နှင်းလှိုင်မှာ မီးယပ်ရောဂါစွဲကပ်
ကျန်းမာရေးချူချာလာရာ အရောင်းအဝယ်လုပ်ငန်းမလုပ်တေ
ဘဲ မန္တလေးထီးတန်းရပ်မှအိမ်ကြီးကို ရောင်းချလျက် ဦးခင်ကြိုင်
၏ဇာတိ ရွှေမြင်သာသို့ အပြီးတိုင်ပြောင်းရွှေ့ခဲ့တော့၏။

ဦးခင်ကြိုင်မှာ စီးပွားရေးအခြေခံ သိပ်မရှိလှသော်လည်
အပြောအဆို မင်မောင်းကောင်းသူဖြစ်ကာ ဇနီးဖြစ်သူ အိမ်ရော
ရငွေဖြင့် ကိုယ်ပိုင်ကားလေးတစ်စီးဝယ်ပြီး ရွှေမြင်သာမြို့၌
မျက်နှာဖုံး ပွဲစားသူဌေးကြီးဂိုက် ဖမ်းနေသူဖြစ်၏။

ဦးခင်ကြိုင်မှာ တစ်ဖက်မှ လောင်းကစားအလုပ်
ဝါသနာကြီးသူဖြစ်ရာ သူ၏စီးပွားဥစ္စာတို့မှာ တတိတိကုန်ခ
လျက်ရှိပြီး ဟန်မပျက်နေနေရသူဖြစ်၏။

ယခု ဇနီးဖြစ်သူ၏ ကျန်းမာရေးမှ တစ်နေ့တခြားဆိုးရွ
လာရာ ဇနီးဖြစ်သူဒေါ်နှင်းလှိုင် ကွယ်လွန်သွားပါက မယား
သမီး လှိုင်ပပကိုပါ လက်လွှတ်ရမည်ဖြစ်ချေ၏။

သို့ကြောင့် ဇနီးမကွယ်လွန်မီ လှိုင်ပပကို အပြတ်ရှင်





နိုင်ပါက လှိုင်ပပရရှိမည့် အမွေအနှစ်ဖြစ်သော ဘဏ်မှငွေ
ကြေးအားလုံးကို ဦးခင်ကြိုင် လက်ဝါးကြီးအုပ် ရရှိနိုင်မည်ဖြစ်
၏။

ယင်းကြောင့် ဦးခင်ကြိုင်မှာ သူ၏မယားပါသမီး လှိုင်
ပပအား အပြတ်ရှင်းရန် ကြံစည်လုပ်ဆောင်ခြင်းဖြစ်ပါသတည်း။

❖

လှိုင်ပပမှာ မက်ထရစ်တန်းအထိ တက်ရောက်ခဲ့ပြီး
မိခင်၏ကျန်းမာရေးကြောင့် မန္တလေးမှ ရွှေမြင်သာသို့ ပြောင်းပြီး
ကတည်းက ကျောင်းပညာရေးနှင့် ဝေးကွာခဲ့ကာ ဝါသနာပါရာ
စီးပွားဖြစ် ပန်းစိုက်ပျိုးခြင်းကိုသာ ပြုလုပ်ပြီး သူမ၏ဘဝကို
ပန်းခင်းများထဲမှာသာ မြှုပ်နှံထားသူလေးဖြစ်၏။

ရွှေမြင်သာမြို့ အနောက်မြောက်ဘက်ရှိ ပွဲရှုးရိုးမတောင်
ခြေအနီးရှိ မြေကွက်လပ်တို့ကို မြူနီစပယ်ဌာနမှ ငွေပေးသွင်း
ဝယ်ယူခဲ့ပြီး ပန်းမန်စိုက်ပျိုးရေးခြံ တည်ထောင်ခဲ့လေ၏။

ယင်း'အလှသခင်' ပန်းစိုက်ပျိုးရေးခြံကြီးမှာ ငါးဧကခန့်



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ဝန်းပြီး ရာသီပေါ်ပန်းမျိုးစုံကို အလုပ်သမားအချို့နှင့်အတူ စိုက်ပျိုးပြုစုပျိုးထောင်လျက်ရှိလေ၏။

သူမသည် နံနက်စောစောမှာပင် မြင်းတစ်ကောင်ဆွဲ အမိုးအကာမရှိသော ပက်လက်လှည်းလေးကိုမောင်းကာ ရွှေမြင် သာရှိအိမ်မှ ထွက်ခဲ့ပြီး ပန်းခြံသို့ လာလေ့ရှိလေ၏။

ညနေစောင်းခန့်တွင်မှ မြင်းလှည်းလေးကို ကိုယ်တိုင် မောင်းကာ မြို့စွန်ရှိ ပန်းစိုက်ပျိုးရေးခြံမှ တစ်ဦးတည်း ပြန်လေ့ ရှိလေ၏။

ပန်းစိုက်ပျိုးရေးခြံမှ ခြံစောင့်လင်မယားနှင့် ခြံလုပ်သား သုံးဦးမှာမူ ခြံထဲမှတဲမှာပင် နေကြလေ၏။

သို့ဖြင့် တစ်ညနေခင်းဝယ် . . .

လှိုင်ပပသည် ဖျင်ကြမ်းဘောင်းဘီရှည်နှင့် ရှပ်အင်္ကျီ အပြာကွက်လေးကိုဝတ်ပြီး သက္ကလတ်ဦးထုပ်လေးဆောင်းကာ မြို့ပြင်လမ်းအတိုင်း မြို့ဘက်သို့ မြင်းလှည်းလေးမောင်းကာ ပြန်ခဲ့လေ၏။

ဆည်းဆာနေခြည်ကား အနောက်ဘက်ရိုးမတောင်တန်း ပေါ်မှကျော်ကာ ဖြာကျလျက်ရှိပြီး လေပြည်အေးအေးက တသုန် သုန် တိုက်ခတ်လျက်ရှိလေ၏။

လှိုင်ပပမှာ လူသွားလူလာပြတ်လပ်လှသော မြို့ပြင်





လမ်းအတိုင်း မြင်းလှည်းလေးကို ခပ်မှန်မှန်မောင်းနှင်လာရာမှ ဒြိအဝင်လမ်းသို့ ရောက်လုနီးချိန်ဝယ် လမ်းဘေးချုံအကွယ်မှ ခုရိုပ်သုံးရိပ် ရုတ်တရက် ထွက်လာသည်ကို မမျှော်လင့်ဘဲ တွေ့ရတော့၏။

ထိုသူတို့၏ အသွင်သဏ္ဌာန်မှာ လူကောင်းသူကောင်း ား ဖြစ်ဟန်မတူဘဲ လူဆိုးလူမိုက်ရုပ်ပေါက်နေသဖြင့် လှိုင်ပပ ာ စိတ်ထဲဝယ် ထင့်ခနဲဖြစ်သွားပြီး ထိုသူတို့က မြင်းလှည်းရှေ့ ာ ပိတ်ရပ်လိုက်ကြသဖြင့် မြင်းဇက်ကြိုးကို ဆွဲလိုက်ရတော့၏။

"ရှင်တို့ ဒါ ဘာလုပ်တာလဲ . . . ရှေ့ကဖယ်ပါ"

"ဟားဟားဟား . . . ဖယ်ပါ့မယ်ကွာ ဖယ်ပါ့မယ်၊ င်းလေးရဲ့ဖိဝိန်ကိုခွေပြီးရင် ဖယ်ပါ့မယ် . . . ဟားဟားဟား"

ဘောင်းဘီရှည်နှင့် ဂျာစီအင်္ကျီ၊ ရှပ်အင်္ကျီတို့ကို မသေမ ပ်ဝတ်ထားကာ ဆံပင်စုတ်ဖွား၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ရှုပ်နှင့် လူသုံးဦးသည် သူတို့၏ခါးကြားထဲမှ ဓားမြှောင်တို့ကို တ်လိုက်ရာ လှိုင်ပပမှာ မိမိအတွက် အသက်အန္တရာယ် ိမ်ရသော အခြေအနေမှန်း ရိပ်စားမိလိုက်ကာ လွန်စွာတုန် ပ်ချောက်ချားသွားတော့၏။

မြင်း၏ပါးချပ်ကြိုးကို လူဆိုးတစ်ဦးက ချုပ်ကိုင်ဆွဲထား ာ မြင်းလှည်းကို ဇွန်းစိုင်းမောင်းပြေးရန်လည်း မဖြစ်နိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



ချေ။ ဘေးဘီပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းရ ကပျာကယာ လှည့်ပတ်ကြည့်လိုက်တော့လည်း လူသူအရိပ်အ ယောင်ဟူ၍ လုံးဝမမြင်ရ။

"ဒုက္ခပဲ ••• ဒီလူရမ်းကားတွေက ငါ့ကိုသတ်တော့မယ ထင်တယ်"

လှိုင်ပပမှာ ချောက်ချားခြင်းကြီးစွာဖြင့် လွတ်လမ်းက မျက်ကလူးဆန်ပြာ ရှာဖွေရင်းမှ •••

"ရှင် ရှင်တို့ ကျွန်မကိုလုမလို့လား။ ကျွန်မမှာ အဖိုးတ တဲ့လက်ဝတ်လက်စားဆိုလို့ ဟောဒီလက်က နဝရတ်လက်စွပ် ပါတယ်၊ လိုချင်ရင် ယူပါ၊ လူကိုတော့ အန္တရာယ်မပြုပါနဲ့ရှင်"

ဟု တောင်းပန်သလိုပြောလိုက်ရာ လူဆိုးသုံးဦးက ဟ ဟက်ပက်ပက် ရယ်လိုက်ကြပြီး •••

"ဟားဟားဟား ငါတို့က မင်းရဲ့လက်စွပ်ကိုလည်းယ မယ်၊ မင်းလေးရဲ့အသက်ကိုလည်းယူမယ် ဟဲဟဲဟဲ"

ဟုပြောရင်း တစ်ဦးက မြင်းလှည်းပေါ်သို့ ခုန်တက်လို လေလျှင် လှိုင်ပပမှာ လက်ထဲတွင်ကိုင်ထားသော နှင်တံဖြ ကြောက်ကန်ကန်လျက် လွှဲရိုက်ချလိုက်တော့၏။

'ရှပ်'

"အ"





ညွှန့်ရှိန်မှာ မျက်နှာကို ရှတ်တရက် နှင်တံနှင့် ဖြတ် အရိုက်ခံလိုက်ရသည်တွင် ဒေါသပြင်းစွာထွက်သွားပြီး လှိုင်ပပ ကို ဓားမြှောင်ဖြင့်ထိုးစိုက်ချရန် ခုန်အုပ်လိုက်တော့၏။

သို့သော် လှိုင်ပပမှာ မြင်းလှည်းပေါ်မှ လွှားခနဲခုန်ချ လိုက်ကာ လမ်းနံဘေးကုန်းတက်လေးအတိုင်း ပြေးတက်သွား တော့၏။

"ဟာ ••• ပြေးပြီဟေ့ ••• လိုက် ••• လိုက် ••• ကောက်ကြီး ••• ဟိုဘက်က ပတ်လိုက်ကွ"

ပထမတော့ ကောက်ကြီးတို့လူစုမှာ လှိုင်ပပကို ကြက် ကလေး ငှက်ကလေးဖမ်းသလို လွယ်ကူစွာဖမ်းကာ အပြတ်ရှင်း နိုင်မည်ဟု ခပ်ပေါ့ပေါ့တွက်ထားရာ လှိုင်ပပက မြင်းလှည်းပေါ် ခုန်ချပြီး ရှတ်တရက်ထွက်ပြေးသဖြင့် နောက်မှ အူလျားဖား လျား ပြေးလိုက်ကြရတော့၏။

"ကယ်ကြပါရှင် ••• ကယ်ကြပါ ••• ကျွန်မကို လိုက် သတ်နေပါတယ်"

လှိုင်ပပမှာ ငယ်သံပါအောင်ဟစ်အော်ရင်း စွတ်ရွတ် ပြေးတော့ရာ ကုန်းမြင့်လေးပေါ်ရှိ သစ်ပင်များကြားမှ ဖြတ်ပြေးခဲ့ ရင်း လူနှစ်ရပ်ခန့်မြင့်သည့် ကမ်းပါးစွန်းသို့ ရောက်သွားသည် တွင် အရှိန်မထိန်းနိုင်ဘဲ အောက်သို့ တလိမ့်ခေါက်ကွေး လိမ့်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားတော့၏။

"အမယ်လေး"

သူမသည်ကား ကမ်းပါးစွန်းအောက်မှ ကားလမ်းပေါ်

ရောက်သွားရာ ခါးရောခြေထောက်ပါ အတော်နာသွားသဖြင့်

ရုတ်တရက် မထနိုင်တော့ချေ။

"ဟာ ... ကောင်မလေး ဒီကမ်းပါးစွန်းက ပြုတ်ကျ

သွားပြီဟ"

"ခုန်ချပြီး မြန်မြန်ရှင်းလိုက်ကွာ၊ တော်ကြာ အဝေးပြေ

ကားတစ်စီးစီးလာမှ လုပ်ရကိုင်ရခက်နေဦးမယ်"

ကောက်ကြီးကပြောရင်း ကမ်းပါးစွန်းမှ ခိုတွယ်ဆင်းရ

ကြိုးစားတော့သည်။ ညွန့်ရှိန်နှင့် ပေါလေးတို့က လွှားခနဲခုန်

လိုက်ကြရာ သူတို့သုံးဦးစလုံး ကားလမ်းမန်ဘေးသို့ ဖယိုဖရဲဖြ

ဖင်ထိုင်လျက်ပြုတ်ကျသွားကြတော့၏။

သူတို့ထက်ဦးအောင် လှိုင်ပပက ထပြေးရန်ကြိုးစား

သော်လည်း ခြေထောက်က ဘာဖြစ်သွားမှန်းမသိ ရုတ်တရ

ထ၍မရ။ ထို့ကြောင့် ထိတ်လန့်တကြားဖြင့် စွတ်အော်တေ

သည်။

"ကယ်ကြပါရှင် ... ကယ်ကြပါ ... ကျွန်မကို ဒီမှ

လိုက်သတ်နေပါတယ်"





ထိုစဉ် ကားအင်ဂျင်စက်သံသဲ့သဲ့ ကြားလိုက်ရပြီး လမ်း

ကွေ့တစ်ခုမှ ဂျစ်ကားတစ်စီး၏ခေါင်းပိုင်းကို တွေ့လိုက်ရရာ

လှိုင်ပပမှာ အားတက်ဝမ်းသာသွားပြီး ကြိုးစားလူးလဲထတော့

၏။

"ဟော့ကောင်မလေး မပြေးနဲ့ သေဖို့သာပြင်တော့"

"ကယ်ကြပါရှင် ကယ်ကြပါ"

ထိုစဉ် ဂျစ်ကားလေးက သူတို့အနီးသို့ ထိုးဆိုက်လိုက်

ပြီး ဂျစ်ကားပေါ်မှ ခုန်ဆင်းလာသည်က အိုင်အိုချစ်သွေးမင်

ဖြစ်ပါ၏။

ချစ်သွေးမှာ ပုလိပ်အရာရှိဝတ်စုံဖြင့်မဟုတ်ဘဲ သက္က

သတ်ဘောင်းဘီရှည်နှင့် ကုတ်အင်္ကျီတို့ကို စမတ်ကျကျဝတ်ဆင်

ထားကာ သက္ကလတ်ဦးထုပ်ကို ခပ်မော့မော့လေး ဆောင်းထားချေ

၏။

"ဘယ်လိုဖြစ်တာလဲ မိန်းကလေး"

"သူ ... သူတို့ ကျွန်မကိုသတ်ဖို့ ဝိုင်းလိုက်နေကြပါ

တယ်ရှင်"

"အေး ... အဲဒါဘာဖြစ်လဲ၊ ဒီမှာဟော့ကောင် ... မင်း

ဘယ်သူလဲ၊ မဆိုင်တဲ့ကိစ္စ ဝင်မရှုပ်နဲ့ ... ကိုယ့်လမ်းကိုယ်သွား"

ကောက်ကြီးတို့က ဓားမြှောင်များဝင့်ကာ လှိုင်ပပရော



www.burmeseclassic.com

www.burmeseclassic.com



ချစ်သွေးကိုပါ ဝိုင်းလိုက်ကြလေ၏။ လိုအပ်ပါက နှုတ်ပိတ်သ
အနေဖြင့် ချစ်သွေးကိုပါ အပြတ်ရှင်းရန် သူတို့အချင်းချင်း မျ
ရိပ်ပြလိုက်ကြသည်။

ချစ်သွေးက မရိုးမခန့်ပြုံးလိုက်ကာ ပခုံးတွန့်ပြလို
ပြီး ...

"ခင်ဗျားတို့ဗျာ ယောကျ်ားရင့်မာကြီးတွေဖြစ်နေ
အားနွဲ့တဲ့မိန်းကလေးတစ်ယောက်ကို ဓားမြှောင်ကြီးတွေ
လိုက်ကြတာ မရှက်ဘူးလား။ သတ္တိနည်းနည်းလောက်ရှိရင်
ကို ခဏဖယ်ထားပြီး ကျုပ်ကိုရင်ဆိုင်စမ်းပါ၊ သတ္တိနည်းန
လောက် ရှိတယ်ဆိုရင်ပေါ့"

"ဘာကွ ... မင်းက လူပါးဝလှချည်လား၊ ငါတို့
ဘာထင်လို့လဲ"

ညွန့်ရှိန်တို့ ရှူးရှူးရှားရှားဖြစ်ကာ ဓားမြှောင်ကို
ကျစ်ပါအောင်ဆုပ်ကိုင်ရင်း ရှေ့သို့တိုးလာရာ ချစ်သွေးက
ပပကို ဘေးသို့တွန်းဖယ်လိုက်ပြီး ခြေနှစ်ဖက်ကို ကားယ
ရပ်လျက် လက်နှစ်ဖက်ခါးထောက်ကာ ညွန့်ရှိန်တို့ကို ခပ်
တွေတွေ ကြည့်နေလိုက်၏။

"တောက် ... အရူးလိုက်တာကွာ၊ သေဖို့ဖြင့်
တွေ့ ... ကဲကွာ"





ဤမြို့ဤရွာမှ မိမိတို့လို အဓိပတိလူမိုက်ကြီးများကို
မထီမဲ့မြင်လုပ်နေသော လူစိမ်းလူရွယ်အား မခံချိမခံသာဖြစ်ကာ
ညွန့်ရှိန်က ဦးစွာ ဓားမြှောင်ဖြင့် ပြေးထိုးလိုက်တော့၏။

'ဝှီး'

အဟုန်ပြင်းစွာပြေးဝင်လာသည့် ဓားမြှောင်ကို ညာခြေ
နောက်ဆုတ်၊ ကိုယ်ကိုတစောင်းလှည့်ကာ ရှောင်လိုက်ပြီး ဘယ်
လက်ဖနောင့်ဖြင့် ဓားကိုင်လက်ကို ပုတ်ထုတ်လိုက်၏။

ထိုအခါ ဓားမြှောင်သည် လေဟာနယ်ကိုသာ ထိုးမိသွား
ပြီး လူက ရှေ့သို့ကိုင်းကျလာစဉ် ညာလက်ဖြင့် ညွန့်ရှိန်၏
ဓားကိုင်လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်ကာ လိမ်ပြီး ဓားကို
ရယူလိုက်လေ၏။

တစ်ဆက်တည်းမှာပင် ဓားနှောင့်ဖြင့် ခေါင်းကိုထုချ
လိုက်ရာ ညွန့်ရှိန်မှာ အားခနဲအော်ပြီး ဒူးညွှတ်ကျသွားတော့
သည်။

ချစ်သွေး၏တိုက်ကွက်က လွန်စွာမြန်ဆန်ပြီး တိကျ
သေသပ်လှသဖြင့် ကောက်ကြီးနှင့် ပေါလေးတို့မှာ မယုံနိုင်အောင်
ဖြစ်သွားရာမှ ဒေါသလည်းထောင်းခနဲဖြစ်သွားကြပြီး နှစ်ယော
ညှပ်ကာ ဓားမြှောင်တို့ဖြင့် ချစ်သွေး၏နံတောင်းတို့ကို ထိုးစိုက်
လိုက်ကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"သေစမ်းကွာ"

ချစ်သွေးမှာ ကောက်ကြီး၏ဓားချက်ကို လက်ထဲမှ ဓား မြှောင်ဖြင့် ခတ်ထုတ်လိုက်ပြီး ပေါလေး၏ဓားကိုင်လက်ကို ခြေ ဖြင့်ခတ်လိုက်ကာ တစ်ဆက်တည်းမှာပင် ကောက်ကြီးမျက်နှာ ခုန်ကန်လိုက်၏။

ချစ်သွေး မြေသို့ပြန်အကျဝယ် ပေါလေးက ဓားမြှော ဖြင့် လျှပ်ပြက်သလိုဝင်ထိုးရာ ချစ်သွေးမှာ ကိုယ်ကိုတစောင်း လှည့်ရှောင်လိုက်ရင်း ပေါလေး၏ဓားကိုင်လက်ကို လက်ဖျံစောင်း ဖြင့် ခုတ်ချလိုက်၏။

တစ်ဆက်တည်းမှာပင် ပေါလေး၏မေးစေ့ကို တံတောင် ဖြင့် ပင့်ရိုက်လိုက်ရာ 'ခွပ်'ဟူသောအသံနှင့်အတူ ပေါလေးမှာ မေးစေ့ကွဲသွားပြီး ပက်လက်ကြီးလန်ကျသွားပါတော့၏။

မျက်နှာကို ခြေဖြင့်အခတ်ခံရသဖြင့် နံဘေးသို့ယိုင်ကျ သွားခဲ့ရသည့် ကောက်ကြီးမှာ ဒေါသတကြီး လူးလဲထလိုက်ပြီး လျှင် တွက်ဓားဖြင့် ချစ်သွေးကို တွက်ထည့်လိုက်တော့၏။

သို့သော် ချစ်သွေးက ကိုယ်ကို နောက်သို့ယို့ရှောင်လိုက် ပြီး ညာပိုက်ခြေကန်ချက်ဖြင့် ကောက်ကြီး၏နံတောင်းကို ဆတ် ကန်လိုက်ရာ 'ဖြောင်း'ခနဲ နံရိုးကျိုးသံနှင့်အတူ ကောက်ကြီးမှာ သူ၏ဝဲဘက်နံတောင်းကို လက်ဖြင့်ဖိရင်း တအင်းအင်းညည်းတွာ





ာ ဘေးစောင်းကြီး ခွေခနဲလဲသွားပါတော့၏။

ထိုအခါမှ ချစ်သွေးသည် ကုတ်အင်္ကျီအောက်အိတ်ထဲမှ ာက်ထိတ်ကိုထုတ်ကာ ကောက်ကြီး၏လက်တစ်ဖက်နှင့် ပေါ လေး၏လက်တစ်ဖက်တို့ကို တွဲခတ်လိုက်လေ၏။

"ကဲ ... ဟော့လူတွေ ဂျစ်ကားပေါ်တက်စမ်း၊ ကျုပ်က ိုင်အိုချစ်သွေးပဲ၊ ခင်ဗျားတို့ကို လုယက်မှု, လူသတ်ရန်ကြံစည် မှုတွေနဲ့ ဖမ်းလိုက်ပြီ"

"ဗျာ"

"ကဲ ... ဗျာမနေနဲ့ ... ကားပေါ်တက် ... တက်"

ချစ်သွေးမှာ ကောက်ကြီးနှင့် ပေါလေးကို ဂျစ်ကား နောက်ခန်းထဲ တက်စေလိုက်ပြီးနောက် လမ်းနံဘေးဝယ် မှေ့လဲ နေသည့် ညွန့်ရှိန်ကိုပွေ့မကာ ဂျစ်ကားပေါ် တင်ပေးလိုက်၏။

"ကဲ ... ညီမ ... မင်းလည်းဗျာနာကိုလိုက်ခဲ့ပါ၊ သူတို့ ကို ဓားပြမှု, လူသတ်ရန်ကြံစည်မှုတွေနဲ့ အမှုဖွင့်ရမယ်၊ ားရှေ့ခန်းက တက်၊ ဂါတ်ကျမှ အကျိုးအကြောင်းပြောပြမယ် ... ဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့"

လှိုင်ပပမှာ ချောမောခန့်ညားသော ချစ်သွေးကို ကျေး ူတင်လေးစားစွာ မော့ကြည့်လိုက်ပြီးလျှင် စောဒကတက်မနေ



www.burmeseclassic.com

www.burmeseclassic.com



တော့တဲ့ ဂျစ်ကားဝါရှေ့ခန်းမှ ဝင်ထိုင်လိုက်တော့၏။

ချစ်သွေးမှာ ဒဏ်ရာအနာတရဖြစ်ကာ တညည်းညည်း တညူညူဖြစ်နေကြသည့် ကောက်ကြီးတို့ကို နောက်ကြည့်မှန်ထဲမှ သတိထားကြည့်ရှုရင်း ဂျစ်ကားလေးကို အုတ်တွင်းဂါတ်တဲသို့ ရှေ့ရှုမောင်းနှင်ခဲ့ရာ အချောအလှလေး လှိုင်ပပမှာ သူ့နံဘေးမှ ငြိမ်ကုပ်ကာ ပါလာပါတော့သတည်း။

❖ ❖ ❖





# မိစ္ဆာနိဂုံး

ညနေစောင်းမှောင်လုလုဝယ် သမီးဖြစ်သူလှိုင်ပပ ပါ ာတဲ မြင်းရထားချည်း အိမ်ပြန်ရောက်လာသဖြင့် ဒေါ်နှင်း ိုင်မှာ နားမလည်နိုင်အောင်ဖြစ်သွားပြီး ထိတ်ထိတ်ပျာပျာ ည်း ဖြစ်သွားရတော့၏။

"အို . . . သမီးမပါဘဲ မြင်းလှည်းချည်း အိမ်ပြန်ရောက် ာပါလား"

"ကိုကြီး . . . ကိုကြီးကြိုင် . . . ဒီကိုလာပါဦးရှင်"

---

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ခြံဝမှနေ၍ ဒေါ်နှင်းလှိုင်မှ မထိတ်မလန့်သာ အော်ဟစ်ခေါ်နေသဖြင့် ဦးခင်ကြိုင်မှ ဘုရားခန်းထဲဝယ် ပုတီးစိပ်နေရာမှ ဒုက္ခ ... ဒုက္ခဟုမြည်တမ်းကာ ကုန်းကုန်းကွကွ ထလာတော့၏။

"ကိုကြီးကြိုင် ... ဒီမှာကြည့်ပါဦး၊ သမီး ... သမီးမပါဘဲ မြင်းလှည်းချည်း အိမ်ကိုပြန်ရောက်လာတယ်ရှင့်"

"ဟော ... ဟုတ်လား၊ ဧကန္တ လမ်းမှာ ဓားပြတွေဘာတွေနဲ့ တိုးပြီနဲ့တူတယ်၊ အဲဒါကြောင့် ငါကပြောတယ်၊ အဲဒီမြို့ဖြစ်ထွက်လုပ်ရတဲ့အလုပ်ကို မလုပ်ပါနဲ့လို့၊ အဲဒီလိုပြောတော့လည်း စေတနာကို စေတနာလို့မမြင်ဘူး၊ ပထွေးမို့ ကပျက်ယပျက်လုပ်ပြောတယ် ထင်ပြန်ရော၊ ခုတော့ ခက်ပြီပေါ့"

"ကဲပါရှင် ... ကိုကြီးကြိုင်ကလည်း ဒီမှာ သမီးပြန်ပါမလာလို့ ကျွန်မမှာ ခေါင်းမီးတောက်နေရတဲ့ကြားထဲ"

"မနှင်းရယ် ... ဒီလောက်လည်း စိတ်ပူမနေပါနဲ့၊ မင်းမှာလည်း ရောဂါနဲ့မဟုတ်လား၊ မင်းသမီးလည်း ငယ်တော့တာမှမဟုတ်ဘဲ၊ ရည်းစားသနာနဲ့ ခိုးရာလိုက်ပြေးသွားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ကွာ၊ အင်း ... လူငယ်တွေများ ခက်ပါလား၊ ငါ့မှာ ဥပုသ်နေ့လေးမို့ သီလမကျိုးပေါက်ရအောင် စိတ်ကိုစင်ကြယ်သန့်ရှင်းဖို့ အားထုတ်ကြိုးစားနေခါမှ အမှောင့်ပယောဂက ဝင်လာသေးတယ်နော် ... ဒုက္ခ ... ဒုက္ခ"





ဦးခင်ကြိုင်မှာ စိပ်ပုတီးကို လက်၌ဆွဲလိုက်ရင်း ဘုရားကာကိုက်ဖမ်းကာ ခြံဝ၌ ယောင်နနလုပ်နေစဉ် ခြံရှေ့သို့ ကုလားသားတစ်ဦးရောက်လာပြီး ...

"ဦးကြီးခင်ကြိုင် ... ဦးကြီးခင်ကြိုင်"

ဟု လှမ်းခေါ်လိုက်ရာ မျက်မှောင်ကြီးကြုတ်လျက် ...

"ဟော ... ဘယ်သူတုံး ငါ့ကိုခေါ်တာ"

ဟုမေးကာ ကုလားလေးကို မသင်္ကာသလို ကြည့်လိုက်သတော့၏။

ကုလားလေးက လက်ထဲမှစာကို လှမ်းပေးလိုက်ကာ

"ဦးကြီးခင်ကြိုင်ကို စာပေးခိုင်းလိုက်လို့ဗျ"

ဟုပြောကာ စာကိုလှမ်းပေးပြီး နောက် ချာခနဲလှည့်ထွက်ပြေးသွားတော့၏။

ဦးခင်ကြိုင်လည်း စာကို အိမ်ပေါ်သို့ယူလာပြီး မှန်အိမ်ဖြင့် ဖတ်ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရတော့၏။

*ဦးခင်ကြိုင် ...*

*ဟိုဟာမလေးကိစ္စ အရေးကြီးလို့ ကျုပ်ရဲ့အိမ်ကို အခုထက်ချင်းလာခဲ့ပါ။*

*ဟာကင်*

ဟူ၍ဖြစ်ရာ ဦးခင်ကြိုင်မှာ လှိုင်ပပ၏ကိစ္စ ဘယ်...ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ထိုခါတိုင်တော့ စိုးရိမ်ပူပန်သွားပြီးလျှင် ...

"မနှင်းရေ ကိုကြီး လှိုင်ပမကိုရှာရင်း အရောင်းအဝယ်တိစ္စ အရေးပေါ်သို့ မြို့ထဲက ပွဲစားမိတ်ဆွေဆီ သွားလိုက်ဦးမယ်၊ သူ့စာရေးခေါ်လို့"

ဟု ကပျာကသီပြောကာ ခြံဘေးဝယ်ရပ်ထားသော သူ၏ကားလေးပေါ် တက်စက်နှိုးကာ အောက်ချိုင့်ရပ်ကွက်ဘက်သို့ မောင်းထွက်သွားပါတော့၏။

ယင်းအချိန်ဝယ် ကုလားဟာကင်သည် သူ၏အိမ်ညှော့ ခန်းမကြီးထဲ၌ လက်နှစ်ဖက်နောက်ပစ်ကာ ဂနာမငြိမ်ဖြစ်လျက် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေ၏။

ယခုအချိန်အထိ သူ၏တပည့်ကျော်များဖြစ်ကြသော ညွှန့်ရှိန်၊ ကောက်ကြီးနှင့် ပေါလေးတို့ထံမှ အရေးတော်ပုံအောင်မြင်ကြောင်း သတင်းတစ်စုံတစ်ရာ မကြားရသဖြင့် စိတ်စနိုးစနောင့်ဖြစ်ကာ သံသယပွားလျက်ရှိလေ၏။

"တောက် ... မိုးတောင်ချုပ်နေပြီ၊ ဟိုကောင်တွေ အခုထိ မလာသေးပါလား၊ ဒီလောက်လွယ်တဲ့အလုပ်လေးကို ဒီကောင်တွေ အောင်မြင်အောင် မလုပ်နိုင်ဘူးလား။ ဘာဖြစ်လို့ ခုအထိ ငါ့ဆီ တစ်ယောက်ယောက်က သတင်းမပို့သေးတာလဲ၊ ဘာများဖြစ်နေလို့လဲ၊ ကိစ္စပြီးပြတ်လို့ အောင်ပွဲခံတဲ့အနေနဲ့





ဆိုင်တစ်ခုခုဝင်ပြီးများ သောက်စားနေကြလို့ နောက်ကျနေတာများလား။ ဒီကောင်တွေ ငါ့ကို သတင်းမပို့ရသေးဘဲ အဲဒီလိုတော့ မလုပ်ဝံ့ပါဘူး"

ဟာကင် ထိုသို့ အမျိုးမျိုးတွေးတောရင်း စိုးရိမ်စိတ်နှင့်တွေ ဒေါသလည်းဖြစ်လျက်ရှိစဉ် တံခါးခေါက်သံ ထွက်ပေါ်လာတော့၏။

'ဒေါက် .. ဒေါက်'

ဟာကင်၏ တပည့်တစ်ဦးဖြစ်သော သက်ပြင်းက ခြံတံခါးဖွင့်ကြည့်လိုက်ရာ မုတ်ဆိတ်ပါးမြိုင်းမွေး ဗရပျစ်နှင့် ကုလားအဘိုးအိုကြီးတစ်ဦးကို တွေ့ရလေ၏။ စောင်ကြားကြီးခြုံထားသော ကုလားအဘိုးအိုကြီးအား သူတောင်းစားဟုထင်ကာ သက်ပြင်းက မောင်းထုတ်မည် ဟန်ပြင်လိုက်စဉ်မှာပင် ...

"ဒီအိမ်က ဆရာကြီးဟာကင်နဲ့ တွေ့ချင်လို့ပါကွယ်၊ ကောက်ကြီး ကျုပ်ရဲ့တဲမှာ ဒဏ်ရာတွေနဲ့ရောက်နေလို့ ကောက်ကြီးပြောခိုင်းတာနဲ့ လာပြောတာပါကွယ်"

ဟု ခပ်တိုးတိုးပြောလိုက်ရာ သက်ပြင်းမှာ မျက်လုံးပြူးကာ ကုလားအဘိုးကြီးအား ခဏစောင့်ရန်ပြောလိုက်ပြီး တံခါးပြန်စေ့လျက် သူ့ဆရာဟာကင်ကို သတင်းပြေးပို့လေ၏။

ကုလားဟာကင်လည်း ကောက်ကြီး ဒဏ်ရာတွေနဲ့ ကု



www.burmeseclassic.com

www.burmeseclassic.com



ကုလားအဘိုးကြီးတစ်ဦး၏တဲမှာ ရောက်နေတယ်ဟူသော သတင်း စကားကြားရသည်၌ ငယ်ထိပ်မြွေပေါက်သလိုဖြစ်သွားပြီး တစ်ခု ခုတော့ ပြဿနာတက်ပြီမှန်း ရိပ်စားမိသဖြင့် သတင်းလာပို့သည့် ကုလားအဘိုးကြီးကို သူ့ရှေ့မှောက်သို့ ခေါ်သွင်းခိုင်းလိုက်တော့၏

ကုလားအဘိုးကြီးလည်း မှန်အိမ်မီးများထွန်းညှိထားသည့် ဧည့်ခန်းကြီးထဲ ခပ်ဖြည်းဖြည်းလှမ်းဝင်လာကာ ကုလား ဟာကင်၏ရှေ့ဝယ် မတ်တတ်ရပ်လိုက်ပြီး လက်အုပ်ချီလိုက် လျက် 'နမော့စ်စတေး'ဟု နှုတ်ခွန်းဆက်လိုက်လေ၏။

ဟာကင်လည်း မုတ်ဆိတ်ပါးမြိုင်းမွေး ဖြူဖြူဖွားဖွားကြီး များနှင့် ခါးအနည်းငယ်ကုန်းနေသော အဘိုးကြီးကို စေ့စေ့ကြည့် ရင်း လက်အုပ်ပြန်ချီကာ 'နမော့စ်စတေး'ဟု ပြန်နှုတ်ဆက်လိုက် လေ၏။

"အဘိုးကြီး ပြောပါဦး ...ဘယ်လိုဖြစ်တာလဲ ... ခင်ဗျားရဲ့တဲက ဘယ်မှာလဲ"

"ကျုပ်ဟာ မြို့စွန်အနောက်ဘက်ပိုင်းက လွင်ပြင်ထဲမှာ ဆိတ်တွေမွေးထားသူပါ ဆပ်၊ ကျုပ်ရဲ့ဆိတ်တွေကို ညနေစောင်း မှာ ပြန်သိမ်းရင်း ချုံပုတ်တစ်ခုနားမှာ သွေးသံရဲရဲ လဲနေသူတွေ လို့ သွားကြည့်တော့ ဗိုက်မှာ ဓားဒဏ်ရာရထားတာ တွေ့ရပါ တယ်၊ သူက သူ့နာမည် ကောက်ကြီးလို့ ပြောပါတယ်၊ သူ့ကိုကူ





ညီဖို့ ပြောပါတယ်၊ ဒါကြောင့် ကျုပ်ရဲ့တဲဆီ သူ့ကိုတွဲခေါ်သွား ပြီး သူ့ဒဏ်ရာကို ဆေးကြောပေးထားပါတယ်၊ ဒဏ်ရာက သွေး တွေထွက်ပြီး မောနေပါတယ်၊ သူက သူ့ဆရာဆီ သွားပြောပေး ပါဆိုလို့ ကျုပ်လာပြောရတာပါ ဆပ်"

ကုလားအဘိုးကြီး၏စကားကို ကြားရလေလျှင် ဟာကင် မှာ ပျာယာခတ်သွားပြီး ...

"တောက် ...ဘယ်လိုဖြစ်ရတာလဲကွာ၊ ဒီကောင်တွေ ညံ့လှချည်လား၊ မိန်းကလေးတစ်ယောက်ကိုများ"

ဟု စိုးရိမ်ဒေါသစိတ်ဖြင့် သူစိမ်းဖြစ်သော ကုလားအဘိုး ကြီး ရှေ့မှာရှိနေသည်ကိုပင် အမှုမထားနိုင်တော့ဘဲ လွှတ်ခနဲ ပြောလိုက်ရာ ကုလားအဘိုးကြီးက ခေါင်းညိတ်လိုက်ပြီး ...

"ကောက်ကြီးကပြောပါတယ် ဆပ် ...ကောင်မလေး က လွတ်သွားတယ်တဲ့၊ သူနဲ့အတူပါတဲ့ အဖော်နှစ်ယောက်ကို တော့ ပုလိပ်အရာရှိ အိုင်အိုချစ်သွေးက ဖမ်းသွားပြီတဲ့ဆပ်"

ဟု ပြောလိုက်ရာ ဟာကင်မှာ မျောက်မီးခဲနင်းမိသလို အလန့်တကြား ထခုန်လိုက်ပြီး ...

"ဘာ .. ဘာ ... ဘာဖြစ်တယ်၊ ညွန့်ရှိန်တို့ကို ပုလိပ် ဖမ်းသွားပြီ ... ဟုတ်လား"

ဟု သွေးရူးသွေးတန်းဖြင့် မေးလိုက်စဉ်မှာပင် ခြံရှေ့မှ



www.burmeseclassic.com

www.burmeseclassic.com



ကားရပ်သံကြားလိုက်ရပြီးနောက် ခဏအတွင်းမှာပင် ပွဲစားဦ
ဦးခင်ကြိုင်မှာ ဘန်ကောက်လုံချည်ကိုမကာ စိုးရိမ်ပူပန်ဒေ
မျက်နှာဖြင့် ဝင်လာလေ၏။

“ကိုဟာကင် ဘာ ... ဘာဖြစ်လို့လဲဗျ”

“ဘာဖြစ်ရမှာလဲ ... ဒီမှာ မိုးမီးလောင်ကုန်ပြီဗျ ကျ
ရဲ့တပည့်နှစ်ယောက်ကိုလည်း ပုလိပ်ဘက်က ဖမ်းသွားပြီတဲ့

“ဟိုက် ... ဟို ... လှိုင်ပပရော”

“ကောင်မလေးလည်း လွတ်သွားပြီတဲ့ဗျ ဦးခင်ကြိုင်ရဲ့

“ဗုဒ္ဓေါ အဲဒါမှ ပြဿနာပဲ ကိုဟာကင်”

“ပြဿနာမှ တကယ့်ပြဿနာပဲဗျ။ ညွှန့်ရှိန်တို့ကို ဖ
သွားတဲ့ ပုလိပ်အရာရှိက အိုင်အိုချစ်သွေးတဲ့ဗျ။ အဲဒီအိုင်အို
သွေးဆိုတာ အုတ်တွင်းဂါတ်ကိုပြောင်းလာတာ မကြာသေးဘ
ဗျ။ အတော်လက်စောင်းထက်တဲ့ အိုင်အိုလို့လည်း သတင်းကြ
ရတာပဲ၊ ခုတော့ သူနဲ့မှ ကျုပ်ကောင်တွေ သွားတိုးပုံရတယ
ဒုက္ခပါပဲဗျာ”

ဟု ဟာကင်က ခေါင်းကိုကုတ်ရင်း ညည်းတွားလိုက်
စဉ် ကုလားအဘိုးကြီးက ...

“ရှေ့ဆက်ပြီး ဆပ်ရော ဟောဒီက ဦးခင်ကြိုင်ပါ အ
တွေဦးမှာလို့ ကောက်ကြီးကပြောလိုက်ပါတယ် ဆပ်”





ဟု ဆိုလိုက်ရာ ဟာကင်ရော ဦးခင်ကြိုင်ပါ ခေါင်းကို
မိုးကြိုးပစ်သလို ခံစားလိုက်ရပြီး ကုလားအဘိုးကြီးကို ပြူးတူး
ပြဲတဲ လှည့်ကြည့်လိုက်ကြကာ ...

“ဘာ ... ဘာဗျ ကောက်ကြီးက ဒီလိုပဲပြောသလား”

“ဟုတ်ပ ဦးခင်ကြိုင်က ကောင်မလေးကိုသတ်ခိုင်းတဲ့
အတွက် အပြစ်ရှိသလို ဆပ်ကလည်း ကောက်ကြီးတို့ကို တစ်
ဆင့် လူသတ်ဖို့စေခိုင်းလို့ အပြစ်ရှိတယ်တဲ့၊ ဒါကြောင့် ဆပ်တို့
နှစ်ယောက်စလုံးကို အိုင်အိုချစ်သွေးက မကြာခင် လာဖမ်းတော့
မှာတဲ့ဆပ်”

“ဘာ”

“တောက် ... လူပါးဝလို့ အဲဒီကောင် လာဖမ်းရဲ ဖမ်း
ကြည့်စမ်း ... ကျုပ်နဲ့တွေ့သွားမယ်”

ကုလားဟာကင်က ရှူးရှူးရှားရှားဖြစ်သွားပြီးလျှင် သူ၏
ကုတ်အင်္ကျီအောက်အိတ်ထဲမှ ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်
လေ၏။

ဦးခင်ကြိုင်ကား ဆောက်တည်ရာမရအောင် တုန်လှုပ်
ချောက်ချားသွားပြီး ...

“ကိုဟာကင် ဘယ်လိုလုပ်မလဲဗျ၊ ကျုပ်တို့တော့ ဒုက္ခ
လှလှတွေ့ပြီ ထင်ပါရဲ့ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ငိုသံပါကြီးဖြင့်ပြောလိုက်ရာ ကုလားအဘိုးကြီးက မြှားလိုက်ပြီး ...

"ဦးခင်ကြိုင်က ပထွေးပီပီ လှိုင်ပပအပေါ် ကောင် ကျစ်ညစ်နဲ့ ရက်စက်ဖို့ ကြံစည်တာကိုးဗျ"

"အဲဒါ ခင်ဗျားရဲ့ဘာဆိုင်လဲ၊ အဲဒီကောင်မလေးသော့ သူ့ရဲ့အမွေတွေ ကျုပ်ရမှာမို့ ကိုဟာကင့်ကို ရှင်းခိုင်းရတာဗျ ခင်ဗျားက အဲဒီကိစ္စကို ဘာဖြစ်လို့ ဝင်ပြောရတာလဲ၊ ခင်ဗျားက ဘယ်သူလဲ"

ဟု ခပ်ဆတ်ဆတ်မေးလိုက်လေ၏။

"ကျုပ်က ခင်ဗျားတို့ကို အိုင်အိုချစ်သွေး အခုပဲလာဖမ်း တော့မှာမို့ သတင်းလာပေးသူပါဗျ"

"လာဖမ်းရဲ လာဖမ်းကြည့်ပါလား၊ ကျုပ်ရဲ့ ဟောဒီသေ နတ်စာ မိသွားမယ်"

ဟု ဟာကင်က ခြောက်လုံးပြူးတယမ်းယမ်းဖြင့် ပြော လိုက်စဉ် ကုလားအဘိုးကြီးက ပြုံးလိုက်ပြီး ...

"အိုင်အိုချစ်သွေးကို အဲဒီသေနတ်လောက်လေးနဲ့ အံတု လို့မရဘူးဗျ၊ အဖမ်းသာခံလိုက်ကြပါဗျာ"

ဟု ပြောလိုက်ရာ ဟာကင်မှာ ယမ်းပုံမီးကျသလို ဖြစ် သွားပြီး ...





"ဘာဗျ ... ဘာဖြစ်လို့ အဖမ်းခံရမှာလဲ၊ ခင်ဗျား အတော်လျှာရှည်နေပါလား၊ သွား ... အခု ကျုပ်အိမ်ထဲက ထွက်သွားတော့"

ဟု ဒေါသတကြီး နှင်ထုတ်လေ၏။

"သွားပါ့မယ်ဗျာ၊ ဒါပေမဲ့ ခင်ဗျားတို့နှစ်ယောက်ကို ဖမ်းပြီး လက်ထိတ်ခတ်ပြီးမှ သွားပါရစေဗျာ"

"ဘာ"

"ဘာပြောတယ် ... ခင်ဗျားက ဘာမို့လဲ"

"ကျုပ်က အိုင်အိုချစ်သွေးမို့လို့ပါပဲဗျာ"

ဟု ကုလားအဘိုးကြီးက သရော်ပြုံးဖြင့် ပြောရင်းမှ ဆံပင်တု၊ မုတ်ဆိတ်ပါးမြိုင်းမွေးအတုတို့ကို ဖယ်ရှားလိုက်ပြီး ခေါင်ကြားကြီးကိုပါ ဖယ်ထုတ်လိုက်ရာ ချောမောခန့်ညားလျက် အာကီရောင် ရှပ်အကျီလက်တို ဘောင်းဘီတိုတို့နှင့် ရာဇဝတ် အုပ်တစ်ဦး၏ ယူနီဖောင်းအပြည့်အစုံဝတ်ထားသည့် ပုလိပ်အရာ ရှိတစ်ဦး၏ အသွင်သဏ္ဌာန်ပေါ်လာသဖြင့် ဟာကင်ရော ဦးခင် ကြိုင်ပါ ကမ္ဘာပျက်သလို လန့်ဖျပ်သွားရတော့၏။

"ကျုပ်က အိုင်အိုချစ်သွေးပဲ ဟာကင်၊ တစ်ချိန်တုန်းက ခင်ဗျားရဲ့ကောက်ကျစ်မှုကြောင့် ထောင်ကျပြီး ထောင်ထဲမှာသေ သွားရတဲ့ ဒေါ်သွေးမွှေးရဲ့သား ချစ်သွေးပါပဲ၊ အခု ခင်ဗျားရော



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်ကြိုင်ပါ လိုင်စပကို သတ်ဖြတ်လုပ်ကြံဖို့ ကြံစည်မှုနဲ့ ကျူး
ဖမ်းလိုက်ပြီ၊ ခုခံဖို့ မကြိုးစားပါနဲ့"

ဟု အိုင်အိုချစ်သွေးက ခပ်တည်တည်ပြောလိုက်ရာ
ဟာကင်မှာ ဒေါသအကြီးအကျယ်ဖြစ်သွားပြီး ...

"လက်စသတ်တော့ အိုင်အိုချစ်သွေးဆိုတာ မင်းကိုး
ဒို့ကို ဒုက္ခပေးပြန်ပြီဟုတ်လား၊ ကဲ ... သေစမ်းကွာ"

ဟု အော်ဟစ်ကြိမ်းဝါးရင်း ခြောက်လုံးပြူးဖြင့်ချိန်ကာ
ပစ်ထည့်လိုက်တော့၏။

'ဒိုင်း'

သို့သော် အိုင်အိုချစ်သွေးသည် လျှပ်ပြက်သလို ကြမ်း
ပြင်ပေါ် လက်ထောက်ကျွမ်းပစ်ကာ ဘေးတစောင်းရှောင်တွက်
လိုက်ပြီး ယင်းသို့ကျွမ်းပစ်ရင်း ခါးမှခြောက်လုံးပြူးကို ဆွဲထုတ်
လိုက်ကာ ဟာကင်၏သေနတ်ကိုင်လက်ကို ပစ်ထည့်လိုက်တော့
၏။

'ဒိုင်း'

"အား"

ဟာကင်မှာ သေနတ်လွတ်ကျပြီး လက်မှသွေးတို့ ထ
စက်စက်ကျနေစဉ် ခြံထဲမှ သူ၏တပည့်တို့ ပြေးတက်လာကြ
တော့၏။





"ဟော့ကောင်တွေ ... ဒီကောင့်ကို အသေဝိုင်းချစမ်း"

ဟာကင်၏အမိန့်ကြောင့် တုတ်ဓားဆွဲကိုင်လာသူတို့
သည် ချစ်သွေးကိုဝိုင်းလိုက်ရာ ချစ်သွေးက ခြောက်လုံးပြူးကို
ခါးမှသေနတ်အိတ်ထဲ ပြန်ထည့်လိုက်ပြီး ဟာကင်၏တပည့်လူ
မိုက်တို့ကို ရင်ဆိုင်လိုက်တော့၏။

"လာလေကွာ ... မင်းတို့လို လူဆိုးလူမိုက်ဆိုတဲ့ လူ
အနွတွေကို ဆုံးမ,နှိပ်ကွပ်ချင်လို့ အိုင်အိုလုပ်နေတဲ့ ချစ်သွေးကွ၊
ဖမ်းကြည့်လိုက်စမ်း"

ဟု ချစ်သွေးကစိန်ခေါ်လိုက်ရာ လူမိုက်သက်ပြင်းက
ဓုက်ကြီးတောင်ဓားဖြင့် ပြေးခုတ်ထည့်လိုက်တော့၏၊ ကျန်လူ
မိုက်တို့ကလည်း ချစ်သွေးကို လှံဖြင့်ထိုး၊ တုတ်ဖြင့်ဝင်ရိုက်ကြ
တော့၏။

'ဗိုး'

'ဂုစ်'

'ဂုစ်'

ချစ်သွေးမှာ ဝင်လာသမျှ ဓားချက်၊ တုတ်ချက်၊ လှံချက်
တို့ကို ကျားတစ်ကောင်၊ ကြောင်တစ်ကောင်၏ ပေါ့ပါးလျင်မြန်
ခြင်းမျိုးဖြင့် လျှပ်ပြက်သလို ရှောင်လိုက်ရာ သက်ပြင်းတို့ လူမိုက်
တစ်စုမှာ လေကိုသာထိုးမိခုတ်မိကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ထိုးခုတ်ချက်တို့ကို လေ၏လျင်မြန်ခြင်းမျိုးဖြင့် ရှောင်ရှားပြီးသည်နှင့် မုန်တိုင်းလိုပြင်းထန်သည့် တိုက်ခိုက်ချက်များဖြင့် ချစ်သွေးတုံ့ပြန်လိုက်ရာ . . .

'ဖောင်း'

'ခွပ်'

'ခွပ်'

ဟူသော အသံများနှင့်အတူ အားခနဲ အီးခနဲ ညည်းညူသံများပြုရင်း သက်ပြင်းတို့လူစုမှာ ကြမ်းပြင်ပေါ်သို့ သွေးသံရဲရဲဖြင့် ပစ်ကျသွားကြပါတော့၏။

ထိုအခါမှ အိုင်အိုချစ်သွေးသည် အင်္ကျီအိတ်ထဲရှိ ဝီစီကိုထုတ်ကာ တရှီရှီမှုတ်လိုက်ရာ . . .

ခြံတံခါးကိုတွန်းဖွင့်ပြီး သူ၏တပည့်ပုလိပ်တပ်သားတို့ ဝင်လာကြပါတော့၏။

ဟာကင်နှင့် ဦးခင်ကြိုင်တို့မှာ ပါးစပ်အဟောင်းသားဖြင့် လျက်မှ ခေါင်းငိုက်စိုက်ကျသွားကြပါတော့သတည်း။

❖ ❖ ❖



သမုဒယပန်းပွင့်

မယားပါသမီးအပေါ် မသင့်လျော်သော ကောက်ကျစ်ယုတ်မာသည့် စိတ်ထားဖြင့် ကြေးစားလူမိုက်ငှားကာ သတ်ဖြတ်နိုင်းခဲ့သူ ပွဲစားကြီးဦးခင်ကြိုင်ရော ကြေးစားလူမိုက်ကြီးဟာကင်နှင့် သူ၏တပည့်လူမိုက်များပါ ဥပဒေ၏ အရေးယူခြင်းခံရကာ ထောင်ဒဏ်အသီးသီးကျခံသွားရလေတော့၏။

အိုင်အိုချစ်သွေးမှာလည်း အုတ်တွင်း၊ ပေါင်းတည်၊ သဲကုန်းနှင့် နတ်တလင်း၊ ဖြူးတစ်ဝိုက်တွင် နာမည်ဂုဏ်သတင်း



www.burmeseclassic.com

www.burmeseclassic.com



ကျော်စောလျက်ရှိသည့် လူမိုက်အခေါင်အချုပ်ဟာကင်နှင့် လူမိုက်အုပ်စုကို ပြတ်ပြတ်သားသားနှိမ်နင်းကာ ထောင်ထဲထည့်လိုက်နိုင်သဖြင့် နယ်သူနယ်သားတို့၏ ချီးကျူးဂုဏ်ပြုအားကိုးယုံစားခြင်းခံရသလို ဒေသခံလူဆိုးလူမိုက်တို့မှာလည်း အိုင်အိုချစ်သွေးဟူသောအသံ ကြားရုံဖြင့် နားရွက်ကုပ်ကာ နေကြရလေ၏။

ဟာကင်လိုလူမိုက်အား မြှောက်ပေးကာ လက်သပ်မွေးထားလိုသည့် နယ်ချဲ့မျက်နှာဖြူ မြို့ရိုကရက်အရာရှိ အရာခံများမှာမူ အိုင်အိုချစ်သွေးက ဥပဒေဘက်မှ ပြတ်ပြတ်သားသားရပ်တည်ကာ သက်သေသက္ခာရ အထောက်အထား ခိုင်ခိုင်မာမာဖြင့် ဖမ်းဆီးအရေးယူသည့်အခါ သူတို့လည်း မည်သို့မျှမတတ်နိုင်ဘဲ လက်မှိုင်ချလျက်သာ ကြည့်နေရလေတော့၏။

လှိုင်ပပတို့သားအမိမှာမူ ချစ်သွေးအား အသက်သခင်ကျေးဇူးရှင်အဖြစ် ကျေးဇူးတင်မဆုံးဖြစ်ကာ တစ်နေ့တွင် အိမ်သို့ခေါ်နှင်းလှိုင်က ထမင်းစားဖိတ်လေ၏။ ချစ်သွေးရောက်လာသည့်အခါ လှိုင်ပပက ထိုင်ကန်တော့ရှာလေ၏။

"ဒီလောက်လည်း ကျေးဇူးတင်ဖို့မလိုပါဘူး လှိုင်ပပရယ်၊ တို့က ဥပဒေရဲ့ဘက်တော်သားဆိုတော့ ဥပဒေရဲ့ပြင်ပကနေ ကျူးလွန်သူမှန်သမျှကို လွှဲရှောင်လို့မရဘဲ အရေးယူရမှာပါပဲ၊





ဒီနေ့ကလည်း လှိုင်ပပရဲ့နေရာမှာ အခြားသူဆိုလည်း တို့က
ာ်ရောက်ကယ်တင်ပြီး လူဆိုးလူမိုက်တွေကို နှိမ်နင်းရမှာပါပဲ၊
ကြောင့် တာဝန်ဝတ္တရားအရ ဆောင်ရွက်တဲ့တို့ကို ထူးပြီးကျေး
တင်စရာ မလိုပါဘူးလေ"

"အို ... ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ အစ်ကိုရယ်၊
ှိုင်က အဲဒီနေ့ညနေက လူဆိုးတွေရဲ့ဓားဖျားမှာ အသက်ပါဖို့
ည်းတည်းလေးလိုတော့တာပါ၊ အဲဒီတုန်းက အစ်ကို ရုတ်တ
က်ကြီး ရောက်လာတာဟာ မိုးပေါ်ကသိကြားမင်း ရောက်လာ
လားထင်ရတယ်၊ အစ်ကိုသာ မိနစ်ပိုင်းလောက် နောက်ကျပြီး
ရောက်လာရင် လှိုင်တော့ ခုလောက်ရှိ အရိုးဆွေးနေပြီ"

လှိုင်ပပက ချစ်သွေး၏မျက်နှာချင်းဆိုင်ရှိ ဆိုဖာဆက်တီ
ပေါ်ဝယ်ထိုင်ရင်း ချစ်စဖွယ်ခေါင်းလေးငုံ့ကာပြောရာ လှပလွန်း
သာ သူမ၏မျက်နှာလေးကို ငေးကြည့်ရင်း ချစ်သွေး ရင်ခုန်
ာမိတော့၏။

ချစ်သွေးမှာ ဘဝကို နာကြည်းမှု ဒဏ်ရာဒဏ်ချက်များ
ဖြင့် ဖြတ်သန်းခဲ့ရသူဖြစ်သဖြင့် သူ့ဘဝ၏ရည်ရွယ်ချက်များ
အောင်မြင်ရန်သာ ဖွဲ့နပဲကြီးစွာ အာရုံရှုးစိုက် ကြိုးစားခဲ့ရလေ
မိန်းကလေးများကို စိတ်ဝင်စားရန် အချိန်မရခဲ့ပေ။

သူသည် ဥပဒေပြင်ပမှနေ၍ လူကောင်းသူကောင်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



အနိုင်ကျင့်တတ်သူများ၊ ဥပဒေချိုးဖောက်သူများကို မုန်းတီးသူ ဖြစ်ပြီး သူ့မိခင်ကြီးကို ကောက်ကျစ်ယုတ်မာစွာ အသက်သေ သည်အထိ ဒုက္ခပေးခဲ့သည့် လူဆိုးလူမိုက်တို့ကို ကလဲ့စားပြန် ချေ ဆုံးမနိုင်ကွပ်ရန်သာ ဆန္ဒပြင်းပြခဲ့သဖြင့် လူငယ်လူရွယ်တစ် ဦး ဖြစ်သည့်တိုင် ချစ်မှုရေးရာဆီ အာရုံမရောက်ခဲ့ပေ။

ယခုတော့ လှိုင်ပပဆိုသော ပန်းပွင့်လေးလိုလှသည့် မိန်းမချော အပျိုစင်လေးနှင့် မမျှော်လင့်ဘဲ ဆုံစည်းခဲ့လေရာ လှပလွန်းသော လှိုင်ပပ၏ အမူအရာ၊ လှုပ်ရှားမှုအားလုံးမှာ သူ့အတွက် ချစ်စဖွယ်ဖြစ်နေပြီး လှိုင်ပပနှင့်ဆုံတိုင်း ရင်ခုန်လှုပ် ရှားနေရတော့၏။

"မောင်ချစ်သွေးရယ် ... သမီးလေးဟာ မောင်ချစ် သွေး ပေးတဲ့အသက်ပဲ ရှိပါတော့တယ်၊ တကယ်တော့ သမီးလေး ဒီလိုအဖြစ်ဆိုးနဲ့ ကြုံရတာဟာ ဒေါ်ဒေါ့်ရဲ့ပယောဂလည်း မကင်း ပါဘူးကွယ်"

ဒေါ်နှင်းလှိုင်က ပြောရင်း မျက်ရည်ကျရာ လှိုင်ပပက မိခင်၏ပခုံးကို ကြင်နာစွာဖက်ရင်း ...

"မေမေကလည်း အဲဒါပဲပြောနေတာပဲ၊ မေမေ့ရဲ့ပယော ဂ မပါပါဘူး မေမေရယ်၊ မေမေ ဦးလေးဦးခင်ကြိုင်ကို ယူမလို့ ဖြစ်ရတာမဟုတ်ပါဘူး။ ဦးလေးဦးခင်ကြိုင်ရဲ့ လောဘစိတ်၊ ယုတ်





ကောက်ကျစ်တဲ့စိတ်၊ အကြင်နာမဲ့ပြီး ရက်စက်တဲ့စိတ်ဓာတ် ကြောင့် ဖြစ်ရတာပါ"

"တကယ်လို့သာ ဦးလေးဦးခင်ကြိုင်မှာ အဲဒီလို စိတ်ဆိုး စိတ်ယုတ်တွေမရှိရင် ဒီလိုအဖြစ်ဆိုးတွေ ဖြစ်လာမှာမဟုတ်ပါဘူး။ ကြောင့် မေမေရဲ့ပယောဂမပါဘူးလို့ သမီးပြောတာပေါ့"

ဟု မိခင်ကို ဖြေသိမ့်စကားပြောရှာလေ၏၊ ဒေါ်နှင်းလှိုင် ာ ခေါင်းကိုခါယမ်းရင်း ...

"မဟုတ်ဘူး သမီး၊ အဲဒီလို စိတ်ယုတ်မာရှိသူကိုမှ က်ထပ်ယူခဲ့တဲ့ မေမေ့ရဲ့အမှားပါ၊ အဲဒီတုန်းကတော့ မေမေ ာ ကျောက်အရောင်းအဝယ်သာ လုပ်နေတာ၊ ကျောက်အ ကြောင်း သိပ်နားမလည်ခဲ့ဘူးလေ၊ အဲဒီမှာ ကျောက်အကြောင်း ကောင်းကောင်းကြီးနားလည်တဲ့ ကိုခင်ကြိုင့်ကို ဆရာတင်မိရာက င်းနှီးသွားပြီး လက်ထပ်ဖြစ်သွားခဲ့ရတာပါ ...။

ကိုခင်ကြိုင်က သူ့ကိုယ်သူ ဘုရားတရားသမားလိုလို၊ ကြီးလူကောင်းလိုလို ဟန်ဆောင်ပြီး နောက်ကွယ်မှာ ဖဲရိုက် ာ, အနိုင်ထောင်ကစားတာတွေ မေမေ အားလုံးသိတယ်၊ ဒါ သမဲ့ ဒီလောက်အထိ ပက်စက်ယုတ်မာလိမ့်မယ်လို့ မထင်ခဲ့မိ ာ အမှန်ပါ၊ အခုလေ .. သင်းက သမီးလေးအပေါ်မှာ ရက် က်မှာပေါ့၊ သူက ဖအေအရင်းမှ မဟုတ်ဘဲ ... ပစ္စေးကိုး"



www.burmeseclassic.com

www.burmeseclassic.com



'ပထွေး'ဟူသောစကားကြောင့် သားအမိနှစ်ယောက် ပြောစကားများကို ငြိမ်သက်စွာနားထောင်နေသည့် ချစ်သွေးမှာ ခေါင်းထောင်သွားရတော့၏။

"တစ်ခုတော့ရှိပါတယ် ဒေါ်ဒေါ်ရယ် . . . ပထွေးတိုင်းက အဲဒီလောက်မဆိုးပါဘူး။ ကျွန်တော်လည်း ပထွေးနဲ့ ငယ်ငယ်က နေခဲ့ရပြီး ပထွေးရဲ့ အနိုင်ကျင့်နှိပ်စက်မှုတွေကို ခံခဲ့ရသူပါ။ ဒါကြောင့် ကျွန်တော်လည်း အစက ပထွေးဆို အရမ်းမုန်းတီးခဲ့ တာပါပဲ . . .။

ဒါပေမဲ့ ကျွန်တော် ဆရာဝန်ကျောင်းတက်တုန်းက ဖုန်းမြင့်ဆိုတဲ့သူငယ်ချင်း သင်တန်းတက်ဘက်တစ်ဦး ရှိဖူးခဲ့တယ်၊ အဲဒီဖုန်းမြင့်ဟာ ကျွန်တော့်လိုပဲ ပထွေးနဲ့နေရသူပါ၊ ဒါပေမဲ့ သူ့ရဲ့ပထွေးက လူကောင်းလူအေး စိတ်ထားမြင့်မြတ်တဲ့သူ၊ အဲဒီ ဖုန်းမြင့်ရဲ့ပထွေး ဦးမြသီဟာ ဖုန်းမြင့်ကို သားအရင်းလိုချစ်တယ်၊ ဖုန်းမြင့် ဆရာဝန်ကျောင်းတက်နေတုန်းက ဖုန်းမြင့်လိုအပ်သမျှကို စာတိုက်ကရော လူကြုံနဲ့ပါပို့ပြီး ထောက်ပံ့တဲ့အပြင် သူကိုယ်တိုင် ဆေးကျောင်းကို သုံးလေးလတစ်ခါလောက် လိုက်လာပြီး ဖုန်းမြင့်ကိုလာတွေ့တယ်၊ ဖုန်းမြင့်ရဲ့အမေက ခြေတစ်ဖက်ကျိုးနေလို့ ချိုင်းထောက်နဲ့နေရပြီး ခရီးဝေးကို လိုက်မလာနိုင်ဘူး၊ ဦးမြသီ ဝဲ လိုက်လိုက်လာပြီး ဖုန်းမြင့်ကို ကျန်းမာရဲ့လား၊ အဆင်ပြေ





သား လာလာမေးရှာတယ်၊ ဦးမြသီရဲ့ကောင်းမှုကြောင့် ဖုန်းမြင့် ဒ ပညာတတ်အရာရှိတစ်ယောက် ဖြစ်လာရတာပါ . . .။

အဲဒီမှာတင် ကျွန်တော်ဟာ ပထွေးဆိုတိုင်း မကောင်း ဆိုတဲ့ အစွဲပျောက်သွားတယ် ဒေါ်ဒေါ်၊ တကယ်တော့ ပထွေး ့ မိထွေးတို့ဆိုတာ ဒုတိယဖအေမအေတွေပါပဲ၊ စိတ်ထားမြင့် တ်ကောင်းမွန်တဲ့ မိထွေးပထွေးတို့လည်း ရှိပါတယ်၊ လင်ပါ း မယားပါသားကို ကိုယ့်ရဲ့သွေးသားအရင်း၊ သားသမီး ရင်းလို သံယောဇဉ်ကြီးမားသူ မိထွေးပထွေးမျိုးလည်း ရှိပါ ယ် ဒေါ်ဒေါ်၊ မိထွေးဖြစ်ဖြစ်၊ ပထွေးဖြစ်ဖြစ် အဓိကအရေး တာက ပင်ကိုစိတ်ထားမြင့်မြတ်ကောင်းမွန်မှု၊ အကြင်နာ ရှတာနဲ့ ကိုယ်ချင်းစာစိတ်ရှိဖို့ပဲ အရေးကြီးပါတယ်ခင်ဗျာ"

ချစ်သွေး၏စကားကိုနားထောင်ပြီးနောက် ဒေါ်နှင်းလှိုင် ခေါင်းကိုတဆတ်ဆတ်ညိတ်လိုက်ရင်း . . .

"မောင်ချစ်သွေးပြောပုံအရဆိုရင် ပင်ကိုစိတ်ထား ောင်းသူ၊ မြင့်မြတ်ဖြူစင်သူတွေဟာ ဘဝရဲ့အကြောင်းတရား ကြောင့် မိထွေး ပထွေး ဖြစ်လာပေမယ့် သူတို့ဟာ ပင်ကို ်ဓာတ်အခံကောင်းတဲ့အတွက် ဖခင်မိခင်ရင်းနဲ့မခြားတဲ့ မိထွေး ောင်း ပထွေးကောင်းတွေ ဖြစ်လာတယ်ပေါ့ . . . ဟုတ်လား" ဟု မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ပင်ကိုစိတ်ဓာတ်အခံမကောင်
သူတွေ မိထွေး,ပထွေး ဖြစ်လာရင်တော့ ကောင်းဖို့ မလွယ်
ပါဘူး။ ဒါကတော့ ကျွန်တော့်ရဲ့အတွေ့အကြုံနဲ့ သူငယ်ချင်းဖြ
သူ ဖုန်းမြင့်ရဲ့အတွေ့အကြုံအရ ပြောရတာပါ"

"အင်း . . . ဟုတ်ပါတယ်လေ၊ တကယ်တော့ ကိုခ
ကြိုင်ဟာ ပင်ကိုစိတ်ဓာတ်စာရိတ္တ မကောင်းသူပါ၊ သူဟာ လေ
ဘကြီးပြီး ကိုယ်ချင်းစာစိတ်နည်းတယ်၊ လောင်းကစားကို ခုံမ
တယ်၊ လျှို့ဝှက်ပြီး ဟန်ဆောင်တတ်တယ်၊ ကျောက်လော
မှာလည်း သူရဲ့လိမ်လည်လှည့်ဖြားတတ်မှုကြောင့် နောက်ပိုင်းမှ
ပြဿနာတွေ တော်တော်တက်ခဲ့တယ်၊ သူဟာ ပင်ကိုစိတ်ဓာ
မကောင်းသူဖြစ်တဲ့အတွက် သမီးလေးအပေါ်မှာ သားသမီးချ
ကိုယ်ချင်းမစာဘဲ ရက်ရက်စက်စက် သတ်ဖြတ်ဖို့ ကြံစည်ခဲ့တ
ပေါ့"

မည်သို့ဖြစ်စေ ချစ်သွေးမှာ သူလိုပင် ပထွေးဆိုးနှ
နေခဲ့ရသူက လှိုင်ပပအား ဘဝတူချင်းမို့ ပိုမိုအကြင်နာပွား
လေ၏။

အားငယ်နေရှာသူ ရောဂါသည်ဒေါ်နှင်းလှိုင်ကလည်
အိမ်သို့ မကြာခဏလာလည်ပါရန် အတန်တန်မှာခဲ့သဖြ
ချစ်သွေးမှာ အလုပ်တာဝန်ဖြင့် ဒီစတြိတ်အပိုင်အတွင်း လှည





လည်ရင်း 'လှိုင်ပပတို့အိမ်သို့ ဝင်ရောက်လည်ပတ်လေ့ရှိသလို
တာဝန်မှ အနားယူခွင့်ရသည့် အချိန်တို့၌လည်း မကြာခဏ
လာရောက်လည်ပတ်လေ၏။

ကြာတော့ ချစ်သွေးမှာ ဒေါ်နှင်းလှိုင်တို့သားအမိနှင့်
ဆွေမျိုးသားချင်းလို ရင်းနှီးခင်မင်လာတာ အထူးသဖြင့် လှိုင်ပပ
၏အပေါ်ဝယ် တစ်နေ့တခြား သံယောဇဉ်နှောင်ဖွဲ့လာမိတော့၏။

ချစ်သွေးနှင့် လှိုင်ပပတို့မှာ တစ်ဦးအပေါ်တွင် တစ်ဦး
သမုဒယသံယောဇဉ် ရစ်ဖွဲ့မိကာ မကြာမီ ချစ်သူဘဝသို့ ရောက်
ခဲ့ရတော့၏။

"တို့ဟာ တစ်ကောင်ကြွက်ပါလှိုင်၊ သမုဒယအနှောင်
အဖွဲ့တွေ ကင်းလွတ်နေသူပါ၊ တို့ရဲ့ အကြင်နာမေတ္တာတွေအား
လုံးကို လှိုင့်ဆီပုံထားတာပါ၊ တို့ရဲ့မေတ္တာကို ယုံပါနော်"

"ယုံပါတယ် အစ်ကိုရယ်၊ အစ်ကိုဟာ လှိုင့်ရဲ့အသက်
သခင်ဖြစ်သလို အသည်းသခင်လည်းဖြစ်နေပါပြီ အစ်ကို၊ အစ်ကို့
လို ယောကျ်ားကောင်း ယောကျ်ားမြတ်ဟာ လှိုင့်အပေါ်မှာ သစ္စာ
ရှိမယ်ဆိုတာကိုလည်း တစ်ထစ်ချယုံကြည်ပြီးသားပါရှင်"

လူငယ်နှစ်ဦး၏ အချစ်ရေးကို ဒေါ်နှင်းလှိုင်က ရိပ်မိသိ
ရှိသော်လည်း ချစ်သွေးလို လူတော်လူကောင်းတစ်ဦးကို သမီး
ဖြစ်သူနှင့် သဘောမတူစရာမရှိသဖြင့် မသိလိုက်မသိဟန်ဟ



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်လေတော့၏။

"အင်း ... ငါကလည်း ဒီရောဂါနဲ့ လောကမှာ ရေ
နေရဖို့ မလွယ်ဘူး။ ငါ မျက်စိမှိတ်မသွားခင် မောင်ချစ်သွေး
လူတော်လူကောင်းနဲ့ဆို သမီးလေးကို စိတ်ချရတာပေါ့"

ဟုတွေးကာ ပီတိပင် ဖြစ်နေမိရပါတော့သတည်း

❖ ❖ ❖



## အခန်း (၃)

မရုဏာသူယောင်မယ်

ဧသမင်းရုပ်တု

ဝန်းပျိုးလက်၏ ကြေကွဲနိဒါန်း

အတိတ်တရွေ့

ဆွေးကြွေးသင်

မောဟမိစ္ဆာ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)



## မရဏသူယောင်မယ်

တစ်ညနေခင်း၌ ...

ပဲခူးရိုးမ၏အနောက်ဘက် နဝင်းချောင်းစပ်ဝယ် ဧ
တင်ထားသော မှော်ကုန်းဆိုသည့် တောရွာလေး၏အစွန် ဘို
ပေါ်ရှိ ဝရန်တာ၌ ပက်လက်ကုလားထိုင်ဖြင့်ထိုင်ကာ လေညှင်း
လျက်ရှိသော ဝန်ထောက်ကလေး ကိုရွှေညွှာမှာ သူတပည့်
တူး ပြင်ဆင်ပေးသည့် ဆတ်သားခြောက်ဆီဆမ်းအမြည်း
စားလိုက်၊ ဘရန်ဒီအရက်ကို မော့လိုက်ဖြင့် ဆက်ရက်မင်းစည်





စိမ့် စံစားနေလျက်ရှိလေ၏။ သူသည် နဝင်းချောင်းရေပြင်ပေါ်သို့ ဖြာကျနေသော ဆည်းဆာနေခြည်အောက်၌ ဖျပ်ဖျပ်လက်နေသည့် လှိုင်းကြက်ခွပ်လေးတို့၏အလှဝယ် မိန်းမောလျက်ရှိရာမှ သူ့တပည့်ချိုတူးကို လှမ်းမေးလိုက်လေ၏။

"ဟေ့ ချိုတူး ... ဒီနေ့ည အေးမောင်ခေါ်လာမယ့် မဒီလေးက နိုပ်ပါ့မလားကွ"

"နိုပ်ပြီလား ဆရာရယ်၊ မနက်ကပဲ အဲဒီဘက်ရွာက ဆရာလာတိုင်း မဒီကညာရှာပေးနေကျ ဦးအုန်းမောင်က ကျွန်တော်နဲ့အေးမောင်ကို ပြပြီးသားဗျ။ သူကလေးရဲ့နာမည်က မြနှင်းဒီဆိုလားပဲ၊ လှမှလှ ချောမှချောပဲ၊ ကမ်းသောင်ခုံရွာကိုရောက်တာ တစ်ပတ်လောက်ပဲရှိသေးတယ်တဲ့၊ မြို့ကလာတဲ့ မိဘတွေဆုံးပြီး အိမ်ကိုကြွေးနဲ့အသိမ်းခံရလို့ စိတ်ညစ်ညစ်နဲ့ ခြေဦးတည့်ရာလျှောက်သွားရင်း ဦးအုန်းမောင်နဲ့ အဲဒီရွာကူးတို့ဆိပ်မှာ တွေ့တာတဲ့ ဆရာရဲ့"

"နာမည်လေးကလည်းလှ၊ လူလေးကလည်းလှမို့ ဦးအုန်းမောင်က ရေရှည်အကျိုးကြည့်ပြီး ဆွဲသိမ်းထားလိုက်တာဆိုဗျ"

ဝန်ထောက်ကလေးကိုရွှေညွှာမှာ အရက်တစ်ပက်ကို ဆယ်မော့လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောသလိုဆို အသစ်ကလေးဆိုပါတော့ ဟဲ ဟဲ"

ဟု ရှင်ခုန်သလိုဖြစ်ရင်း မေးလိုက်ရာ ထမင်းချက်ပြီးသွားပြီဖြစ်သည့် ချိုတူးမှာ သူ့ဆရာဝန်ထောက်ကလေး ကိုရွှေညွှာအနီးဝယ် တင်ပျဉ်ခွေလာထိုင်ပြီး ရယ်ကျဲကျဲမျက်နှာဖြင့် အားရပါးရ ပြောတော့သည်။

"ဟာ ဆရာ့နှယ် ... အသစ်မှ အသစ်စက်စက်၊ ဟီး .. ကောင်မလေးက နိုကိုးရာမဲ့ပြီး စိတ်လေနေလို့သာ ဦးအုန်းမောင်ရဲ့လက်ထဲ ရောက်လာတာတဲ့၊ ဦးအုန်းမောင်ကလည်း သိတဲ့အတိုင်း ... ဒီအလုပ်သာလုပ်တာ ... သူ့မိန်းမ ဒေါ်စိန်တစ်လုံးကို ကြောက်ရတော့ ကောင်မလေးကို လက်များနဲ့တောင် မတို့ရဲဘူးတဲ့၊ ဆရာလာမှာသိလို့ ဖူးဖူးမှုတ် လက်သပ်မွေးထားတာတဲ့ .. ဟီး .. ဆရာတော့ ပွတာပဲ ... ပွတာပဲ"

ဝန်ထောက်ကလေး ကိုရွှေညွှာမှာ တပည့်ဖြစ်သူထံမှ ကောင်းသတင်းများကို ကြားနာရင်း ရင်ခုန်ပီတိပွားလျက်ရှိတော့၏။

တကယ်တော့ လယ်ဝန်ထောက်ကလေး ကိုရွှေညွှာမှာ ယခုလို လယ်သမားတို့အား အမတော်ကြေပေးရမည့် ရာသီရောက်ပါက ပြည်မြို့ရှိ နယ်ပိုင်ဝန်ထောက်ရုံးမှနေ၍ အရှေ့မြောက်ဘက် ပေါင်းတလည်၊ ဝက်ထီးကန်၊ ပေါက်ခေါင်းဒေသ





များနှင့် နဝင်းချောင်းရိုးတစ်လျှောက်ရှိ ရွာများသို့ တပည့်နှစ်ဦးနှင့်အတူ ခရီးလှည့်လည်ကာ ကျေးရွာသူကြီးများနှင့် တိုင်ပင်စီစဉ်ပြီး လယ်သမားတို့ကို အမတော်ကြေး နှစ်စဉ်လာရောက်ပေးလေ့ရှိလေ၏။

နဝင်းချောင်းရိုးတစ်လျှောက် မော်တော်ဘုတ်နှင့် ဆန်တက်ကာ ရွာစဉ်များ လှည့်လည်သည့်အခါတိုင်း မော်ကုန်းသို့ ရောက်ပါက ဤဘိုတဲမှာပင် တစ်ညအိပ်နှစ်ညအိပ် စခန်းချရပ်နားလေ့ရှိလေ၏။

မော်ကုန်းဘိုတဲ၌ စခန်းချရပ်နားတည်းခိုတိုင်း နဝင်းချောင်းတစ်ဖက်ကမ်းရှိ ကမ်းသောင်ခုံရွာမှ ဦးအုန်းမောင်ရှာဖွေပေးသည့် ကြေးစားမိန်းမလှလေးများကို ညဘက်ဝယ် ဘိုတဲသို့ ပျော်တော်ဆက်ရန် ခေါ်လေ့ရှိမြဲဖြစ်၏။

ကိုရွှေညွှာမှာ မိန်းမကိစ္စဘက် လွန်စွာဝါသနာကြီးပြီး ပြည်မြို့၌ နေစဉ်အခါမှာမူ မယားကြောက်ရသဖြင့် မခုတ်တတ်သည့်ကြောင်လို ငြိမ်ကုပ်နေသော်လည်း ယခုလို ခရီးထွက်ရသည့်အခါတွင်မူ လက်ရင်းတပည့်ချိုတူးနှင့် အေးမောင်အားကိုးဖြင့် ကြေးစားမဒီကညာ အချောအလှတို့ကို သူတည်းခိုရာဘိုတဲသို့ ခေါ်ယူလေ့ရှိလေ၏။ ထိုကိစ္စအတွက် ငွေမည်မျှကုန်ကုန် ရှုမစိုက်သူလည်း ဖြစ်ချေ၏။

ခုနစ်စဉ်ကြယ် စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကမ်းသောင်ခုံရွာမှ ဦးအုန်းမောင်မှာမူ ရွာ၌ အရက်ပုန်းဆိုင် ထောင်ထားသူဖြစ်ပြီး လူဆိုးသူခိုးများ၊ ကြေးစားမိန်းမပျက်များနှင့် အဆက်အသွယ်ရှိသူဖြစ်ရာ ဝန်ထောက်ကလေး ကိုရွှေညွှာလာတိုင်း သူစပါယ်ရှယ်ရှာဖွေထားသည့် ကြေးစားမိန်းမပျက်များကို ကိုရွှေညွှာ၏တပည့်တို့နှင့် ထည့်ပေးလိုက်လေ့ရှိလေ၏။ ထိုသို့ ကိုရွှေညွှာ၏အကျိုးကို ဆောင်ပေးသည့်အတွက် ဦးအုန်းမောင်မှာ အကျိုးအမြတ်များစွာရရာ ယခုအခေါက် ဝန်ထောက်ကလေး ကိုရွှေညွှာရောက်မလာမီ တစ်ပါတ်အလိုကပင် သူစပါယ်ရှယ် တွေ့ရှိမွေးမြူထားသည့် မြနန္ဒီဆိုသော မဒီကညာကို နေမဝင်မီမှာပင် သည်ဘက်ကမ်းသို့ ပို့လွှတ်လိုက်မည်သာ ဖြစ်၏။

ဝန်ထောက်ကလေး ကိုရွှေညွှာမှာ ဤညဝယ် သူ့အားချစ်ပုံပြင်များ ပြောပြပေးမည့် မြနန္ဒီဟူသော သူ့ယောင်မယ်လေးအလာကို သွေးတကြွကြွ အရက်ကလေးတမြမြဖြင့် စောင့်မျှော်လျက်ရှိတော့၏။

"ဟော ... လာပြီ"

နဝင်းချောင်း၏ တစ်ဖက်ကမ်းရှိ ကမ်းသောင်ခုံရွာဘက်မှ လှေငယ်လေးတစ်စင်းသည် ဆည်းဆာနေခြည်ကိုကျောပြုလျက် တရွေ့ရွေ့ထွက်ခွာလာချေပြီ။

ဆည်းဆာရီနေလုံးကြီးသည်ကား၊ ကမ်းသောင်ခုံရွာ၏





အနောက်ဘက်တောတန်းထဲသို့ ငုပ်လျှိုးစပြုလျက် မြင်ကွင်းအားလုံးသည် ညို့ညို့မှိုင်းမှိုင်းဖြစ်လာပြီး လေပြည်က မိုးရနံ့သင်းကာ ပိုမို အေးမြလာတော့သည်။

နဝင်းချောင်းရေသည်လည်း တအိအိတက်လျက်ရှိရာ ရေဆန်ကို ကန့်လန့်ဖြတ်လှော်ခတ်လာရသည့် လှေငယ်လေးမှာ တရွေ့ရွေ့ဖြင့်သာ ဘိုတဲကုန်းရှိရာကမ်းခြေသို့ ချဉ်းကပ်လာနိုင်တော့၏။

အစိမ်းရောင်ချိတ်ထဘီနှင့် အစိမ်းနုရောင် ဇာအင်္ကျီ သက်စက ပါးပါးလေးဝတ်ထားသည့် မြနန္ဒီ၏အလှကို လှေပေါ်မှ အဆင်းမှာပင် ထင်ရှားစွာလှမ်းမြင်ရသည့် ဝန်ထောက်ကလေး ကိုရွှေညွှာမှာ အမူးများပင်ပြေသွားသလား ထင်ရအောင် ပါးစပ်အဟောင်းသားဖြစ်လျက် ရင်ထဲဝယ် ကတုန်ကယင်ဖြစ်လောက်အောင်ပင် ပီတိတွေ တဖွားဖွားဖြစ်ပေါ်သွားတော့၏။

"အားပါး ... လှလှချည်လား၊ ကိုယ်လုံးကလည်း မျှစ်စို့ပေါက်လားထင်ရတယ်၊ မျက်နှာလေးကလည်း ဝင်းလို့ဖန့်လို့၊ မြို့မှာတောင် ဒီလိုအလှမျိုး ရှာမှရှားပါလား၊ ဒီတစ်ခါ ဦးအုန်းမောင်ကြီး ဒီလောက်လှတဲ့မဒီကညာကို ဘယ်ကသွားရှာပါလိမ့်၊ နတ်ပြည်ကများ အောက်ဒါမှာလိုက်သလား မသိဘူး ... ဟီဟီ"

ကိုရွှေညွှာမှာ ပီတိဖြစ်စွာတွေးရင်း ရင်ထဲမှလှုပ်ခတ်မှု



www.burmeseclassic.com

www.burmeseclassic.com



တို့ပြေစေရန် ဘရန်ဒီတစ်ပက်ကို ကမန်းကတန်း မော့လိုက်
သေး၏။

သူ၏တပည့်ကျော်ဖြစ်သော အေးမောင်မှာ မှီရသော
မျက်နှာဖြင့် မြနန်ဒီအား ဘိုတဲပေါ်သို့ ဦးဆောင်ခေါ်လာကာ သူ
ဆရာရှေ့ရှိ ခုံပုလေးပေါ် ထိုင်စေလိုက်၏။

မြနန်ဒီမှာ ပိတုန်းရောင်တောက်နေသည့် ဆံပင်ရှည်ရှည်
ကို တစ်ပတ်လျှိုထုံးထားပြီး သဇင်ပန်းခက်လေးပန်ထားကာ
ဦးခေါင်း၌ အစိမ်းနုရောင် ဇာပဝါပါးပါးလေးခြုံထားလျက် မေ
စေ့လုံးလုံးလေးအောက်ဝယ် ပဝါစကို ရွရွလေးစုချည်ထားလေ
၏။

အနီးကပ်ကြည့်ရသည့်အခါတွင်မှ မြဒနီ၏အသားအ
ရည်မှာ နှင်းနှစ်ရောင်နှယ် ဖြူဝင်းလျက်ရှိပြီး ရွှန်းလက်သောမျက်
ဝန်းများ ပေါ်လွင်သော နှာတံဖြောင့်ဖြောင့်လေး၊ နှင်းဆီပန်း
လို နီတွေးတွေး နှုတ်ခမ်းတစ်စုံတို့ဖြင့် ဖွဲ့စည်းထားသည့် မျက်နှာ
အလှမှာ ကုလ္လိယမိန်းမများစွာကို တွေ့ဖူးကြုံဖူး ဖူးစာဖက်ဖူး
သည့်ဆိုသော ဝန်ထောက်ကလေးကိုရွှေညွှာကို လက်ဖျားခါသွား
စေပါ၏။

သို့သော် တစ်ခုထူးခြားသည်က အနီမိန်းမပျိုကို တစ်
ရာရာတွင် မြင်ဖူးသလိုလို ခံစားရခြင်းပင်။ တစ်ခုသေချာသည်က





သူ့ဘဝတစ်သက်တာဝယ် ဤမျှလှပသောမိန်းမမျိုးကို မတွေ့ဆုံ
ဖူးခြင်းပင်။

"တစ်ခုခုစားပါလား"

ကိုရွှေညွှာက လောကွတ်လုပ်ကာ စကားစလိုက်ရာ
မြနန်ဒီက ပြုံးလျက်ခေါင်းယမ်းပြလိုက်ပြီး ...

"ကျွန်မ အစာစားဖို့လာတာ မဟုတ်ပါဘူး"

ဟု စကားသံ တိုးတိုးမှန်မှန်လေးဖြင့် ပြန်ပြောလိုက်လေ
၏။ ကိုရွှေညွှာမှာ မြနန်ဒီဆိုသော မိန်းမချောလေးကိုကြည့်ရင်း
သဘောကျပီတိဖြစ်ကာ ရင်ခုန်ပူနွေးနေသော်လည်း တစ်ဖက်
ကလည်း ဘာကြောင့်မှန်းမသိ တစ်ခုခုကို စိုးရွံ့သလိုလို ထူးဆန်း
စွာ ခံစားနေရလေ၏။ အဘယ်ကြောင့် ထိုသို့ဖြစ်နေရသည်ကိုမူ
သူမတွေးတတ်ချေ။

မြနန်ဒီမှာ ဤဘိုတဲတွင် သူတည်းခိုတိုင်း တွေ့ကြုံရဖူး
သည့် သူယောင်မယ်တို့နှင့် မတူသည့်မှာတော့ အမှန်ပင်ဖြစ်
ချေ၏။

ယခင်ကြုံတွေ့ဖူးသော ကြေးစားမိန်းမတို့မှာ ဤဘိုတဲ
ပေါ်ရောက်ပါက စကားကို ဖောင်လောက်အောင်ပြောရင်း သူ့ကို
ပွတ်သီးပွတ်သပ်နှင့် ကူခြေမရစွာ ပရောပရီလုပ်တတ်သော်လည်း
မြနန်ဒီမှာမူ ထိုသို့မဟုတ်။ တည်ငြိမ်ပြီး ကူခြေရလွန်းနေချေ၏။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဖြစ်စေ ဤမိန်းမကို ဤညအဖို့ သူပိုင်ရမည် ပင်ဖြစ်ရာ ရင်မှာ ပြန်လည်ပူနွေးလျက် ပီတိလှိုင်း ပြန်လည်ရိုက်ခတ်လာပြီး အရက်ပိုင်းကို သိမ်းလိုက်၏။ ပြီးတော့ နဝင်းချောင်းစပ်ဝယ် ရေဆင်းချိုးလိုက်၏။ ပြီးလျှင် တပည့်များတည်ခင်းသည့် ညစာထမင်းကို စားလေ၏။

မြနှဒီမှာမူ မည်သည့်အစားအစာကိုမှ မစားလိုဟုဆိုကာ ဘိုတဲအတွင်းခန်းထဲရှိ အိပ်ရာနံဘေးမှ ခုံတစ်လုံးပေါ်မှာသာထိုင်ရင်း ခန်းသဥ္စာလီထဲ ကိုရွှေညှာဝင်လာမည့်အချိန်ကို စိတ်ရှည်စွာ စောင့်စားနေလေ၏။

ကိုရွှေညှာလည်း ထမင်းကို ကပျာကသီစားပြီးသော် သူ၏တပည့်နှစ်ဦးကို မုန့်ဖိုးတစ်ကျပ်စီပေးကာ ရွာထဲသို့ သွားလည်စေလိုက်၏။

ထို့နောက်တွင်မှ သူသည် ဘယ်ခြောက်ကာ ညာလှမ်းသည့် ခြေလှမ်းကျဲကြီးများဖြင့် မြနှဒီစောင့်စားနေရာ ခန်းသဥ္စာလီထဲသို့ ဝင်လေတော့သတည်း။

'ဖန်မီးအိမ်နန်းခြည်ကျွမ်းပါပေါ့ စောင့်မျှော်ရတာ မောလှပြီရှင်'ဟု ဆိုတော့မယောင် မြနှဒီအချောအလှပဂေးလေးက ခန်းသဥ္စာလီထဲမှ ခုတင်နံဘေးခုံပုလေးပေါ်ဝယ် ကနွဲ့ကလျ ထိုင်လို့ပါလား။





မုန်အိမ်မီးရောင် မှိန်ဖျော့ဖျော့အောက်မှ အချိုးအဆစ်...နစွာ ပန်းပုသုဇာနှယ် ဖွံ့ထွားလှပနေသည့် မဒီကညာ၏...ာက်ပိုင်းအလှကို ရင်သပ်ရှုမော ခေါ်တောတစ်ထောင်အားဖြင့်...ဒိုပါဝါကုန်လွှတ်လျက် အငမ်းမရကြည့်ရင်း ဂွတ်ခနဲ တံတွေး...မျိုချကာ ခြေသံဖွဖွဖြင့် ချဉ်းကပ်လိုက်သည့်ခဏမှာပင် မြနှဒီ...၁ နောက်သို့ ခပ်ဖြည်းဖြည်း လှည့်ကြည့်လိုက်တော့၏။

"အင်"

မုန်အိမ်မီးရောင်အောက်တွင် ဖျတ်ခနဲလက်ခနဲ တွေ့...က်ရသည့် မြနှဒီ၏မျက်ဝန်းတို့ဝယ် ရမ္မက်သွေးကြွဖွယ် မြူ...ယ်သော ချစ်ရည်တို့ ရွှန်းလဲ့လို့မနေဘဲ မီးထွက်မတတ် ဒေါသ...ရိပ်အရောင်တို့ကိုသာ တွေ့ရသဖြင့် မြာသမား ဝန်ထောက်...လေး ကိုရွှေညှာမှာ 'အင်'ခနဲ ပါးစပ်မှ ယောင်ယမ်းမြည်တမ်း...ာ တွန့်ခနဲဖြစ်သွားရသည့် အခိုက်မှာပင် မြနှဒီက ဆတ်ခနဲ...ရပ်ပြီး သူ့ကို မျက်နှာချင်းဆိုင်လိုက်တော့၏။

"ဒီမှာ ရွှေညှာ ...နင် ငါ့ကို မမှတ်မိဘူးလား"

ဝန်ထောက်ကလေးကိုရွှေညှာမှာ သူ့မျက်နှာကို လက်...ဝေါက်ဝေါက်ထိုးပြောလိုက်သည့် မြနှဒီ၏ တင်းမာခက်ထန်...သော စကားသံကြောင့် နားမလည်နိုင်အောင် အံ့အားတသင့်...သွားပြီး သူ့လို မြို့တို့သျှဘုရင်မကြီး၏ မင်းမှုထမ်းတစ်ဦးကို

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



နင်တွေ ငါတွေဖြင့် ပြောလာသည့် မြနန္ဒီအား ‘ဒေါသအမြ
အကျယ် ဖြစ်သွားတော့၏။

“ဟေ့ . . . ဒီမှာ မြနန္ဒီ . . . နင့်ကို ငါက ဘာမှတ်မိစ
ရှိရမှာလဲ အပျက်မရဲ့၊ ဒီနေ့ညနေ စောစောကမှတွေ့ဖူးတဲ့နင့်
ဘာမှတ်မိရဦးမှာလဲ၊ ပြီးတော့ နင့်လို ကျေးတောသူမက ငါ့
မြို့တော်သျှအစိုးရရဲ့ အရာထမ်းတစ်ယောက်ကို ပြောဆိုတာ ရင့်
လှချေလား . . . ဟင်၊ နင် အခု ငါ့ကို ပြန်တောင်းပန်စမ်း

ဟု အော်ဟစ်ငေါက်ငမ်းလိုက်ရာ မြနန္ဒီမှာ စိုးစဉ်
ကြောက်ရွံ့တုန်လှုပ်ပုံမရဘဲ ခါးထောက်ရပ်ကာ သူ့ကိုစေ့စေ့ကြ
ပြီး ကိုရွှေညွှာအတွက် ကြောက်စရာစကားလုံးတို့ဖြင့် ဆက်ပြေ
တော့၏။

“ဒီမှာရွှေညွှာ . . . လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လော
က နင်တို့ရဲ့ယုတ်မာမှုကို လည်စင်းခံခဲ့ရတဲ့ မြရတီမိသားစု
နင် တကယ်မေ့သွားပြီလား၊ အေး . . . နင်ကမေ့ပေမယ့် ငါတို့
မမေ့သေးဘူးတဲ့၊ ဆယ်သက်ဆယ်ကမ္ဘာမမေ့ဘူး . . . သိလား

‘မြရတီ’မိသားစုဟု ကြားလိုက်ရသည့်တွင် ကိုရွှေည
မှာ ဦးခေါင်းကို မိုးကြိုးခွင်းသလို ယိတ်ပေန့်တုန်လှုပ်သွားပြ

“ဘာ . . . မြ . . . မြရတီမိသားစုက . . . ဟုတ်လာ
ဒါ . . . ဒါဆို နင် . . . နင်က မိုးကလျာပေါ့ . . . ဟုတ်လား





ဟု တုန်တုန်လှုပ်လှုပ်ဖြင့် မေးရင်းမှ မြနန္ဒီ၏မျက်နှာ
ကို သေချာစူးစိုက်ကြည့်ရာ မြနန္ဒီ၏ငယ်ရုပ် တဖြည်းဖြည်းပေါ်
လာပြီး မိုးကလျာကို မှတ်မိသွားပါတော့၏။

“ဟုတ်တယ် ရွှေညွှာ . . . ငါဟာ မိုးကလျာပဲ၊ ငါတို့မိ
သားစုဟာ နင်တို့သားအဖ ရက်စက်ယုတ်မာမှုကြောင့် ကြမ္မာဆိုး
ဝင်ပြီး သေကွဲရှင်ကွဲ ကွဲခဲ့ကြရတယ် . . .။

နင်တို့သားအဖရဲ့စနက်ကြောင့် အဖေသေခဲ့ရသလို
အမေနဲ့ ငါတို့ရဲ့အစ်မကြီးပါ အသက်ဆုံးရှုံးခဲ့ရတယ်၊ အဲဒီအတွက်
ထိုက်တန်တဲ့ တုံ့ပြန်လက်စားချေမှု အပြစ်ဒဏ်ပေးဖို့ ငါ
အခုဒီကိုရောက်လာတာပဲ သိပြီလား”

ကိုရွှေညွှာမှာ မိုးကလျာကို စူးစူးဝါးဝါးကြည့်နေရင်းမှ
အခြေအနေအရပ်ရပ်ကို နားလည်သဘောပေါက်သွားပြီး သူ၏
အိပ်ရာခေါင်းအုံးအောက်မှ ခြောက်လုံးပြူးကို ဖျတ်ခနဲ နှိုက်ယူ
လိုက်ကာ မိုးကလျာကို ချိန်လိုက်တော့၏။

“မလှုပ်နဲ့ မိုးကလျာ၊ နင်က ငါ့ကို တုံ့ပြန်လက်စား
ချေဖို့ လာတာဆိုတော့ ဘာလုပ်ချင်လို့လဲ၊ ဘာလုပ်နိုင်သေးသလဲ
. . . ဟားဟားဟား၊ ရွှေညွှာတို့က အမြဲတမ်း လေညာကနေခဲ့တဲ့
ကောင်ပါ၊ ဒီလိုစမ်းလို့မရဘူး . . . ဟားဟားဟား”

ဟု အော်ရယ်လိုက်စဉ်မှာပင် မိုးကလျာက ရှေ့သို့တိုး



www.burmeseclassic.com

www.burmeseclassic.com



လာရာ ...

"ဩော် နင်က သေရမှာမကြောက်ဘူးပေါ့ ဟုတ်လာ
နင်တို့ကို အပြတ်ရှင်းနိုင်ခဲ့ပြီထင်တာ၊ သေရွာကနေ ဘယ်လိုပြ
လာသလဲမသိဘူး၊ ဒီတစ်ခါထပ်ပြီး သေရွာပို့ရတာပေါ့လေ"

ဟုပြောရင်း သေနတ်မောင်းကို တင်လိုက်စဉ် မိုးကလ
က ရှေ့သို့ခြေတစ်လှမ်း ထပ်တိုးလာပြန်ရာ ...

"ဒီလောက်တောင်ဖြစ်လုတာ သေစမ်းဟာ"

ဟု ကြိမ်းဝါးကာ သေနတ်မောင်းခလုတ်ကို ဖြုတ်
လိုက်တော့၏။

'ချောက်'

"ဟာ"

ကိုရွှေညာမှာ သူထင်သလိုဖြစ်မလာသဖြင့် အံ့သြတု
လှုပ်သွားရာမှ ဤအခန်းထဲသို့ ရောက်နေသည်မှာ ကြာပြီဖြ
သော အကြံသမားမိုးကလျာက သူ့သေနတ်ထဲမှ ကျည်ဆံတို့
ထုတ်ထားခဲ့ပြီဖြစ်ကြောင်း ရိပ်စားမိသွားရာ ဒေါသဖြစ်သွားပြ
ခြောက်လုံးပြူးကိုပစ်ချခဲ့ကာ ...

"တွေ့ကြသေးတာပေါ့ကွာ"

ဟု ကြိမ်းဝါးလျက် အိပ်ခန်းထဲမှ ပြေးထွက်ခဲ့ပြီး ဘိုထဲ
ခန်းမကြီး၏ ခေါင်းရင်းထောင့်တစ်ခု၌ ထောင်ထားသည့် သူ





သည့်ချိတူး၏ ဓားရှည်ကို ပြေးယူလိုက်တော့၏။

သူက ဓားအိမ်ထဲမှ ဓားကိုဆွဲထုတ်လိုက်စဉ်မှာပင် မိုး
လျာသည် တစ္ဆေမတစ်ကောင်လို အိပ်ခန်းထဲမှ လှမ်းထွက်
ာခဲ့ပြီး လက်ဝဲဘက်လက်ဖဝါးအတွင်း ဆုပ်ကိုင်ထားသည့်
သနတ်ကျည်ဆံတို့ကို ကြမ်းပြင်ပေါ်သို့ တဒေါက်ဒေါက် ပစ်ချ
ိုက်တော့၏။

"သေစမ်း မိစ္ဆာမ"

ကိုရွှေညာက ဓားရှည်ဖြင့် ကမူးရှူးထိုး ပြေးပိုင်းသည့်
ိုက်ရာ မိုးကလျာမှာ ပဝါစတစ်ခုနှယ် လေထဲဝေ့ခနဲရှောင်သွား
း သူ၏နောက်ကျောဘက်သို့ ရောက်သွားတော့၏။

ကိုရွှေညာလည်း မျက်လုံးပြူးကာ ဒေါသပိုဖြစ်သွားရာ
 ဓားရှည်ဖြင့် လှည့်ကာပိုင်းပြန်၏။

'ဝှစ်'

သို့သော် ဓားသည် လေကိုသာခုတ်မိပြီး မိုးကလျာမှာ
လေထဲသို့ သစ်ရွက်ကလေးတစ်ရွက်လို မြောက်တက်သွားကာ
သူ၏ဝဲဘက်နှစ်လံကွာရှိ ကြမ်းပြင်ပေါ် ကြောင်တစ်ကောင်လို
ျသွားလေ၏။

"တောက် ...ကဲဟာ"

သည်တစ်ခါတော့ ဒေါသတကြီးပြေးခုတ်လိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေညွှာ၏မားချက်ကို မိုးကလျာက ရှောင်ရှားခြင်းမပြုဘဲ ဝဲခ

သူမထံပြေးဝင်လာသည့် ငှက်ကြီးတောင်မား၏ မားရှက်ကို

လက်ဖဝါးနှစ်ဖက်ဖြင့် ဖျတ်ခနဲညှပ်ကာ အံ့ဖွယ်သရဲ ဖမ်းထား

လိုက်တော့၏။

"ဟာ"

ကိုရွှေညွှာမှာ မားကိုအတင်းဆွဲထုတ်သော်လည်း မား

ရှက်မှာ ပြုတ်တူဖြင့် အညှပ်ခံထားရသလို ဆွဲနှုတ်မရဖြစ်နေသ

ဖြင့် အံ့အားအသင့်ကြီးသင့်ကာ မိုးကလျာကို တချွေတစ်ကောင်

ကို တွေ့ရသည့်နှယ် ထိတ်လန့်တကြား မျက်လုံးကြီးပြူးကြည့်

လိုက်စဉ်မှာပင် မိုးကလျာက ချွေးသီးချွေးပေါက်ကျလျက်ရှိသည့်

သူ့ကို ဟားတိုက်လှောင်ရယ်လိုက်တော့၏။

"ဟားဟားဟား ... ရွှေညွှာ ငါတို့ဟာ နှင်ဂျိုသားအဖ

ကို လက်စားချေဖို့ အားလုံးပြင်ဆင်ပြီးသား ... သိလား၊ ဇဲ

... ကိုယ်ပြုတဲ့ကံ ကိုယ်ခံဖို့ အလှည့်ရောက်ပြီသာ မှတ်ပေရော့"

ဟု ကြိမ်းဝါးလိုက်ရင်းမှ မားကို တွန်းထုတ်လိုက်ပြီးလျှင်

ကိုရွှေညွှာနောက်သို့ ခြေနှစ်လှမ်းခန့် ယိုင်ထွက်သွားစဉ် သူမ၏

ခါးကြားမှာ လျှို့ဝှက်စွာထိုးထားသည့် ပေါက်မားငယ်လေးကို

ဖျတ်ခနဲထုတ်ကာ လှစ်ခနဲပစ်လိုက်တော့၏။

မားမြှောင်ငယ်မှာ လေကို လျှပ်ပြက်သလိုခွင်းသွားပြီး





ကိုရွှေညွှာ၏ရင်ဝသို့ ပြေးစိုက်ကာ မားသွားတစ်ဆုံးဝင်သွားတော့

ရာ ကိုရွှေညွှာမှာ "အား အ အာ" ဟုသာ ညည်းတွားနိုင်ပြီး

မျက်လုံးကြီးပြူးလျက်မှ ဒူးခွေညွှတ်ကျသွားပါတော့၏။

ကြမ်းပြင်ပေါ်ဝယ် သွေးသံရဲရဲဖြင့် လဲကျသေဆုံးသွားပြီ

ဖြစ်သော ကိုရွှေညွှာ၏အလောင်းပေါ်သို့ သူမ၏ဦးခေါင်းထက်မှ

သဖင်ပန်းခက်ကို ဖြုတ်ယူကာ ပစ်ချလိုက်သည်။ သဖင်ပန်းခက်

ဖြူဖွေးဖွေးလေးမှာ သွေးတို့စွန်းသွားပါတော့၏။

ထို့နောက်မှာတော့ မိုးကလျာမှာ ကိုရွှေညွှာ၏အလောင်း

ကို စက်ဆုပ်ရွံရှာစွာ တစ်ချက်လှည့်ကြည့်ပြီးနောက် ဘိုတဲပေါ်မှ

ခြေလှမ်းမှန်မှန်ဖြင့် လှမ်းထွက်သွားပါတော့သတည်း။

နောက်နှစ်နာရီခန့်အကြာ သူငယ်အိပ်ဆိတ်ချိန်၌ မြို့

ထဲရွာထဲ လျှောက်လည်နေရာမှ ဘိုတဲသို့ပြန်ရောက်လာသော

အေးမောင်နှင့် ချိုတူးမှာ ဘိုတဲ၏ကြမ်းပြင်ပေါ်ဝယ် မရှုမလှ

သွေးသံရဲရဲဖြင့် အသက်ပျောက်လျက်ရှိသော သူတို့ဆရာသမား

ကိုရွှေညွှာ၏အလောင်းကြီးကို မမျှော်လင့်ဘဲ တွေ့ရပါတော့၏။

"ဟာ ... ဆရာ ... ဆရာ ဘယ်လိုဖြစ်တာပါလိမ့်

ဘုရား ... ဘုရား"

"လူ ... လူသတ်ခံရတာကွ ရင် ... ရင်ဝမှာ မား

မြှောင် စိုက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ထိတ်ထိတ်ပျာပျာဖြစ်သွားကြပြီး အလောင်းကို မထိရဲမကိုင်ရဲဘဲ ခြေမကိုင်မိ လက်မကိုင်မိဖြစ်လျက် ရှိတော့သည်။

"လာ ... လာ ... ငါတို့ သူကြီးကိုပြေးပြောမှဖြစ်မယ် ဟို ... ဟိုအပျက်မ သတ်သွားတာပဲဖြစ်မယ်ကွ"

"ဟုတ်တယ်ကွ ... ဒါပေမဲ့ ငါတို့ရဲ့ဆရာသမားကောင်မကို ဓားနဲ့ခုတ်ဖို့ ကြိုးစားခဲ့ပုံပဲ၊ ကြည့်ပါလား ... လက်ထဲမှာ ဓားကို ကျစ်ကျစ်ပါအောင်ဆုပ်လို့"

"ကဲ ... လာပါကွာ ... တော်ကြာ ငါတို့ကို အမှုပတ်နေဦးမယ်၊ သူကြီးကို ပြေးပြောစို့"

ဟု အချင်းချင်း တုန်တုန်လှုပ်လှုပ် ပြောဆိုကြပြီးနောက် ဘိုတဲပေါ်မှ လျင်မြန်စွာဆင်းကာ ရွာဘက်သို့ သုတ်ခြေတင်ကြပ်တော့သတည်း။

❖ ❖ ❖



# သေမင်းရုပ်တု

ပြည်မြို့ဂါတ်တဲ၏ ရုံးခန်းထဲ လှမ်းဝင်လာသည့် အိုင်အိုချစ်သွေးအား ဌာနာပိုင်စခန်းမှူးကြီး၏သူ၏အလုပ်စားပွဲမှ မော့ကြည့်လိုက်ကာ ...

"အိုင်အိုချစ်သွေးရေ ... မောင်ရင်တော့ ကျုပ်တို့ဂါတ်ကို ရောက်ရောက်ချင်း အမှုကြီးနဲ့တိုးပြီ၊ မော်ကုန်းရွာဘိုတဲပေါ်က လူသတ်မှုပဲ"

ဟုပြောလိုက်ရာ အိုင်အိုချစ်သွေးမှာ ဌာနာပိုင်စခန်းမှူး



www.burmeseclassic.com

www.burmeseclassic.com



ကြီးအား ဆလုရိုက် အရှိအသေပေးလိုက်ပြီးနောက် စခန်းမှူးကြီး၏ စားပွဲရှေ့မှ ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်လိုက်လေ၏။

"ရော့ . . . ဒီမှာ အမှုတွဲ (Case File)၊ ဒီမှာသက်သေခံပစ္စည်းတွေနဲ့ ဓာတ်ပုံမြေပုံတွေ၊ သတ်သွားတဲ့ လူသတ်တရားခံကတော့ အပျက်မတစ်ယောက်လို့ ယူဆရတယ်၊ ဒီအမှုကို မင်းဘူဂါတ်ပြောင်းသွားရတဲ့ အိုင်အိုလုဦးကိုင်သွားတာပဲ၊ အိုင်အိုလုဦးနဲ့ လက်ထဲမှာပဲ ဒီအမှုက ခြောက်လလောက်ကြာပြီ၊ ခုအထိ တရားခံမမိသေးလို့ ရန်ကုန်က ပုလိပ်မင်းကြီးကရော၊ ခရိုင်ရာဇဝတ်ဝန်ထောက်ကြီးကရော ကျုပ်ကို ခေါင်းပူအောင်ကြိမ်းနေပြီ၊ မောင်ရင် ဒီအမှုကိုဆက်ကိုင်ပြီး တရားခံအမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်အောင် ကြိုးစားဗျာ"

"ဟုတ်ကဲ့ စခန်းမှူးကြီး ကျွန်တော် တရားခံ အမြန်ဆုံးမိနိုင်အောင် ကြိုးစားပါ့မယ်"

အိုင်အိုချစ်သွေးမှာ အမှုတွဲကို သေချာစွာလေ့လာဖတ်ရှုပြီးနောက် သက်သေခံပစ္စည်းများကို ကြည့်လိုက်လေ၏။ ပလပ်စတစ်အိတ်ဖြင့် ထည့်ထားသည့် သက်သေခံပစ္စည်းတို့မှာ ခြောက်လုံးပြူးတစ်လက်နှင့် ကျည်ဆံခြောက်တောင့်၊ ဓားရှည်တစ်လက်နှင့် ဓားမြှောင်တစ်လက်၊ သဖင်ပန်းခြောက်တစ်ခုတို့သာ ဖြစ်ချေ၏။





ခြောက်လုံးပြူးကျည်ဆံများနှင့် ဓားရှည်တို့မှာ အသတ်ခံရသူ ဝန်ထောက်ကလေး ကိုရွှေညွှာ၏ ပစ္စည်းများဟု မှတ်ချက်ဝယ်ဖော်ပြထားပြီး၊ သွေးစွန်းဓားမြှောင်ငယ်နှင့် သွေးခြောက်များပေကျံနေသည့် သဖင်ပန်းခြောက်မှာ လူသတ်သမားမှ ကျန်ရစ်ခဲ့သော သက်သေခံပစ္စည်းများဟု ယူဆရကြောင်း ဖော်ပြထားလေ၏။

ဓာတ်ပုံများကိုကြည့်လိုက်ရာ အခင်းဖြစ်နေရာ မော်ကုန်းရွာဘိုတဲ၏ပုံ၊ ရင်ဝ၌ ဓားစိုက်ကာ ကြမ်းပြင်ပေါ်ဝယ် ပက်လက်လန် သေဆုံးနေသော အလောင်း၏ပုံများ၊ ဖယိုဖရဲဖြစ်နေသော ခုတင်ပေါ်မှ ခေါင်းအုံးတစ်လုံးနှင့် စောင်ခေါက်ပုံ၊ ကြမ်းပြင်ပေါ် ပြန့်ကျဲကျရောက်နေသည့် ခြောက်လုံးပြူးကျည်ဆံများနှင့် ခြောက်လုံးပြူးတစ်လက်၏ပုံတို့ ဖြစ်ချေ၏။

အိုင်အိုချစ်သွေးသည် မော်ကုန်းရွာဘိုတဲ လူသတ်မှုမှ စကားပြောတတ်သောသက်သေ (Oreal Evidence) များဖြစ်သည့် အေးမောင်၊ ချိုတူးနှင့် ဦးအုန်းမောင်တို့၏ ထွက်ချက်တို့ကို အမှုတွဲဖိုင်ထဲဝယ် သေချာစွာလေ့လာဖတ်ရှုသလို စကားမပြောတတ်သောသက်သေ (Mute Evidence) ဖြစ်သည့် သက်သေခံပစ္စည်းများ ဓာတ်ပုံများကို အဖန်ဖန် လေ့လာစစ်ဆေး ကြည့်ရှုခြင်း ပြုလေ၏။



www.burmeseclassic.com

တကယ်တော့ အိုင်အိုချစ်သွေးမှာ အုတ်တွင်းဂါတ်ဝယ် နာမည်ကောင်းလက်မှတ်ရပြီး ဂုဏ်သတင်းကျော်စောခဲ့ရာမှ ယခုရက်ပိုင်းကမှ ပြည်မြို့ဂါတ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်လာရခြင်းဖြစ်ရာ ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းဆိုသကဲ့သို့ ပုဒ်မ(၃၀၂) လူသတ်မှုကြီးနှင့် တိုးနေရခြင်းပင် ဖြစ်ပါတော့သတည်း။

❖

အိုင်အိုချစ်သွေးမှာ မော်ကုန်းရွာဘိုတဲ လူသတ်မှုနှင့် ပတ်သက်ပြီး ခေါင်းခဲလျက်ရှိလေ၏။ သူသည် အချင်းဖြစ်အရပ် ဘိုတဲသို့လည်း သွားရောက်လေ့လာစူးစမ်းပြီးဖြစ်၏။ လူသတ်သမကို မြင်ဖူးလိုက်သည့် အေးမောင်၊ ချိုတူးနှင့် ဦးအုန်းမောင်တို့ မိသားစုကိုလည်း သွားရောက်စစ်ဆေးမေးမြန်းပြီး ဖြစ်၏။

သက်သေတို့မှာ မြနဒီဆိုသည့် လူသတ်သမကို မြင်လျှင် မှတ်မိသည်ဟု ဆိုသော်လည်း မြနဒီ ဘယ်အရပ်ဒေသမှ လာမှန်းမသိကြ။ မော်ကုန်းရွာနှင့် နဝင်းချောင်းသာခြားသည့် ကမ်းဆောင်ခုံရွာမှ ဦးအုန်းမောင်တို့မိသားစု၏ ပြောဆိုချက်အရ မြနဒီမှာ မန္တလေးဘက်မှ လာသလိုလိုသာ သိရလေ၏။

သက်သေတို့၏ ထွက်ဆိုချက်အရ မြနဒီမှာ လွန်စွာချောမောလှပပြီး အသက်အစိတ်ကျော်ကျော်ခန့်ရှိကာ နုနယ်ပျိုမျစ်သောအဆင်းရှိသဖြင့် သူမ၏အသက်ကို ခန့်မှန်းရခက်ကြောင်း၊ သူမဝယ် သားရေသေတ္တာတစ်လုံးသာပါရှိပြီး ဓားမြှောင်ကဲ့သို့ လက်နက်တစ်စုံတစ်ရာ ကိုင်ဆောင်သည်ကို မတွေ့ရကြောင်း၊ စကားလွန်စွာနည်းကာ စကားပြောလျှင် လွန်စွာသိမ်မွေ့ညင်သာကြောင်းသာ သိရလေ၏။

အိုင်အိုချစ်သွေးမှာ လွန်ခဲ့သောခြောက်လခန့်က ဖြစ်ပွားခဲ့သော လူသတ်မှုဖြစ်သဖြင့် အသတ်ခံရသူ ဝန်ထောက်ကလေးကိုရွှေညှာ၏ အလောင်းကိုလည်း စစ်ဆေးကြည့်ရှုခွင့်မရဘဲ အလောင်းကို ခွဲစိတ်စစ်ပေးခဲ့သည့် မှုခင်းဆရာဝန်၏ မှတ်ချက်အရ သေဆုံးသူမှာ မသေဆုံးမီက နှလုံးခုန်မမှန်သော လက္ခဏာဆင်ရှားစွာတွေ့ရသဖြင့် လွန်စွာ စိတ်လှုပ်ရှားထိတ်လန့်နေခဲ့ဟန်တူကြောင်း၊ ရင်ဝမှ ဓားမြှောင်၏ ထိုးသွင်းမှုဒဏ်ရာကြောင့် သေဆုံးရခြင်းဖြစ်ပြီး ဓားမြှောင်မှာလည်း အဝေးမှပစ်ပေါက်စိုက်ဝင်သွင်းလိုက်သည့်လက္ခဏာရှိကြောင်းသာ သိရလေ၏။

ဓာတုဗေဒဝန်၏ မှတ်ချက်အရ . . . အလောင်း၏







www.burmeseclassic.com

www.burmeseclassic.com



အကျီမှ သွေးနှင့် ဓားမြှောင်မှသွေး၊ ပန်းခြောက်မှသွေးတို့မှာ အတူတူဖြစ်ကြောင်း၊ အင်းစိန်(စီအိုင်ဒီ)ရှိ လက်ဗွေပါရဂူ၏ မှတ်ချက်အရ ခြောက်လုံးပြူးပေါ်ဝယ် သေသူကိုရွှေညာ၏ လက်ဗွေရာသာ တွေ့ရကြောင်း ဓားမြှောင်ပေါ်၌မူ မည်သည့် လက်ဗွေရာမျှ မတွေ့ရဟု မှတ်ချက်ပြုထားရာ မြနုဒီမှာ ဓားမြှောင်ကို အသုံးပြုစဉ်က လက်အိတ်တစ်စုံတစ်ရာ စွပ်ထားပုံရသည်ဟု ယူဆရလေ၏။

သေဆုံးသူဝန်ထောက်ကလေး ကိုရွှေညာ၏ အိပ်ခန်းထဲရှိ လက်ဆွဲအိတ်ကြီးထဲမှ လယ်သမားတို့အား အမတော်ကြေး ပေးရန် ငွေများနှင့် ကိုရွှေညာ၏အလောင်းမှ ရွှေလက်ပတ်ကြိုး ပတ္တမြားလက်စွပ်တို့ကို အရာမယွင်းဘဲ တွေ့ရသည်ဟု မူလအိုင်အို (အမှုလိုက်အရာရှိ)၏ မှတ်ချက်တွင် တွေ့ရလေ၏။

ခြုံ၍ဆိုရပါက မြနုဒီဟူသော လူသတ်သမသည် ဝန်ထောက်ကလေးကိုရွှေညာထံမှ ပစ္စည်းငွေကြေးတစ်စုံတစ်ရာ လိုချင်သဖြင့် သတ်ဖြတ်သွားခြင်း ဟုတ်ဟန်မတူဘဲ အကြောင်းတစ်စုံတရာ ရန်ငြိုးရန်စ နာကြည်းမှုတစ်ခုခုကြောင့် ကြိုတင်ပြီး စနစ်တကျ ကြံစည်ခဲ့ခြင်းဖြစ်ပုံရကြောင်းသာ အိုင်အိုချစ်သွေးမှာ မှတ်ချက်ချနိုင်ပါတော့၏။

❖





ကျောက်မီးသွေးခေါင်းတွဲ ကုန်တင်ရထားကြီးသည် ရန်ကုန်-ပြည်ရထားလမ်းကြီးအတိုင်း ခုတ်မောင်းခဲ့ရာမှ ညနေစောင်းလုလုဝယ် ဖီးကုန်းဘူတာသို့ ဆိုက်ရောက်လေရာ ဖီးကုန်းဘူတာမှ စောင့်ကြိုနေကြသည့် ကုန်သည်များမှာ သူတို့ ရန်ကုန်မှ မှာယူတင်ပို့လာသည့် ကုန်ပစ္စည်း၊ ကုန်သေတ္တာတို့ကို ကုန်တွဲများပေါ်မှ ဘူတာရုံအလုပ်သမားများ ကုန်တွဲစောင့်မီးရထားဝန်ထမ်းများ၏ အကူအညီဖြင့် ဘူတာပလက်ဖောင်းပေါ်သို့ ခပ်သွက်သွက်ချကြလေတော့၏။

မီးရထားဂါတ်ဗိုလ်ကြီးလည်း ကုန်ပစ္စည်းများချနေစဉ် ရုံးပိုင်ကြီးနှင့် စကားသွားရောက်ပြောဆိုလျက်ရှိလေ၏။

ထိုစဉ် ရုပ်ရည်လှနှစ်ပွားသားနားကာ ချောကလက်ရောင်ဘောင်းဘီရှည်နှင့် ကုတ်အကျီတို့ကို သေသပ်စွာ ဝတ်စားထားကြသောလူနှစ်ဦးသည် သက္ကလတ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းလျက် ဘူတာ၏အစွန်ဘက်သို့ရောက်နေသည့် နောက်ဆုံးကုန်တွဲအနီးသို့ ချဉ်းကပ်လာပြီး ကုန်တွဲစောင့် ရထားဝန်ထမ်းနှင့် စကားတစ်စုံတစ်ရာ တီးတိုးပြောလျက်ရှိလေ၏။



www.burmeseclassic.com

သူတို့သည် မိနစ်အတန်ကြာ ပြောဆိုဆွေးနွေးပြီးနောက် ဘောင်းဘီသို့အကဲခတ်ကာ ကုန်တွဲအမှတ်(၉)ပေါ်သို့ သုံးဦးစလုံး ခပ်သုတ်သုတ် တက်သွားကြလေတော့၏။ ထိုကုန်တွဲအမှတ်(၉)မှာ မှောင်ရိပ်အပိုင်းထဲတွင် ရောက်ရှိနေသဖြင့်၊ ဘူတာအတွင်း အလုပ်ရှုပ်နေကြသူများမှာ သူတို့သုံးဦး၏ လှုပ်ရှားမှုကို မည်သူမျှ သတိမထားမိကြချေ။

မိနစ်နှစ်ဆယ်ခန့်အကြာတွင် ရထားတွဲများပေါ်မှ ကုန်ပစ္စည်းနှင့် ကုန်သေတ္တာတို့ချပြီးသဖြင့် စက်ခေါင်းမောင်းသူသည် မီးပေါင်ပြည့်အောင် ကျောက်မီးသွေးတို့ကို ဖြည့်တင်းကာ ရထားထွက်ရန် ပြင်ဆင်တော့၏။

ရထားဂါတ်ဗိုလ်လည်း ဝီစီကိုမှုတ်ကာ လက်ထဲမှအလံစိမ်းလေးကို ဝှေ့ယမ်းလေ၏။

ယင်းအချိန်မှာပင် ကုန်တွဲအမှတ်(၉)ပေါ်မှ သက္ကလတ်ဦးထုပ်ဆောင်းကာ ဘောင်းဘီရှည်နှင့် ကုတ်အင်္ကျီတို့ကို ဝတ်စားထားသူတစ်ဦးသည် တွဲစောင့်၏လက်ထဲသို့ ငွေစက္ကူတစ်ထပ်ကို ထိုးထည့်ပေးပြီး ပလက်ဖောင်းပေါ်သို့ လှစ်ခနဲ ဆင်းသက်လိုက်လေ၏။

ကုန်တွဲစောင့်လည်း ကုန်တွဲအမှတ်(၉)ပေါ်မှ တစ်ခုသော ကုန်သေတ္တာကြီးကို နေသားတကျရှိမရှိ တစ်ချက်စစ်ဆေးကြည့်





ကိုပြီးနောက် လက်ထဲမှ ငွေစက္ကူအထပ်ကို ပြုံးပြုံးကြီးနမ်းကာ ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်လိုက်လေ၏။

ယင်းအခိုက်မှာပင် ကျောက်မီးသွေးခေါင်းတွဲ ကုန်တင်တွဲကြီးမှာ တရှူးရှူးတရှဲရှဲဖြင့် ပြည်မြို့ဆီသို့ ဦးတည်ထွက်ခွာသွားပါတော့သတည်း။

❖

ပြည်မြို့ ဘောဘောကြီးဘုရားနှင့် နှစ်ဖာလုံခန့်အကွာရှိ ဟောင်းလမ်းနံဘေးတစ်နေရာဝယ် ခြံကျယ်ကြီးတစ်ခြံရှိကာ ခြံကြီးထဲတွင် ခမ်းနားလှသော တိုက်အိမ်ကြီးတစ်လုံးရှိပြီး တိုက်အိမ်၏ ဆင်ဝင်အောက်၌ ဖြူဖြူဝဝခန့်ခန့် အသက်ငါးဆယ်ကျော်ခန့်လူကြီးသည် ခါးကို လက်နှစ်ဖက်ဖြင့် ဟန်ပါပါထောက်ကာ အိမ်နံဘေးရှိဂိုထောင်ထဲသို့ သူ၏အလုပ်သမားများ ကုန်သေတ္တာငါးလုံး ထည့်သွင်းနေကြသည်ကို စောင့်ကြည့်လျက်ရှိသ၏။

ထိုလူကြီး၏အမည်မှာ ဦးစိန်စကြာဖြစ်လေ၏။

ခုနှစ်စဉ်ကြယ်စာပေ

www.burmeseclassic.com



ဦးစိန်စကြာသည် ပြည်မြို့မှ လူကုံထံစာရင်းဝင် စီးပွားရေးသမားကြီးတစ်ဦးဖြစ်ပြီး ပြည်မြို့လယ်လမ်းမကြီး၌ ကြီးမားခေတ်မီလှသည့် စတိုး(Store)ဆိုင်ကြီး ဖွင့်ထားသူဖြစ်၏။

သူ၏ 'ရောစကြာ' စတိုးဆိုင်ကြီးတွင် တင်ပြရောင်းချသမျှ ခေတ်မီလူ့အသုံးအဆောင်ပစ္စည်းများကို ရန်ကုန်မြို့ရှိ ရှိုးကုမ္ပဏီတိုက်မှ မှာယူတင်သွင်းထားရာ သူ၏စတိုးဆိုင်ဝယ် ဈေးဝယ်သူတို့ လိုချင်သမျှ ပစ္စည်းအားလုံး မရှိမဖြစ်စေရအောင် ပြည့်စုံလျက်ရှိတော့၏။

ယခုအခေါက်လည်း သူလိုအပ်သော ကုန်ပစ္စည်းစာရင်းကို ရှိုးကုမ္ပဏီတိုက်သို့ စာရေးအကြောင်းကြားပြီးဖြစ်ရာ ရှိုးကုမ္ပဏီတိုက်၏ စီစဉ်ပေးမှုကြောင့် ကုန်ပစ္စည်းမျိုးစုံမှာ ထင်းရှူးသေတ္တာများနှင့် ရောက်ရှိလာခြင်းဖြစ်ပါ၏။

ယင်းကုန်သေတ္တာတို့ကို ရထားဖြင့်တင်ပို့ပြီး ပြည်မြို့ဘူတာရုံကြီးသို့ရောက်မှ မြင်းလှည်းတို့နှင့် ဤခြံကြီးသို့သယ်ယူကာ ဂိုထောင်ထဲ ထည့်သွင်းကြခြင်းဖြစ်လေ၏။

ဤနေရာတွင် ရောစကြာစတိုးဆိုင်ကြီး၏ပိုင်ရှင် ဦးစိန်စကြာ၏ ထူးခြားမှုကို တင်ပြရမည်ဖြစ်၏။ ဦးစိန်စကြာ၏ ထူးခြားချက်မှာ သူသည် သူ၏ရောစကြာစတိုးဆိုင်ကြီးတွင် ပြသရောင်းချသည့် ခေတ်မီလူသုံးကုန်ပစ္စည်းများကို ရန်ကုန်ရှိ ရှိုး





ကုန်တိုက်မှမှာယူပြီး ရောက်ရှိလာပါက ဂိုထောင်ထဲထည့်နိုင်းပြီး ဂိုထောင်ထဲ ပစ္စည်းသေတ္တာကြီးများအားလုံး ရောက်ရှိပြီဆိုပါက ဂိုထောင်တံခါးပိတ်ကာ သူ့တပည့်များ၊ အလုပ်သမားများကို ဂိုထောင်နှင့်ဝေးရာ၌ လုပ်စရာရှိသည်တို့ သွားလုပ်စေလေ၏။

ပြီးနောက် သူတစ်ဦးတည်း ဂိုထောင်ထဲဝင်ရောက်ကာ ကုန်သေတ္တာတို့ကိုဖွင့်လျက် ရောက်ရှိလာသည့် ပစ္စည်းအသစ်အဆန်းများကို ကိုယ်တိုင်ကြည့်ရှုစစ်ဆေးလေ့ ရှိလေ၏။ ဦးစိန်စကြာ ဤသို့ပြုလုပ်ရခြင်းမှာ ပြည်မြို့လယ်၌ သူနှင့်အပြိုင် 'ပြည့်ဝေဆာ' ဆိုသည့် စတိုးဆိုင်ကြီးတစ်ဆိုင်ရှိရာ စီးပွားရေးအရ အပြိုင်အဆိုင်ဖြစ်နေသဖြင့် တစ်ဦး၏ဆိုင်ထက် တစ်ဦးကသာအောင် ပိုမိုခေတ်မီကောင်းမွန်ကာ ဥရောပတိုင်းဖြစ် နိုင်ငံခြားလူသုံးကုန်ပစ္စည်းတို့ကို ရန်ကုန်မှ မှာယူတင်ပြရောင်းချလျက်ရှိသည်တွင် မိမိတို့ဆိုင်အတွက် တင်သွင်းခဲ့သည့် ပစ္စည်းဆန်းတို့ကို ဆိုင်မတင်မီ မည်သည့်ပစ္စည်းများဖြစ်ကြောင်း သတင်းမပေါက်ကြားစေလို၍ ဖြစ်လေ၏။

ဤနည်းဖြင့် ဦးစိန်စကြာသည် ရန်ကုန်မှ အသစ်စက်စက်ရောက်ရှိလာသည့် ပစ္စည်းတို့ကို မည်သည့်ပစ္စည်းများဖြစ်ကြောင်း သတင်းမပေါက်ကြားစေဘဲ သူကိုယ်တိုင် စိစစ်လေ့လာပြီးမှ ရုတ်တရက် ဆိုင်တင်ကာရောင်းချခြင်းဖြင့် ပြိုင်ဘက်စတိုး



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကို အံ့အားသင့်အောင် လုပ်လေ့ရှိလေ၏။

ကုန်ပစ္စည်းတို့မှာလည်း ဥရောပတိုင်းမှ လူသုံးကုန်ပစ္စည်းမျိုးစုံဖြစ်ရာ အချို့ကုန်ပစ္စည်းတို့မှာ ကတ်တလောက် (Catalogue) ကို ဖတ်ရှုလေ့လာပြီးမှ အသုံးပြုတတ်သော ပစ္စည်းဆန်းများဖြစ်လေ၏။ ဦးစိန်စကြာမှာ အင်္ဂလိပ်ကျောင်းဝယ် ခုနစ်တန်းအထိ ပညာသင်ကြားဖူးသဖြင့် ယင်းကတ်တလောက်များကို ကောင်းစွာဖတ်နိုင်ရာ ကတ်တလောက်ကိုဖတ်လိုက် ကုန်ပစ္စည်းအသစ်တို့ကို ကြည့်ရှုစစ်ဆေးလိုက် ပြုလုပ်ရသည်ကို လွန်စွာဝါသနာပါ သဘောကျသူဖြစ်၏။

ထိုသို့ နှစ်ရက်ခန့် အချိန်ယူလေ့လာပြီး ပစ္စည်းအားလုံး၏ အကြောင်းကို ပတ်ပတ်နပ်နပ် နားလည်သဘောပေါက်ပြီဆိုမှ သူ၏ရေစကြာစတိုးဆိုင်ကြီးပေါ် တင်ရောင်းတော့ရာ ဈေးဝယ်သူ(Customer)များ လာရောက်ဝယ်ယူပါက လူတတ်ကြီးလုပ်ပြီး ရှင်းပြရသည်ကို လွန်စွာအရသာတွေ့သူဖြစ်လေ၏။

ဈေးဝယ်သူတို့မှာလည်း ယင်းနောက်ဆုံးပေါ် ခေတ်မီ လူသုံးကုန်ပစ္စည်းများကို မည်သို့အသုံးပြုရသည်။ မည်သို့ ထိန်းသိမ်းစောင့်ရှောက်ရသည်စသည်တို့ကို စတိုးဆိုင်ပိုင်ရှင် ဦးစိန်စကြာက ရှင်းပြနိုင်သဖြင့် သူ၏ဆိုင်မှာ ပိုမိုဝယ်ယူခြင်းပြုကြလေ၏။

---

ခုနစ်စဉ်ကြယ်စာပေ



ယင်းသို့သောအကြောင်းများကြောင့် ယခုလည်း ကုန်သေတ္တာကြီးငါးလုံးတို့ကို ဂိုထောင်ထဲ သွင်းပြီးသည်နှင့် ဂိုထောင်တံခါးကို စေ့စေ့လိုက်ကာ သူ၏တပည့်များ အလုပ်သမားများကို နေ့လယ်စာစားဖို့ စေလွှတ်လိုက်တော့၏။

အချို့လည်း ခြံအပြင်သို့ထွက်သွားပြီး အချို့အလုပ်သမားတို့မှာ ခြံနောက်ပိုင်းရှိ အလုပ်သမားတန်းလျားဆီ လျှောက်သွားကြမှ ဦးစိန်စကြာသည် ဂိုထောင်ထဲဝင်ကာ တံခါးကို အတွင်းမှ မင်းတုပ်ထိုးပိတ်လိုက်လေ၏။

ထို့နောက် သူသည် မျက်နှာကျက်နှင့် မှန်ပြတင်းတို့မှ အလင်းရောင် အတန်ငယ်ဝင်ရောက်လျက်ရှိသော ဂိုထောင်ကြီးထဲဝယ် ကုန်သေတ္တာကြီးငါးလုံးကို ပီတိဖြစ်စွာကြည့်ကာ သံတူရွင်းတစ်ချောင်းကို ဂိုထောင်ထောင့်မှယူလိုက်ပြီး ကုန်သေတ္တာကြီးတစ်လုံးကို စတင်ဖွင့်ရန် ဟန်ပြင်လိုက်တော့၏။

ထိုစဉ် (Dolls)ဟု စာတန်းကပ်ထားသော ကုန်သေတ္တာကြီးထဲမှ တဒေါက်ဒေါက်ခေါက်သံ သဲ့သဲ့ကြားလိုက်ရာ အံ့သြသလိုဖြစ်သွားပြီး ထိုသေတ္တာကြီး၏အနီးသို့ စူးစမ်းသောအကြည့်ဖြင့် လှမ်းသွားလိုက်လေ၏။

ယင်းတဒေါက်ဒေါက်ခေါက်သံတိုးတိုးမှာ ထိုကုန်သေတ္တာထဲမှ မှန်မှန်ကြီး ထွက်ပေါ်လျက်ရှိရာ ...

---

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ဒီအသံမြည်နေရတာပါလိမ့်၊ ဘယ်
ခေတ်မီပစ္စည်းဆန်းများ ပါလာလို့လဲ၊ အချို့ ဥရောပတိုင်း
ပစ္စည်းတွေက သံပတ်တွေပေး၊ ခာတ်ခဲတွေထည့်ရင် ထူးခြား
အသံတွေ သက်ဝင်လှုပ်ရှားမှုတွေ ပြုလုပ်တတ်တယ်၊ ဒီသေ
ထဲက ကလေးကစားစရာ အရုပ်သေတ္တာဆိုတော့ သံပတ်
ဓာတ်ခဲထည့်ရတဲ့ အရုပ်တစ်ရုပ်ရုပ်က မြည်နေတာများလာ

ဟုတွေးရင်း ထိုအရုပ်သေတ္တာကို ဦးစွာဖွင့်ကြည့်
ဆုံးဖြတ်လိုက်ပြီး သေတ္တာအား ရိုက်ပိတ်ထားသည့် သစ်သ
ချောင်းတို့ကို သံတူရွင်းဖြင့် ကလန့်ဖွင့်တော့၏။

သူ အတော်လေးကြိုးစားလိုက်မှ ကုန်သေတ္တာကြီး
သွားတော့ရာ ဦးစိန်စကြာမှာ သေတ္တာကြီးထဲသို့ ကြည့်လို
တော့၏။

"ဟိုက် ဘာကြီးလဲ"

ဦးစိန်စကြာမှာ သူနှင့်ရွယ်တူခန့်ရှိသော မတ်ရပ်လူ
ကြီးကို တွေ့လိုက်ရသဖြင့် အံ့အားလွန်စွာသင့်သွားရတော့
အလင်းရောင်မှိန်မှိန်အောက်ဝယ် သူ၏ရှေ့မှလူရုပ်
သက္ကလတ်ဦးထုပ်ကိုဆောင်းထားပြီး ကုတ်အင်္ကျီနှင့် ဘောင်း
ရှည်တို့ကို စမတ်ကျစွာဝတ်စားထားလေ၏။ ရုပ်တု၏အသာ
ရောင်မှာ လူ့အသားအရောင်လို စိုဝင်းကာ မျက်နှာမှာလည်





န်းနုသွေးရောင်လွှမ်းလျက် မျက်လုံး မျက်ခုံး မျက်ဖန်များက
ှန်းလှဲ့လှပနေကြလေ၏။ နှာတံလေးမှာစင်းနေပြီး နှုတ်ခမ်းအစုံ
ာ နှင်းဆီငုံလေးလို နီထွေးလှပ စွဲမက်ဖွယ်ကောင်းလှပေ၏။

ရုပ်တုမှာ ယောက်ျားပျိုတစ်ဦး၏ ရုပ်တုဖြစ်သော်လည်း
မျက်နှာက လွန်စွာမိန်းမချောချောလျက်ရှိရာ ဦးစိန်စကြာမှာ
မင်တက်မိလျက်ရှိစဉ် ရုပ်တုက မျက်တောင် ဖျတ်ခနဲခတ်လိုက်
တော့၏။

"ဟ ... နင့်မေကလွှား"

ဦးစိန်စကြာသည် လန့်ဖျပ်ပြီးနောက်သို့ ခြေနှစ်လှမ်း
ခန့် ဆုတ်လိုက်မိစဉ်မှာပင် ရုပ်တုဟု သူထင်ထားသူမှာ ကုန်
သေတ္တာကြီးထဲမှ လှမ်းထွက်လာပါတော့သတည်း။

❖

"ဟင် ... မင်း ... မင်းက အရုပ်မှမဟုတ်ဘဲ လူပါ
လား"

ဦးစိန်စကြာ အံ့အားအသင့်ကြီးသင့်လျက်ရှိစဉ် ထိုသူ



www.burmeseclassic.com

www.burmeseclassic.com



သည် သက္ကလတ်ဦးထုပ်ကို ချွတ်လိုက်ရာ ဦးထုပ်ထဲ၌ ခွေလိ ထည့်ထားသည့် ဆံပင်ရှည်ရှည်နက်နက်တို့ ထွေးခနဲ ဖားလျာ ကျလာတော့၏။

"ဟာ ... မိန်း ... မိန်းကလေးတစ်ဦးပါလား"

"ဟင်း ... ဟင်း ... ဟင်း ... ဟုတ်ပါတယ် သူဌေ ဦးစိန်စကြာလို့ အမည်ခံထားတဲ့ ဦးမင်းရွှေကြွယ်၊ ကျွန်မ ရှင်မှတ်မိပါရဲ့လား"

"ဟင် ... မင်း ... မင်းက ငါ့နာမည်အရင်းကိုတော သိလို့ပါလား၊ မင်း ... မင်းဘယ်သူလဲ"

ယောကျ်ားလေးသဏ္ဌာန် ဝတ်စားထားသည့် မိန်းမ သည် မခိုးမခန့်ပြုံးလိုက်ပြီး ...

"ဒီမှာ ဦးမင်းရွှေကြွယ် ... လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ် လောက်က ရှင်တို့သားအဖရဲ့ ယုတ်မာမှုကို လည်စင်းခံခဲ့ရတဲ့ မြရတီမိသားစုက မိုးကလျာဆိုတဲ့ ချာတိတ်မလေးဟာ ကျွန်မပဲ ရှင်ကိုယ်တိုင် ဂုန်နီအိတ်ထဲထည့်ပြီး ကိုးကုန်းကန်ကြီးထဲ ပစ်ချ နှစ်မြှုပ်သတ်ခဲ့တဲ့သူလေ၊ ရှင် မမှတ်မိတော့ဘူးလား .. ဟင်း .. ဟင်း .. ဟင်း"

"အလိုလေး ... မင်း ... မင်းဟာ အဲဒီကောင်မလေး ... ဟုတ်လား"





ဦးစိန်စကြာ(ခေါ်) ဦးမင်းရွှေကြွယ်ကား ဦးခေါင်းကို မိုး ကြိုးအပစ်ခံရသည့်နှယ် လွန်စွာတုန်လှုပ်ချောက်ချားသွားပြီး မျက် နှာတစ်ခုလုံး သွေးဆုတ်ဖြူရော်သွားရာမှ ...

"မင်း ... မင်း ... အ ... အခု ဘာလာလုပ်တာလဲ"

ဟု လက်ညှိုးကြီး တယမ်းယမ်းထိုးကာ တုန်တုန်လှုပ် လှုပ်မေးတော့ရာ မိုးကလျာက မဲ့ပြုံးပြုံးလိုက်ပြီးလျှင် သရော် ရယ် ရယ်လိုက်လေ၏။

"ဟင်း .. ဟင်း .. ဟင်း .. ရှင့်ရဲ့ရက်စက်မှုကြောင့် ကျွန်မရဲ့အမေ သေခဲ့ရတယ်၊ ရှင့်ရဲ့ယုတ်မာမှုကြောင့် ကျွန်မရဲ့ အစ်မ သေခဲ့ရတယ်၊ အဲဒီအတွက် ရှင့်ရဲ့သားရွှေညွှာကို သွေး ကြွေးဆပ်ပြီးပြီ၊ ခုတော့ ရှင့်အလှည့်ပဲလို့ မှတ်လိုက်ပေတော့၊ ရှင့်ကို သွေးကြွေးဆပ် ကလဲ့စားချေဖို့လာတဲ့ ရှင့်ရဲ့သေမင်းဟာ ကျွန်မပဲ ဦးမင်းရွှေကြွယ်"

"ဟင် ... ငါ ... ငါ့သားကိုသတ်တာ မင်းပေါ့ ဟုတ်လား"

"ဟုတ်တယ် ဦးမင်းရွှေကြွယ် ... အခု ကျွန်မ ထပ် သတ်မှာ ရှင်ပဲ"

"ဘာ ..."

ဦးစိန်စကြာ(ခေါ်) ဦးမင်းရွှေကြွယ်မှာ လွန်ခဲ့သောခြောက်



www.burmeseclassic.com

www.burmeseclassic.com



လကျော်ခန့်က အသတ်ခံခဲ့ရသော သူ၏သားရွှေညွှာကို သတ်သူမှာ မိုးကလျာမှန်းသိသွားရာ ဒေါသပြင်းစွာထွက်သွားပြီးလျှင်

"တောက် ...ငါ့သားကိုသတ်တဲ့ မိစ္ဆာမ သေဖို့သာပြင်ပေတော့"

ဟု အော်ဟစ်ကြုံးဝါးကာ လက်ထဲမှသံတူရွင်းဖြင့် လှမ်းတစ်ပြက် လွှဲရိုက်ချလိုက်တော့၏။

'ဗိုး'

သို့သော် မိုးကလျာသည် နောက်ကျွမ်းပစ်ပြီး ရုတ်ခြင်းရှောင်ထွက်သွားရာ အရုပ်များထည့်ထားသည့် ကုန်သေတ္တာကြီးရှေ့သို့ ပြန်ရောက်သွားတော့၏။

"သေစမ်းကွာ"

'ဗိုး'

'ရွှတ်'

'ခွပ်'

ဦးမင်းရွှေကြွယ်က ကမူးရှူးထိုးဖြင့် ပြေးရိုက်လိုက်ပြန်သည်တွင် မိုးကလျာက ပဝါလေးတစ်စလို လေထဲဝဲပျံထွက်သွားရာ သံတူရွင်းရိုက်ချက်မှာ ကုန်သေတ္တာထဲမှ နိုင်ငံခြားအရုပ်များကို ထိခိုက်ကျိုးပဲ့သွားစေတော့၏။

သို့သော် ဦးမင်းရွှေကြွယ်မှာ သူ၏အရုပ်များအား





မြောတသခြင်းဖြစ်ဖို့ထက် မိုးကလျာကို စိစိညက်ညက်ကြေသွားအောင် ရိုက်သတ်လိုသဖြင့် ဒေါသတကြီး လိုက်ရိုက်တော့ရာ သံတူရွင်းက လေကိုခွင်းသွားသံ တဝှီးဝှီးမြည်သွားပြီး မိုးကလျာက လေ၏လျှင်မြန်ခြင်းမျိုးဖြင့် ဝေ့ဝဲရှောင်တိမ်းနေသောကြောင့် လေကိုသာ ရိုက်မိပါတော့၏။

အချို့သော သံတူရွင်းရိုက်ချက်များမှာမူ ကုန်သေတ္တာကြီးများကို ရိုက်မိပြီး 'ဖုံး' 'ဖိုင်း' ဟူသောအသံများသာ ထွက်ပေါ်လာတော့၏။

တစ်ချီဝယ် မိုးကလျာအား သံတူရွင်းဖြင့် စသွယ်သိုင်းရိုက်ချလိုက်သည်တွင် မိုးကလျာက ဘေးတိုက်ကျွမ်းပစ်ရှောင်ထွက်သွားရင်း ခါးကြားမှ ပေါက်ဓားမြှောင်ငယ်ကို ဖျတ်ခနဲထုတ်ကာ ဦးမင်းရွှေကြွယ်ကို လှစ်ခနဲပစ်ပေါက်လိုက်တော့၏။

'ဝှစ်'

'ဖွပ်'

'အား'

ပေါက်ဓားမြှောင်လေးမှာ ဦးစိန်စကြာ(ခေါ်) ဦးမင်းရွှေကြွယ်၏ရင်ဝထဲသို့ လက်ကိုင်ရိုးအထိ စိုက်ဝင်သွားပါတော့၏။

ဦးမင်းရွှေကြွယ်မှာ မျက်လုံးကြီးများပြူးလျက် ရင်နှိုက်ရာမှ သွေးတို့ တရဟောစီးကျကာ မိုးကလျာကို ထိုးသလန့်



www.burmeseclassic.com

တုန်လှုပ်စွာစိုက်ကြည့်ရင်း ဒူးညွတ်ခွေကျသွားပါတော့သတည်း။

မိုးကာလျာမှာ သွေးအိုင်ထဲ လဲကျသေဆုံးသွားသည့် ဦးမင်းရွှေကြွယ် (ခေါ်) ဦးစိန်စကြာ၏ အလောင်းပေါ်သို့ သူမ၏ ကုတ်အင်္ကျီအိတ်ထဲမှ သဖင်ပန်းခက်တစ်ခက်ကို ပစ်တင်လိုက်လေ၏။

ထို့နောက် ဦးမင်းရွှေကြွယ်၏အလောင်းကို စက်ဆုပ်ရွံရှာစွာ တစ်ချက်ကြည့်လိုက်ပြီးနောက် ဂိုထောင်တံခါးမင်းတုပ်ကို မ,ဖွင့်ကာ အပြင်သို့ လှမ်းထွက်သွားပါတော့၏။

ဦးစိန်စကြာ(ခေါ်) ဦးမင်းရွှေကြွယ်၏ တပည့်များနှင့် အလုပ်သမားများမှာ ဂိုထောင်ထဲမှ တဒိုးဒိုး တဒိုင်းဒိုင်းအသံများကြောင့် နားမလည်နိုင်အောင်ဖြစ်သွားပြီး ဂိုထောင်အဝဆီ ပြေးလာကြသည့်အချိန်မှာပင် ဂိုထောင်တံခါးပွင့်သွားကာ ဂိုထောင်ထဲမှ သက္ကလတ်ဦးထုပ်ဆောင်းထားပြီး ကုတ်အင်္ကျီနှင့် ဘောင်းဘီရှည် ချောကလက်ရောင်တို့ကို စမတ်ကျကျဝတ်ဆင်ထားလျက် ဆံပင်ရှည်ဖားလျားချထားသည့် မိန်းမပျိုတစ်ဦး ထွက်လာသည်ကို အံ့အားတသင့် တွေ့ကြရတော့၏။

"ဟာ ...ဒါ ...ဘယ် ...ဘယ်သူလဲ"

သူတို့ ဇဝေဇဝါဖြင့် အံ့အားကြီးသင့်နေစဉ်မှာပင် မိုးကာလျာမှာ ခြံစည်းရိုးအုတ်တံတိုင်းပေါ်သို့ လွှားခနဲခုန်တက်လိုက်ပြီး ခြံအပြင်သို့ခုန်ထွက်သွားပါတော့၏။





ခြံထဲ၌ ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်သူများမှာ ဂိုထောင်ကြီးထဲ၌ ဘာတွေဖြစ်ကုန်ပြီလဲဟူသော စိုးရိမ်စိတ်ဖြင့် ပြေးကြည့်လိုက်ကြသည့်အခါ ဂိုထောင်ကြမ်းပြင်ပေါ်၀ယ် ပိုးလိုးပက်လက်လဲကျရင်း ရင်ဝမှာ ဓားမြှောင်စိုက်လျက် အသက်ပျောက်နေသော ဦးစိန်စကြာ(ခေါ်) ဦးမင်းရွှေကြွယ်၏ အလောင်းကြီးကို ထိတ်လန့်တုန်လှုပ်ဖွယ် တွေ့ကြရပါတော့သတည်း။

❖

ပြည်မြို့ဂါတ်တဲ၏ ရုံးခန်းထဲ လှမ်းဝင်လာသည့် အိုင်အိုချစ်သွေးအား ဌာနာပိုင်စခန်းမှူးကြီး ဦးဘညွန့်က သူ၏အလုပ်စားပွဲမှ မော့ကြည့်ကာ ...

"ဘယ့်နှယ့်လဲ အိုင်အိုချစ်သွေး၊ ကျုပ်ပေးအပ်တဲ့တာဝန်တစ်ခုကို မကြေခင် နောက်တာဝန်တစ်ခု မောင်ရင့်အတွက် ပေါ်လာပြီ၊ အဲဒီတာဝန်နှစ်ရပ်စလုံးကို ကြေအောင်မထမ်းဆောင်နိုင်ရင်တော့ ကျုပ်ပဲရှုံးမလား၊ မောင်ရင်ပဲ ပုလိပ်အဖွဲ့ကနေ

www.burmeseclassic.com



အထုတ်ခံရမလားမသိဘူး”

ဟု စိတ်ဆိုးမာန်ဆိုးဟန်ဖြင့် ပြောလိုက်ရာ အိုင်အိုချစ်သွေးမှာ ဌာနာပိုင်စခန်းမှူးကြီးကို ဆလုရိုက်အရိုအသေပေးလိုက်ပြီးနောက် စခန်းမှူးကြီး၏ စားပွဲရှေ့မှ ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်လိုက်လေ၏။

ယင်းနောက် အိုင်အိုချစ်သွေးသည် သူ၏ကုတ်အကျႌအောက်အိတ်အတွင်းမှ ဂျွန်ပလေးယား စီးကရက်တစ်ဘူးကို ထုတ်လိုက်ပြီး စီးကရက်တစ်လိပ်ထုတ်ကာ ရွှန်ဆန်မီးခြစ်နှင့်ခြစ်လျက် စိမ်ပြေနပြေဖွာရှိုက်လိုက်လေ၏။

စခန်းမှူးကြီးဦးဘညွန့်မှာ အိုင်အိုချစ်သွေး၏ အေးတိအေးစက်အမူအရာကို စိတ်မရှည်စွာ မျက်မှောင်ကြီးကြုတ်ကြည့်ရင်း ...

“အိုင်အိုချစ်သွေး ... မောင်ရင်က ကျုပ်ခေါင်း မီးတောက်နေတဲ့အချိန်မှာ အေးတိအေးစက်လုပ်နေပါလား၊ ကျုပ်မှာဖြင့် ရန်ကုန်က ပုလိပ်မင်းကြီးကရော ခရိုင်ရာဇဝတ်ဝန်ထောက်ကြီးကပါ ကြေးနန်းရိုက်ပြီးတော့တစ်မျိုး, လူကိုယ်တိုင်ခေါ်တွေ့တာက တစ်နည်းနဲ့ နားထဲ မီးထတောက်မဲ့ဇာတ်ဆူပူကြိမ်းမောင်းတာ ခံနေရပြီ၊ ဒါကို မောင်ရင်က အေးစက်စက်လုပ်နေတာ ဘာသဘောလဲ”





ဟု ဒေါသတကြီးဖြင့် စားပွဲကိုထုကာ သဟောက်သဟာ ဆေးလိုက်ပြန်၏။

အိုင်အိုချစ်သွေးမှာ စီးကရက်ကို အားပါးတရဖွာလိုက်ပြီး ဆေးလိပ်ငွေ့တို့ကို နှာခေါင်းထဲမှ ခပ်မျှဉ်းမျှဉ်းမှုတ်ထုတ်လိုက်ကာ ...

“ကျွန်တော် အေးစက်စက်လုပ်နေတာ မဟုတ်ပါဘူး စခန်းမှူးကြီးရဲ့ နဝင်းချောင်းနံဘေးက မော်ကွန်းရွာဘိုတဲလူသတ်မှုနဲ့ ဒီပြည်မြို့က ‘ရောစကြာ’စတိုးဆိုင်ကြီးရဲ့ပိုင်ရှင် ဦးစိန်စကြာကိုသတ်မှု နှစ်မှုစလုံးရဲ့ လူသတ်တရားခံကိုရော ကြံရာပါကိုပါ မကြာမီ ခြေရာခံဖမ်းဆီးနိုင်တော့မှာမို့ တရားခံတွေကို ဘယ်လိုဖော်ထုတ်ဖမ်းဆီးရပါ့မလဲလို့ တွေးနေတာပါ”

ဟု ခပ်အေးအေးလေသံဖြင့် ပြောလိုက်ရာ ဌာနာပိုင်စခန်းမှူးကြီးဦးဘညွန့်မှာ မျက်လုံးကြီးများပြူးကာ စားပွဲမျက်နှာပြင်ကို လက်နှစ်ဖက်ဖြင့်ထောက်လျက် ကုန်းကွကွကြီးလုပ်လိုက်ရင်းမှ လွန်စွာအံ့သြသည့်လေသံဖြင့် ဒရောသောပါးမေးလိုက်လေ၏။

“ဘာ ... ဘာ ... လူသတ်မှုနှစ်မှုစလုံးရဲ့ တရားခံကို မကြာမီ ဖမ်းမိတော့မယ် ... ဟုတ်လား”

“ဟုတ်တယ် စခန်းမှူးကြီးရဲ့၊ အဲဒီလူသတ်မှုနှစ်မှုစလုံး



www.burmeseclassic.com

ကို ကျူးလွန်သူ အဓိကတရားခံဟာ တစ်ဦးတည်းဖြစ်ပြီး သူဟာ အတော်အတင့်ရဲတဲ့ မိန်းမတစ်ယောက်ဖြစ်တယ်၊ အငြိုးကြီးသူ ဖြစ်တယ်ဆိုတာ သေချာတယ်၊ ပြီးတော့ သူမှာ စိတ္တဇဆန်ဆန် အစွဲတစ်ခုလည်း ရှိနေတယ်၊ သူ့ရဲ့ အဲဒီအစွဲကို မဖျောက်ဖျက်နိုင်လို့လည်း သူ့ကို ကျွန်တော် မကြာမီ ခြေရာခံမိတော့မှာ ဖြစ်ပါတယ်၊ ကဲ ... သူ့ကို ခြေရာခံဖို့ ကျွန်တော့်ကို သုံးလေးရက် အချိန်ထပ်ပေးပါ၊ စခန်းပိုင်ဂျစ်ကားကိုလည်း အသုံးပြုခွင့် ပေးပါခင်ဗျာ''

ဟု တင်ပြပြောဆိုခွင့်တောင်းလိုက်ရာ ဌာနာပိုင်စခန်းမှူးကြီးမှာ သက်မကြီးကိုချလိုက်ရင်း ...

''ကောင်းပါပြီ အိုင်အိုချစ်သွေး၊ ကားကိုလည်း အသုံးပြုပါ၊ အချိန်သုံးလေးရက်လည်း ပေးပါတယ်၊ အဲဒီလူသတ်မှုနှစ်မှုစလုံးရဲ့ လူသတ်တရားခံကိုဖမ်းမိဖို့သာ အမြန်ဆုံးကြိုးစားပါ၊ အဲဒီလူသတ်တရားခံကိုဖမ်းမိဖို့ မောင်ရင့်အတွက်ရော ကျုပ်အတွက်ပါ ဘယ်လောက်အရေးကြီးတယ်ဆိုတာ သိထားစမ်းပါ''

ဟု ပြောလိုက်ရာ အိုင်အိုချစ်သွေးက ထိုင်ရာမှထကာ ပြုံးလိုက်ရင်း ...

''ကျွန်တော်တို့အတွက်ထက် အမှန်တရားအတွက်၊ ဥပဒေအတွက် ပိုပြီးအရေးကြီးပါတယ် စခန်းမှူးကြီးခင်ဗျား''





ဟုပြောကာ ဆလုရိုက် အလေးပြုလိုက်ပြီးနောက် စခန်းပေါ်မှဆင်းကာ စခန်းပိုင်ဂျစ်ကားလေးကို စခန်းဝင်းထဲမှ မောင်းထွက်သွားပါတော့သတည်း။

❖ ❖ ❖



www.burmeseclassic.com



## ပန်းပျိုးလက်၏ ကြေးကွဲနိဂုံး

နောက်သုံးရက်ခန့်ကြာသော မိုးတိမ်များညို့နေသည် နံနက်ခင်းတစ်ခုဝယ် မြင်းလှည်းတစ်စီးသည် ပေါင်းတာလယ်မြ တောင်ဘက်မြို့စွန်လမ်းမှ တိုက်ပုလေးတစ်လုံးရှိရာ ခြံဝင်းတစ် ရှေ့ဝယ် ရပ်သွားပြီး ...

မြင်းလှည်းပေါ်မှ ဖျင်ပင်နီပိတ်စကို ခေါင်းပေါင်းကာ နှုတ်ခမ်းမွေးကားကားကြီးရှိသည့် ရှမ်းအမျိုးသားကြီးတစ်ဦးသည် ဆင်းလာလေ၏။ သူက မြင်းလှည်းဆရာကို ခဏစောင့်ခိုင်းထာ





း ရှမ်းလွယ်အိတ်ကြီး ပခုံးထက်မှာ တယမ်းယမ်းလွယ်ရင်း ခါးဝသို့သွားကာ ခြံထဲသို့ အသာကဲကြည့်လိုက်လေ၏။

သေသပ်လှပသော တစ်ထပ်တိုက်ပုလေး၏ ခြေရင်း ာက်ခြံထဲဝယ် ပိုက်ကွန်အစိမ်းများဖြင့် ရှဲ့ပတ်ကာမိုးထားသည့် ်းရုံတစ်ခုကိုတွေ့ရရာ ရှမ်းအမျိုးသားကြီးသည် ကျေနပ်စွာ ြုံးလိုက်ပြီးနောက် ...

"အိမ်ရှင်တို့ ... အိမ်ရှင်တို့ ..."

ဟု အသံသြသြကြီးဖြင့် ဟစ်ခေါ်လိုက်လေ၏။

ယင်းရှမ်းအမျိုးသားကြီး၏အော်သံကြောင့် တိုက်ပုလေး ၏ ရှေ့တံခါးချပ်သည် ပွင့်သွားပြီး အသားဖြူဖြူဝဝ အသက်ငါး ယ်နီးပါးခန့် မိန်းမကြီးတစ်ဦး ထွက်လာလေ၏။

"ဘာကိစ္စလဲရှင့်"

မိန်းမကြီးသည် ပင်နီဖျင်စကို ခေါင်းပေါင်းထားကာ င်နီတိုက်ပုံ၊ ပင်နီရှမ်းဘောင်းဘီတို့ ဝတ်ဆင်ထားပြီး ခြေ ာက်ဝယ် ပတ္တူဖိနပ်စီးထားသည့် ရှမ်းအမျိုးသားကြီးကို ရှုး ်းသလိုကြည့်ကာ မေးလိုက်လေ၏။

"ကျုပ်က မိုးနဲဘက်ကလာတဲ့ မုဆိုးတစ်ဦးပါ၊ ကျုပ် ာ ရှမ်းရိုးမတောထဲက ခဲရာခဲဆစ်ရထားတဲ့ ရှားပါးသစ်ခွမျိုး ွေပါလာလို့ လာရောင်းတာပါ၊ ဒီခြံရဲ့နံဘေးမှာ သစ်ခွပန်းရုံ



www.burmeseclassic.com

www.burmeseclassic.com



တွေ့လို့ သဇင်မျိုးဥတွေ ဝယ်မလားလို့ မေးကြည့်တာပါ”

ဟု ရှမ်းအမျိုးသားကြီးက ရှမ်းသံဝဲဝဲဖြင့်ပြောရင်း ဘက်ပခုံး၌လွယ်ထားသော ရှမ်းလွယ်အိတ်ကြီးကို လက်ဖြ အသာပုတ်ပြလိုက်လေ၏။

အမျိုးသမီးကြီးက သူ့ကို ခေတ္တအကဲခတ်ကြည့်လိုက်ပြီး နောက် ...

“ဒါဆို ခဏနေဦး”

ဟု လက်လေးပြကာပြောဆိုပြီး တိုက်ပုလေးဆီသို့ ပြ လှည့်သွားလေ၏။ ထိုမိန်းမကြီးသည် တိုက်ပုလေးထဲဝင်သွားပြီ လျှင် ခဏအကြာဝယ် ပြန်ထွက်လာတော့၏။

“ဒီမှာ ရှင့်ရဲ့သဇင်ဥတွေ ဘယ်ခြံတွေမှာ လျှောက်ရောင ပြီးပြီလဲ”

ဟု မေးလိုက်လေ၏။

“ဘယ်ခြံမှ မရောင်းရသေးပါဘူးဗျာ၊ ခုခေတ်မှ သဇင်ကို ဆယ့်နှစ်ရာသီပွင့်အောင် ကျကျနန ပန်းရုံသီးသ ထားပြီး ဥရောပနိုင်ငံတွေမှာ စိုက်သလို ခေတ်မီနည်းပညာ စိုက်သူ မရှိသေးသလောက် နည်းပါးလှပါတယ်ဗျာ၊ ကျုပ် သ တောတွက်ပစ္စည်းမျိုးစုံကို ပြည်၊ ရွှေတောင်၊ သဲကုန်း၊ ပေါ တည်၊ နတ်တလင်းမြို့တွေက ဘုရားပွဲတွေမှာ လိုက်ရောင်း





အားလုံးကုန်ပြီဗျ၊ ဒီသဇင်ဥတွေပဲ ကျန်တော့တယ်၊ အဲဒီမြို့တွေ ကလည်း သဇင်ကို ခေတ်မီနည်းနဲ့ စိုက်ပျိုးသူမရှိသေးဘူးဗျ မြို့က ဒီခြံမှာမှ လာတွေ့ရတော့တယ်၊ ဒါကြောင့် ဒီမှာပဲ ရောင်းခဲ့ပါရစေ၊ ကျုပ်လည်း မိုးနဲ့ကိုပြန်ချင်ပြီ၊ ဒီအရပ်ဘက်မှာ ဦးကျတော့မှာမို့ ဘုရားပွဲတွေလည်း မရှိတော့ဘူးလေ”

ရှမ်းအမျိုးသားကြီး၏ အကျိုးသင့်အကြောင်းသင့် ပြော ဆိုရှင်းပြမှုကို ထိုမိန်းမကြီးက လက်ခံသွားပြီး ခြံတံခါးဖွင့်ပေး လိုက်ကာ ...

“ကဲ ... ဝင် ... လာ ... လာ၊ ခဏကြာရင် ကလျာ ဘာကြည့်လိမ့်မယ်”

ဟုပြောကာ သဇင်ပန်းရုံသို့ ဦးဆောင်ခေါ်လာလေ၏။

ရှမ်းအမျိုးသားကြီးလည်း ပန်းရုံထဲ၌ သဇင်ပန်းမျိုးဥများ နစ်တကျစိုက်ပျိုးထားမှုကို သဘောကျစွာ ကြည့်ရှုနေစဉ်မှာပင် တိုက်ပုလေးဘက်မှ တစ်စုံတစ်ယောက်သည် သဇင်ရုံဘက်သို့ ခြလှမ်းမှန်မှန်ဖြင့် လျှောက်လာလေ၏။

“ဟော် ... ဟိုမှာ ကလျာလာပြီ၊ သူက ဒီအိမ်ရဲ့အိမ် ရှင်နာမည်က မိုးကလျာတဲ့၊ ဒီသဇင်ပန်းရုံက သူ့ဝါသနာကြောင့် ဆောက်ထားတာ”

မိန်းမကြီးမှ ရှင်းပြနေစဉ် ရှမ်းအမျိုးသားကြီးသည် မိုး



www.burmeseclassic.com

www.burmeseclassic.com



ကလျာဆိုသော အိမ်ရှင်အမျိုးသမီးကို အသာငဲ့ကြည့်လိုက်ရာ
သူ့မျက်နှာမှာ ကွက်ခနဲပျက်သွားတော့၏။

ယင်းနောက် ရှမ်းအမျိုးသားကြီးသည် မိုးကလျာ
ရဲရဲမကြည့်ဝံ့တော့ဘဲ မျက်နှာကို ခပ်လွှဲလွှဲထားကာသာ နေလိုက်
ရလေ၏။

"ဒီမှာ ... ရှင်က ရှားပါးသဖင်ဥတွေ ရောင်းချင်
ဆို ... ပြပါဦး"

ဟု မိုးကလျာကပြောလိုက်ရာ ရှမ်းအမျိုးသားကြီးမှာ
မိုးကလျာကို မသိမသာ မျက်လုံးလှန်ကြည့်လိုက်ပြီးမှ လွယ်အိတ်
ကြီးထဲ လက်နှိုက်ကာ သဖင်ပန်းမျိုးဥများကို ထုတ်ယူပြသလိုက်
လေ၏။

မိုးကလျာလည်း သဖင်မျိုးဥတို့ကို စိတ်တိုင်းကျ
ဆေးကြည့်ရှုလျက်ရှိလေ၏။

မိုးကလျာက သဖင်ဥတို့ကို ခေါင်းလေးငုံ့ကာ အသ
ခတ်ကြည့်လျက်ရှိစဉ် ရှမ်းအမျိုးသားကြီးက သူမကို ခေးစိုက်
ကြည့်ရင်း နှဖူးမှချွေးစေ့ ဆို့လာတော့၏။ ပဒုမ္မာပွင့်ရိုက် အပြာ
ရောင် အင်္ကျီလက်စကလေးနှင့် ချိတ်ထဘီအပြာလွင်လွင်ကလေ
ဝတ်ကာ တစ်ပတ်လျှိုဆံထုံးဝယ် သဖင်ပန်းတစ်ခက်ပန်ထာ
သော မိုးကလျာ၏အလှက သူ၏ရင်ကို မအေးမြစေပါလား





"ဒီမှာ"

မိုးကလျာက ရှမ်းအမျိုးသားကြီးကို တစ်စုံတစ်ရာပြော
န် ခေါ်ရင်း ခေါင်းမော့လိုက်စဉ် အကြည့်ချင်းဆုံသွားတော့၏။

မိုးကလျာ၏ ရင့်ကျက်တည်ငြိမ်သော်လည်း လှပရွှန်းလဲ့
နေသည့် မျက်ဝန်းတို့က ဒီဝေဝေဖြစ်နေသော ရှမ်းအမျိုးသားကြီး
၏ မျက်လုံးအစုံကို စိုက်ကြည့်လိုက်ရာ ဦးစွာအကြည့်လွှဲဖယ်သွား
သူက ရှမ်းအမျိုးသားပဲဖြစ်ပါ၏။

မိုးကလျာသည်လည်း သူမနှင့် လေးငါးပေခန့်အကွာမှ
မ်းအမျိုးသားကြီး၏ မျက်နှာကိုကြည့်ရင်း တစ်နေရာရာမှာ
င်ဖူးသလိုလိုရှိသဖြင့် စိတ်ဝယ်စနိုးစနောင့်ဖြစ်သွားပြီး မျက်
မှောင်လေးကြုတ်ကာ ပိုမို၍ စူးစူးရဲရဲကြည့်လိုက်လေ၏။

ရှမ်းအမျိုးသားကြီးမှာ သူ့ကို မိုးကလျာက စူးစူးစိုက်စိုက်
ကြည့်နေမှန်းသိသဖြင့် စိတ်ကိုတင်းပြီး ပြန်ကြည့်လိုက်လေ၏။

ထိုအခါ အဝ်အားပြည့်စသော မျက်လုံးနှစ်စုံ၏အကြည့်
မှာ ဖျပ်ဖျပ်လက်သည့် သောက်ရှူးကြယ်ပွင့်နှယ် ဖြစ်သွားပြီး
ဦးစလုံး၏ရင်ကို လှုပ်ခါသွားစေတော့၏။

သို့သော် သူတို့နှစ်ဦး၏ရင်လှိုက်များ လှုပ်ရှားမှုက
ထိပ္ပာယ်ချင်းမတူပါ။

ရှမ်းအမျိုးသားကြီး၏ ရင်လှိုက်လှုပ်ခါမှုမှာ အံ့အားသင့်



www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ ကြေကွဲခြင်း၊ ဝေခွဲမရခြင်း၊ စိုးရွံ့ခြင်းတို့ကြောင့်ဖြစ်ပြီ

မိုးကလျာ၏ ရင်လှိုက်လှုပ်ခါမှုမှာ စိတ်ရှုပ်ထွေးခြင်း၊ စိတ် အနှောင့်အယှက်ဖြစ်ခြင်း၊ မယုံသင်္ကာဖြစ်ခြင်းတို့ကြောင့် ဖြစ်၏။

စိတ်စွမ်းအားထက်မြက်လွန်းသည့် မိုးကလျာ၏အကြည့် ကို ဆက်လက်ရင်မဆိုင်ဝံ့တော့သဖြင့် ရှမ်းအမျိုးသားကြီးမှ သည်တစ်ကြိမ်လည်း မျက်လုံးအကြည့် ဦးစွာလွှဲဖယ်လိုက်ရပြ တော့သည်။

မိုးကလျာသည်လည်း ရှမ်းအမျိုးသားကြီး၏မျက်နှာက သာမက တစ်ကိုယ်လုံးကိုပါ စူးစူးရဲရဲ အကဲခတ်ကြည့်လိုက်ပြီ ခဏမှာတော့ ...

သူမ၏လက်ထဲမှ သဖင်ဥတို့ကို လွှင့်ပစ်လိုက်ပြီးလှ ရှေ့သို့ ဖျတ်ခနဲတိုးကာ ရှမ်းအမျိုးသားကြီး၏ နှုတ်ခမ်းမွေးတ ဖက်ကို ဆတ်ခနဲဆွဲနှုတ်လိုက်တော့၏။

ရှမ်းအမျိုးသားကြီးက နောက်သို့ ယို့ခနဲရှောင်လိုက်သေ လည်း မိုးကလျာ၏လှုပ်ရှားမှုက သူ့ထက်မြန်သဖြင့် သူ၏နှုတ် ခမ်းမွေးကြီးတစ်ဖက်မှာ မိုးကလျာ၏လက်ထဲ ပါသွားတော့၏

ထိုအခါ အနီးတွင်ရပ်ကြည့်နေသော အိမ်ဖော်ထမင် ချက် အမျိုးသမီးဝဝကြီးမှာ နှုတ်ခမ်းမွေးတစ်ဖက်သာရှိတော





သည့် ရှမ်းအမျိုးသားကြီးကို ပါးစပ်အဟောင်းသားဖြင့် အံ့အား သင့် ငေးကြောင်ကြည့်နေတော့၏။

မိုးကလျာသည်ကား မျက်နှာလေးရဲခနဲဖြစ်ကာ ဒေါသ အိုးပေါက်ကွဲသွားပြီး ...

"ရှင် ... လူလိမ်လူညာ၊ ရုပ်ဖျက်ပြီး ဒီခြံထဲဝင်လာ တယ် ... ရှင် ဘယ်သူလဲ"

ဟု လက်ညှိုးငေါက်ငေါက်ထိုးကာ ဒေါသသံဖြင့်မေးရင်း ခါးကြားမှာလျှို့ဝှက်ထားသည့် ဓားမြှောင်ငယ်ကို ထုတ်ယူလိုက် ၍ ရှမ်းအမျိုးသားကြီးအဖြစ် ဟန်ဆောင်ရုပ်ဖျက်ထားသူ လူရွယ် က ကျန်နှုတ်ခမ်းမွေးအတုကြီးကိုပါ ဖယ်ရှားလိုက်ပြီး ဦးခေါင်းမှ ပင်နီဖျင်စခေါင်းပေါင်းကိုပါ ဖြည်လိုက်လေ၏။

ထိုအခါ နှုတ်ခမ်းမွေးကားကားကြီးကြောင့် အသက်အ ရွယ်ကြီးရင့်ပုံရသော ရှမ်းအမျိုးသားကြီး၏ မျက်နှာနေရာ၌ ချော မောခန့်ညားနုပျိုသည့် အမျိုးသားတစ်ဦး၏ရုပ်သွင်က ထင်ရှား စွာ ထွက်ပေါ်လာတော့၏။

"ရှင် ဘယ်သူလဲ ... ပြောလေ"

"ချစ်သွေးပါ၊ အိုင်အိုချစ်သွေးပါ၊ မမဝသုန်ရယ် ... ရွှေမြင်သာမြို့က မမဝေသုန်ရဲ့တပည့် ချစ်သွေးပါဗျာ"

"အို"



www.burmeseclassic.com

www.burmeseclassic.com



ချစ်သွေး၏ ခေါ်းမြည့်ကြေကွဲသံဖြင့် ပြောလိုက်သော စကားကို ကြားရလေလျှင် မိုးကလျာမှာ လွန်စွာအံ့အားသင့်သွားပြီး ...

"ဟင် ... မင်း ... မင်းဟာ ချစ်သွေး၊ ရွှေမြင်သာက ချစ်သွေး ... ဟုတ်လား"

ဟု အံ့ဩဝမ်းသာသလိုလို တုန်လှုပ်သလိုလို လေသံလေးဖြင့် မေးလိုက်လေ၏။

"ဟုတ်ပါတယ် မမဝသုန်၊ မမဝသုန်ရဲ့ ပြုစုပျိုးထောင်ကူညီပေးမှုကြောင့် ပုလိပ်အရာရှိတစ်ဦး ဖြစ်နေရတဲ့ အိုင်အိုချစ်သွေးပါဗျာ"

"သြော် အုတ်တွင်းတို့ ဖြူးကိုအကျော်မှာ သတင်းကြီးနေတဲ့ အိုင်အိုချစ်သွေးဆိုတာ မင်းကိုး"

"ဟုတ်ပါတယ် မမဝသုန်"

"အေး ... မင်းဟာ ပင်ကိုဉာဏ်ရည်ထက်မြက်ပြီး ကြိုးစားလုံ့လဝီရိယရှိလေတော့ ခုလိုအရာရှိဖြစ်လာတာပဲပေါ့ ဒါပေမဲ့ မင်းက ငါ့ရဲ့ခြံထဲ ရှမ်းအမျိုးသားကြီးအယောင်ဆောင်ပြီး ဘာဖြစ်လို့ ဝင်လာရတာလဲ"

ဤတွင် ချစ်သွေးသည် သက်ပြင်းကြီးကို မှုတ်ထုတ်လိုက်ပြီး မလွှဲမရှောင်သာစွာ ပြောလိုက်ရပါတော့၏။





"ကျွန်တော်ဟာ လူသတ်မှုနှစ်မှုရဲ့ တရားခံကို လိုက်ရှာနေပါတယ် မမဝသုန်၊ အဲဒီလူသတ်မှုနှစ်မှုစလုံးမှာ လူသတ်သမားဟာ သတ်ပြီးတိုင်း သတ်ပြီးတိုင်း သဖင်ပန်းခက်တစ်ခက်ကို အလောင်းပေါ်မှာ တင်ထားခဲ့တယ် ...။

သဖင်ပန်းဟာ ဆောင်းဦးပေါက်ကာလမှာမှ ပွင့်တာမို့ လူသတ်သမားဟာ ခုလိုမိုးတွင်းကာလမှာ သဖင်ပန်း လတ်လတ်ဆတ်ဆတ် ဘယ်ကရသလဲ၊ ခေတ်မီနည်းပညာတွေနဲ့ စိုက်ပျိုးထားတဲ့ သဖင်ခြံကမှရမှာပေါ့၊ ခေတ်မီနည်းပညာနဲ့ ပိုက်ကွန်တွေအုပ်၊ အပူအအေးထိန်းညှိပေးပြီး သီးသန့်ပန်းရုံ တည်ဆောက်ပျိုးထားမှ ရာသီမရွေး သဖင်ပန်းကို ရနိုင်မယ်လေ။

အဲဒီလို ခေတ်မီနည်းပညာနဲ့ သဖင်ပန်းရုံတည်ဆောက်ပြီး ပန်းပျိုးထားတဲ့ခြံကို အမှုဖြစ်ပွားရာခရိုင်အနှံ့မှာ ရှာဖွေတော့ ဘယ်မြို့ဘယ်ရွာမှာမှ မတွေ့ရဘဲ ဒီမြို့က ဒီခြံမှာမှ တွေ့ရတယ်လေ ...။

ဒါကြောင့် ဒီခြံထဲမှာ နေထိုင်သူတွေကို မသင်္ကာဖြစ်ပြီး အနီးကပ်လေ့လာစူးစမ်းဖို့ ခြံထဲ ရုပ်ဖျက်ဝင်လာခဲ့တာပါပဲ၊ ခုတော့ သေချာသွားပါပြီ ... ကျွန်တော် အိုင်အို အမှုကိုင်အရာရှိအဖြစ် တာဝန်ယူစုံစမ်းထောက်လှမ်းနေတဲ့ နဝင်းချောင်း[illegible]သား မှော်ကုန်းဘိုတဲပေါ်မှာ ဓန်ထောက်ကလေး ဦးရွှေညှာကိုရော

www.burmeseclassic.com



ပြည်မြို့က 'ရောစကြာ'စတိုးဆိုင်ပိုင်ရှင် ဦးစိန်စကြာကိုရော သတ်သူဟာ မမဝသုန်ဆိုတာ သေချာသွားပါပြီ၊ မမဝသုန် စောစောက ခါးကြားမှာ လျှို့ဝှက်ဆောင်ထားရာကနေ ထုတ် လိုက်တဲ့ ပေါက်ဓားမြှောင်လေးဟာ အလောင်းနှစ်ခုစလုံးရဲ့ရင်ဝ မှာ စိုက်ဝင်နေတဲ့ လူသတ်သမားရဲ့ ဓားမြှောင်နဲ့ ထပ်တူပဲလေ။

ဒါကြောင့် မမဝသုန်ကို လူသတ်မှုမသင်္ကာ (၃၀၂/၅၄) နဲ့ ဖမ်းလိုက်ပါပြီ၊ ဥပဒေကို မျက်မှောက်ပြုပြီး အေးအေးဆေး ဆေးအဖမ်းခံပါ မမဝသုန်''

ချစ်သွေးက ဖျောင်းဖျောင်းဖျဖျပြောလိုက်သော်လည်း မိုးကလျာက ဟက်ဟက်ပက်ပက်ရယ်လိုက်ပြီး ပြတ်သားစွာ ပြန်ပြောလေ၏။

"ဟားဟားဟား ... မိုးကလျာက ဥပဒေကို ဂရုစိုက်နေ မှာ မဟုတ်ဘူး၊ အဖမ်းခံမှာလည်းမဟုတ်ဘူး၊ အေး ... မင်းက ရဲအရာရှိ အမှုလိုက်အရာရှိဖြစ်နေလို့ တရားခံဖြစ်တဲ့ငါ့ကို ဖမ်းမှ ဖြစ်မယ်ဆိုလည်း ဖမ်းပေတော့၊ မင်းက ဝတ္တရားအရ မိအောင် ဖမ်းရမှာဖြစ်သလို ငါကလည်း အတ္တဝတ္တရားအရ အဖမ်းမခံဘဲ လွတ်အောင်ရှောင်ရှားရမှာပဲလေ''

''ဒီလိုမလုပ်ပါနဲ့ မမဝသုန်ရယ်၊ မမဝသုန်သင်ပေးထား တဲ့ ပညာနဲ့ မမဝသုန်ကို တိုက်ခိုက်ဖမ်းဆီးရမယ့်အလုပ် ကျွန်





တော်မလုပ်ပါရစေနဲ့၊ အသာတကြည် အဖမ်းခံပါခင်ဗျာ''

ချစ်သွေးသည် မိုးကလျာကို တောင်းတောင်းပန်ပန် ပြောလိုက်ရင်း ရင်ဘတ်ကြားထဲမှ ဝီစီလေးကိုထုတ်ကာ တရှူးရှူး မှုတ်လိုက်တော့၏။

'ရှူး ..ရှူး ..ရှူး'

ထိုအခါ ချစ်သွေးထံမှ ဝီစီမှုတ်သံကြားသွားသည့် ခြံဝ တွင်ရပ်စောင့်နေသော မြင်းလှည်းပေါ်မှ မြင်းလှည်းသမားအဖြစ် တာန်ဆောင်ရုပ်ဖျက်ထားသူ ချစ်သွေး၏တပည့် ဆားပုလင်းဝင်း မောင်က သူ၏အင်္ကျီရင်ဘတ်ကြားမှ ဝီစီကိုထုတ်ကာ တရှူးရှူး မှုတ်တော့၏။

သို့ဖြင့် ဝီစီသံများ တရှူးရှူး ဆူညံစွာထွက်ပေါ်လာစဉ် မိုးကလျာတို့ခြံနှင့် ကိုက်တစ်ရာကျော်အကွာရှိ လမ်းထောင့်ချိုး၌ လျှို့ဝှက်စွာရပ်ထားသော ပုလိပ်တပ်ဖွဲ့ဝင်များ အပြည့်ပါရှိသည့် ချစ်ကားသည် ဝေါခနဲအရှိန်ပြင်းစွာ မောင်းထွက်လာတော့၏။

ထိုစဉ် ဖြစ်ရပ်အားလုံးကို တိုက်ပုလေးထဲမှ မှန်ပြတင်း တစ်ခုနောက်ဝယ်ရပ်ကာ စောင့်ကြည့်အကဲခတ်နေသော လူရွယ် တစ်ဦးသည် တောက်တစ်ချက် ပြင်းထန်စွာခတ်လိုက်ပြီး မှန် ပြတင်းကိုတွန်းဖွင့်လိုက်လျက် ပြောင်းရှည်သေနတ်တစ်လက်ကို ပြတင်းဝမှထုတ်ကာ ချစ်သွေးထံသို့ ထိုးချိန်လိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပြတင်း ဝုန်းခနဲပွင့်သံကြောင့် တိုက်ပုလေးဆီ ဖျတ်ခနဲလှည့်ကြည့်လိုက်သည့် မိုးကလျာမှာ ချစ်သွေးအား ထိုလူရွယ်မှ သေနတ်ဖြင့်ချိန်လိုက်သည်ကို ရိပ်ခနဲတွေ့လိုက်ရသည်၌ စိုးရိမ်တကြီးဖြစ်သွားပြီးလျှင် ...

"အို ... ကိုကို မလုပ်နဲ့"

ဟု အသံစူးစူးလေးဖြင့် အော်ဟစ်ရင်း လက်ဖဝါးတို့ကို ဝှေ့ယမ်းကာ တားမြစ်လိုက်သလို သူမ၏ကိုယ်လုံးဖြင့်လည်း ချစ် သွေးရှေ့မှ ရှတ်ခနဲကာလိုက်စဉ် ...

"ဒိုင်း"

ကော်ဒိုက်ယမ်းအား၏ ပေါက်ကွဲသံနှင့်အတူ မိုးကလျာ၏ခန္ဓာကိုယ်လေးမှာ ဆတ်ခနဲတုန်သွားပြီး ရင်ဝမှ သွေးတို့စီးကျလာလေတော့၏။

ထိုအခါ သေနတ်ဖြင့်ပစ်လိုက်သူ လူရွယ်က ...

"အို ... ညီမလေး"

ဟု ထိတ်လန့်တုန်လှုပ်စွာ အော်လိုက်သလို ...

"ဟာ ... မမဝသုန် ... ဖြစ်ရလေဗျာ"

ဟု ချစ်သွေးက ချောက်ချားတုန်လှုပ်စွာ ရေရွတ်ရင်း မိုးကလျာ၏ ပျော့ခွေကျလာသော ခန္ဓာကိုယ်လေးကို ဆွဲခနဲဖမ်းထိန်းပွေ့လိုက်ရတော့၏။





နံဘေးမှနေ၍ လျှပ်တစ်ပြက်အတွင်း မယုံနိုင်ဖွယ်ဖြစ်သွားသော ဖြစ်ရပ်တို့ကို တွေ့မြင်လိုက်ရသည့် အိမ်ဖော်ထမင်းချက် မိန်းမဖြူဖြူဝဝကြီးမှာမူ ...

"အမယ်လေးတော် ... သေပါပြီ ... သေပါပြီ"

ဟု ကယောင်ကတမ်း ချောက်ချားစွာအော်ဟစ်ရင်းမှ မေ့လဲကျသွားရှာပါတော့၏။

"မမ ... မမ ... ဖြစ်ရလေ မမရယ်"

ချစ်သွေးမှာ သူ၏ကျေးဇူးရှင် မမဖြစ်သူ၏ ခန္ဓာကိုယ်လေးကို ထွေးပွေ့ထားရင်း မျက်ရည်များ ပါးပြင်ပေါ်သို့ စီးကျလာစဉ် မိုးကလျာမှာ နာကျင်မှုဝေဒနာကြောင့် မျက်နှာလေးကို ရှုံ့မဲ့နေရာမှ မျက်လုံးတို့ကို အားယူဖွင့်ကြည့်လိုက်ပြီးလျှင် ...

"မောင် ... မောင်လေးချစ်သွေး"

ဟု တိုးတိုးတလေးခေါ်လိုက်လေ၏။

"ဗျာ ... မမ"

"မောင်လေးချစ်သွေးဟာ မမပျိုးခဲ့တဲ့ ပန်းလေးတစ်ပွင့်ပါကွယ်၊ အဲဒီပန်းလေးကို မမ ဘယ်နည်းနဲ့မှ ညှိုးနွမ်းပျက်စီးသွားတာ မ ... မမြင်ရက်လို့ ခု ... ခုလို အသက်ပေးပြီး ကာကွယ်ခဲ့ ... အ ... "

"အို ... မမ"



www.burmeseclassic.com

www.burmeseclassic.com



မိုးကလျာ(ခေါ်) ဝသုန်၏ခန္ဓာကိုယ်လေးကား ပျော့ခွေကျသွားချေပြီတည်း။

"ဖြစ်ရလေ မမရယ်၊ ကျွန်တော့်အပေါ် ကောင်းလွန်းလှတဲ့ မမရယ်၊ ခုတော့ ကျွန်တော့်အတွက် အသက်ပေးပြီး ကာကွယ်သွားပြီပေါ့"

မိုးကလျာ (ခေါ်) ဝသုန်၏ ခန္ဓာကိုယ်လေးကို မြတ်နိုးလေးစားစွာထွေးပွေ့ရင်း ချစ်သွေးမှာ ဝမ်းနည်းကြေကွဲ၍ မဆုံးတော့ပါ။

မိုးကလျာ၏အစ်ကိုမှာလည်း သူ့လက်ချက်ကြောင့် သူ့အချစ်ဆုံးညီမလေး ကွယ်လွန်သွားရသည့်အတွက် ဆောက်တည်ရာမရလောက်အောင် ကြေကွဲကာ လက်ထဲမှသေနတ်ကို ပစ်ချပြီး ခေါင်းနှင့် တိုက်နံရံကို တဒိုင်းဒိုင်းဆောင့်နေစဉ်မှာပင် ပုလိပ်တပ်ဖွဲ့ဝင်များ တိုက်ပုလေးထဲသို့ ပြေးဝင်လာပြီး လက်ထိတ်ခတ် ထိန်းသိမ်းလိုက်ရပါတော့သတည်း။

❖ ❖ ❖



## အတိတ်တစ္ဆေ

အမှုလိုက်အရာရှိ အိုင်အိုဖြစ်သော ချစ်သွေးသည် မိုးကလျာ(ခေါ်) ဝသုန်၏အစ်ကို ကိုသာကြည်အား ပြည်မြို့ဂါတ်တဲ၌ စစ်ချက်များရယူသည်တွင် တရားခံကိုသာကြည်က သူတို့မောင်နှမ၏ ထူးခြားကြေကွဲဖွယ် နာကြည်းတုန်လှုပ်ဖွယ် ဇာတ်လမ်းကို ပြည့်ပြည့်စုံစုံ ပြောပြရာလေ၏။

ယင်းသဖင်မြိုင်မောင်နှမ၏ ဇာတ်လမ်းကား ဤသို့တည်း။

---

ခုနှစ်စဉ်ကြယ်စာပေ

www.burmeseclassic.com



ပဲခူးခရိုင်၊ ကြို့ပင်ကောက်မြို့၏ အနောက်ဘက်တွင် မြစ်မခမြစ်တည်ရှိပြီး မြစ်ကမ်းနံ့ဘေးဝဲဘက်ရှိ ကြာစုအိုင်ရွာအရွေ့မှ တစ်ခုသော ကျယ်ဝန်းလှသည့်ခြံကြီးအတွင်းဝယ် လေးပင်သုံးခန်း ပျဉ်ထောင်အိမ်ကြီးတစ်လုံး ရှိလေ၏။

ရေနံချေးဝလျှက်ရှိသော ယင်းပျဉ်ထောင်အိမ်ကြီးတွင် ဦးသာညွှန်းနှင့် ဒေါ်ထွေးပုံတို့ လယ်ပိုင်ရှင် မြေပိုင်ရှင်လင်မယား ရှိလေ၏။

ယင်းဦးသာညွှန်း ဒေါ်ထွေးပုံတို့ဝယ် မြရတီဟူသည့် တစ်ဦးတည်းသောသမီးချောလေး ရှိလေ၏။

မြရတီမှာ လယ်ပိုင်မြေပိုင်ရှင်သမီးမို့ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေရသူဖြစ်ရာ ပင်ကိုကလည်း အသားအရည် ဖြူဖြူဝင်းဝင်းချောချောလေးမို့ တောသူနှင့်မတူ မြို့ကြီးသူလို မြင်ရသူငေးရလောက်အောင် လှပချောမွေ့သူလေးဖြစ်၏။

မြရတီတို့အိမ်၌ ကျွဲကျောင်း၊ နွားကျောင်းလုပ်ရသော ဖိုးဖြူဟူသည့် လူငယ်လေးတစ်ဦးရှိကာ မိဘမဲ့ဖြစ်သော ဖိုးဖြူမှာ အိမ်ခြေယာခြေလည်းမရှိသဖြင့် ယခင်က ရွာဦးဘုန်းတော်ကြီးကျောင်းဝယ် ကျောင်းသားအဖြစ် နေရသူလေးဖြစ်၏။

နောက်ပိုင်း ဖိုးဖြူသည် ဦးသာညွှန်းတို့အိမ်မှ ကျွဲနွားများကို တာဝန်ယူကျောင်းရင်း နွားတင်းကုပ်နံဘေးမှ အဆောင်လေးဝယ် နေခွင့်ရခဲ့လေ၏။

ဖိုးဖြူမှာ ဦးသာညွှန်းတို့အိမ်မှာ တစ်နေကုန် ကျွဲကျောင်းနွားကျောင်း၊ နွားစာစင်း၊ ရေခပ်၊ ထင်းခွဲ စသည့်အလုပ်များ လုပ်ပြီး ညနေစောင်းပြီး၍ ကျွဲနွားတို့ကို ကျွဲတင်းကုပ် နွားတင်းကုပ်များထဲ ထည့်သွင်းပြီးသည်နှင့် မြစ်ဆိပ်သို့သွားကာ ရေကူးသလို့ရှိလေ၏။

သူသည် ရေကူးကျင်လည်လှကာ မြစ်မခမြစ်ကို ဟိုဘက်ကမ်း၊ သည်ဘက်ကမ်း အခေါက်ခေါက်အခါခါ ဖြတ်ကူးတတ်သည်သာမက မြစ်မခမြစ်နှင့် ရောဝတီမြစ်ဆုံရာအထိ တစ်ခါတရံ ကူးသွားတတ်သူဖြစ်၏။

သို့ဖြင့် မိုးကာလ တစ်ညနေဝယ် သူသည် ရောဝတီမြစ်ဆုံအထိ ရေကူးသွားစဉ် မိုးသက်လေပြင်း ပြင်းထန်စွာကျရောက်ပြီး ရောဝတီမြစ်ပြင်၌ လှိုင်းတံပိုးတို့ ပြင်းထန်စွာရိုက်ခတ်ရာ မြစ်ထဲ၌သွားလာနေသည့် လှေသဘော်တို့ မြောင်းနှံကုန်ပြီး တိမ်းမှောက်သည့်လှေ တိမ်းမှောက်ကာ ကမ္ဘာပျက်သလို







www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်ကို တွေ့ရလေ၏။

ဖိုးဖြူမှာ ရေကူးကျွမ်းကျင်သော်လည်း ကျယ်ပြော
သည့် ရောဝတီမြစ်ကြီးထဲ လှိုင်းတံပိုးပြင်းထန်နေစဉ် ဖြတ်
ပြီး ရေနစ်သူတို့ကိုကယ်ဆယ်ရန်မှာ မဖြစ်နိုင်သဖြင့် ကမ်းစပ်
နေရာမှသာ စိတ်မကောင်းစွာ ငေးကြည့်နေရလေ၏။

ပြင်းထန်လှသော လှိုင်းတံပိုးတို့၏ ရိုက်ခတ်မှုကြော
တိမ်းမှောက်သွားရသည့် လှေ၊ သမ္ဗန်တို့မှာ ရေစီးထဲဝယ်
မှောက်ခုံကြီးမျောလျက်ရှိနေကြပြီး သင်္ဘောမော်တော်အချို့
ဦးပဲ့ထောင်ကာ မြစ်ပြင်ထဲဝယ် နစ်မြုပ်လျက်ရှိနေကြသည်
လည်း တွေ့ရလေ၏။

ဖိုးဖြူမှာ သဲသဲမဲမဲရှာနေသည့် မိုးပေါက်များကြားထဲ
ဖြောင်းဆန်နေသော မြစ်ပြင်ကြီးကို ငေးကြည့်နေစဉ် လူတစ်ဦး
ပျဉ်ပြားတစ်ချပ်ကိုခိုတွယ်ကာ ရေဆန်ဖြင့်မျောလာသည်ကို တွေ့
ရလေ၏။ ထိုသူသည် လှိုင်းတံပိုးများကြားဝယ် ပေါ်လိုက်၊ နစ်
သွားတော့မလိုလိုဖြစ်လိုက်ဖြင့် ဖြစ်နေရာ ကမ်းစပ်နှင့်လည်း
ဝါးနှစ်ပြန်ခန့်သာကွာသဖြင့် သူ့ကိုကယ်တင်ရန် ဖိုးဖြူ ဆုံးဖြတ်
လိုက်ပြီး ကမ်းစပ်မှနေ၍ ရေပြင်ထဲသို့ ဒိုင်ဗင်ထိုးဆင်းလိုက်
လေ၏။

သူသည် လှိုင်းကြားလေကြားမှာပင် မြုပ်လှမြုပ်ခင်ဖြစ်





သော ထိုသူရှိရာသို့ကူးခတ်သွားပြီး အနီးသို့ရောက်လေလျှင်
သူ့ကို ချိုင်းမှ လက်တစ်ဖက်ဖြင့် ပွေ့ဖက်လိုက်ရာ ထိုသူမှာ
ကြီးမဟုတ်ဘဲ သူနှင့်ရွယ်တူ လူငယ်သာဖြစ်ကြောင်း တွေ့ရ
လေ၏။

ထိုလူငယ်မှာ ရေမွန်းနေပြီး သတိလစ်လုလုဖြစ်နေရာ
ဖြူက ထိုလူငယ်ကို လက်တစ်ဖက်ဖြင့် မလွှတ်တမ်းဖက်ထား
ကာမှ ကမ်းစပ်သို့ အားစိုက်ကူးခတ်လေ၏။

ကမ်းစပ်နှင့် ဝါးတစ်ရိုက်ခန့်အလိုဝယ် ထိုသူငယ်မှာ
သတိလစ်သွားရာ ဖိုးဖြူမှာ သူ၏ကိုယ်ကြီးကို ဆက်လက်
ယ်ဆောင်ကူးခတ်ရန် မဖြစ်နိုင်တော့ဘဲ ရေထဲမှာ လွှတ်ချလိုက်
လိုလို ဖြစ်နေတော့၏။ ထိုသို့လွှတ်ချလိုက်ပါက ထိုလူငယ်မှာ
ထဲနစ်မြုပ်သွားကာ ကေန်သေမည်ဖြစ်ပြီး မလွှတ်ဘဲ ဆက်
က်ကူးခတ်ပါကလည်း လက်ပန်းကျပြီး နှစ်ဦးစလုံး နစ်မြုပ်
သွားရတော့မည်ဖြစ်၏။

ဖိုးဖြူမှာ မည်သို့ဖြစ်စေ တစ်ကိုယ်ကောင်းဆန်သောစိတ်
င်း ထိုသူအားလွှတ်မချရန် ဆုံးဖြတ်လိုက်ပြီး အားတင်းကာ
ခတ်လျက်ရှိစဉ် ကံအားလျော်စွာ မှောက်ခုံကြီးမျောလာသော
သမ္ဗန်တစ်စင်းသည် သူတို့၏အနီးသို့ ရောက်လာလေ၏။

ဤတွင် ဖိုးဖြူသည် ယင်းလှေကို လက်တစ်ဖက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဖက်တွယ်ထားလိုက်ပြီး အပမ်းဖြေလိုက်လေ၏။

သို့ဖြင့် လှိုင်းတံပိုးတို့အတွင်း အတန်ကြာမျောပါနေပြီး

ဖိုးဖြူသည် လက်ထဲမှသူငယ်ကို ခဏလွှတ်လိုက်ပြီး မျောက်

သောလှေကို ကပျာကသီ ကြိုးစားလှမ်းလိုက်လေ၏။

လှေကိုလှမ်းပြီးသည်နှင့် ရေထဲသို့ငုပ်ကာ စောစော

လူငယ်ကို ကမန်းကတန်း ရှာဖွေဆယ်ယူလေ၏။ ထိုလူငယ်

ရေထဲမှဆယ်ယူပြီး ရေပေါ်ပြန်တက်လာရာ လှေမှာ သုံးလေး

ခန့် မျောပါသွားပြီဖြစ်ကြောင်း တွေ့ရလေ၏။

ဖိုးဖြူလည်း လှေနောက်သို့ လူငယ်ကို မွေ့ဖက်ထား

မှ အားသွန်ကူးခတ်လိုက်ကာ လှေကိုမီသည်နှင့် လူငယ်

လှေပေါ်သို့ တွန်းမတင်လိုက်လေ၏။

ထို့နောက် သူကိုယ်တိုင် လှေပေါ်ကုတ်တွယ်တက်လို

ပြီးလျှင် ရေမွန်းနေသောလူငယ်၏ ဝမ်းဗိုက်ထဲမှရေများ အန်ထွ

ရန် ကြိုးပမ်းရပြန်လေ၏။

ထိုလူငယ် ရေများပြန်အန်ထွက်ပြီး အသက်မှန်မှန်ရှ

ဖိုးဖြူမှာ သက်ပြင်းမောကိုချကာ လှေဝမ်းထဲ ပက်လက်လှ

လိုက်ပြီးနောက် သတိလစ်သွားပါတော့သတည်း။

❖





ဖိုးဖြူ သတိပြန်ရပြန်လာတော့ လှေမှာ သူတို့၏ရွာကို

ပင် ကျော်ကာ ဆန်ရေနှင့်အတူ မျောပါလျက်ရှိကြောင်း တွေ့ရ

လေ၏။

ထို့ကြောင့် ဖိုးဖြူသည် ရေတိုလက်ဖြင့်ယက်ပြီး ကမ်း

ကပ်နိုင်အောင် ကြိုးစားရတော့၏။

လှေကမ်းသို့ကပ်မိသည်တွင် ညသည် အတော်မှောင်

လျက်ရှိချေပြီ။ ဖိုးဖြူသည် လူငယ်သတိရအောင် လူငယ်၏ပါး

နှစ်ဖက်ကို ခပ်ပြင်းပြင်း ပုတ်ခတ်ရလေ၏။

ထိုသူငယ် သတိရလာမှ မေးမြန်းကြည့်ရာ သူ၏အမည်

မှာ မင်းရွှေကြွယ်ဖြစ်ပြီး သူ၏ဇာတိရွာမှာ ညောင်စာရေးဖြစ်

ကြောင်း၊ ညောင်စာရေးဝယ် မိဘများ ကွယ်လွန်သွားကာ ဆွေ

မျိုးသားချင်းမရှိတော့သဖြင့် ဖခင်ဘက်မှ ဦးကြီးတစ်ယောက်ရှိ

ရာ ဟင်္သာတသို့သွားရန် မော်တော်ကြုံလိုက်ခဲ့ရာမှ မိုးလေမိပြီး

မော်တော်နစ်ခဲ့ခြင်းဖြစ်ကြောင်း သိရလေ၏။

"ငါ့နာမည်က ဖိုးဖြူပဲ၊ ဒီနားက ကြာစုအိုင်ရွာမှာနေ

တယ်၊ မင်း ငါ့ရွာလိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖိုးဖြူကပြောကာ မင်းရွှေကြွယ်အား လယ်ကွင်းများကိုဖြတ်လျက် ရွာဆီသို့ ခေါ်လာခဲ့…၏။

ရွာမှ ဦးသာညွှန်းတို့အိမ်သို့ ရောက်လေလျှင် သူ့အတွက်စိတ်ပူနေကြသည့် ဦးသာညွှန်းတို့မိသားစုအား အကျိုးအကြောင်းပြောပြရာ သဘောမနောကောင်းသည့် ဦးသာညွှန်းတို့က မင်းရွှေကြွယ်ကို ကြည်ဖြူစွာလက်ခံပြီး …

"အေး ဘာမှအားမငယ်ပါနဲ့ကွာ၊ သေကံမရောက် သက်မပျောက်တာပဲ ကံကောင်းလှပြီမှတ်၊ ကဲ …ကဲ … အဝတ်အစားလဲ၊ မောင်ဖိုးဖြူက မင်းရဲ့လုံချည်အင်္ကျီတွေ ပေးဝတ်လိုက်၊ ဒုက္ခရောက်သူကို ကူညီကောင်းတယ်၊ ပြီးမှ ရေနွေးပူပူသောက်၊ ထမင်းစား၊ အိပ်တော့ မောင်ဖိုးဖြူနဲ့အတူအိပ်ပေါ့ မနက်ဖြန်ကျမှပဲ ဟင်္သာတဘက်သွားတဲ့ မော်တော်ကြုံ စောင့်ပေါ့"

ဟု ဦးသာညွှန်းက စီစဉ်ညွှန်ကြားရာ မင်းရွှေကြွယ်အတွက် နီနားစရာနေရာ ရသွားတော့၏။

နောက်နေ့များတွင် ဟင်္သာတသို့ မော်တော်ကြုံစောင့်ရင်းမှ မင်းရွှေကြွယ်မှာ ဖိုးဖြူနှင့်အတူ ကျွဲကျောင်း၊ နွားကျောင်းလိုက်လေ၏။ နွားစာစင်း၊ ရေခပ်၊ ထင်းခွဲ ဝိုင်းကူလုပ်လေ၏။

ဤသို့ဖြင့် မင်းရွှေကြွယ်မှာ ဦးသာညွှန်းတို့အိမ်မှာ နေ





သည်ကို သဘောကျသွားပြီး ဟင်္သာတသို့ ခရီးဆက်ရန် မစဉ်းစားတော့ဘဲ …

"ဟင်္သာတက ဘကြီးဆိုတာကလည်း အဆက်အသွယ်ပြတ်နေတာ ဆယ်နှစ်ကျော်ပြီကွ၊ သူတောင် ဟင်္သာတမှာ ရှိသေးရဲ့လား သေပဲသေပြီလားမသိ၊ မရေရာဘူး၊ ငါ ဒီအိမ်မှာပဲ မင်းနဲ့အတူလုပ်ကိုင်ရင်း နေချင်တယ်ကွာ ဖိုးဖြူ ဦးလေးဦးသာညွှန်းတို့ကို ပြောပေးပါလား"

ဟု ဖိုးဖြူကိုအပူကပ်ရာ ဖိုးဖြူကလည်း ဦးသာညွှန်းတို့အား ပြောပြပေးသည့်တွင် ဦးသာညွှန်းတို့က လွယ်ကူစွာပင် မင်းရွှေကြွယ်ကို အလုပ်သမားတစ်ဦးအဖြစ် လက်ခံလိုက်လေ၏။

"အေးလေ …သူ ဒီမှာပျော်တယ်ဆိုလည်း နေပါစေ၊ မောင်ဖိုးဖြူလည်း အဖော်ရတာပေါ့၊ မောင်ဖိုးဖြူစားသလို သူစားရမယ်၊ မောင်ဖိုးဖြူရသလို သူရစေရမယ်"

သို့ဖြင့် မင်းရွှေကြွယ်မှာ ကြာစုအိုင်ဝယ် သောင်တင်နေခဲ့ရာမှ နောက်လေးနှစ်ခန့်ကြာသည့်တွင် မင်းရွှေကြွယ်ရော ဖိုးဖြူပါ အသက်(၁၈)နှစ်ခန့် ရှိလာပြီမို့ လူပျိုလေးများ ဖြစ်လာကြတော့၏။

ဦးသာညွှန်းတို့၏သမီး မြရတီမှာလည်း အပျိုကြီးအားဖြစ်ကာ တစ်နေ့တခြား လှသွေးကြွယ်လျက်ရှိရာ ရွာကာလ



www.burmeseclassic.com

www.burmeseclassic.com



သားများနည်းတူ ဖိုးဖြူနှင့် မင်းရွှေကြွယ်မှာလည်း မြရတီကို အနီးကပ် တစေ့တစောင်းကြည့်ရင်း ရင်ခုန်လှုပ်ရှားလာရတော့၏။

မြရတီမှာ သဘောကောင်း မနောကောင်းသူ လွန်စွာရိုးသားအေးချမ်းသူလေးမို့ လယ်ပိုင်ရှင် မြေပိုင်ရှင်သမီးရယ်လို့ ဘဝင်မြင့်ခြင်း၊ အဆင့်အတန်းခွဲခြင်း မရှိချေ။ သူမသည် ဖိုးဖြူနှင့် မင်းရွှေကြွယ်တို့ကို အလုပ်သမားနှင့် အလုပ်ရှင်သမီးအဖြစ် သဘောထားဆက်ဆံခြင်းမရှိ။ မောင်နှမကဲ့သို့ ရင်းနှီးနွေးထွေးစွာ ဆက်ဆံတတ်ရာ လူပျိုလူရိုင်းလေးများဖြစ်သည့် ဖိုးဖြူနှင့် မင်းရွှေကြွယ်တို့မှာ ပို၍စိတ်ကူးယဉ်စရာ ကောင်းနေတော့သည်။

ယင်းအချိန်မှာပင် ရာသီဥတုဖောက်ပြန်ခြင်း ပိုးကျခြင်းတို့ကြောင့် ဦးသာညွှန်းတို့၏ လယ်မြေကများစွာမှာ ပျက်စီးရသည့်အပြင် စပါးဈေးထိုးကျသွားသဖြင့် ဦးသာညွှန်းတို့မှာ စီးပွားအတော်ပျက်သွားပြီး ကြွေးမြီပါတင်လာသဖြင့် လယ်ယာမြေကေများစွာကို ချစ်တီးများလက်သို့ ထိုးအပ်လိုက်ရလေ၏။

ဦးသာညွှန်းတို့မှာ စီးပွားရေး အတော်ကျသွားရာ နောက်ဆုံး ခြံပိုင်းနှင့်အိမ်ကြီးသာ ကျန်တော့ပြီး ကျွဲနွားများပါ တတိတ်ထုတ်ရောင်းခဲ့ရလေ၏။ ဦးသာညွှန်းတို့သာမက ဇိုစဉ်က တစ်ရွာလုံး၊ တစ်နိုင်ငံလုံး မြန်မာတောင်သူလယ်သမားအားလုံး စီးပွား





ပျက်ကြရလေ၏။

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုသလို ကြာစုအိုင်ရွာမှ ရွာသူရွာသားတို့ စီးပွားပျက်ရသည့်ကြားထဲ လေပြင်းမုန်တိုင်းဝင်တော့ရာ သစ်ပင်များလဲ၊ တဲအိမ်အတော်များများပြိုကာ ရွာလူထုမှာ ဒုက္ခအကြီးအကျယ် ရောက်ရလေ၏။ ဦးသာညွှန်းတို့အိမ်မှာမူ အိမ်ကြီးရခိုင်ဖြစ်သဖြင့် ပြိုလဲခြင်းမရှိသော်လည်း အိမ်နောက်ဘက်မှ စပါးကျီမှာ လဲပြိုကျသွားလေ၏။

ဤတွင် စပါးကျီအတွက် တိုင်ထူရန် မြေတွင်းကိုတူးရင်းတူးရင်းမှ ဖိုးဖြူ၏လက်ထဲရှိ တူးရွင်းငန်းပြားမှာ အောက်ခံအမာတစ်ခုခုကို ဒုတ်ခနဲဒုတ်ခနဲ သွားထိတော့၏။

"ဟာ ... အောက်မှာ ဘာခံနေတာလဲမသိဘူး။ ဆက်တူးလို့ မရတော့ဘူး၊ အဲဒါကို ဖယ်ပစ်လိုက်မှ"

ဖိုးဖြူသည် တိုင်စိုက်ရန်ကျင်းကို ဝိုက်တူးကာ မြေကြီးများကို ယက်ထုတ်လိုက်စဉ် ကျင်းအောက်ခြေ၌ သတ္တုလိုလို အမာခံကြီးကို စမ်းသပ်မိလေ၏။

"ဟာ ... ဘာကြီးလဲမသိဘူး"

ဖိုးဖြူနှင့် မင်းရွှေကြွယ်တို့မှာ သီချင်ဖောဖြင့် အတင်းဖော်ကြည့်ရာ အုံ့အားသင့်ဖွယ် တွေ့ရတော့၏။

"ဟာ ... သံသေတ္တာကြီးတစ်လုံးပါလား။ ဘာသေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးလဲမသိဘူး”

“ရှေးဟောင်းရတနာသေတ္တာကြီးလားမသိဘူးကွ ဖိုးဖြူ”

သူတို့နှစ်ဦးမှာ ဝမ်းသာအားရဖြင့် သံသေတ္တာကြီးကို တူးဖော်မတင်လိုက်ကြ၏။

ယင်းသို့ သူတို့နှစ်ဦး သံသေတ္တာကြီးကို တူးဖော်ရရှိနေကြချိန်ဝယ် အိမ်နောက်ဖေးဘက်တွင် အခြားမည်သူမျှမရှိချေ။ ဦးသာညွှန်းတို့မိသားစုလည်း မရှိချေ။

ထို့ကြောင့် လူငယ်နှစ်ဦးမှာ အခြားမည်သူ့ကိုမျှ တိုင်ပင်ခြင်းမပြုတော့ဘဲ ယင်းသံသေတ္တာကြီးထဲဝယ် မည်သည့်အရာများရှိလေမည်နည်းဟု သိချင်စိတ်ပြင်းပြနေသဖြင့် သံတူရွင်းဖြင့် သေတ္တာ၏မျက်နှာ၌ ခတ်ထားသည့်သော့ခလောက်ကြီးကို ရိုက်ဖွင့်တော့၏။

‘ခွပ် ‥ ခွပ် ‥ ခွပ်’

“ဟော ‥‥ သော့ပြုတ်ထွက်သွားပြီ”

သော့ခလောက်ကြီး ပြုတ်ထွက်သွားသည်တွင် သူတို့နှစ်ဦးသည် စိတ်အားထက်သန်စွာဖြင့် သေတ္တာ၏အဖုံးကို မ,လှန်ဖွင့်လိုက်ရာ ‥‥

“ဟာ”





“ဟင် ‥‥ ရတနာတွေပါလား”

ရွှေငွေ ကျောက်သံပတ္တမြားများဖြင့် စီခြယ်ထားသည့် ရှေးဟောင်းလက်ဝတ်လက်စား ရတနာထည်များကို သံသေတ္တာ ယ်နှင့် အပြည့်တွေ့ရတော့၏။

“ဟားဟားဟား ‥‥ ငါတို့တော့မွဲပြီ ‥‥ သူဌေးဖြစ်ပြီကွ ဖိုးဖြူ”

မင်းရွှေကြွယ်က လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ကာ ပြောလိုက်ရာ ဖိုးဖြူက သူ့ကို နားမလည်သလို လှည့်ကြည့်လိုက်လေ၏။

“ဘာတုံးကွ မင်းရွှေရဲ့ ‥‥ ငါတို့က ဘာဖြစ်လို့ သူဌေးဖြစ်ရမှာလဲ”

“ဟ ‥‥ မင်း အ,လှချည်လား။ ဒီလိုရတနာသေတ္တာကြီး ရမှ မင်းနဲ့ငါ သူဌေးဖြစ်ပြီပေါ့ကွ၊ နည်းတဲ့ရတနာ ရွှေထည်စိန်ထည်တွေလား ‥‥ ဟားဟားဟား”

မင်းရွှေကြွယ်မှာ အူမြူးနေသလောက် ဖိုးဖြူက ခေါင်းယမ်းလိုက်ပြီး ‥‥

“မင်းမှားနေပြီမင်းရွှေ၊ ဒီရတနာသေတ္တာကို ငါတို့တူးဖော်တွေ့ရှိတယ်ဆိုပေမယ့် ငါတို့မပိုင်ဘူးကွ၊ ဒီမြေကြီးနေရာဟာ ဦးလေးဦးသာညွှန်းတို့ရဲ့ ခြံပိုင်နက်အတွင်းမှာ ရှိတာကွ၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့ခြံဝိုင်းထဲက တူးဖော်ရရှိတဲ့ ပစ္စည်းဥစ္စာဟာ သူတို့နဲ့ပဲဆိုင်တယ် ... ငါတို့နဲ့မဆိုင်ဘူး''

ဟု ပြောလိုက်ရာ မင်းရွှေကြွယ်မှာ ဖိုးဖြူကို စားတော့ဝါးတော့မလို စူးစနဲ့ကြည့်လိုက်ပြီး ...

"ဟေ့ကောင် ဘာလဲ ... မင်းက ဒီရတနာတွေကို ဦးသာညွှင်းတို့လက်ထဲ အပ်မလို့လား။ မင်း ဒီလောက် နုံရအ,ရသလား။ အခု ဒီရတနာသေတ္တာ တူးဖော်ရရှိတာ ငါတို့နှစ်ယောက်ကသာ့ပြီး ဘယ်သူမှမသိကြဘူး၊ ဒါကြောင့် ဦးသာညွှင်းတို့ကို ဒီအကြောင်း ပြောစရာမလိုဘူး၊ ပေးစရာလည်း မလိုဘူးကွ"

ဟု ခါးခါးသီးသီးပြောရာ ဖိုးဖြူကလည်း အလျှော့မပေးဘဲ ...

"မင်းရွှေ ငါတို့ ဒီလိုလုပ်လို့ ဘယ်နည်းနဲ့မှမဖြစ်ဘူး၊ သူပိုင်နက်အတွင်းကပစ္စည်းဟာ သူ့ပစ္စည်းပဲ၊ သူတစ်ပါးရဲ့ပစ္စည်းကို ပိုင်ရှင်မသိပါဘူးဆိုပြီး ယူတာဟာ ခိုးတာပဲ၊ ငါ့ရဲ့ဘဝမှာ ဘယ်တော့မှ သူခိုးအဖြစ်မခံနိုင်ဘူး၊ ငါမချမ်းသာရင်နေပါစေ၊ ဆင်းရဲချင် ဆင်းရဲပါစေ၊ သူတစ်ပါးရဲ့ပစ္စည်းကို ဘယ်တော့မှ မတရားမယူဘူး၊ ဒီတော့ ဒီရတနာသေတ္တာ တွေ့တဲ့သတင်း ဦးလေးဦးသာညွှင်းတို့ကို ပြောရမှာပဲ၊ သူတို့လက်ထဲ ဒီရတနာသေတ္တာ အပ်ရမှာပဲ''





ဟု ပြတ်သားစွာပြောပြီးလျှင် ဦးသာညွှင်းတို့လင်မယားကို အော်ဟစ်ခေါ်လိုက်တော့၏။ သူ ရတနာသေတ္တာကိုထားရစ်ခဲ့ပြီး သွားရောက်ခေါ်ပါက ရတနာပစ္စည်းများအား မင်းရွှေကြွယ် နှိုက်ယူမည်ကို စိုးရိမ်ရသောကြောင့်ဖြစ်လေ၏။

ဖိုးဖြူ၏ အော်ဟစ်ခေါ်မှုကြောင့် ဦးသာညွှင်းတို့ ရောက်ရှိလာပြီး ရတနာသေတ္တာကို တွေ့ရသည်၌ လွန်စွာအံ့သြဝမ်းသာကြလေ၏။

ဖိုးဖြူလည်း ရတနာသေတ္တာကို ဦးသာညွှင်းတို့ လင်မယားလက်ထဲ အပ်နှံလိုက်ရာ မင်းရွှေကြွယ်မှာ ဘာမျှမတတ်နိုင်တော့ဘဲ ဖိုးဖြူကိုသာ စိတ်ထဲမှ အမျိုးမျိုးကျိန်ဆဲလျက် ရှိလေ၏။

"ခွေးမသား ... ငါ သူဌေးဖြစ်ရမယ့်လမ်းကို ပိတ်တဲ့ကောင် ... တစ်နေ့တွေ့မယ်''

ဦးသာညွှင်းတို့၏ ရှေးအိမ်ကြီးမှာ မိဘဘိုးဘွားအစဉ်အဆက် နှစ်ပေါင်းရာနှင့်ချီကာ ခွေးစဉ်မျိုးဆက်နေခဲ့သည့် အိမ်ကြီးဖြစ်ရာ ယင်းရတနာသေတ္တာမှာ ဦးသာညွှင်းတို့၏ဘိုးဘေးမြေပိုင်ရှင်မျိုးရိုးအဆက်ဆက် ပိုင်ဆိုင်ခဲ့သော အတွင်းပစ္စည်းများ ဖြစ်ပုံရလေ၏။

"ကျုပ်တို့ စီးပွားရေး ချွတ်ခြုံကျနေတုန်းမှာ ဒီရတနာ



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာရလိုက်တာဟာ ဘုရားမတာပဲ မပုံရေ"

"ဟုတ်ပါ့တော် ... ကျွန်မဖြင့် ဝမ်းသာလွန်းလို့ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး"

မိဘနှစ်ပါးက ဝမ်းသာစကားများ ပြောနေကြစဉ် သမီးဖြစ်သူမြရတီကလည်း သူ့အမြင်ကို ဝင်ပြောလေ၏။

"အဲဒါက ဖိုးဖြူတို့ မင်းရွှေကြွယ်တို့နဲ့ ကံစပ်လို့ရတာပါ ဖေဖေ၊ သူတို့ရဲ့သစ္စာရှိမှုကြောင့်လည်း သမီးတို့ ဒီရတနာသေတ္တာကို ရတာပါ၊ သူတို့ကို ထိုက်ထိုက်တန်တန် ကျေးဇူးပြန်ပြုသင့်တယ်"

"ဟုတ်တာပေါ့ သမီးပြောတာမှန်ပါတယ်၊ ဖေဖေတို့ကလည်း သူတို့နှစ်ဦးအတွက် တစ်ခုခု ကျေးဇူးတုံ့ပြန်ဖို့ စဉ်းစားနေတာပါ"

ယင်းနောက်မှာတော့ ဦးသာညွှင်းက ထူးဆန်းအံ့ဖွယ်ကောင်းသော ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လေ၏။

"မပုံ ... ကျုပ်တို့ ခုလိုပြန်ပြီး ချမ်းသာလာတာဟာ မောင်ဖိုးဖြူတို့ရဲ့ ကျေးဇူးကြောင့်ပဲ၊ မောင်ဖိုးဖြူဟာ ရိုးသားကြိုးစားတဲ့ သူငယ်ပဲ၊ ဆင်းရဲတာ ခွေမျိုးမရှိတာကလွဲပြီး ရိုးသားကြိုးစားမှု အပြည့်ရှိသူပဲ၊ ဒီတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ် ဆိုသလို မောင်ဖိုးဖြူနဲ့ သမီးကို နေရာချထားပေးပြီး ကျုပ်တို့ရဲ့





ပစ္စည်းစိမ်ချမ်းသာအားလုံးကို လွှဲအပ်လိုက်ရရင် မကောင်းဘူးလား"

"ကောင်းပါတယ်ရှင် သမီးလေးကို မောင်ဖိုးဖြူနဲ့ဆိုကျွန်မ သဘောတူပါတယ်၊ မောင်ဖိုးဖြူဟာ အလုပ်သမားတစ်ယောက်ဖြစ်ပေမယ့် ရုပ်ရည်သန့်တယ်၊ ဥပဓိရုပ်ကောင်းတယ်၊ စားတာနေတာ လုပ်ကိုင်တာအားလုံး စည်းစနစ်တကျရှိတယ်၊ ဒီသူငယ်ဟာ ကြီးပွားမယ့်သူငယ်လို့ ကျွန်မထင်တယ်၊ ဒီလိုသူကောင်းသူကောင်းလေးနဲ့ ကျွန်မတို့ရဲ့သမီးလေးကို လက်ဆက်ပေးလိုက်နိုင်ရင် စိတ်အေးရပြီပေါ့ရှင်"

"အေး ဒါဆို သမီးရဲ့သဘောကို တီးခေါက်ကြည့်၊ သမီးလေးကကြည်ဖြူရင် သူတို့နှစ်ယောက်ကို လက်ဆက်ဖို့ စီစဉ်လိုက်ပေတော့၊ မောင်မင်းရွှေကြွယ်အတွက်တော့ မော်တော်တစ်စင်း ထောင်ပေးလိုက်မယ်"

ပင်ကိုကာပင် တစ်ဦးနှင့်တစ်ဦး မျက်လုံးချင်းဆုံပါက ရှင်ခုန်မိကြသည့် ဖိုးဖြူနှင့် မြရတီတို့မှာ မိဘများက အတင်းအကျပ်နှားချရန်ပင်မလိုဘဲ လက်ဆက်ရန် သဘောတူလိုက်ကြလေ၏။

သို့ဖြင့် ရပ်ရွာလူကြီးများနှင့် တိုင်ပင်ပြီးလျှင် ဦးသာညွှင်းနှင့် ဒေါ်ထွေးပုံတို့သည် သူတို့၏သမီးလေးမြရတီကို ဖိုးဖြူ



www.burmeseclassic.com

www.burmeseclassic.com



နှင့် မင်္ဂလာပွဲ ခမ်းနားစွာပြုလုပ်ကာ လက်ဆက်ပေးလိုက်တော့၏။

"ဟာ ... ဖိုးဖြူတော့ သူဌေးသမက် ဖြစ်သွားပြီဟေ့"

"ဟုတ်ပကွာ ... မြရတီလို အချောအလှလေးကိုလည်း ရသေး၊ သူဌေးသမက်လည်းဖြစ်ရသေး၊ နိပ်ပကွာ အားကျလိုက်ပါဘိ ... ဟီးဟီး"

"ဟေ့ကောင်စံကွန့် ... မင်းကအားကျသလိုလိုနဲ့ ဖိုးဖြူကို မနာလိုဖြစ်နေတာမဟုတ်လား၊ သူ့ကုသိုလ်နဲ့သူလို့ မှတ်လိုက်ပါကွာ ... ဟားဟားဟား"

ရွာကာလသားတို့က မှတ်ချက်အမျိုးမျိုးပြုကြသလို ရွာသူရွာသားတို့က ချီးကျူးဝမ်းသာစကား ဆိုသူဆို၏။ သူဌေးသင်းကို သူရင်းငှားအဆင့်ပင်မရှိသော အိမ်အလုပ်သမားနှင့်မှ ပေးစားရပါမှိုလားဟု မဆီမဆိုင် ဒေါပွသူက ပွလေ၏။

အဆိုးဆုံးမှာမူ မင်းရွှေကြွယ်ပင်ဖြစ်ပါ၏၊ ဦးသာညွှန်းက မော်တော်တစ်စင်းထောင်ပြီး သူ့ကိုဦးစီးစေ၏။

ထိုသို့စီစဉ်သည်ကို မင်းရွှေကြွယ်မှာ ကျေနပ်ခြင်းမရှိဘဲ သူ့ကိုဖယ်ရှားပြီး ဖိုးဖြူကိုကျတော့ သူဌေးသမီးအချောအလှနှင့် ပေးစားသည့်လုပ်ရပ်မှာ မတရားဟုခံယူထားကာ ဦးသာညွှန်းတို့ မိသားစုအပေါ်ဝယ် အာဃာတကြီးစွာ ထားလိုက်လေတော့၏။





"ဖိုးဖြူဆိုတဲ့ကောင်လည်း တစ်နေ့တွေ့မယ်၊ ဒီကောင်က သူတော်ကောင်းဟန်ဆောင်ပြီး ရတနာသေတ္တာပြန်ပေးခဲ့တာဟာ ဒီယုန်မြင်လို့ ဒီချုံထွင်တာပဲ၊ တောက် ... အတူတူချင်း သူက ကြီးပွားသွားပြီး ငါကတော့ ဒီအိမ်ကြီးရဲ့ အမှုထမ်းဘဝနဲ့ တစ်သက်လုံး ကျွန်ခံနေရတော့မယ့်အတိုင်းပါလား၊ ဟင်းဟင်း ... ဖိုးဖြူရယ် ... မင်း တစ်နေ့ ငါ့အကြောင်းသိစေရမယ်၊ မင်း အခုယူထားတဲ့နေရာကို ငါ တစ်နေ့ကျ ရအောင်ပြန်ယူပြမယ်ကွ"

မင်းရွှေကြွယ်မှာ ဖိုးဖြူအပေါ်ဝယ် ကြီးမားသော အာဃာတ ထားလျက်ရှိပါတော့၏။ ဖိုးဖြူမှာ တစ်ချိန်က သူ့အသက်ကယ်ခဲ့ဖူးသူ ရွှေဖူးရှင်ဆိုသည်ကိုပင် မေ့လျော့သွားလေတော့၏။

သို့ဖြင့် ဖိုးဖြူနှင့် မြရတီတို့မှာ အကြင်လင်မယားအဖြစ် ပျော်ရွှင်စွာ ပေါင်းဖက်ခဲ့လေရာ သားသမီးသုံးဦး ထွန်းကားခဲ့လေ၏။ သမီးအကြီးဆုံး မြကလျာ၊ သားလတ် ဖြူဝင်းနှင့် သမီးငယ် မိုးကလျာတို့ဖြစ်ကြလေ၏။ စီးပွားရေးအနေဖြင့်မူ ချစ်တီးထံမှ သယ်ယာမြေများပြန်ဝယ်ပြီး လယ်ပိုင်ရှင်ဘဝဖြင့် လယ်ယာလုပ်ငန်းကို လုပ်ကိုင်ခဲ့လေ၏။

မင်းရွှေကြွယ်မှာ 'ကွေ့မ' ရွာသူ ခင်ဘုန်းဆိုသော မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးနှင့် အိမ်ထောင်ကျခဲ့ကာ ရွှေညာဟူသော သားတစ်ယောက် ထွန်းကားခဲ့လေ၏။ စီးပွားရေးလုပ်ငန်းအနေဖြင့် ဦးသာညွှင်းက မော်တော်တစ်စင်း အပိုင်ဝယ်ထောင်ပေးထားသဖြင့် မော်တော်ကူးတို့ပြေးကာ၊ နေတော့ ခင်ဘုန်း၏အိမ်ရှိရာ ကွေ့မရွာဝယ် လိုက်နေလေ၏။

သို့ဖြင့် နောက်ဆယ်နှစ်ခန့်အကြာဝယ် ဘဝအခြေအနေများသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတော့၏။

မြရတီ၏ မိဘနှစ်ပါးဖြစ်သော ဦးသာညွှင်းနှင့် ဒေါ်ထွေးပုံတို့မှာ လူကြီးရောဂါဖြင့် ကွယ်လွန်သွားကြသလို မင်းရွှေကြွယ်နှင့် ခင်ဘုန်းတို့မှာလည်း လင်မယားချင်းကွဲကာ ခင်ဘုန်းက သားဖြစ်သူရွှေညာကို ဖအေနှင့်ထားရစ်ခဲ့ပြီး မကွေးဘက်မှ အညာသားကုန်သည်တစ်ဦးနှင့် လက်ထပ်ပေါင်းသင်းလိုက်ပါသွားတော့၏။

ဤတွင် မင်းရွှေကြွယ်မှာ 'ကွေ့မ'တွင် မနေလိုတော့ဟု ဆိုကာ ကွေ့မမှအိမ်ပိုင်းကိုရောင်းပြီး ကြာစုအိုင်ရွာသို့ သားအဖနှစ်ယောက် ပြောင်းလာခဲ့လေ၏။

"မင်းတို့ရဲ့ ခြံကြီးထဲမှာပဲ အိမ်ဆောက်နေပါရစေကွာ ဖိုးဖြူ။ ဦးလေးတို့လည်းမရှိတော့ ငါတို့သူငယ်ချင်း မောင်နှမတစ်တွေ စုစုစည်းစည်းနေကြရအောင်ပါ"





မယားနှင့်ကွဲသွားသည့် မင်းရွှေကြွယ်က အကြံဖြင့် ဖိုးဖြူတို့ခြံကြီးထဲမှာပင် အိမ်ဆောက်နေခွင့်ပြုရန် ခွင့်တောင်းရာ သဘောဖြူအူဆင်း ဖိုးဖြူနှင့် မြရတီတို့က လျှောလျှောရှူရှူ ခွင့်ပြုခဲ့လေ၏။

"ဒီကောင်ကြီးက မိန်းမနဲ့ကွဲသွားတော့ စိတ်လေပြီး အားငယ်နေရှာမှာပဲ၊ တခြားမှာ ဆွေမျိုးသားချင်းကလည်းမရှိတော့ အစ်ကိုတို့နဲ့ပဲ နေခွင့်ပြုလိုက်ရအောင်နော် မြရတီ"

"ဟုတ်ကဲ့ပါ အစ်ကိုရယ်၊ သူလည်း ဆွေမျိုးသားချင်းသဖွယ်ဖြစ်နေတာပဲ . . . နေပါစေ"

သို့ဖြင့် မင်းရွှေကြွယ်တို့သားအဖမှာ မြရတီတို့၏ခြံကြီးထဲသို့ ရောက်ရှိလာကြတော့၏။

အကြံသမားမင်းရွှေကြွယ်မှာ ခြံကြီးထဲပြန်ရောက်စဝယ် သွန့်စွာသေသေဝပ်ဝပ်နေကာ သူ့သားရွှေညာကိုလည်း မည်သို့ဆုံးမသွန်သင်ထားသည်မသိ။ ရွှေညာမှာ လွန်စွာအပိုးကျိုးလျက်ရှိချေ၏။

သို့ဖြင့် မိုးလေများပြင်းထန်လျက်ရှိသော တစ်ညဝယ် ဖိုးဖြူတို့လင်မယား အိပ်ရာဝင်စမှာပင် အိမ်ရှေ့မှ တံခါးခေါက်သံနှင့် အော်ခေါ်သံ ကြားရလေ၏။

"ဒေါက် . . .ဒေါက် . . ဖိုးဖြူရေ . . . ဖိုးဖြူ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . မင်းရွှေရဲ့ခေါင်းသံပါလား ဘာဖြစ်လို့ပါလိမ့်"

ဖိုးဖြူမှာ ခြင်ထောင်ကိုမကာ အိပ်ရာခုတင်ပေါ်မှဆင်းရာ မြရတီပါ ဆံပင်ကိုပြင်ထုံးရင်း လင်ယောက်ျားဖြစ်သူ၏နောက်မှ လိုက်ဆင်းသည်။ တစ်ဖက်ခန်းများဝယ် သမီးကြီးနှင့်သားလတ် သမီးငယ်တို့က အိပ်ပျော်လျက်ရှိပြီ။

ဖိုးဖြူတို့လင်မယားမှာ အိမ်ရှေ့ခန်းဝယ်ထွန်းထားသည့်မှန်အိမ်မီးကို မီးစာအနည်းငယ်မြှင့်လိုက်စဉ် အိမ်ရှေ့မှခေါင်းသံဖော တံခါးခေါက်သံပါ ထပ်ထွက်ပေါ်လာသည်။

'ဒေါက် . . ဒေါက်'

"ဖိုးဖြူ . . . သူငယ်ချင်းဖိုးဖြူ"

မင်းရွှေကြွယ်၏ အရေးတကြီးခေါ်သံက မိုးသံလေသံကြားမှာ အဆက်မပြတ် ထွက်ပေါ်လာသဖြင့် အိမ်ရှေ့တံခါးမင်းတုပ်ကို ဖိုးဖြူ ခပ်မြန်မြန်ဖွင့်လိုက်ရ၏။

အိမ်ရှေ့တံခါးမွင့်သွားသည်နှင့် လေအေးအေးက မိုးစက်များနှင့်အတူ ဝှေ့ခနဲဝင်လာသည်။ မင်းရွှေကြွယ်ကို ဝါးခမောက်ဆောင်းကာ တံခါးဝ တံစက်မြိတ်အောက်ဝယ် ရပ်နေသည်ကိုတွေ့ရလေ၏။

"မင်းရွှေ ဘာတဲ့းကွ . . . မိုးထဲလေထဲ ညကြီးမင်းကြီးဘာဖြစ်လို့လဲ"





"စောစောက ရွာသားတစ်ယောက် အော်ပြောသွားတယ်ကွ၊ ကမ်းနားမှာဆိုက်ထားတဲ့ လှေသမ္ဗန်တွေ လှိုင်းရိုက်ပြီး နစ်ကုန်ပြီတဲ့၊ ဦးဘမောင်ရဲ့ မော်တော်တောင် ကြိုးပြတ်ပြီး ရေစီးနဲ့ပါသွားပြီလို့ပြောတယ်၊ ငါ့မော်တော်အတွက် စိုးရိမ်လို့ သွားကြည့်မလို့ကွ . . . မင်းကို အဖော်လာခေါ်တာ"

အပြင်ဘက်ဝယ် မိုးလေက တော်တော်ပြင်းထန်လျက်ရှိသည်။ သည်မိုးသည်လေနှင့်ဆိုလျှင် ကမ်းနားဝယ် ဆိုက်ကပ်ထားသော လှေသမ္ဗန်နှင့် စက်လှေ မော်တော်တို့အတွက် စိုးရိမ်ဖွယ်ရာဖြစ်၏။ မင်းရွှေကြွယ်မှာ သူ့မော်တော်အတွက် တော်တော်စိုးရိမ်နေပုံရသည်။

"မော်တော်မှာ ဖိုးစံဒွန်းတို့ စောင့်နေတယ်မဟုတ်လား"

"အေး . . . ဒါပေမဲ့ အဲဒီကောင်တွေက ညတိုင်း မူးရူးနေတာကွ . . . ငါ စိတ်မချဘူး၊ လာကွာ . . . သွားကြည့်ရအောင် . . . လိုက်ခဲ့စမ်းပါ"

ဖိုးဖြူ၏လယ်ထဲ ညကြီးမင်းကြီး ကန်သင်းကျိုးကာ ရေတွေဝင်တုန်းက မင်းရွှေကြွယ်ကိုကူညီဖို့ အခါခါခေါ်ဖူးသဖြင့် သူ့အလှည့်တွင် မလိုက်၍မဖြစ်ရာ ဖိုးဖြူမှာ ဝါးခမောက်တစ်လုံးဆောင်း ပုဆိုးတိုတိုဝတ်ကာ လိုက်ပါသွားရတော့၏။

"အစ်ကို . . . လှိုင်းလေသိပ်ကြမ်းနေတယ်နော် . . .

www.burmeseclassic.com



သတိထား”

“အေးပါ ... ဘာမှစိတ်မပူနဲ့ ... ရတီ အိပ်နှင့်၊ အစ်ကို သွားပြီ”

စိတ်ပူစွာမှာရှာသော ဇနီးဖြစ်သူကို မိုးဖြူ နှုတ်ဆက်သွားခြင်းသည် ထာဝရအတွက် နှုတ်ဆက်ခြင်းဖြစ်ကြောင်း ထိုစဉ်က မြရတီ မရိပ်မိခဲ့။

လေ့ဆိပ်ကိုရောက်တော့ မြစ်မခမြစ်ရေပြင်မှာ ဖြောင်းဆန်လျက်ရှိသည်။ မြစ်ဆုံဘက်မှ လှိုင်းလုံးကြီးများ လိမ့်လိမ့်ဝင်လာပြီး ကမ်းခြေကို အရှိန်ပြင်းစွာရိုက်ခတ်ရာ ကမ်းမှာကပ်ထားသော လှေ၊ သမ္ဗန်၊ မော်တော်၊ စက်လှေတို့ ပဏ္ဍာမြေလူးမဟုတ် ... ပဏ္ဍာရေလူး ဖြစ်နေကြသည်။ လှေသမား၊ သမ္ဗန်သမား၊ စက်လှေလုပ်သားတို့ကလည်း မိမိတို့၏ လှေ၊ သမ္ဗန်၊ စက်လှေတို့ကို နစ်မြုပ်မသွားစေရန် ထိန်းသိမ်းနေရသလို ကမ်းစပ်ငုပ်တိုင်များ နှင့်ချည်ထားသည့် လှေ၊ သမ္ဗန်ကြိုးများပြတ်ပြုတ်မထွက်သွားစေရန် နောက်ထပ်ကြိုးများဖြင့် တုပ်ချွဲနေရလေ၏။

မင်းရွှေကြွယ်၏ တိမ်တံခွန်မော်တော်မှာလည်း အခြားစက်လှေမော်တော်တို့ကဲ့သို့ပင် လှိုင်းအရိုက်ဝယ် လူးခါလျက်ရှိသော်လည်း မော်တော်က အတန်ငယ်ကြီးသဖြင့် လှိုင်းဒဏ်လေ





ဒဏ်ကို အတော်ခံနိုင်လေ၏။

သို့သော် မော်တော်ပေါ်ဝယ် အစောင့်အဖြစ်ထားခဲ့သည့် ဖိုးစံဒွန်းနှင့် သာမောင်တို့ကို မတွေ့ရသဖြင့် မင်းရွှေကြွယ်လန့်သွားလေ၏။

“ဟာ ... စံဒွန်းတို့ သာမောင်တို့ကို မတွေ့ပါလား မိုးဖြူ၊ ဒီကောင်တွေ ညဦးက ကုန်းပေါ်တက် အရက်မတရားသောက်ပြီး ဘယ်သချိုင်းမှာ သွားသေနေသလဲမသိဘူး၊ မဖြစ်ဘူး မော်တော်ပေါ်တက်ပြီး လှိုင်းဝင်လာရာဘက် မော်တော်ဦးကိုလှည့်ပေးမှဖြစ်မယ်၊ နို့မို့ဆို ဒီထက်လှိုင်းကြီးလာရင် လှိုင်းရိုက်ပြီး မော်တော်လဲသွားနိုင်တယ်၊ လာ မိုးဖြူ ... မင်းက မော်တော်စက် နှိုးပေး၊ ငါက ပဲ့ကိုထိန်းပြီးလှည့်မယ်”

ပြောပြောဆိုဆိုဖြင့် မင်းရွှေကြွယ်မှာ ပုဆိုးခါးတောင်းကျိုက်ပြီး ရေထဲဆင်းသွားရာ မိုးဖြူလည်း လိုက်ဆင်းရတော့၏။

ပြီးတော့ သူတို့နှစ်ဦးမှာ မော်တော်ပေါ်သို့ ကုတ်ကပ်တွယ်တက်ကြသည်။ လူးခါနေသည့် မော်တော်ပေါ် လှိုင်းကြားလေကြား မိုးကြားမှာ တွယ်တက်ရသည်က မလွယ်လှပါ။

သူတို့နှစ်ဦးစလုံး မော်တော်ပေါ်ရောက်သည့်နှင့် ...

“ကဲ မိုးဖြူ မင်း အင်ဂျင်ကိုနှိုးပြီးမောင်းကွာ၊ ငါမော်တော်ဦးကို လှိုင်းဝင်လာရာဆီ လှည့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ မင်းရွှေကြွယ်က ဆလင်ခန်းထဲဝင်ပြီး ပို့ထိန်းဘီးတိုကိုင်လိုက်သည်နှင့် ဖိုးဖြူမှာ မော်တော်နောက်ပိုင်းမှ စက်ခန်းထဲ ဆင်းရလေ၏။

ဖိုးဖြူမှာ ဤမော်တော်စထောင်ကတည်းက နောင် မိမိတို့လည်း လိုအပ်ပါက မော်တော်ထောင်ရန် ရည်ရွယ်ချက်ရှိသဖြင့် မော်တော်လုပ်ငန်းစဉ်များကို လေ့လာထားရာ အင်ဂျင်ကို ကောင်းကောင်းမောင်းနိုင်ပါ၏။

သို့သော် အင်ဂျင်ကို ကြိုးစားနှိုးသော်လည်း နှိုး၍မရချေ။ သူကြိုးစားနှိုးနေစဉ်မှာပင် မော်တော်ကမ်းမှရွေ့သွားသည်ကို သတိပြုလိုက်မိရာ စက်ခန်းထဲမှ တက်ကြည့်လိုက်တော့ မော်တော်မှာ ကမ်းမှကွာသွားပြီး လှိုင်းလုံးတို့ ပြောင်းဆန်နေသည့် မြစ်လယ်သို့ ရွေ့ပါသွားသည်ကို တွေ့ရလေ၏။

"ဟာ ... တိမ်တံခွန် ကြိုးပြတ်သွားပြီနဲ့တူတယ်ဟေ့ မြစ်လယ်ကို မျောပါသွားပြီ"

ဟူသော ကမ်းစပ်မှ တစ်စုံတစ်ဦး၏အော်သံကို မိုးကြားလေကြားမှ ခပ်သဲ့သဲ့ကြားရပြီး မော်တော်မှာ လှိုင်းလုံးတို့ကြားဝယ် ဦးထောင်လိုက် ပဲ့ထောင်လိုက်ဖြင့် ထိန်းမနိုင်သိမ်းမရ ဖြစ်နေတော့၏။

ဖိုးဖြူမှာ လွင့်ထွက်လဲကျခြင်းမရှိစေရန် ဆွဲမိဆွဲရာကို





ဆွဲကိုင်လျက် ဆလင်ခန်းဘက်လာခဲ့ရာ ဆလင်ခန်းထဲ၌ မင်းရွှေကြွယ်ကို မတွေ့ရချေ။

"ဟာ ... မင်းရွှေ ဘယ်ရောက်သွားပါလိမ့်"

"မင်းရွှေ ... မင်းရွှေ"

သူအော်ဟစ်ခေါ်နေစဉ်မှာပင် လှိုင်းလုံးကြီးတစ်လုံးက မော်တော်နံရံကို ပစ်ရိုက်လိုက်ရာ ဖြန်းခနဲအသံကြီးနှင့်အတူ မော်တော်မှာစောင်းသွားပြီး ရေစက်ရေမွှားတို့က မော်တော်ပေါ်သို့ ဖြန်းပက်သွားတော့၏။

မော်တော်မှာ လှိုင်းလုံးတို့အကြားဝယ် လူးလိုက်၊ ကဆုန်ပေါက်လိုက်ဖြစ်နေသည့်အပြင် မြစ်ပြင်တစ်ဝှမ်းလုံးမှာ မှောင်မည်းနေသဖြင့် ဖိုးဖြူမှာ မင်းရွှေကြွယ်များ မော်တော်ပေါ်က ပြုတ်ကျသွားသလားဟု လွန်စွာစိုးရိမ်ပူပန်သွားပြီး ...

"မင်းရွှေ ... မင်းရွှေ ..."

ဟု အော်ဟစ်ခေါ်လျက်ရှိစဉ် သူ၏နောက်မှ လူရိပ်မည်းမည်းပေါ်လာပြီး ထိုလူရိပ်မည်းမည်းက လက်ထဲမှ တစ်စုံတစ်ခုရာဖြင့် ရိုက်ချလိုက်လေ၏။

'ဖြောင်း'

"အား"

ရေ့သို့စိုက်ကျသွားသည့် ဖိုးဖြူမှာ မော်တော်ကြမ်းပြင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ် လဲကျသွားရာမှ နောက်သို့လှည့်ကြည့်လိုက်ရာ မိုးခြိမ်းသံနှင့် အတူ တဖျပ်ဖျပ်ပြက်လိုက်သည့် လျှပ်ရောင်ကြောင့် သူ့ကို နောက်မှရိုက်လိုက်သူ၏မျက်နှာကို မြင်ရသည်၌ လွန်စွာအံ့သြ တုန်လှုပ်သွားတော့၏။

"မင်း . . မင်းရွှေ မင်း . . . မင်း ရက်စက်"

ဖိုးဖြူမှာ စကားဆုံးအောင်ပင် မပြောနိုင်ဘဲ မော်တော် ကြမ်းပြင်ပေါ်သို့ ပုံလျက်သားကျသွားပါတော့၏။

"ဟားဟားဟ . . သူမယားလိုချင်ရင် သူ့လင် လုံးနဲ့ ထိုးတဲ့၊ မင်းကို ဒီလိုရှင်းချင်လို့ မော်တော်ကြီးကို ငါကိုယ်တိုင် မားနဲ့ဖြုတ်ပြီး ခုလိုမြစ်အလယ်ကောင်ရောက်မှ အပိုင်ဖဲ့ဆော်လိုက် တာပဲ၊ မော်တော်ကို စက်နိုးလို့မရအောင် လုပ်ထားတာလည်း ငါပဲ၊ မပိုင်လား . . ဟားဟား . . ဟားဟား"

မင်းရွှေကြွယ်၏ ဟားတိုက်ရယ်မောသံမှာ မိုးထဲလေထဲ ဝယ် ကျက်သရေမဲ့စွာ လွင့်ပျံလျက် . . .။

❖ ❖ ❖



# သွေးကြွေးသဇင်

အကြွသမားမင်းရွှေကြွယ်သည်ကား သူ၏ မဟာဗျူဟာ ပထမအဆင့်အနေဖြင့် ဖိုးဖြူတို့မြို့ကြီးထဲတွင် အိမ်ဆောက်နေ ထိုင်ခဲ့ပြီး မဟာဗျူဟာ ဒုတိယအဆင့်အနေဖြင့် ဖိုးဖြူကို ဥပါယ် တံမျဉ်ဖြင့် သတ်ဖြတ်ခဲ့ပြီးပြီဖြစ်၏။

ဖိုးဖြူအား မိုးလေထန်သောညဝယ် ကမ်းနားဆိပ်သို့ ခေါ်ထုတ်လာစဉ် သူ၏တပည့် မော်တော်သမား ဖိုးစံဒွန်းနှင့် သာမောင်တို့ကို မိုးလေလာစဉ်မှာပင် ရွာထဲသို့ အရက်သောက်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ စေလွှတ်ထားပြီးဖြစ်၏။ ဖိုးစံဒွန်းနှင့် သာမောင်မှာ ပိုက်ဆံရှိလျှင် ရှိသလောက် သောက်သူများဖြစ်ရာ ထိုညက ဖိုးစံဒွန်းတို့ ခေါင်းမထောင်နိုင်အောင် သောက်ဖြစ်စေဖို့ အရက်ဖိုးနှင့်နေအောင် ပေးခဲ့၏။

ကမ်းနားဆိပ်သို့ရောက်ပြီး မော်တော်ပေါ်အရောက်ဝယ် သူက ဖိုးဖြူကို မော်တော်အင်ဂျင်နှိုးခိုင်းလိုက်၏။ ရုတ်တရက် နှိုး၍မရစေရန် ဆီပိုက်ကိုဖြုတ်ထားခဲ့သည်။ ဖိုးဖြူ အင်ဂျင်နှိုးရန် ကြိုးစားရင်း အလုပ်ရှုပ်နေစဉ် သူက မော်တော်ထိန်းကြိုးကို ဓားဖြင့်ဖြတ်ပစ်လိုက်ရာ မော်တော်မှာ ကမ်းမှကွာပြီး မြစ်ပြင်ထဲရောက်ရှိသွားခဲ့ခြင်းဖြစ်သည်။ လူသူဝေးရာရောက်မှ ဖိုးဖြူ၏ ခေါင်းအား နှစ်တစ်လက်မထုတ်ဖြင့် ရိုက်သတ်ခဲ့လေ၏။

ထို့နောက် ရုတ်တရက် မသေသေးဘဲ သတိလစ်မေ့မျောသွားသော ဖိုးဖြူ၏ခန္ဓာကိုယ်ကို လှိုင်းလုံးများကြားထဲ ပစ်ချလိုက်လေ၏။ လှိုင်းလေပြင်းထန်နေသည့် မိုးသည်းည လူသူဝေးရာမြစ်အလယ်၌ သူ၏ ကောက်ကျစ်ယုတ်မာ ရက်စက်မှုကို မည်သူမျှ မတွေ့မြင်နိုင်ချေ။ သူက မော်တော်ကို ဆက်မျောနေလိုက်ပြီး နောက်နေ့နံနက်တွင်မှ အင်ဂျင်မှ ဆီပိုက်ပြန်တပ်ကာ လှိုင်းလေငြိမ်သက်နေပြီဖြစ်သည့် မြစ်မခမြစ်ကြောင်းအတိုင်း ရွာဆိပ်သို့ပြန်လာကာ ညက မိုးလေထန်နေသည့် လှိုင်း





လုံးတို့အကြား မော်တော်လူးလိမ့်နေခိုက် မော်တော်ပေါ်မှ ဖိုးဖြူ ကျသွားကြောင်း သတင်းလွှင့်လိုက်လေ၏။

ဖိုးဖြူ၏သတင်းကို ကြားရသည်၌ ဖိုးဖြူ၏ဇနီးဖြစ်သူ မြရတီမှာ ချုံးပွဲချငိုရင်း တက်ကာ သတိလစ်သွားခဲ့ရ၏။

ဖိုးဖြူ၏ အသက်(၁၄)နှစ် ကျော်ပြီဖြစ်သော သမီးအကြီးဆုံး မြကလျာ၊ အသက်(၁၀)နှစ်ခန့်ရှိသော သား လတ်ဖြူဝင်း၊ အသက်(၆)နှစ်ခန့်ရှိသော သမီးငယ်မိုးကလျာတို့မှာ သိတတ်နားလည်နေပြီဖြစ်၍ သူ သူမတို့၏ဖခင်ကြီး ရေထဲကျကာ ပျောက်ဆုံးနေမှုအတွက် လွန်စွာဝမ်းနည်းကြေကွဲစွာငိုကြရာ ကြာစုအိုင်တစ်ရွာလုံး စိတ်မကောင်းဖြစ်ကြရလေ၏။

နောက်သုံးရက်ခန့်ကြာမှ ဖိုးဖြူ၏အလောင်းမှာ ဧရာဝတီမြစ်နှင့် မြစ်မခမြစ်တို့ဆုံရာ မြစ်ဆုံကမ်းစပ်မှ လမုတောအနီးတွင် ပေါ်လာခဲ့ရာ မင်းရွှေကြွယ်နှင့် ရွာသားများမှာ သတင်းကြားကြားချင်း အလောင်းကို လှေဖြင့် သွားသယ်လာခဲ့လေ၏။

အလောင်းမှာ ငါးများတွတ်ထားသဖြင့် အတော်ရုပ်ပျက်ဆင်းပျက်လျက်ရှိသလို ဖိုးဖြူ၏ခေါင်းနောက်ပိုင်းမှ ဒဏ်ရာကြီးမှာလည်း မော်တော်ပေါ်မှ ပြုတ်ကျစဉ် အမာခံတစ်ခုခုတစ်ရာဖြင့် ဆောင့်မိခဲ့ခြင်းဖြစ်မည်ဟု အားလုံးက ယူဆခဲ့ကြကာ မည်သူက အစ မင်းရွှေကြွယ်အပေါ် သံသယမဝင်ခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် မိုးဖြူကိုရှင်းလင်းရေးတည်းဟူသော မင်းရွှေကြွယ်၏ မဟာဗျူဟာဒုတိယအဆင့်မှာ ရောချူစွာ အောင်မြင်ခဲ့ရခြင်းဖြစ်ချေ၏။

သူ့မယားလိုချင် သူ့လင်လုံ့နဲ့ထိုးဆိုသလို လင်ဖြစ်သူမိုးဖြူကို အောင်မြင်စွာရှင်းပြီးနောက် မိုးဖြူ၏မယား မြရတီကို သိမ်းပိုက်ရန် သူ၏ မဟာဗျူဟာတတိယအဆင့်ကို မိုးဖြူသေပြီး သုံးလအကြာဝယ် စတင်အကောင်အထည် ဖော်ခဲ့လေ၏။

အမှန်တော့ မြရတီမှာ လင်ယောကျ်ားဖြစ်သူ မိုးဖြူဆုံးပါးသွားပြီးကတည်းက မင်းရွှေကြွယ်တို့သားအဖကို ခြံထဲဝယ် မထားချင်တော့ချေ။ မိမိလို မုဆိုးမလေးတစ်ဦးက သူစိမ်းယောကျ်ားသားနှင့် တစ်ခြံတည်းအတူနေသည်မှာ မသင့်လျော်မှန်းသိသဖြင့် မင်းရွှေကြွယ်တို့ကို အခြားသို့ပြောင်းရွှေ့ရန် ပြောထားပြီးဖြစ်၏။

မင်းရွှေကြွယ်က ရွာထဲမှ မြေကွက်တစ်ခုကိုဝယ်ရန် စီစဉ်နေပါသည်။ နှစ်လသုံးလစောင့်ပါဆိုသဖြင့် စောင့်စားနေရခြင်းဖြစ်၏။ ထိုအတွင်း မင်းရွှေကြွယ်၏ သူ့မအပေါ်ကြည့်သော အကြည့်တို့ကို မြရတီက နှစ်မြို့ခြင်းမရှိချေ။

မင်းရွှေကြွယ်၏ အကြည့်ရိုင်းရိုင်းတို့ဝယ် တပ်မက်ခြင်း၊ ပူလောင်ဆူပွက်ခြင်းသဘောတို့ အပြည့်ပါဝင်နေသည်ဟု ရိပ်မိ





သဖြင့် မြရတီက မနှစ်မြို့ရခြင်းဖြစ်လေ၏။

အကြံသမားမင်းရွှေကြွယ်ကမူ မြရတီကို အပျော့ဆွဲဆွဲထားပြီး အခွင့်အခါကောင်းကို စောင့်လျက်ရှိလေ၏။

လေးငါးရက်ဆက်မျှ မိုးဖြိုင်ဖြိုင်ရွာသွန်းပြီးနောက် တုပ်ကွေးအဖျားသည် ကြာစုအိုင် ရွာသူရွာသားတို့ကို နှိပ်စက်ရာများနှိပ်စက်ခံရသူတို့အထဲဝယ် မြရတီတို့ သားအမိတစ်တွေလည်း ပါသည်။

မြရတီတို့ဖျားနေသဖြင့် ရွာထဲမှ မြရတီ၏သူရင်းငှားမြသောင်၏မိန်းမ မပုက စားရေးသောက်ရေးအတွက် လာရောက်ကူညီချက်ပြုတ်ပေးရသည်။ ဆေးဝါးအတွက်မူ ရွာထဲမှတိုင်းရင်းဆေးဆရာကြီး ဦးမွေးထံမှ အဖျားဖြတ်ဆေးကို မင်းရွှေကြွယ်ကိုယ်တိုင် သွားယူပြီး မြရတီတို့သားအမိကို တိုက်ကျွေး၏။

သို့ဖြင့် ကလေးများက အဖျားဦးစွာပျောက်ပြီး မြရတီကများအနည်းငယ်ကျန်ရှိစဉ် အကြံသမားမင်းရွှေကြွယ်သည် ပြည်ပင်ကောက်မြို့သို့ နွားလှည်းဖြင့်သွားကာ ကုလားဆရာဝန်မန်ချိုထံမှ အင်္ဂလိပ်ဆေး အိပ်ဆေးပြားလေးများ ဝယ်လာခဲ့လေ၏။

ယင်းညဝယ် မြရတီကိုတိုက်ရမည့် အဖျားဖြတ်ဆေးများထဲ အိပ်ဆေးမှုန့်ကို ရောထည့်ကာ မြရတီ၏သမီးကြီး မြက



www.burmeseclassic.com

www.burmeseclassic.com



လျှာအား ပေးခဲ့သည်။ ပြီးတော့ ယနေ့ည လေမိုးကျနိုင်သ
အိမ်တံခါးများ သေသေချာချာပိတ်ရန်ပြောဆိုကာ အိမ်ပေါ
ပြတင်းတံခါးများနှင့် ဝရန်တာသို့ထွက်သော တံခါးတို့ကို သူကိ
တိုင်လိုက်ပိတ်ပေးခဲ့သည်။ ယင်းသို့ တံခါးများပိတ်ပေးရင်း ဝ
တာသို့ထွက်သော တံခါးချက်ကို သေချာစွာမချဘဲ အပြ
အသာတွန်းဖွင့်၍ရအောင် စေ့ရုံစေ့ထားခဲ့သည်။

သို့ဖြင့် ယင်းညသန်းခေါင်ယံခန့်ဝယ် မိုးဖွဲဖွဲရွာနေ
မင်းရွှေကြွယ်သည် မြရတီတို့၏ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးအ
ချဉ်းကပ်လာပြီး အိမ်ပေါ်ထပ်ဝရန်တာပေါ်သို့ ဖက်တက်
ဝရန်တာသို့ထွက်သောတံခါးကို အသာတွန်းဖွင့်လျက် အိမ်ထဲ
ဝင် နိုင်ခဲ့လေ၏။

ထို့နောက် သူသည် မြရတီ၏အိပ်ခန်းထဲ ဝင်သွားခဲ့
အိပ်ဆေးတန်ခိုးဖြင့် အိပ်မောကျလျက်ရှိသော မြရတီ၏ ခု
အိပ်ရာပေါ် ဝင်အိပ်တော့၏။

အိမ်အပြင်ဘက်ဝယ် လေမိုးတို့ အတန်ငယ်ထန်လာ
မြစ်မခမြစ်ဘက်မှ လေကြမ်းကြမ်းတို့က တဟူးဟူးတိုက်ခ
လျက်ရှိသည်။

မင်းရွှေကြွယ်မှာ မှန်အိမ်မီးရောင် မှိန်ပျပျအောက်ဝ
အိပ်မောကျလျက်ရှိသော မြရတီ၏ လှပသည့် မျက်နှာလေး





နီးကပ်ငေးကြည့်ကာ ရင်ခုန်ပီတိပွားလျက် ရှိတော့၏။

"ဟင်းဟင်း ...မြရတီရယ် နောက်ဆုံးတော့ မင်း
ဲရဲ့လက်ထဲ ရောက်ရတော့မှာပါပဲ ...ဟင်းဟင်းဟင်း"

စိတ်ထဲမှကြိတ်ရယ်ရင်း သူက မြရတီကို အသာဖက်
ာ ခဏအကြာဝယ် အိပ်ပျော်သွားပါတော့သတည်း။

❖

နောက်တစ်နေ့နံနက်ဝယ် မိုးလေကင်းစင်ပြီး နံနက်ဦး
ခြည် အတန်မြင့်တက်လျက်ရှိစဉ် မြရတီ၏သမီးကြီး မြကလျာ
ာ မိခင်၏အိပ်ခန်းပြတင်းတံခါးတို့ကို လေကောင်းလေသန့်ဝင်
ရန် ဖွင့်ပေးဖို့ အိပ်ခန်းထဲဝင်လာရာ မိခင်၏ခုတင်အိပ်ရာ
ါမှ မြင်ကွင်းကြောင့် လန့်ဖျပ်အော်လိုက်မိတော့သည်။

"အို ...ဒါ ဘယ်လိုဖြစ်တာလဲ"

မြကလျာ၏အော်သံလေးကြောင့် ဖျူဝင်းပါ ပြေးဝင်လာ
ာ မိခင်ကိုဖက်ကာ အိပ်မောကျလျက်ရှိသည့် မင်းရွှေကြွယ်ကို
တွေ့ရသည်တွင် အံ့သြထိတ်လန့်သွားတော့၏။

www.burmeseclassic.com



"ဟာ ဦး ဦးမင်းရွှေကြွယ်က ဘယ်လိုဖြစ်ပြီး အဖေ
တင်မှာ လာအိပ်နေရတာလဲ"

ကလေးများ၏ ခပ်ရူးရူးအသံတို့ကြောင့် ရေနွေးစော
ကြိုပေးရန် ရောက်နေသည့် မပုက အိမ်ပေါ်ထပ်သို့ ပြေးတ
လာစဉ်မှာပင် မြရတီလည်း နိုးသွားတော့၏။

"အို ..."

မြရတီမှာ သူမ၏နံဘေး၌ အိပ်စက်နေသည့် မင်း
ကြွယ်ကိုအတွေ့ဝယ် လွန်စွာထိတ်လန့်တုန်လှုပ်သွားရှာ၏။ သူ
ကမန်းကတန်း လူးလဲထထိုင်လိုက်စဉ်မှာပင် နိုးနေသည်မှာ
ပြီဖြစ်သော်လည်း အိပ်ပျော်ချင်ဟန်ဆောင်နေသည့် မင်းရွှေကြွ
က အိပ်ချင်မူးတူးပုံစံဖြင့် ထထိုင်လိုက်၏။

ဖာခြင်ထောင်ပါးပါးလေးကိုဖြတ်ကာ အံ့အားတသ
ကြည့်နေကြသည့် မြကလျာ၊ ဖြူဝင်းနှင့် မပုတို့၏မျက်နှာတို့
မြင်ရတော့ သူဖြစ်စေချင်သည့် ဇာတ်ကွက်အတိုင်းဖြစ်သွားပြီမှ
ရိပ်မိသဖြင့် မင်းရွှေကြွယ် အကျေနပ်ကြီး ကျေနပ်သွားရတော့
၏။

ကလေးများက မိခင်ကိုအထင်လွဲကာ ကြွက်ကြွက်
အောင် အပြစ်ပိုင်းတင်ကြသည်။ အတင်းပြောသည့်နေရာဝယ်
ဝိဇ္ဇာဖြစ်သောမပုက 'တစ်နေ့ ဒီလိုဖြစ်ကြမယ်ဆိုတာ ထင်သ





ဟု ခပ်တိုးတိုးသရော်သလို မှတ်ချက်ပြုကာ လှောင်ပြုံးပြုံး
း အိမ်ပေါ်ထပ်မှဆင်းသွားသည်။ လက်ဆုပ်လက်ကိုင်မိနေ
ဖြင့် ကလေးများနှင့် ရပ်ရွာကို မည်သို့ယုံကြည်အောင် ရှင်း
ရမှန်းမသိတော့သော မြရတီမှာ ချုံးပွဲချ၍ငိုတော့သည်။

သည်တွင် ဇာတ်ဆရာကြီးမင်းရွှေကြွယ်က ခပ်တည်
ည်ဖြင့် တစ်ခွန်းပဲပြောလိုက်၏။

"ဖြစ်သမျှကို ကိုမင်း တာဝန်ယူပါတယ် မြရတီရယ်"

သို့ဖြင့် သည့်ထက်အရက်တကွဲအကျိုးနည်းမဖြစ်ရ
အောင် မြရတီမှာ မင်းရွှေကြွယ်ကို လက်ထပ်လိုက်ရတော့၏။

"ဟားဟားဟား ... ဖိုးဖြူရေ တစ်နေ့ကျရင် မင်းရဲ့
နေရာကို ငါရအောင်ယူပြမယ်လို့ ဆိုတဲ့အတိုင်း ခုတော့ဖြစ်လာပြီ
ဟုတ်လား ... ဟားဟားဟား"

ဟု စိတ်ထဲမှ ပီတိဖြစ်စွာ ဟားတိုက်ရယ်လာနိုင်သူက
မင်းရွှေကြွယ်ပဲဖြစ်ပါ၏။

ဤသို့ဖြင့် မင်းရွှေကြွယ်မှာ သူ၏မဟာဗျူဟာ တတိယ
အဆင့်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်ပါ၏။

❖

www.burmeseclassic.com

www.burmeseclassic.com



မင်းရွှေကြွယ်မှာ မြရတီ၏ ခင်ပွန်းနေရာကို ပိုင်ပိုင်နိုင်နိုင် ရယူပြီးသည့်နေ့မှစ၍ သူတို့သားအဖနှစ်ဦးစလုံး မြရတီတို့နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးပေါ်သို့ ပြောင်းရွှေ့နေထိုင်ကာ အိမ်၏စီးပွားရေးလုပ်ငန်းအဝဝကို စတင်ကြိုးကိုင်ခြယ်လှယ်လာတော့၏။

ပင်ကိုက ရိုးသားအေးဆေးသော မြရတီအပေါ်ဝယ် အကြင်နာတရားမရှိဘဲ ဩဇာလွှမ်းမိုးလာတော့သည်။ အရာရာ သူ့လက်သူ့ခြေဖြစ်လာသည်။ တစ်အိမ်လုံး သူ့လက်ခုပ်ထဲကရေ ဖြစ်လာလေတော့၏။

မင်းရွှေကြွယ်၏သား ရွှေညှာကလည်း ဖြူဝင်းနှင့် မိုးကလျာတို့အပေါ်ဝယ် တစ်စထက်တစ်စ လူပါးဝဖိုလ်ကျလာ၏။ သူက ဖြူဝင်းနှင့် သက်တူရွယ်တူဖြစ်ကာ အသက်ဆယ့်နှစ်နှစ်ခန့်ရှိသည်။ ဖခင်၏ပစားပေးခံရသည့်အပြင် ပင်ကိုက ညစ်ကျယ်ကျယ်စိတ်ဓာတ်ရှိသူမို့ ဖြူဝင်းနှင့် မိုးကလျာတို့အပေါ်ဝယ် အမျိုးမျိုး အကောက်ကြံ အနိုင်ကျင့်လေ့ရှိသည်။

မြရတီမှာ မိမိ၏ရင်သွေးလေးများ အနေကျုံ့ရှာသည့် အဖြစ်ကို တွေ့သော်လည်း လူကြမ်းစိတ်ကြမ်းသမား မင်းရွှေ





ကြွယ်၏ဩဇာကို မလွန်ဆန်ဝံ့သဖြင့် ကလေးများဘက်မှ မားမားမတ်မတ် မရပ်တည်နိုင်ရှာပေ။

ရွှေညှာ၏ အနိုင်ကျင့်မှုကြောင့် ကလေးချင်းက အမြဲလိုလိုမတည့်သဖြင့် မြရတီ စိတ်ညစ်ရသည်။ ရွှေညှာနှင့် ဖြူဝင်းရန်ဖြစ်ပါက မင်းရွှေကြွယ်က သူ့သားကို ဘာမှမလုပ်သော်လည်း ဖြူဝင်းကိုမူ ရက်ရက်စက်စက် နားရင်းအဆက်မပြတ်အုပ်တတ်သည်။

"လူပါးဝဖို့မကြိုးစားနဲ့၊ ဟင်း . . . ငါနဲ့တွေ့မယ်မှတ်"

ဖြူဝင်းရော မိုးကလျာပါ မင်းရွှေကြွယ်ကို လွန်စွာကြောက်ရသည်။ အပျိုပေါက်လေးဖြစ်ကာ ဖွံ့ထွားလှပလာသည့် မိုးကလျာကို မင်းရွှေကြွယ်က ချိုသာစွာဆက်ဆံလေ့ရှိသော်လည်း ဖြူဝင်းနှင့် မိုးကလျာတို့ ကလေးနှစ်ဦးကိုမူ နည်းနည်းမှ မျက်နှာသာမပေးချေ။

"သမီးမြ . . . ရော့ . . . ဦး ကြခင်းရောက်တုန်း ဝယ်လာတာ၊ ဘရိုကိတ်ထဘီနှစ်ထည်၊ နင့်အမေတစ်ထည်, နင်တစ်ထည်ယူ"

မြကလျာက မင်းရွှေကြွယ်ကို ခပ်ခွာခွာဆက်ဆံလေ့ရှိသော်လည်း မင်းရွှေကြွယ်က မြကလျာကို အရေးပေးလွန်းသည်ကိုလည်း မြရတီ ဘဝင်မကျလှချေ။ ညနေခင်းတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အရက်မူးလာတတ်သည့် မင်းရွှေကြွယ်၏ မြကလျာအား ကြည်သောအကြည့်ကို သူမ မကြိုက်ချေ။ မြကလျာနှင့်ပတ်သက်ပြီး သူတွင် အကြံအစည်တစ်ခုခုရှိနေသည်ဟု မြရတီ ယူဆသုံးသပ်မိသဖြင့် သမီးနှင့်ပတ်သက်ပြီး ရတက်မအေးနိုင် ဖြစ်နေရသည်။ သမီးဖြစ်သူ ခလိမ်မိုး မလိမ္မာလေးကိုလည်း အနေအထိုင်ဆင်ခြင်ရန် ကြိတ်ဆုံးမရသည်။

သည်ကြားထဲ မပု ရွာထဲမှ သတင်းသဲ့သဲ့ကြားလာပြီး တိုးတိုးကျိတ်ကျိတ် လာပြောတော့ မြရတီမှာ ပိုမိုတုန်လှုပ်ချောက်ချားကာ မင်းရွှေကြွယ်အပေါ် သံသယကြီးထွားလာရ၏။

"အဲဒီညက သူ့ရဲ့တံငါလှေ ရေစီးထဲမျောပါသွားလို့ လိုက်ဆယ်ရင်း စိုးလှက မြစ်လယ်မှာရောက်နေတာတဲ့ မမြရတီရဲ့ သူ့လှေကို မှောက်နေရာက လှန်ဖို့ကြိုးစားတုန်း တိမ်တံခွန်မော်တော်က သူနဲ့ ဝါးတစ်ပြန်လောက် ရောက်လာတာတဲ့ အဲဒီမှာ လျှပ်လက်လိုက်တုန်း တိမ်တံခွန်ပေါ်မှာ ကိုဖိုးဖြူကို ကိုမင်းရွှေကြွယ် တုတ်နဲ့ရိုက်ချလိုက်တာကို မြင်လိုက်ရတယ်တဲ့ နောက် လေတွေမိုးတွေထဲမှာ ကိုမင်းရွှေကြွယ် အော်ပြောပြီး ရယ်တဲ့အသံကိုလည်း ကြားခဲ့ရတယ်တဲ့၊ ကိုဖိုးဖြူကို ရေထဲပစ်ချလိုက်တာကိုလည်း တွေ့တယ်တဲ့၊ သူက ရေထဲမှောက်ခုံဖြစ်နေတဲ့ သူ့လှေကိုကွယ်ပြီး ချောင်းကြည့်နေခဲ့တာတဲ့၊ အဲဒါ ကို





မင်းရွှေကြွယ်ကိုကြောက်ပြီး ဘယ်သူ့မှ ပြန်မပြောရဲတာတဲ့၊ ဖိုးဖြူ ကုန်းတက် ပြောင်းခါနီးမှ သူနဲ့အတူ ငါးရှာဖက် သာဝတို့ မိုးလှ တို့ကို ပြောသွားခဲ့တာတဲ့ မမြရတီရဲ့"

မပုထံမှ အံ့သြတုန်လှုပ်ဖွယ် ထိုစကားကြားရတော့ မြရတီမှာ တုန်လှုပ်ချောက်ချား ကြေကွဲရှုံမှုလွဲပြီး ဘာမှမတတ်နိုင်တော့ပါ။ ဖြစ်ပျက်ခဲ့သည်မှာလည်း ခြောက်လကျော်ပြီ၊ မျက်မြင်သက်သေဖြစ်သော တံငါသည်စိုးလှကလည်း တစ်နယ်တစ်ကျေး ပြောင်းသွားခဲ့ပြီ။ သည်တော့ ဘာတတ်နိုင်ဦးမည်နည်း။

"အင်း ... စိုးလှပြောတာ ဟုတ်ချင်လည်းဟုတ်မယ်၊ မဟုတ်ချင်လည်း မဟုတ်ဘူး၊ စိုးလှလို အရက်သမားစကားလည်း ယုံရတာမဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ငါ့ကိုတောင်ကောက်ကျစ်လှည့်ဖြားပြီး အရယူခဲ့တဲ့ ကိုမင်းရွှေကြွယ်ကို လျှော့တွက်လို့တော့ မရဘူး၊ အမြဲ သတိထားကြည့်နေမှ"

အိမ်တွင် မင်းရွှေကြွယ်၏ရန်ကို ကြောက်နေရသလို သူ့သားရွှေညာ၏ရန်ကလည်း တစ်မျှော် ...

ခြံဝင်းထဲရှိ သရက်ပင်ပေါ်၌ တွယ်ကာပျိုးထားသည့် သဇင်ပန်းပင်မှ ပင်မြင့်သဇင်ပန်းခက် ဖြူဖြူဖွေးဖွေးတို့ကို မိုးကလျာလေးက လွန်စွာနှစ်သက်သည်မို့ ယခုလိုဆောင်းကာလ ရောက်တိုင်း သူ့အစ်ကိုဖြူဝင်းကို သရက်ပင်ပေါ် လှေကားထောင်



www.burmeseclassic.com

www.burmeseclassic.com



တက်ကာ သဇင်ပန်းတို့ကို ခူးခိုင်းနေကျဖြစ်သည်။

သဇင်ခက်လေးများကို အစ်ကိုဖြစ်သူကခူးပေးလျှင် ဘုရားပန်းတင်ရန် မိခင်ဖြစ်သူကိုလည်းပေးပြီး သူမ၏ခေါင်းတွင်လည်း မြတ်မြတ်နိုးနိုးပန်တတ်သည့် မိုးကလျာမှာ သဇင်ပန်းကို လွန်စွာမြတ်နိုးသဘောကျသူလေးဖြစ်ပြီး ယင်းခြံထဲရှိ သရက်ပင်ပေါ်မှာ တွယ်ကပ်မျိုးထားသည့် သဇင်ပန်းပင်ကိုလည်း တစ်နှစ်လုံး အရိပ်တကြည့်ကြည့် စောင့်ကြည့်တတ်သူလေး ဖြစ်၏။

သဇင်ပန်းပန်ထားသူ မိုးကလျာကို ကြည့်မရသူက ရွှေညာဖြစ်၏။

"အလကား အရောင်မရှိ အဆင်းမရှိနဲ့ နှင်းဆီလို တန်ဖိုးမရှိတဲ့ပန်းများ အရူးတွေပဲကြိုက်မယ်"

ရွှေညာက ထိုသို့သရော်လှောင်ပြောင်ရှုတ်ချပြောလျှင် စွေ့စွေ့ခုန်ရသူက မိုးကလျာပဲဖြစ်သည်။

"ဟဲ့ . . . သဇင်ပန်းအကြောင်း နင်ဘယ်လောက်နားလည်လို့လဲ၊ ပင်မြင့်သဇင် တော်ဝင်ပန်းဆိုတာ နင်မသိဘူးလား"

ဟု မိုးကလျာက တက်တက်လန်အောင် ရန်တွေ့လျှင် ရွှေညာက . . .

"ဘာတော်ဝင်ပန်းလဲ၊ ကဲဟာ . . . တော်ဝင်ပန်းဦး"

ဟု ညစ်ကျယ်ကျယ်ပြောကာ မိုးကလျာ၏ခေါင်းမှ





သဇင်ခက်တို့ကို လက်ဖြင့်ပုတ်ချပစ်ရာ . . .

"ဟင် . . . နင် . . . နင် လူပါးဝလှချည်လား"

မိုးကလျာမှာ ဒေါသစိတ်ကို မထိန်းနိုင်ဘဲ ရွှေညာကို အတင်းဝင်လုံးတော့ရာ ရွှေညာက မိုးကလျာ၏မျက်နှာကို လက်သီးဖြင့် မညှာမတာ ထိုးသလို မိုးကလျာကလည်း အညံ့မခံဘဲ ရွှေညာ၏လက်မောင်းကို အတင်းဖက်ကိုက်တော့၏၊ ဖြူဝင်းက အတင်းဝင်ပြီး ဖျန်ဖြေပေးသည်။

"အား . . . အမေရေ သားကိုကိုက်နေတယ်၊ အား . . . သားကို ဒီမှာဝိုင်းလုပ်နေကြပြီဗျ"

ရွှေညာ၏အော်သံကြောင့် အိမ်ပေါ်မှ ပြေးဆင်းလာသည့် မင်းရွှေကြွယ်မှာ မိုးကလျာကို ဆောင့်တွန်းပစ်လိုက်ပြီး သားဖြစ်သူ၏ လက်မောင်းမှ ဒဏ်ရာကိုကြည့်သည်။ သွားရာအကွင်းလိုက်ဖြင့် သွေးစို့နေသောဒဏ်ရာကိုတွေ့တော့ မိုးကလျာကို ဒေါသတကြီးရိုက်တော့၏။

'ဖြန်း . . ဖြန်း . .'

"ကဲဟာ . . . လူပါးဝဦး . . . လူပါးဝဦး . . . ဖြန်း . ."

"ဦးလေး အဲဒီလို မတရားမလုပ်ပါနဲ့ဗျ၊ ရွှေညာကစပြီး ရန်စတာ၊ သူထိုးလို့ ညီမလေးရဲ့မျက်နှာ ဖူးယောင်နေတာကြည့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဖြူဝင်းက မခံနိုင်စွာဝင်ပြောရာ မင်းရွှေကြွယ်၏ ဒေါသက ဖြူဝင်းဘက်သို့ လှည့်သွား၏။ ဤတွင် ရွှေညွှာက အဆင်းဝယ် ဘီးတစ်ပေးလိုက်သည်။

"မဟုတ်ဘူး အဖေ၊ သားဘာသာနေတာကို လူလည်ကြီးရဲ့သားဆိုပြီး သူတို့မောင်နှမက ရန်စတာ၊ ပြီးတော့ ဒီကောင်ကစထိုးလို့ သားကပြန်ထိုးတော့ ဒီကောင်မလေးက ဝင်ရိုက်ပြီး လက်မောင်းကို အတင်းဖက်ကိုက်တာ အဖေ"

ရွှေညွှာကား ဖအေတူသားပီပီ လျှာအရိုးမရှိတိုင်း ပလီစီချောက်ချက်ပြောကာ သားပြောသမျှ ဖအေကလည်းယုံပြီး ဖြူဝင်းကိုပါ ဝါးခြမ်းပြားဖြင့် မညှာမတာရိုက်တော့သည်။

မိုးကာလျာနှင့် ဖြူဝင်းတို့မောင်နှမကား ဖထွေးဆိုး၏ အနိုင်ကျင့်မှုကို နာကြည်းစွာတင်းခံသည်။ ဘယ်တော့မှ မျက်ရည်မကျ။

"ကဲကွာ လူပါးဝဦး ... ကဲကွာ လူပါးဝဦး"

'ဖြန်း .. ဖြန်း .. ဖြန်း ..'

"အို ... ကိုမင်းရွှေ တော် ... တော်ပါတော့ရှင်၊ မြရတီ တောင်းပန်ပါတယ်"

မြရတီက သားနှင့် သမီး၏ အဖြစ်အပျက်ကို မမြင်ရက်သဖြင့် မျက်ရည်လည်ရွဲဖြင့် အတင်းတောင်းပန်ရှာသည်။





"နင် အဲဒီလို ကာဆီးကာဆီးလုပ်လို့ ဒီကောင်နဲ့ ဒီကောင်မလေး ကမ်းတက်နေတာ"

"နောက်ဆို ဒီထက်နာမယ်မှတ် ... ခွေးတိရစ္ဆာန်တွေ"

သဇင်ပန်းကြောင့်ဖြစ်ရသော ပြဿနာက သည်တွင် မပြီးချေ။

နောက်တစ်နေ့နံနက်စောစောဝယ် အိပ်ရာမှနိုးစ မိုးကလျာ ခြံနောက်ပိုင်းမှ စဉ့်အိုးအနီးတွင် မျက်နှာသစ်နေစဉ် ဖြူဝင်းက ဝါးလှေကားပေါ်တက်ကာ ညီမဖြစ်သူအတွက် သဇင်ပန်းများ ခူးပေးနေသည်။

ထိုစဉ် ဝါးလှေကားအနီးသို့ ရွှေညွှာချဉ်းကပ်လာပြီး လှေကားကို တွန်းချလိုက်တော့၏။

"အား"

'ဘုံး'

"အို ... ကိုကို ... ကိုကိုသေပါပြီ"

ဖြစ်ရပ်ကို အစအဆုံးမြင်လိုက်သည့် မိုးကလျာက ထိတ်လန့်ချောက်ချားစွာ အော်ဟစ်ရင်း လက်ထဲမှရေဖလားကို ပစ်ချကာ မြေပြင်ဝယ် လဲကျနေရှာသည့် အစ်ကိုဖြစ်သူထံသို့ ပြေးသည်။

ရွှေညွှာက လှစ်ခနဲ ထွက်ပြေးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အား ...ကျွတ် ...ကျွတ်"

မြေပြင်ပေါ်မှ မထနိုင်ရှာသည့် ဖြူဝင်းကညည်းသည်။

"အလိုလေး သား သား ဘယ်လိုဖြစ်တာတုံး"

အိမ်ပေါ်မှပြေးဆင်းလာသည့် မြရတီက သားဖြစ်သူကို မြေးမွေ့သည်။

"ရွှေညှာ လှေကားကိုတွန်းချလိုက်တာ မေမေ၊ ရွှေညှာ တွန်းချလိုက်တာ"

မိုးကလျာက မအေဖြစ်သူကိုတိုင်သည်။

"ဟဲ့ ...ဘာတွန်းချတာလဲ၊ ငါ့ဘာသာ ဒီအိမ်ရှေ့မှာ ထိုင်နေတာ"

ရွှေညှာက ပြောင်ငြင်းသည်။ နောက်ဆုံး ဒေါသအိုး ပေါက်ကွဲသူက မင်းရွှေကြွယ်ပင် ဖြစ်၏။

"ဟဲ့ ကောင်မလေး ...နင့်အစ်ကို လှေကားပေါ် စော စောစီးစီးတက်ကမြင်းလို့ဖြစ်တာ နည်းတောင်နည်းသေးတယ် ငါ့သား သူ့ဘာသာနေတာကို အာတရားခံရှာတာလဲ"

"မဟုတ်ဘူး ...သမီး အစအဆုံးမြင်တယ်၊ ရွှေညှာ လှေကားကိုတွန်းချလိုက်လို့ လှေကားလဲသွားပြီး ကိုကိုပြုတ်ကျ တာ"

"တောက် ...ပလီစိချောက်ချက်နဲ့ ငါ့သားကို နေရင်း ထိုင်ရင်း ပြဿနာရှာတယ်ပေါ့လေ၊ မိစ္ဆာမလေး ...တဲဟာ ...ကဲဟာ ...ပြဿနာရှာဦး"

"ဖြန်း ..ဖြန်း ..ဖြန်း"

မင်းရွှေကြွယ်က မိုးကလျာကို မရိုက်တော့၏။

"တော် တော်ပါတော့ ကိုမင်းရွှေရယ်၊ ဒီမှာ သားက မထနိုင်ရတဲ့ကြားထဲ"

မြရတီ ငိုယိုကာ အတင်းတောင်းပန်မှ အရိုက်ရပ်တော့၏။

ခြေထောက်တစ်ဖက် လုံးဝမလှုပ်နိုင်ရှာသည့် ဖြူဝင်း ကို ဧရာဝတီမြစ်တစ်ဖက်ကမ်းမှ မြန်အောင်ဆေးရုံသို့ မော်တော်ဖြင့်ပို့ကာပြသရာ ခြေမွဲရိုးကျိုးသွားသဖြင့် ကျောက်ပတ်တီး စည်းလိုက်ရ၏။ ထိုကတည်းက ဖြူဝင်းမှာ ခြေတစ်ဖက် ကောင်း စွာမသန်တော့ဘဲ အတန်ငယ် ခပ်ဆာဆာဖြစ်သွားရရှာသည်။

သဖင်ပန်းပြဿနာက ထိုမျှနှင့်မပြီးသေး ...

နောက်သုံးလေးရက်ခန့်ကြာသည့် တစ်နံနက်ဝယ် အိမ် ရာမှ စောစောနိုးလာသည့် ဖြူဝင်းမှာ ချိုင်းထောက်ကလေး... အိမ်အပေါ်ထပ်ဝရန်တာသို့ထွက်ကာ ချွေးခြံလေးပေါ်တွင်... နှင်းဖွဲ့ဖွဲ့ကျနေသည့် ဟေမန္တ၏ နံနက်ခင်းအလှကို ကြည့်... လျက်ရှိစဉ် ငယ်စဉ်က နှင်းဖွဲ့ဖွဲ့ထဲ ညီမဖြစ်သူနှင့် အ...







www.burmeseclassic.com

www.burmeseclassic.com



ပြေးလွှားဆော့ကစားခဲ့သည့်အဖြစ်ကို ကြည်နူးစွာ ပြန်လည်အမှတ်ရရင်းမှ ယခုတော့ သူ့ခြေတစ်ဖက် ကျိုးနေရသည့်အဖြစ်ကို သတိရပြီး ကျောက်ပတ်တီးစည်းထားရသည့် ခြေထောက်ကို ငုံ့ကြည့်လိုက်မိ၏။

ထို့နောက် သူ၏အကြည့်က သူ့ဝါးလှေကားနှင့်အတူ ပြုတ်ကျခဲ့သည့် ခြံဘေးမှ သရက်ပင်ခြေရင်းသို့ ရောက်ရှိသွားစဉ် ယင်းသရက်ပင်ခြေရင်းသို့ ခပ်ကုပ်ကုပ်ရောက်လာသော ရွှေညှာကို မမျှော်လင့်ဘဲတွေ့လိုက်ရာ သေချာငုံ့ကြည့်နေလိုက်မိ၏။

ရွှေညှာ၏လက်ထဲဝယ် ဓားမတစ်ချောင်းကို ကိုင်ထားကာ သရက်ပင်ခြေရင်းသို့ ရောက်သည့်တွင် သရက်ပင်ပေါ်ဝါးလှေကားဖြင့်တက်ကာ သဖင်ပန်းပင်အား ဓားဖြတ်ခုတ်ဖြတ်လိုက်သည်ကို အံ့အားသင့်ဖွယ် တွေ့လိုက်ရတော့၏။

"ဟာ ... ညီမလေး ... ညီမလေး ... နင့်ရဲ့သဖင်ပန်းပင်ကို ရွှေညှာ ဓားနဲ့ခုတ်ဖြတ်လိုက်ပြီ"

ဖြူဝင်း၏အော်သံကြောင့် အိပ်ခန်းထဲမှ ပြေးထွက်လာသော မိုးကလျာမှာ လှေကားမှ တဒိုင်းဒိုင်းပြေးဆင်းသွားသည်။

ပြီးနောက် မိုးကလျာမှာ အိမ်ပေါ်မှပြေးဆင်းပြီး ခြံနံဘေး သရက်ပင်ကြီးပေါ် မော့ကြည့်လိုက်ကာ သဖင်ပန်းပင်၏ အခြေ





အနေကိုကြည့်လိုက်ရာ ဓားဖြင့် ရက်ရက်စက်စက် ခုတ်ဖြတ်ထားကြောင်း တွေ့ရတော့၏။

'တောက်'

မိုးကလျာက ဒေါသဖြစ်ခံပြင်းစွာ တောက်ခတ်လိုက်ပြီး နံဘေးဝန်းကျင်သို့ လှည့်ပတ်ကြည့်လိုက်ရာ ခပ်လှမ်းလှမ်းဝယ် မထီတရီအပြုံးဖြင့် လက်ပိုက်ရပ်ကြည့်နေသည့် ရွှေညှာကို တွေ့ရလေ၏။

"ဟဲ့ ရွှေညှာ ငါ ... ငါ့သဖင်ပန်းကို နင်ခုတ်ဖြတ်ပစ်လိုက်တာ မဟုတ်လား"

"ဟုတ်တယ်လေ ... ဘာဖြစ်လဲ ... အဲဒီသဖင်ပန်းပင်ကြောင့် ပြဿနာဖြစ်ရတာများပြီ၊ ဒါကြောင့် အမြင်ကတ်လို့ ခုတ်ဖြတ်လိုက်တာ ... ဘာဖြစ်လဲ"

"တောက် ... နင် ... နင် လူပါးဝလှချည်လား"

"ကဲဟာ"

ဒေါသအိုးပြင်းထန်စွာ ပေါက်ကွဲသွားသည့် မိုးကလျာက သရက်ပင်ခြေရင်းနားတွင် တွေ့ရသည့် ကျောက်ခဲကြီးတစ်လုံးဖြင့် ရွှေညှာအား ပစ်ပေါက်ထည့်လိုက်တော့၏။

'ဗိုး'

'အောက်'



www.burmeseclassic.com

www.burmeseclassic.com



"အား"

ရုတ်တရက်မို့ ရွှေညှာမှာ ရှောင်ချိန်မရဘဲ နဖူးကို

ကျောက်ခဲတုံးကြီး ဒါရိုက်ဟစ်ထိမှန်ကာ နာကျင်စွာ အော်ဟစ်

လိုက်လျက် သွေးတို့ ဖြာခနဲကျလာတော့၏။

သားဖြစ်သူ၏ စူးစူးဝါးဝါးအော်သံကြောင့် အိမ်ပေါ်မှ

ပြေးဆင်းလာသည်က မင်းရွှေကြွယ်ပင်ဖြစ်ပါ၏။

"သား ဟာ ... နဖူးက သွေးတွေကျလို့ပါလား။ ဘာ

ဘာဖြစ်တာလဲ သား"

"ဒီ ... ဒီကောင်မလေး ခဲနဲ့ ထု ... ထုလိုက်လို့အမေ

အား အီး"

"ဘာ"

သားဖြစ်သူ သွေးမြေကျသည်ကိုမြင်တော့ မင်းရွှေကြွယ်

မှာ မုန်ယိုဆင်ရိုင်းလိုဖြစ်သွားသည်။

"တောက် ... ဒီဟာမလေး တော်တော်လူပါးဝနေပါ

လား။ ကဲဟာ ... လူပါးဝဦး"

'ဖြန်း'

မင်းရွှေကြွယ်က ပါးကို ရိုက်ထည့်လိုက်ရာ မိုးကလျာ

လည်ထွက်ကာ မြေပြင်ပေါ် ပစ်လဲကျသွားရရှာ၏။

ထို့နောက် မင်းရွှေကြွယ်က ခြေထောက်ဖြင့် လိုမ့်ကန်





တော့၏။

"ကဲဟာ ... သေစမ်း"

'ဖုံး'

"အား"

'ဖုံး'

"အမယ်လေး"

'ဖုံး'

"အား"

"အို ... ကိုမင်းရွှေ တော်ပါတော့ ... တော်ပါတော့ရှင်

... မြရတီ တောင်းပန်ပါတယ်ရှင်"

"ဟုတ်ပါတယ် ဦးလေးရယ်၊ မြကလျာ တောင်းပန်ပါ

တယ် .. တော်ပါတော့ရှင်၊ ညီမလေးလည်း ဖွတ်ဖွတ်ညက်ညက်

ကြေနေပါပြီ"

ထိုစဉ်က မိခင်ဖြစ်သူ ဒေါ်မြရတီနှင့် အစ်မဖြစ်သူ မြ

ကလျာတို့ အတင်းငိုယိုဆွဲလွဲတောင်းပန်သဖြင့်သာ မိုးကလျာမှာ

အရိုးတခြား အသားတခြား မဖြစ်ခြင်းဖြစ်သည်။

သတ္တဝါနှင့်လက်နက် မမျှအောင် လူကြီးအားဖြင့် ရက်

စက်ပြင်းထန်စွာ ရိုက်နှက်ကန်ကျောက်ခံရသည့် မိုးကလျာလေး

မှာ အိပ်ရာမှ တစ်ပတ်ခန့် မထနိုင်အောင်ဖြစ်သွားရရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးကလျာမှာ ထိုစဉ်ကတည်းက ဦးမင်းရွှေကြွယ်နှင့် ရွှေညာ
သားအဖအပေါ်ဝယ် ရင်နှင့်အောင် နာကြည်းသွားခဲ့ရာ ဆရာ
ရွှေဥဒေါင်း၏စကားဖြင့် ဆိုရလျှင် သူမ၏ရင်လွှာနုနုထဲသို့ ကြ
မားချွန်မြလှသည့် ဆူးကြီးတစ်ချောင်း စူးနစ်ဝင်သွားခဲ့ပြီဖြစ်ပါ

❖ ❖ ❖





## မောဟမိစ္ဆာ

မြရတီတို့သားအမိတစ်တွေအတွက် အကြီးမားဆုံး
ကြမ္မာဆိုးကြီးက မကြာမီလပိုင်းအတွင်း ကျရောက်လို့လာခဲ့တော့
၏။

ယခုနောက်ပိုင်း မြရတီမှာ ကျန်းမာရေးအတော်ချုချာ
ဘာ နေရင်းထိုင်ရင်း မောမောနေသဖြင့် ရွာထဲမှဆရာမွေးနှင့်
ဘူသသလို မော်တော်ဖြင့် မြန်အောင်သို့သွားပြီး မြန်အောင်ဆေး
ရုံတွင် ဆရာဝန်ပြသရာ နှလုံးအားနည်းရောဂါဖြစ်နေကြောင်း

---

ခု နစ် စဉ် ကြွယ် ဇာ ပေ

www.burmeseclassic.com

www.burmeseclassic.com



သိရလေ၏။

လူကလည်း တစ်နေ့တခြား ဝိန်ချုံးလာကာ ယခင်က
ခဲ့သော အလှအပများမှာ ငှက်ပျောက်ကြက်ပျောက် ပျောက်သွား
ခဲ့ပြီ။

မြရတီမှာ ရုပ်အဆင်းကျသွားသလောက် မိခင်ထံ
အလှအမွေရထားသည့် မြကလျာမှာ အပျိုစင်လေးဖြစ်လာ
သည်နှင့်အမျှ တစ်နေ့တခြား အလှတိုးကာ မျက်နှာလေး
ဖူးဖူးနုနုလေး ပြည့်ဝန်းလှပလာသလို ခန္ဓာကိုယ်လေးကလည်း
အချိုးအဆစ်ကျနစွာ ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးလှပလာတော့၏

မျှစ်စို့ပေါက်လေးလို လှချင်တိုင်းလှကာ ဖွံ့ထွားပြည့်
တင်းလာသည့် မြကလျာအား ပြင်းထန်သောရမ္မက်စိတ်ဖြင့်
ကျားချောင်းချောင်းနေသည်က မင်းရွှေကြွယ်ပင်ဖြစ်ပါ၏။

သို့ဖြင့် မြရတီတို့သားအမိတစ်စေ့အတွက် ကြမ္မာဆိုး
ဝင်မည့် ညနေစောင်းတစ်ခုသို့ ရောက်လာချေပြီ။

လူပျိုပေါက်အရွယ် မရောက်တရောက် ရွှေညာမှာ ည
နေစောင်းစကတည်းက ရေမိုးချိုး ထမင်းစားကာ ဘိုကော်
ကော့စမစ်ဖြင့် ကော့နေအောင်ဖြီးပြီး ကာလသားကိုက်ဖမ်းလျှက်
ရွာထဲမှ ကာလသားအုပ်စုနှင့် ရောနှောရန် ထွက်ခွာသွားချေပြီ။

မြရတီမှာ ညနေစာကို စောစောစားကာ စားသောက်

ပြီး အိပ်ရာစောစောဝင်လိုက်၏။

လသာသောညဉ့်ဦးယံမို့ မြူဝင်းနှင့် မိုးကလျာတို့ မောင်
နှမမှာ ခြံထဲမှ ဝိတောက်ပင်ကြီးအောက်ဝယ် တစ်ယောက်တစ်
လှည့် စကားထာဝှက်လျက်ရှိလေ၏။

အပျိုစင်မလေး မြကလျာမှာမူ အိမ်ပေါ်ထပ်ရှိ ဘုရား
ခန်းဝယ် သောက်တော်ရေစင်ခွက်တို့ကို အသစ်လဲလှယ်ပြီး ဘု
ရားရှင်အား ဆီမီးရေချမ်း ကပ်လှူလျက်ရှိလေ၏။

ယင်းအချိန်မှာပင် အိမ်သို့ အရက်အတော်မူးကာ ခြေ
လှမ်းကျဲကြီးများဖြင့် ပြန်လာသူမှာ မင်းရွှေကြွယ်ပင်ဖြစ်ပါ၏။

မင်းရွှေကြွယ်က ခြံထဲရှိ ဝိတောက်ပင်အောက် ကွပ်ပျစ်
ပေါ်မှ မယားပါသားနှင့်သမီးကို တစ်ချက်စွေကြည့်လိုက်ပြီး ထွီ
ခနဲ တံတွေးတစ်ချက်ထွေးကာ လှေကားမှနေ၍ အိမ်ပေါ်သို့တက်
လာခဲ့သည်။

သူက တိတ်ဆိတ်နေသော မှန်အိမ်မီးထွန်းညှိထား
သည့် ညှော်ခန်းကြီးကိုဖြတ်ကာ ကျွန်းပွတ်လုံးလှေကားကြီးအတိုင်း
အိမ်ပေါ်ထပ်သို့ တက်လာခဲ့ပြီ။

အိမ်ပေါ်ထပ်သို့ရောက်ရောက်ချင်း သူတို့လင်မယား၏
အိပ်ခန်းဆီ လျှောက်သွားကာ အခန်းထဲကိုကြည့်လိုက်ရာ နှစ်
ယောက်အိပ်ခုတင်မွေ့ရာကြီးပေါ်ဝယ် အရိုးပေါ် အရေတင်နေ


ခု နှစ် စဉ် ကြယ် စာ ပေ
www.burmeseclassic.com

www.burmeseclassic.com



သည့် မြရတီမှာ နှစ်ခြိုက်စွာ အိပ်မောကျလျက်ရှိသည်ကို တွေ့ရလေ၏။

'ထွီ'

မင်းရွှေကြွယ်မှာ ကမ္ဘာ့ဖြာန်းရုပ်ပေါက်နေသည့် မြရတီကို စိတ်ပျက်စွာကြည့်ရင်း တံတွေးတစ်ချက် ထွေးလိုက်ပြန်၏။ ခုတင်မွေ့ရာပေါ်ဝယ် အသေကောင်လို ပက်လက်ကလေး အိပ်ပျော်နေသော မိန်းမမှာ သူတစ်ချိန်က နှစ်သက်စွဲလမ်းတပ်မက်ခဲ့ရသော မြရတီမှ ဟုတ်ပါလေစဟု သံသယပွားမိရတော့သည်။

မင်းရွှေကြွယ်မှာ ဦးခေါင်းစုတ်ဖွားကြီးကို ယမ်းလိုက်ပြီး အိပ်ခန်းဝမှ တံခါးပေါင်နှစ်ဖက်ကို လက်ထောက်ရပ်နေရာမှ ဝဲဘက်မျက်လုံးထောင့်စွန်းဝယ် လှုပ်ရှားရိပ်တစ်ရိပ် တွေ့လိုက်ရသဖြင့် ခေါင်းကိုစောင်းငဲ့ကြည့်လိုက်ရာ ဘုရားခန်းမှထွက်လာသော မြကလျာကို မှန်အိမ်မီးရောင်ဖျော့ဖျော့အောက်တွင် တွေ့လိုက်ရတော့၏။

"ရော . . . တစ်ချိန်က မြရတီကို ပြန်တွေ့ရသလိုလိုပါလား"

မြရတီနှင့် ရုပ်ချင်းဆင်ကာ စိုဝင်းလှပဖွံ့ထွားနေသော မြကလျာကို စူးစူးဝါးဝါးကြည့်ရင်း သူ့ယောင်မယ်အလား ထင်မှတ်မှားမိရာမှ ရမ္မက်သွေးတို့ ခန္ဓာကိုယ်ရှိ သွေးကြောဟူသမျှ





ထဲဝယ် ပွက်ပွက်ဆူလာတော့၏။

မြကလျာမှာ ပထွေးဖြစ်သူ မင်းရွှေကြွယ်၏ အကြည့်ရိုင်းကြောင့် ရင်ထိတ်ခနဲခုန်သွားရာမှ မျက်လွှာလေးချပြီး သူမ၏ အိပ်ခန်းထဲသို့ ခပ်သွက်သွက် လှမ်းဝင်လိုက်တော့၏။

ယခုတလော ပထွေးဖြစ်သူ၏ အကြည့်ရိုင်းတို့ကို သတိပြုမိပြီး ကြောက်လန့်တုန်လှုပ်မိနေသော မြကလျာမှာ အိပ်ခန်းထဲသို့ရောက်ရောက်ချင်း အိပ်ခန်းတံခါးကိုပိတ်လိုက်စဉ် တံခါးဝ၌ မင်းရွှေကြွယ်ပေါ်လာပြီး ပြုံးဖြီးဖြီးမျက်နှာကြီးဖြင့် . . .

"နေဦးလေ . . . တံခါး ဘာဖြစ်လို့ပိတ်မှာလဲ . . . ဟီးဟီးဟီး"

ဟု သွားဖြဲရယ်မောကာ အိပ်ခန်းထဲသို့ လှမ်းဝင်လာရာ . . .

"အို . . . ဦးလေး . . . ဘာ . . . ဘာဖြစ်လို့ ဝင်လာတာလဲ"

မြကလျာမှာ ထိတ်လန့်ချောက်ချားစွာပြောရင်း နောက်သို့ဆုတ်လိုက်ရာ မင်းရွှေကြွယ်က ထပ်တိုးဝင်လာသည်နှင့် . . .

"အို . . . သွား . . . သွား . . . သွား . . . အမေ့ရှေ့ လုပ်ပါ ဦး"

"ကောင်မ မအော်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး ... အမေရေ လုပ်ပါဦး"

သမီးဖြစ်သူ၏ ထိတ်လန့်တကြား အော်ဟစ်သံကြောင့် အိပ်မောကျနေရာမှ လန့်နိုးသွားသော မြရတီမှာ ရင်တုန်ပန်းတုန်ဖြစ်သွားကာ မရအရ လူးလဲထလိုက်ပြီး အိပ်ခန်းထဲမှ ဆံပင်ဖားလျား အဝတ်အစားဖရိုဖရဲဖြင့် ခပ်ယိုင်ယိုင်ထွက်လာပြီး သမီး၏အခန်းသို့ ခပ်သွက်သွက်ပြေးသွားလိုက်၏။

"သ ... သမီး ဘာဖြစ်လို့လဲ"

"အ ... အမေ ... အစ် ... အစ် ... အစ် ..."

မြကလျာမှအော်နိုင်ရန် အဝတ်တစ်ခုဖြင့် မြကလျာ၏ပါးစပ်ကို မင်းရွှေကြွယ်ကချုပ်ကိုင်ကာ အတင်းထိုးဆို့ပိတ်လျက်ရှိလေ၏။

"အို ... ကိုမင်းရွှေ ... ရှင် ရှင်ဘာလုပ်တာလဲ၊ လွှတ် ... ငါ့သမီးကို လွှတ်"

မြရတီက ရှိသမျှအားကိုညှစ်ထုတ်ကာ မင်းရွှေကြွယ်ကို ခုန်အုပ်ကာ လက်သည်းတို့ဖြင့် ကုတ်ဖဲ့ရန်ကြိုးစားစဉ် ...

"အာ ... ရှုပ်လိုက်တဲ့ကောင်မကြီး ... ကဲဟာ ... သေစမ်း"

ဟု ကျားဟိန်းသံလို ဟိန်းဟောက်ရင်း မင်းရွှေကြွယ်က လက်ပြန်ရိုက်ထည့်လိုက်တော့၏။





'ဖောင်း'

"အမယ်လေး"

နဂိုက ယဲ့ယဲ့မျှသာရှိသော မြရတီမှာ ပြင်းထန်လှသည့် လက်ပြန်ရိုက်ချက်ကြောင့်ရော စိတ်နှလုံး ချောက်ချားတုန်လှုပ်ခြင်း ပြင်းစွာဖြစ်ခြင်းကြောင့်ပါ အခန်းဝဝယ် ခွေခနဲပစ်ကျသွားပြီး သတိလစ်မေ့မျောသွားပါတော့၏။

"အမေ ... အမေ ... ဘာဖြစ်တာလဲ"

"မမကြီး ... မမကြီး ... ဘာဖြစ်လို့လဲဟင်"

အိမ်ပေါ်မှ အမေဖြစ်သူနှင့် အစ်မဖြစ်သူတို့၏ အော်သံများ၊ ရုန်းရင်းဆန်ခတ်ဖြစ်သံများကို ခပ်သဲ့သဲ့ကြားလိုက်ကြရသည့် ဖြူဝင်းနှင့် မိုးကလျာတို့မှာ အိမ်ပေါ်ထပ်သို့ အော်မေးရင်းပြေးတက်လာကာ အစ်မဖြစ်သူ၏အိပ်ခန်းဝသို့ ရောက်လေလျှင် သူတို့၏အစ်မဖြစ်သူအား အတင်းချုပ်နှောင်ပြီး ပါးစပ်ထဲ အဝတ်ထိုးထည့်နေသော မင်းရွှေကြွယ်၏လုပ်ရပ်ကို အံ့အားသင့်ထိတ်လန့်စွာ တွေ့ရတော့၏။

"အို ... ဦးလေး လွှတ် ... ကျွန်တော့်အစ်မကို လွှတ်"

"ဟုတ်တယ် ... လွှတ်လိုက်"

မောင်နှမနှစ်ယောက် ဝိုင်းအော်ပြီး မင်းရွှေကြွယ်၏



www.burmeseclassic.com

www.burmeseclassic.com



သက်မောင်းများကို အတင်းဝင်ဆွဲဖယ်ရာ မင်းရွှေကြွယ်မှာ ဒေါ်
သအကြီးအကျယ်ထွက်သွားပြီး ...

"ဒီမှင်စာလေးတွေက ရှုပ်ပြန်ပြီ ကဲဟာ"

'ခွပ်'

"အ"

"ကဲ"

'ဖောင်း'

"အင့်"

မင်းရွှေကြွယ်က လူကြီးအားဖြင့် မည္သာမတာထိုးချလိုက်
ရာ မေးစေ့ကို ပြင်းထန်စွာထိုးမိသွားပြီး ဖြူဝင်းလေးမှာ ကြမ်း
ပြင်ပေါ် ပက်လက်လန်ပစ်ကျသွားကာ သတိလစ်သွားတော့၏
ထို့အတူ မိုးကလျာ၏နာရင်းကို ပိတ်ရိုက်လိုက်ရာ မိုး
ကလျာလေးမှာ ဘေးတစောင်းပစ်လဲကျသွားပြီး မေ့မျောသွားပါ
တော့၏။

ထို့နောက်မှာတော့ မင်းရွှေကြွယ်ခင်းကျင်းသည့် စတုဠ
မဟာဗျူဟာ၏ သားကောင်ဖြစ်ရရှာသူမှာ သနားစဖွယ်သော
မြကလျာလေးပင် ဖြစ်ပါတော့သတည်း။

❖





ပန်းကောင်းတစ်ပွင့်ကို ရက်စက်စွာခြွေကာ ကြီးမား
သည့်ပြစ်မှုကြီးကို ကျူးလွန်ခဲ့သည့် မင်းရွှေကြွယ်မှာ သူ၏ပြစ်မှု
ကို ဖုံးကွယ်ဖို့ ဓနီးဖြစ်သူ ရောဂါသည်မြရတီ၏နှုတ်ကို ခြိမ်း
ခြောက်ပိတ်ဆို့၍ ရနိုင်သလို ...

မြကလျာကိုလည်း သတ်ပစ်မည်ဟု ခြိမ်းခြောက်၍တစ်
မျိုး ချော့၍တစ်မျိုး နှုတ်ပိတ်၍ ရနိုင်ဖွယ်ရှိသော်လည်း သူ့အပေါ်
သွန်စွာနာကြည်းမုန်းတီးနေကြသည့် ဖြူဝင်းနှင့် မိုးကလျာတို့
ကလေးနှစ်ဦး၏ပါးစပ်ကို ပိတ်ဖို့မလွယ်ကြောင်းသိသည်။

"ဒီမိစ္ဆာလေးနှစ်ကောင်ကြောင့် ငါဒုက္ခလှလှတွေ့မှာ
အမှန်ပဲ၊ သင်း ... သင်းတို့ကို ရှင်းပစ်မှဖြစ်မယ်"

မောဟအမှောင်ဖုံးသွားပြီဖြစ်သော မင်းရွှေကြွယ်မှာ
နောက်ထပ်ပြစ်မှုကြီးများကို ကျူးလွန်ရန် တွန့်ဆုတ်ခြင်းမရှိ
တော့ဘဲ ဖြူဝင်းနှင့် မိုးကလျာတို့ကို လက်စဖျောက်ရှင်းပစ်ရန်
ဆုံးဖြတ်ကာ သတိလစ်မေ့မျောနေသည့် သူတို့မောင်နှမကို
အခန်းထဲမှဆွဲထုတ်ခဲ့ပြီး အိပ်ခန်းထဲသို့ပြန်ဝင်ကာ တရှုံ့ရှုံ့ငိုနေ
ရှာသည့် မြကလျာအား တင်းတင်းမာမာ ခြိမ်းခြောက်လိုက်၏။

www.burmeseclassic.com



"နင် ငြိမ်ငြိမ်လေးနေနော်၊ အော်လားဟစ်လား လုပ်ရ
ကတော့ နင့်မောင်နဲ့ ညီမကို ငါသတ်ပစ်မယ်မှတ်"

ဟု ခြိမ်းခြောက်ကြိမ်းဝါးပြီးနောက် သူမ၏အိပ်ခန်းတံခါး
ကို အပြင်မှ သော့ခတ်လိုက်၏။

သတိလစ်နေသည့် မြရတီကိုပွေ့ချီကာ သူတို့လင်မယား
၏ အိပ်ခန်းထဲပို့လိုက်၏။

ပြီးတော့ အိမ်အောက်ထပ်ရှိ စတိုခန်းထဲမှ အုတ်ခဲလေး
လုံး ဂုန်နီအိတ်နှစ်လုံးနှင့် ဝါးထမ်းပိုး လျော်ကြိုးတို့ကိုယူကာ
အိမ်ပေါ်ထပ်ပြန်တက်ခဲ့ပြီး ဖျူဝင်းနှင့် မိုးကလျာတို့ကို ဂုန်နီအိတ်
တစ်အိတ်စီထည့်လေ၏။ အုတ်နီခဲနှစ်လုံးစီလည်း ထည့်လေ၏။

ယင်းနောက် အိတ်အဝကို ကြိုးဖြင့်တင်းကျပ်စွာချည်
နှောင်ပိတ်စည်းလိုက်လေ၏။

ထို့နောက် ယင်းအိတ်နှစ်လုံးကို ဝါးထမ်းပိုးဖြင့် လျှိုထမ်း
လိုက်ကာ အိမ်ပေါ်ထပ်မှဆင်းခဲ့ပြီး အိမ်ထဲမှထွက်ခဲ့လေ၏။

သူသည် သစ်ရိပ်များကိုခိုပြီး ခြံနောက်ဘက်သို့ ဂုန်နီ
အိတ်နှစ်လုံးကို ထမ်းလာခဲ့ရာမှ ခြံစည်းရိုးဝါးတန်းကိုကျော်ကာ
ဆူးချုံပုတ်တို့ကိုဖြတ်ပြီး ရွာနောက်မှဖြတ်စီးနေသည့် ရိုးထဲသို့
ထမ်းယူလာခဲ့တော့၏။

ရိုးအစပ်ဝယ် သူတို့မိသားစုပိုင် ငါးဖမ်းလှေငယ်လေး





ရှာ ယင်းလှေပေါ်သို့ ဂုန်နီအိတ်နှစ်လုံးကိုတင်လိုက်ပြီး လှေပေါ်
တက်ထိုင်လျက် လှေကြိုးကိုဖြုတ်လိုက်၏။ ပြီးတော့ လှော်တက်
ဖြင့်လှော်ကာ ရိုးအဝဆီ ဦးတည်လှော်ခဲ့လေ၏။

ညဘက်မို့ တက်ရေကြမ်းကြမ်းဝင်လျက်ရှိသော ရိုးအဝ
ကို ကျော်ဖြတ်ထွက်လိုက်တော့ မြစ်မခမြစ်ပြင်လယ်သို့ ရောက်ရှိ
သွားတော့၏။ ရေတက်ချိန်မို့ မြစ်ရေမှာ ဖောင်းလံလျက်ရှိသည်။

မင်းရွှေကြွယ်သည် မြစ်လယ်သို့ လှေလေးကိုလှော်ခတ်
သွားပြီးနောက် ရေလယ်အရောက်ဝယ် ဂုန်နီအိတ်နှစ်လုံးကို
ရေထဲသို့ ပစ်ချလိုက်တော့၏။

ထို့နောက်မှ တက်ရေကြမ်းလျက်ရှိသော မြစ်ပြင်ကို
ဖြတ်ကာ မူလထွက်လာရာ ရိုးအဝသို့ ပြန်လည်လှော်ခတ်ခဲ့ပါ
တော့သတည်း။

❖

နောက်တစ်နေ့ နံနက်မိုးလင်းတော့ ...

တစ်ညလုံး သတိလစ်အိပ်ပျော်နေခဲ့သည့် မြရတီမှာ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာမှနိုးလာပြီး လူးလဲထလိုက်လေ၏။

သူမသည် ယမန်နေ့ညက အဖြစ်အပျက်များကို ပြန်လည်စဉ်းစားရင်း လွန်စွာတုန်လှုပ်ချောက်ချားသွားပြီး ခုတင်ပေါ်မှ ကပျာကသီဆင်းလိုက်သည့်တွင် လူက မိုက်ခနဲဖြစ်ကာ ယိုင်ထိုးသွားသဖြင့် ခုတင်တိုင်ကို ထိန်းကိုင်လိုက်ရသေးသည်။

"သ ... သ ... သမီးကြီး ... သမီးကြီး"

ညက ရေခန်းအဖြစ်အပျက်များကို မျက်လုံးထဲဝယ် ပြန်လည်မြင်ယောင်ရင်း မိမိတို့၏ အိပ်ခန်းထဲကထွက်ကာ သမီးကြီးဖြစ်သူ၏ အိပ်ခန်းဆီ လာခဲ့လေ၏။

ခပ်ဟဟဖြစ်နေသည့် အိပ်ခန်းတခါးကို တွန်းဖွင့်ကြည့်လိုက်တော့ မမျှော်လင့်သောမြင်ကွင်းကို တွေ့ရတော့သည်။

"အလိုလေး ... လေး"

မြကလျာမှာ ခုတင်အိပ်ရာထက်ဝယ် ပါးစပ်မှ အမြှုပ်တစီစီထွက်ကာ မျက်လုံးကြီးအပေါ်လန်လျက် အသက်သေဆုံးလျက်ရှိပြီး သူမ၏ဘယ်ဘက်လက်ထဲဝယ် ပိုးသတ်ဆေးပုလင်းကို တင်းတင်းဆုပ်ကိုင်ထားလေ၏။

"အမယ်လေး သမီးလေးရယ် ... အဖြစ်ဆိုးလှချည်လား"

မြရတီမှာ သမီးဖြစ်သူ၏အလောင်းကို ပွေ့ဖက်ကာ





ကြကွဲဝမ်းနည်းလွန်းသောရင်ဖြင့် သည်းထန်စွာငိုကြွေးတော့၏

"သမီး ... အမေ့သမီးလေးရယ် အမယ်လေး ...
မြင်ရက်စရာပါလား သမီးလေးရယ်"

မြရတီမှာ ရှိုက်ကာရှိုက်ကာ ရှိုက်ကြီးတငင်ငိုရင်းမှ
သံတဖြည်းဖြည်းတိတ်သွားပြီး သမီးဖြစ်သူ၏ အလောင်းပေါ်
က်နှာမှောက်လျက်သားဖြင့် ငြိမ်သက်သွားပါတော့၏။ သူမ
သည်ကား နှလုံးရောဂါအခံရှိသူမို့ နှလုံးသားကို ခံစားချက်ပြင်း
ပြင်းစွာ ရိုက်ခတ်ပြီး နှလုံးသွေးရပ်ကာ သေဆုံးကွယ်လွန်ခဲ့ရချေ
ပြီတည်း။

မနက်မိုးမလင်းမီကပင် ရွာထဲထွက်သွားကာ အရက်မူး
အောင်သောက်ပြီးမှ အိမ်သို့ပြန်လာသည့် မင်းရွှေကြွယ်မှာ အိမ်
သို့ပြန်ရောက်သောအခါ အိမ်ပေါ်ထပ်ရှိ မြကလျာ၏အိပ်ခန်းထဲ
ဝယ် နှစ်လောင်းထပ်သေဆုံးနေသည့် မြရတီတို့သားအမိ၏အဖြစ်
ကို အံ့ဩစွာတွေ့လိုက်ရပါတော့၏။

မြကလျာ သေဆုံးရခြင်းမှာ ရွာထဲမှ ကာလသားတစ်
ဦးနှင့် ငြိစွန်းကာ စိတ်ညစ်သဖြင့် ယခုလို ပိုးစိုးပက်စက်ဖြစ်ရ
ခြင်းဖြစ်သည်။

မြရတီမှာလည်း သမီးဖြစ်သူ၏ အသေဆိုးဖြင့် သေဆုံးရ
သည်ကိုတွေ့ပြီး စိတ်နှလုံးထိခိုက်ကာ သေဆုံးရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူဝင်းနှင့် မိုးကလျာတို့မှာမူ ဆုံးမသွန်သင်၍မနိုင်သည့် ကလေးဆိုးများမို့ အိမ်မှရော ရွာမှပါ ထွက်ပြေးသွားကြသည်ဟု မင်းရွှေကြွယ်က သတင်းလွှင့်လိုက်တော့၏။

မြရတီတို့ သားအမိတစ်တွေ၏ အဖြစ်အပျက်အတွက် မင်းရွှေကြွယ်အပေါ် သံသယဝင်သူ မကျေနပ်သူ ရွာသူရွာသား အများအပြားရှိသော်လည်း သူကြီးသြဇာညောင်းသော ကိုလိုနီ ခေတ်မို့ သူကြီးကို ငွေဆောင်နှင့်ချီပေးကာ မင်းရွှေကြွယ်က ဖုံးဖိစေခဲ့ရာ ...

မြရတီတို့သားအမိတစ်တွေ၏ကိစ္စမှာ ပြစ်မှုခင်းအဖြစ် ရောက်ရှိမလာဘဲ သာမန်သေမှုသေခင်းအဖြစ်နှင့်သာ ပြီးပြတ် သွားခဲ့ရပါတော့သတည်း။

❖

'ပွမ်း'

အေးမြသောရေနှင့် ရုတ်ခြည်းထိတွေ့လိုက်ရသည့်အ ခိုက်မှာပင် မိုးကလျာမှာ သတိလစ်မေ့မြောနေရာမှ ဖျတ်ခနဲ





သတိဝင်လာပြီး ရေမွန်းသောဒဏ်ကို ချက်ချင်းခံစားလိုက်ရသည်။

"ဟင် ... ငါ့ကို အိတ်တစ်ခုရဲ့ထဲထည့်ပြီး ရေထဲပစ်ချ လိုက်ပြီနဲ့တူတယ်"

မိုးကလျာမှာ တုန်လှုပ်ချောက်ချားသွားရာမှ ကြောက် အားလန့်အားဖြင့် အတင်းကန်ကျောက် ရုန်းကန်တော့ရာ အ နည်းငယ်ဆွေးနေသည့် ဂုန်နီအိတ်မှာ ကွဲထွက်သွားပြီး လူက အိတ်ထဲမှ လွတ်ထွက်သွားတော့၏။

သူမသည် မြစ်မခမြစ်ထဲ ငယ်စဉ်ကတည်းက ကူးနေ ကျမို့ ရေကူးကျွမ်းကျင်သူလေးဖြစ်ရာ မြစ်ရေအောက်ထဲမှ ကူး ခတ်တက်လိုက်စဉ် ခြေထောက်တစ်ဖက်က အိတ်တစ်လုံးကို အလိုလိုခတ်မိသွားတော့၏။

သူမသည် မသင်္ကာဖြစ်ပြီး အောက်သို့ငုပ်ကာ လက်ဖြင့် စမ်းသပ်ကြည့်လိုက်ရာ အိတ်ကြီးတစ်လုံးကို စမ်းသပ်မိတော့၏။

"အို ... ဒါ ... ဒါ ... ငါ့အစ်ကိုကိုထည့်ထားတဲ့ အိတ်ပဲ ဖြစ်ရမယ်"

သူမ ထိတ်လန့်သွားပြီး ထိုအိတ်ကြီး၏အဝကို လက်ဖြင့် စမ်းသပ်ကာ ချည်ထားသည့်ကြိုးကို ကြိုးစားဖြည်လိုက်တော့၏။

ကြိုးပြေကာ အိတ်အဝပွင့်သွားသည့်နှင့် အိတ်ထဲခွေ ခေါက်နေသည့်သူကို အတင်းဆွဲထုတ်ရာ ဖြူဝင်းမှာလည်း ရေ



www.burmeseclassic.com

www.burmeseclassic.com



ပြင်၏အအေးဓာတ်ကြောင့်ရော ရေမွန်းခြင်းကြောင့်ပါ လန့်နိုးလာရာ အတင်းရုန်းကန်ကူးခတ်ခြင်း ပြုတော့၏။

သို့ဖြင့် မိုးကလျာသည် အစ်ကိုဖြစ်သူဖြူဝင်းကို တွဲခေါ်ပြီး ရေပြင်ထက်သို့ ကူးခတ်တက်ခဲ့ပါတော့၏။

သူတို့မောင်နှမမှာ တက်ရေစီးဖြင့် ပါခဲ့ခြင်းဖြစ်ပြီး ဇာတိရွာ ကြာစုအိုင်မှ တစ်မိုင်ခန့်ဝေးသော ဘောက်သလောက်ရွာအနီး မြစ်ရေစီးကြောင်းထဲ ကူးခတ်လျက်ရှိစဉ် တံငါလှေတစ်စီးက တွေ့ကာ ကယ်တင်သွားတော့၏။

ထိုတံငါလှေရှင်မှာ ကြာစုအိုင်ရွာမှ ငါးမိုင်ခန့်ဝေးသော ရှမ်းတဲကြီးရွာသားဖြစ်ရာ မိုးကလျာတို့မောင်နှမမှာ ရှမ်းတဲကြီးရွာသို့ လိုက်ပါသွားရတော့၏။

တံငါလှေရှင်ဦးချစ်အား သူတို့မောင်နှမ အဖြစ်အပျက်အတိုချုပ်ပြောပြရာ ဦးချစ်ကသနားပြီး ရှမ်းတဲကြီးသို့အရောက်ဝယ် ရွာဦးကျောင်းသို့ လိုက်ပို့ပေးလေ၏။

ရွာဦးကျောင်းဆရာတော်မှာ ဦးချစ်၏ညီဖြစ်ပြီး ကျောင်းနှင့်မနီးမဝေးဝယ် ယောဂီဇရပ်လည်းရှိရာ ...

ဖြူဝင်းမှာ ထိုဘုန်းကြီးကျောင်းတွင် ဘုန်းကြီးကျောင်းသားအဖြစ်လည်းကောင်း၊ မိုးကလျာမှာ ယောဂီဇရပ်တွင် ဒုက္ခသည်ကလေးငယ်အဖြစ်လည်းကောင်း မှီခိုခွင့်ရခဲ့လေ၏။





ဖြူဝင်းတို့မှာ ရွာမှသတင်းတို့ကို စုံစမ်းကြည့်ရာ မအေဖြစ်သူနှင့် အစ်မ,ဖြစ်သူတို့ သေဆုံးသွားပြီဖြစ်ကြောင်း ကြားသိရသဖြင့် လွန်စွာဆွေးကြကွဲရပြီး ပထွေးဆိုးကြီးရှိရာ ရွာဆီသို့ လုံးဝမပြန်ရဲတော့ချေ။

ဖြူဝင်းတို့မောင်နှမ မှီခိုခွင့်ရရာ ဘုန်းတော်ကြီးကျောင်းဝယ် ဖိုးသူတော်ကြာရိုးဟူသည့် လွန်စွာသဘောကောင်းသော ဖိုးသူတော်ကြီးရှိလေ၏။ ဖြူဖြူသန့်သန့် သဘောမနောကောင်းသလောက် လွန်စွာထူးဆန်းသော ဖိုးသူတော်ကြီးလည်းဖြစ်၏။

ဖိုးသူတော်ကြီးဦးကြာရိုးမှာ လောကီအတတ်မျိုးစုံဖြစ်သော ကျောက်မျက်အတတ်၊ ဗေဒင်အတတ်၊ ဓာတ်ရိုက်ဓာတ်ဆင် ယတြာအတတ်၊ အင်္ဂရုတ်အတတ်၊ လက်နက်မှဲ့သိုင်းအတတ်၊ ဓားလှံလေးမြား ကိုင်စွဲတိုက်ခိုက်ခြင်း အတတ်မျိုးစုံကို တစ်ဖက်ကမ်းခပ် တတ်ကျွမ်းသူဖြစ်ချေ၏။

ဖိုးသူတော်ကြီးဦးကြာရိုးမှာ ဖြူဝင်းတို့မောင်နှမ ပြောပြသဖြင့် သူတို့မောင်နှမဘဝ၏ နာကြည်းဖွယ်ရာအဖြစ်တို့ကို သိရသည်၌ လွန်စွာခံပြင်းသွားပြီး ...

"တောက် ... ဒါဆို အဲဒီမင်းရွှေကြွယ်ဆိုတဲ့ လူကြီးဟာ အတော်ကြောက်စရာ ရွံစရာကောင်းတဲ့ လူကြီးပါလား သူ့ကြောင့် မင်းတို့ရဲ့ မိဘနှစ်ပါးစလုံးရော အစ်မပါ သေရတဲ့အပြင်



www.burmeseclassic.com

www.burmeseclassic.com



မိဘပိုင်ပစ္စည်းဥစ္စာတွေပါ ဆုံးရှုံးခဲ့ရတယ်ပေါ့ . . . ဟုတ်လား"

"ဟုတ်တယ် ဦးကြီးကြာရိုးရဲ့"

"အေးကွာ မင်းတို့ကလည်း ငယ်သေးတော့ အဲဒီမင်းရွှေကြွယ်ဆိုတဲ့ လူကြီးရဲ့ ပြစ်မှုကျူးလွန်မှုတွေကို ဖော်ထုတ်တိုင်တန်းဖို့ ခက်တယ်ကွ၊ မင်းတို့ဘက်က မားမားမတ်မတ် ရပ်တည်ပေးမယ့် ဆွေမျိုးသားချင်းကလည်းမရှိနဲ့"

"ကလျာကတော့ မကျေနပ်ဘူး"

"အေး . . . မကျေနပ်တာကတော့ ဟုတ်ပြီ၊ အဲဒီလူယုတ်မာကြီးကို ဘယ်လိုတုံ့ပြန်မလဲ၊ ရာဇဝတ်ကြောင်းအရအရေးယူဖို့ရာက ကိုယ့်မှာ လူအား ငွေအားရှိမှဖြစ်တာ၊ ပြီးတော့မင်းတို့ကလည်း ကလေးပဲရှိသေးတာ၊ ဘယ်လိုစွမ်းဆောင်နိုင်မှာလဲ၊ ဘယ်သူစိမ်းကရော အမှန်းခံပြီး မင်းတို့ဘက်က ရပ်တည်ပေးမလဲ၊ တရားရင်ဆိုင်ဖို့စရိတ် ဘယ်ကရမှာလဲ၊ မင်းတို့မိသားစုရဲ့ ခနဥစ္စာအားလုံးကို ဟိုလူယုတ်မာကြီးက အပိုင်လက်ဝါးကြီးအုပ်ထားပြီ မဟုတ်လား"

"ငွေများတရားနိုင်တဲ့ ခုလို ကိုလိုနီခေတ်မှာ လက်ထဲမှာ ခနဥစ္စာရှိတဲ့ အဲဒီမင်းရွှေကြွယ်ဆိုတဲ့လူကြီးကို မင်းတို့ ဘယ်လိုမှ ယှဉ်နိုင်မှာမဟုတ်ဘူး၊ သူက ပုလိပ်တွေ တရားသူကြီးတွေဆွဲချတွေကို ငွေနဲ့ဖိုမှာ၊ မင်းတို့ဘက်ကလိုက်မယ့် သက်သေတွေ





ကို ငွေနဲ့ရအောင်ဖျက်မှာ၊ ဒီတော့ တရားစွဲရင် နိုင်ဖို့မလွယ်ဘူး"

"ကလျာကတော့ လုံးဝမကျေနပ်ဘူး၊ သူ့ကို တစ်နည်းမဟုတ်တစ်နည်းနဲ့ လက်စားပြန်ချေရမှ ကျေနပ်နိုင်မယ်"

"အေး . . . ရန်သူကို လက်စားချေတုံ့ပြန်ဖို့ဆိုတာ 'မင်းတို့မှာ ခွန်အားတွေ၊ ပညာတွေ၊ လက်နက်ကောင်းတွေ ရှိဖို့လိုတယ်"

"အဲဒါတွေရအောင် ကလျာတို့က ဘယ်လိုလုပ်ရမလဲ"

"ကြိုးစားတည်ဆောက်ယူရမှာပေါ့၊ အဲဒါတွေ မင်းတို့မှာပြည့်စုံလာတဲ့တစ်နေ့ကျမှ မင်းတို့မိသားစုရဲ့ မဟာရန်သူ မင်းရွှေကြွယ်ကို ရင်ဆိုင်တုံ့ပြန်ပေတော့ ကလေးတို့၊ မင်းတို့ကို ကျုပ်တတ်နိုင်သလောက် ကူညီပါ့မယ်"

သို့ဖြင့် ဖိုးသူတော်ကြီးဦးကြာရိုးသည် မိုးကလျာတို့မောင်နှမကို ကိုယ်ခံအားပြည့်ရန်အတွက် ကိုယ်ရန်ကာသိုင်းပညာမျိုးကို အားလပ်သည့်အခါတိုင်း သင်ကြားပေးလေ၏။

သို့သော် ဖြူဝင်းမှာ တိုက်ခိုက်ခြင်းအတတ်ကို ဝါသနာပါလှရှိမက သူ၏ခြေတစ်ဖက်ကလည်း မသန်သဖြင့် ဖိုးသူတော်ကြီးဦးကြာရိုးထံမှ သိုင်းပညာထက် အခြားလောကီပညာများကို သင်ယူလေ၏။

မိုးကလျာမှာမူ သိုင်းပညာမျိုးစုံကို စိတ်ဝင်စားစွာ သင်



www.burmeseclassic.com

www.burmeseclassic.com



ယူလာရာ ငါးနှစ်အတွင်း လူကအရွယ်ကြီးလာသလို သိုင်းပညာ
ရပ်များ အတော်တတ်ကာ ပါရမီခံလည်းရှိသဖြင့် လွန်စွာ
ချွန်လာတော့၏။

ယင်းသို့သောကာလမှာပင် ဇာတိရွာကြာစုအိုင်မှသတင်း
ကို လှူကြဲဖြင့်စုံစမ်းကြည့်ရာ သူတို့မောင်နှမ၏ ရန်သူတော်ကြီး
ဦးမင်းရွှေကြွယ်တို့သားအဖမှာ မော်တော်နှင့် လယ်များရော အိမ်
ကြီးပါရောင်းချပြီး ရွာမှပြောင်းသွားပြီဟု ကြားသိရလေ၏
မည်သည့်အရပ်ဒေသသို့ ပြောင်းသွားသည်ကိုမူ ရွာမှ မည်သူ
မသိဟု ကြားရလေ၏။

ရန်သူတော်ကြီးက ခြေရာဖျောက်သွားချေပြီ၊ ပျံလေ
ငှက်ခါး နားကာမှသိစေရော့မည်။

ထို့နောက်ပိုင်းဝယ် အရွယ်ရောက်လာပြီဖြစ်သော ဖြူ
ဝင်းမှာ ရွာသူကြီး၏ညီ ကျောက်ကုန်သည် ရွာသို့အလည်လာ
ရာတွင် ဘုန်းတော်ကြီးထံခွင့်ပန်ပြီး ထိုကျောက်ကုန်သည်၏
တပည့်ခံကာ လိုက်ပါသွားတော့၏။

"ညီမလေး ရွာမှာနေပြီး အစ်ကို့ကိုစောင့်နေရစ်ပါ၊ အစ်
ကို ရွာကထွက်ပြီး အလုပ်အကိုင်လုပ်လို့ စီးပွားရှာချေဦးမယ်
အစ်ကိုအဆင်ပြေတာနဲ့ ငါ့ညီမကို ပြန်လာခေါ်မယ်နော်"

ဟု ညီမဖြစ်သူကိုမှာကြားကာ ရွာမှထွက်သွားရာ ငါးနှစ်





ခန့်အကြာဝယ် ဖြူဝင်း ရွာသို့ပြန်ရောက်လာခဲ့၏။

"ညီမလေး . . . အစ်ကို ရတနာမြေဖြစ်တဲ့ ကချင်ဒေသ
က ဖားကန့်ကိုရောက်ခဲ့တယ်၊ အဲဒီမှာ ကျောက်တူးတဲ့အဖွဲ့တွေကို
အခါပေးရာက ကျောက်တွေအောင်လို့ အစ်ကို ဝေစုအများကြီး
ရခဲ့တယ်၊ ဦးကြီးကြာရိုးရဲ့ကျေးဇူးနဲ့ ကျောက်တူးသမားတွေကို
နက္ခတ်ဗေဒင်တွက်ပြီး အခါပေးနိုင်ခဲ့သလို ကျောက်ပညာကို
ကျွမ်းကျင်တဲ့အတွက် ကျောက်ကြောတွေကို ရှာဖွေပေးနိုင်ခဲ့တယ်၊
အဲဒီလိုနဲ့ အစ်ကို အတော်လေးကြီးပွားလာခဲ့ပြီ၊ အခု ညီမလေး
ကို လာခေါ်တာ၊ အစ်ကို မန္တလေးမှာ အိမ်ဝယ်ထားတယ် . . .
ညီမလေး လိုက်ခဲ့"

သို့ဖြင့် ကျေးဇူးရှင်ရွာဦးဆရာတော်၊ ဖိုးသူတော်ကြီးဦး
ကြာရိုး၊ ရေလုပ်သားကြီးဦးချစ်၊ မိုးကလျာကို နှစ်များစွာ သမီး
လေးအရင်းကဲ့သို့ စောင့်ရှောက်ထားခဲ့သော ယောဂီဆရာကြီး
ဒေါ်မာလာတို့ကို ဖြူဝင်းက ထိုက်ထိုက်တန်တန် ကန်တော့ပြီး
နောက် မိုးကလျာကို မန္တလေးသို့ခေါ်သွားခဲ့လေ၏။

မန္တလေးသို့သွားသည့်ခရီးတွင် ရထားပေါ်မှပင် မိုးက
လျာက သူမ၏ရည်ရွယ်ချက်ကို အစ်ကိုဖြစ်သူအား ပြောပြေး
သည်။

"ညီမတို့ရဲ့ဘဝ ကြီးမားတဲ့ရည်ရွယ်ချက်ဟာ ညီမတို့

www.burmeseclassic.com



မြရတီမိသားစုကို ဒုက္ခအကြီးအကျယ်ပေးခဲ့တဲ့ လူယုတ်မာကြီး ဦးမင်းရွှေကြွယ်ကို ထိုက်တန်တဲ့ သွေးကြွေးဆပ်ဖို့ပဲ ကိုကို့ ဒီတော့ ညီမတို့ဟာ တစ်နေ့တည်းမှာ ကြာကြာမနေဘဲ ရောက်ရာအရပ်မှာ သူ့ရဲ့သတင်းကို ထောက်လှမ်းစုံစမ်းရင်း နေရာအနှံ့ မကြာခဏ ပြောင်းရွှေ့နေထိုင်ကြမယ်၊ ပြီးတော့ သူ့ကို လျှို့ဝှက်စုံစမ်းဖို့ နာမည်အမျိုးမျိုးကို ပြောင်းပြီးနေရမယ်''

❖

''နောက်ပိုင်းဖြစ်ရပ်တွေကတော့ ငါ့ညီသိပြီးတဲ့အတိုင်းပါပဲ၊ အစ်ကိုတို့မောင်နှမဟာ နာမည်အမျိုးမျိုးနဲ့ အရပ်ဒေသအမျိုးမျိုး ပြောင်းပြီးနေထိုင်ရာက ဖြူးချောင်းဖျားက ရွှေမြင်သာအရောက်မှာ ညီလေးချစ်သွေးနဲ့ ညီမမိုးကလျာတို့ ဆုံခဲ့ရတာပါပဲ၊ အဲဒီရွှေမြင်သာမှာတော့ အစ်ကို့နာမည်ကို ကိုသာကြည်လို့သိစေပြီး ညီမလေးရဲ့အမည်ကိုတော့ ဝသုန်လို့သိစေခဲ့တယ်လေ . . .။

အစ်ကိုတို့မောင်နှမလိုပဲ ဦးမင်းရွှေကြွယ်ကလည်း သူ့နာမည်ကို ဦးစိန်စကြာလို့ ပြောင်းခဲ့တယ်၊ စီးပွားရေးလုပ်ငန်းမျိုးစုံ





လုပ်ခဲ့တယ်၊ သူ့ရဲ့သားရွှေညာကတော့ နာမည်ပြောင်းခြင်း မပြုဘဲ ပညာတတ်တစ်ယောက်ဖြစ်အောင် ကြိုးစားပြီး ဝန်ထောက်ကလေး ဖြစ်လာခဲ့တယ် . . .။

အစ်ကိုတို့မောင်နှမဟာ သူတို့သားအဖရဲ့သတင်းကို မြန်မာပြည်အနှံ့အပြား ပြောင်းရွှေ့နေထိုင်ပြီး ရှာဖွေထောက်လှမ်းခဲ့ရာက နောက်ဆုံးမှာ သူတို့သားအဖကို ခြေရာခံမိပြီး သူတို့ရဲ့ လှုပ်ရှားမှုတွေကို အသေးစိတ်လေ့လာပြီးမှ မောင်နှမနှစ်ယောက် လက်တွဲကြံစည်ခဲ့ကြတာပါ''

''နှစ်လခန့်အချိန်ယူပြီး သေချာပြီဆိုမှ ရင်ဆိုင်တွေ့လို့ သွေးကြွေးဆပ်ခဲ့ကြတယ်၊ အစ်ကိုကတော့ စီးပွားရေး ငွေကြေး သတင်းပလင်း အချက်အလက်ရဖို့ တာဝန်ယူရပြီး ထက်မြက်သတ္တိရှိတဲ့, တိုက်ခိုက်ရေးပညာကျွမ်းကျင်တဲ့ ညီမလေးမိုးကလျာက အစ်ကိုတို့မောင်နှမရဲ့ သွေးကြွေးဆပ်မှုကို လက်တွေ့အကောင်အထည် ဖော်ခဲ့တာပါပဲ . . .။

သဇင်ပန်းကို အင်မတန်ချစ်တဲ့ ညီမလေးဟာ သဇင်ပန်းကြောင့် နာကြည်းစရာဖြစ်ခဲ့လို့ ဦးမင်းရွှေကြွယ်တို့ သားအဖကို သတ်ပြီးတဲ့အခါ အလောင်းရဲ့အပေါ်မှာ သဇင်ခက်ချထားခဲ့တာပါပဲ၊ ဒါဟာ ညီမလေးအတွက်တော့ စိတ္တဇဆန်တဲ့ ထူးခြားတဲ့အပြုအမူပါပဲ မောင်ချစ်သွေး''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အစ်ကို၊ ကျွန်တော်တို့ မှုခင်းထောက်လှမ်းရေးပညာရပ်ဘက်မှာ လေ့လာကြည့်တော့ ရာဇဝတ်မှုကျူးလွန်သူတွေမှာ အချို့ဟာ ထူးခြားတဲ့စိတ္တဇဆန်ဆန် အပြုအမူမျိုး၊ အလေ့အထတစ်ခုခုလိုမျိုး ပြုလုပ်တတ်တာ တွေ့ရပါတယ်၊ ဥပမာ ... လူသတ်ပြီးရင် သောက်လက်စစီးကရက်ကို လူသေအလောင်းအနီးမှာ ထိုးချေထားခဲ့တာမျိုး၊ လူသေအလောင်းက သွေးနဲ့ စာရေးခဲ့တာမျိုး လုပ်တတ်ပါတယ်၊ အဲဒါတွေဟာ လူသတ်သမားတွေ ထားရစ်ခဲ့တဲ့ အဖိုးတန်သဲလွန်စတွေပါ၊ ကျွန်တော်လည်း သွေးစွန်းတဲ့ သဇင်ပန်းသဲလွန်စကြောင့် အစ်ကိုတို့မောင်နှမကျူးလွန်တဲ့အမှုကို ဖော်ထုတ်နိုင်ခဲ့တာပါ၊ ကျွန်တော့်ကိုတော့ နားလည်ပါ အစ်ကို၊ မမဝသုန် အဲ ... မမမိုးကလျာဟာ ကျေးဇူးရှင်ဖြစ်ပေမယ့် ဥပဒေအရ မဖမ်းမဖြစ်လို့ ဖမ်းဖို့ကြိုးစားခဲ့ရတာပါ"

"အစ်ကိုနားလည်ပါတယ် မောင်ချစ်သွေး၊ တကယ်တော့ လောကကြီးမှာ ဘယ်သူမပြုမိမိမှုဆိုသလို ဖြစ်လာတဲ့ ကံကြမ္မာမှန်သမျှဟာ ကိုယ့်ရဲ့လုပ်ဆောင်မှုကြောင့် တန်ပြန်လာတဲ့ ဂယက်ပါပဲလေ"

"ဒါထက်အစ်ကို ကျွန်တော့်ကိုမပေးခဲ့တဲ့ ရှေးဟောင်းသိုင်းကျမ်းဟာ ဖိုးသူတော်ကြီးဦးကြာရိုးရဲ့ ကျမ်းလား"





"ဟုတ်တယ်ကွယ့် အဲဒီကျမ်းကိုရေးတဲ့ ရှေးမြန်မာသူရဲကောင်းကြီးဟာ ဖိုးသူတော်ကြီးဦးကြာရိုးရဲ့ ဘကြီးတော်တယ်၊ ဖိုးသူတော်ကြီးက သူတပည့်မ ညီမမိုးကလျာကို ပေးခဲ့ရာက ညီမမိုးကလျာက သူ့ရဲ့အချစ်ဆုံးမောင်လေး မင်းကို လက်ဆင့်ကမ်းအမွေပေးခဲ့တာပါပဲကွာ"

"ဩော် ... မမ မမဝသုန်ရယ် ... မမမိုးကလျာရယ် ... မောင်လေးကို ခွင့်လွှတ်ပါတော့ခင်ဗျာ"

❖

ရွှေမြင်သာမြို့စွန်မှ ပန်းရောင်စုံဖူးပွင့်နေသော 'အလှသဇင်' ပန်းစိုက်ပျိုးရေးခြံကြီးထဲသို့ ဆည်းဆာနေခြည်က ရွှေရည်လောင်းလျက်ရှိလေ၏။

ဆောင်းနှောင်းလေပြည်လေးက တသုန်သုန်တိုက်ခတ်လျက်ရှိရာ ရောင်စုံပန်းခင်းတို့မှာ လှပစွာ ယိမ်းနွဲ့လျက်ရှိတော့သည်။

ပန်းခင်းတို့အထက်ဝယ် လိပ်ပြာလှလှလေးများ ဝဲပျံ



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိပြီး မိုးကောင်းကင်အစွန်းမှ မြူတိမ်ငွေ့ငွေ့တို့ရှေ့ဝယ် ငွေဗျိုင်းဖြူဖြူတို့ တောင်ပံခတ်ချက်မှန်မှန်ဖြင့် ပျံသန်းလျက်ရှိပါသည်။

'အလှသခင်'ပန်းပျိုးဥယျာဉ်လေး၏ ပိုင်ရှင်မိန်းမချောလေး လှိုင်ပပ၏အပါးတွင်တော့ ချစ်သွေးက မယ်ဒလင်တီးကာ ချစ်တေးသီကျူးလျက် ရှိပါ၏။

လှိုင်ပပက မျက်စောင်းလေး ချစ်စဖွယ်ထိုးရင်း ...

"ဘာလဲ ... အဲဒီမယ်ဒလင်တီးတဲ့ အတတ်ကလည်း သူ့ရဲ့ မမဝသုန် သင်ကြားပေးခဲ့တဲ့ပညာရပ်တွေထဲက တစ်ခုလား"

ဟု ပြုံးမူမူလေးနှင့်မေးရာ ...

"မဟုတ်ဘူး ဖိုးသူတော်ကြီးဦးကြာရိုးဆီက ရတဲ့ပညာ"

ဟု ချစ်သွေးကဖြေလိုက်ရာ လှိုင်ပပမှာ အံ့ဩသွားတော့၏။

"ဟင် ... အစ်ကိုက ဖိုးသူတော်ကြီးနဲ့ သွားတွေ့ပြီးပြီလား"

"တွေ့ပြီးပြီ ... တွေ့ပြီးလို့ သူ့ဆီက လူတွေမကြားဖူး မသိဖူးသေးတဲ့ ပညာတွေ အများကြီးထပ်ရတယ်၊ နောက်ကြရင် ပြောပြမယ် ... သိလား၊ ခုတော့ ..."

---

ခု နစ် စဉ် ကြယ် တ ပေ



"ခုတော့ ဘာဖြစ်သလဲ"

"ခုတော့ ဟောဒီကချစ်သူလေးကို ဘယ်လိုချစ်ရမလဲလို့ပဲ ချစ်သွေးတို့ စဉ်းစားတော့မယ်"

ဟုပြောကာ ချစ်သွေးက ချစ်သူလေးကို ထွေးဖက်လိုက်ရာ လှိုင်ပပက ရှက်ပြုံးလေးပြုံးကာ ...

"သူ ... ဒါပဲ"

ဟု တိုးတိုးလေးပြောလိုက်ပါတော့သတည်း။

ပြီး

ဆက်လက်ကြိုးစားနေမည်

မိုးကြာအာရှ

www.burmeseclassic.com